
www.burmeseclassic.com



BURMESE CLASSIC

# အဝေးသား

နှင့် • • • အခြားဆောင်းပါးဝတ္ထုတိုများ

## ဆရာနု

( ဒုတိယအကြိမ် )


www.burmeseclassic.com

www.burmeseclassic.com

# အမေ့သား

ဆရာန

အမေ့သားနှင့် အခြားဆောင်းပါးဝတ္ထုတိုများ




စီစဉ်သူ ■ မေစံပယ်မြိုင်

စာမူခွင့်ပြုချက်အမှတ် ■ ၅၀၀၁၉၃၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ ၅၀၀၁၂၅၀၅၀၂

မျက်နှာဖုံးဒီဇိုင်း ■ ပုပု

မျက်နှာဖုံးအထင် ■ Star color separation

အတွင်းဖလင် ■ ADORN

ထုတ်ဝေသူ ■ ဦးကျော်ဟိန်း (ပုံကြည့်ချက်တာဝေ)
အမှတ် ၁၁၁ (၃၃) လမ်း ရန်ကုန်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ ■ ဦးကျော်သူ (စေတနာသူပုံနှိပ်တိုက်)
၂၈၂၂/အောင်ဇေယျာလမ်း
ဆို့ (တောင်)

ကွန်ပျူတာစာစီ ■ [illegible]

ထုတ်ဝေသည့်လ ■ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ
(ဒုတိယအကြိမ်)

အုပ်ရေ ■ ၁၀၀၀

တန်ဖိုး ■ ၅၅၀/-


# အမေ့သား

နှင့်

## အခြားဆောင်းပါးဝတ္ထုတိုများ



ဆရာန

www.burmeseclassic.com

www.burmeseclassic.com

# အမေသား

## မာတိကာ

- ဆရာကြီးဦးသန်းဦး၏ အမှာစကား
- ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏ အမှာစာ
- ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၏ အမှတ်တရအမှာစာ
- ဆရာကြီးဦးသန်းထွတ်၏ စိတ်ဆက်အမှာစကား
- စာရေးသူ၏ စိတ်ဆက်

၁။ အမေ့သား
၂။ အသိ ၁၂
၃။ နော် ၁၇
၄။ ဥယျာဉ်မှူးဇာတ်ဆန္ဒ ၂၆
၅။ ခရီးသွားစည်သည် ၃၄
၆။ သူသေသွားကိုယ့်သား ၄၁
၇။ အမေ့ ၄၉
၈။ ရှေ့တော်သူ [illegible]
၉။ အတိတ်၏အရိပ် [illegible]
၁၀။ သိစေချင်သည် [illegible]
၁၁။ လမင်းကြီးနှင့်အဖြိုင် [illegible]
၁၂။ သောကာ [illegible]
၁၃။ အနာဂတ်ပုံရိပ်နှင့်အတိတ်ပုံပြင် ၁၀၂
၁၄။ အဖိုရင်ခွင် ၁၁၀

# အမေသား



၁၅။ အမိုက် ၁၂၂
၁၆။ ဆောင်းတစ်ည ၁၂၇
၁၇။ မေတ္တာပန်းများပွင့်စေသူ ၁၃၈
၁၈။ စိုးရိမ်မိပါသည် ၁၄၄
၁၉။ အပြန်လမ်း ၁၅၃
၂၀။ အမြေ ၁၆၅
၂၁။ နေညိုချိန် ၁၇၃
၂၂။ ခရေတန်းမှအဖြန် ၁၈၂
၂၃။ ခရီးဆော် ၁၉၀
၂၄။ ခြတ်လမ်း ၂၀၃
၂၅။ အမေ့ကိုပြောပေးပါ ၂၁၀
၂၆။ စာရာ ၂၁၉
၂၇။ အမေ့သား ၂၂၇

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားဘဝ ငယ်စဉ်ကပင် ပညာကိုကြိုးစားခဲ့သည့်အတွက် သတ္တမတန်းတွင် **"စကောလားရှစ်"** ဆုကို ဆွတ်ခူးရရှိခဲ့သည်။ အလယ်တန်းကျောင်းအုပ်ဘဝတွင်လည်း ဟင်္သာတ အလက(၃)တွင် တာဝန်ယူခဲ့စဉ်က အခြေခံပညာ အဌမတန်း၌ ဧရာဝတီတိုင်း၊ အောင်ချက်အကောင်းဆုံး ပထမဆု ဆွတ်ခူးရရှိခဲ့သည့်အတွက် ၁၉၈၉ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ပညာရေးလေ့လာရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခွင့် ချီးမြှင့်ခြင်းလည်း ခံခဲ့ရဖူးပါသည်။

သူ၏ပညာရေးဘဝ အတွေ့အကြုံများ၊ အသိအမြင်များ၊ အယူအဆများ၊ အတွေးအမြင်များနှင့် သူဖြစ်စေချင်သည်များကို စာပေဖြင့် အကျိုးပြုလိုသည့်ဆန္ဒဖြင့် ပညာတန်ဆောင် ၁၉၈၁ ခုနှစ်၊ ဧပြီလထုတ် အတွဲ(၃၀)၊ အမှတ်(၄) တွင် **"အသိ"** ဆောင်းပါးကိုရေးသားတင်ပြရင်း စာပေနယ်သို့ စတင်ဝင်ရောက်လာခဲ့ပါသည်။ ယခုအခါ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးအဖြစ်ဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။

ဆရာနုသည် သူရေးခဲ့သည့်စာများကို စုစည်း၍ **"အမေ့သားနှင့်အခြားဆောင်းပါးဝတ္ထုတိုများ"** စာအုပ်ကို ပြုစုနိုင်ခဲ့ပါသည်။ ရသစာပေနွယ်သည့် ပညာရေးဆောင်းပါးနှင့်ဝတ္ထုတို (၂၇)ပုဒ်ပါဝင်ခဲ့ရာတွင် **"အမေ့သား"**နှင့်စတင်၍ **"အမေ့သား"** ဖြင့် အဆုံးသတ် စီစဉ်ထားခြင်းကပင် အမိအဖကို လေးစားမြတ်နိုး၊ တန်ဖိုးထားသည့် သားကောင်းတစ်ယောက်အဖြစ် ကောင်းစွာ မြင်တွေ့နိုင်ပါလိမ့်မည်။

**"အမေဖြစ်စေချင်သော သားကောင်းတစ်ယောက်ဖြစ်အောင် အမေ့သား မဖြစ်မနေ ကြိုးစားသွားပါ့မယ်အမေ"** ဟု **"အမေ့သား"** တွင် အမေ့ကို ဦးတည်တိုင်တည်ခဲ့သည်။ **"အသက်ထင်ရှား ရှိနေကြသေးသည့် မိခင်ဖခင် ကျေးဇူးရှင်တို့အား လေးစားမြတ်နိုး၊ ရိုကျိုးတွယ်တာ၊ ကြင်နာမဆိုင်း၊ သားသမီးတိုင်း ပြုစုစောင့်ရှောက်နိုင်ကြပါစေ"** ဟု **"အမေ့သား"** ဖြင့်လည်း အားမာန်တရ နှိုးဆော်တိုက်တွန်းထားသည်။

မွန်မြတ်သော မြန်မာ့ရိုးရာယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းနိုင်ကြဖို့ **"ခရီးသွားဧည့်သည်"**၊ သမီးမိန်းကလေးတို့၏ အနာဂတ်အတွက် ဆရာတစ်ယောက်၊ ဖခင်တစ်ယောက်၏ခံစားချက်ကို **"ဧသာက"**၊ အမိအဖနှင့် ဆရာတို့က သားသမီးနှင့်တပည့်တို့အား ရှေ့ဆောင်လမ်းပြများကြမည်ကိုစိုးရိမ်၍ **"အနာဂတ်ပုံရိပ်နှင့်အတိတ်ပုံပြင်"**၊ ရောဂါဝေဒနာ ခံစားနေရရှာသူများအား ကြင်နာပြုစုစောင့်ရှောက်မှုပေးစိမ့်သောငှာ **"မေတ္တာပန်းများပွင့်စေသူ"**၊ ဆရာနှင့်တပည့်အကြား နားလည်မှုလွဲမှားကြမည်ကို စိုးရိမ်၍ **"အမေ့ကိုပြောပေးပါ"** စသည် စသည်တို့ဖြင့် ပြုစုရေးသားတင်ပြထားသည်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်

ဆရာနုသည် သူ့ဘဝ၏နေဝင်ဆည်းဆာအချိန်တွင် ပညာရေးအတွက် စာအုပ်တစ်အုပ်ကို အမှတ်တရ ပြုစုရခြင်း ဖြစ်သည်ဟုဆိုထား၏။ မိသားစုအတွင်း အချင်းချင်းချည်နှောင်ထားကြသည့် သံယောဇဉ်အမျှင်ကြီးက မမြင်ရပေမယ့်ခိုင်လှ၏။

www.burmeseclassic.com

တင်းလွှန်း၊ ဖြုတ်တောက်ရ မက်ခဲလွန်းကြောင်းတိုလည်း ဖော်ပြရင်း သံသရာခရီးသည်တစ်ဦးအတွက် တရားအသိဝင် သတိပြုဆင်ခြင်နိုင်စေဖို့ **"ခရီးဖော်"** တွင် အလေးအနက်ထားကာ တင်ပြသည်မှာလည်း ချီးကျူးဖွယ်၊ သံဝေဂယူဖွယ် အမှန်ဖြစ်ပါသည်။

ပညာရေးဇာတ်ခုံတွင် ကိုယ်တွေ့ကြုံခဲ့ရသည်များကို အခြေခံလျက် အားပါးတရ ရေးသားပြုစုခဲ့သည့် ဆရာနု၏ **"အမေ့သားနှင့် အခြားဆောင်းပါးဝတ္ထုတိုများ"** မှာ အမိအဖတိုင်း၊ သားသမီးတိုင်း၊ ဆရာတိုင်း၊ တပည့်တိုင်း၊ အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် ယနေ့လူငယ်လူရွယ်များကို ပြုစုပျိုးထောင်နေသူတိုင်းနှင့် ပညာရေးသမားတိုင်း ဖတ်ရှုလေ့လာ၊ လိုက်နာကျင့်သုံးသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်းကို ဤအမှာစကားဖြင့် ဖော်ပြ မိတ်ဆက်ပေးလိုပါကြောင်း။

**ဦးသန်းဦး**

၂၀၀၄ ခုနှစ်၊ ဇိဝင်ဘာလ (၈)ရက်
ရန်ကုန်မြို့။

## ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏ အမှာစာ

၁၉၉၂-၁၉၉၃ ပညာသင်နှစ်အတွင်း၊ ရောဝတီတိုင်း ဟင်္သာတခရိုင်ရှိ အခြေခံပညာကျောင်းများသို့ ကွင်းဆင်း စစ်ဆေးခဲ့စဉ် အထက်တန်းကျောင်းအုပ်ဆရာကြီးအဖြစ် ဆရာနုကို စတင်သိကျွမ်းခဲ့ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြင့်မားရေးအတွက် ဆရာ၊ ဆရာမများနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်းကောင်း ကျောင်းအင်္ဂါရပ်များ ပြည့်စုံတိုးတက်ရေးအတွက် ရပ်ရွာမိဘပြည်သူများအကူအညီဖြင့် ဖြည့်ဆည်းဆောင်ရွက်ချက်များကိုလည်းကောင်း တွေ့မြင်ခဲ့ရပါသည်။ ဒေသခံ မိဘပြည်သူများ၏ ပညာရေး၊ လူမှုရေးဆိုင်ရာ ဆွေးနွေးပြောကြားချက်များအရ ဆရာနုအား ကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း၊ ပညာရေးဆိုင်ရာ စည်းရုံးရေးမှူးအဖြစ်လည်းကောင်း၊ ကျေးရွာခေါင်းဆောင်အဖြစ်လည်းကောင်း၊ ယုံကြည်ကိုးစား အားထားမှုရှိကြောင်း သိရှိရသဖြင့် ဆရာနုအား ပညာရေးဝန်ထမ်းကောင်းတစ်ဦးအဖြစ် မှတ်ယူခဲ့ပါသည်။

သို့ဖြစ်၍ ကျောင်းတစ်ကျောင်း၏ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရုံမျှဖြင့် အားရကျေနပ်မနေဘဲ မြို့နယ်အတွင်းရှိ ကျောင်းများ၊ ပြည်နယ်/တိုင်းများနှ

www.burmeseclassic.com

ကျောင်းများ၏ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆက်လက်တိုးမြှင့် တာဝန်ယူဆောင်ရွက်သွားရန် ဆရာနုအား တိုက်တွန်းမှာကြားခဲ့ပါသည်။ ဤသို့ဖြင့် ၁၉၉၆ ခုနှစ်တွင် ဆရာနုသည် အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ ဌာနခွဲမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သဖြင့် အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ရင်း လုပ်ဖော်ကိုင်ဖက်အဖြစ် ပိုမိုရင်းနှီးလာခဲ့ပါသည်။

ဆရာနုသည် မြောင်းမြဇာတိဖြစ်ပြီး၊ ငယ်ရွယ်စဉ်ကျောင်းသားဘဝကတည်းကပင်၊ ဘဝပေးသင်ခန်းစာများအရ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆများ ရင့်ကျက်လာခဲ့ဟန်ရှိပါသည်။ ဝန်ထမ်းဘဝ ကျောင်းစာရေးရာထူးမှ စတင်ထမ်းဆောင်ခဲ့ပြီး၊ တက္ကသိုလ်ပညာ ဆက်လက်ဆည်းပူးရင်း၊ အလယ်တန်းပြ၊ အထက်တန်းပြမှသည် ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ တိုးတက်တာဝန်ထမ်းဆောင်ပျက်ရှိပါသည်။

ဆရာနု၏ ပညာရေးဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ရင်ဆိုင်ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့် ရင်တွင်းခံစားမှု စေတနာအမှန်တို့ ပေါင်းစပ်ထွက်ပေါ်လာသည့် ဆောင်းပါးနှင့်ဝတ္ထုတိုများကို ပညာရေးဝန်ထမ်းဘဝမှ အနားမယူမီ ဝတ္ထုဆောင်းပါးပေါင်းချုပ်အဖြစ် စုပေါင်းထုတ်ဝေလိုကြောင်းနှင့် အမှာစာရေးသားပေးပါရန် တောင်းခံလာသဖြင့် ဆရာနု၏ ဝတ္ထုတိုများကို ဖတ်ရှုလေ့လာခဲ့ရာတွင် ဆရာနုသည် ၁၉၆၇ ခုနှစ်ခန့်မှစ၍ ကလောင်မသွေးခဲ့ပြီး၊ ပညာရေးဝန်ထမ်း တစ်ဦး၏ လုပ်ငန်းတာဝန်အရ တွေ့ကြုံရသည့် ဖြစ်ရပ်မှန်များအပေါ် မြင့်မြတ်သောဆရာတို့၏ နှလုံးသားမေတ္တာများဖြင့် ပေါင်းစပ်ပြီး အခြေခံပညာကဏ္ဍ မြင့်မားတိုးတက်လာစေမည့် ပညာပေးသင်ခန်းစာများအဖြစ် ထုတ်ဖော်ပြသပေးခြင်း ဖြစ်ကြောင်း ခံစားမိပါသည်။

သားသမီးများအပေါ် မိဘ၏စေတနာမေတ္တာ၊ ဆ[illegible] စွန့်လွှတ်အနစ်နာခံမှုများ၊ တပည့်များအား လေ့ကျင့်ပျိုးထော[illegible] ရာတွင် အနုအကြမ်းကွာခြားမှုရှိသော်လည်း၊ တပည့်များ[illegible] အနာဂတ်ဘဝ တိုးတက်သာယာရေးဟူသော ဆရာများ[illegible] တူညီသောခံယူချက်များ၊ မိဘ၏မေတ္တာ၊ ဆရာ၏စေတနာ[illegible] အလေးအနက်ခံယူပြီး တုံ့ပြန် ကျေးဇူးဆပ်နိုင်ကြသ[illegible] သားတပည့်များ၏ ပီတိသောမနဿများ၊ မိမိပြုစုပျိုးထော[illegible] မှုဖြင့် တိုးတက်အောင်မြင်လာသည့် တပည့်များအပေါ် အ[illegible] ဂုဏ်ယူလေ့ရှိသည့် ဆရာ့ဘဝကြည်နူးမှုများ၊ မေတ္တာရှင် [illegible] စေတနာရှင်ဆရာတို့၏ ခံယူမှုအမြင် လွန်ဆွဲပွဲများ၊ မိ[illegible] မောင်နှမများ၏ ပညာရေးအတွက် စွန့်လွှတ်အနစ်နာခံမှုများ [illegible] လူမှုရေး၊ စီးပွားရေး ဘဝလွှင့်ပြင်ကျယ်ကြီးတွင် ရင်ဆိုင်ကြုံ[illegible] ရသည့် ဖြစ်ရပ်များအပေါ် တစ်ဖက်စောင်းနင်းမဟုတ်[illegible] နှစ်ဖက်မြင် ခံစားလုပ်ဆောင်ချက်များ၊ ခေတ်ကာလအလိုက် သွင်ပြင်လက္ခဏာများ၊ မိသားစုဇာတ်အိမ် ကျယ်ပြန့်မှု[illegible] ပတ်ဝန်းကျင်သဘာဝပြောင်းလဲမှုများ၏ အပြန်အလှန် [illegible] သဟဲပြုမှုများ စသည် စသည်ဖြင့်၊ ချို-ချဉ်-ငန်-မှန်-ပေ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ရသစုံ ဘဝဇာတ်ခုံ၊ ဇာတ်လမ်းစုံအဖြစ် တွေ့မြင်ခံစားနိုင်မည် ဖြစ်ပါသည်။

တင်ပြထားသည့် ဖြစ်ရပ်တိုင်းတွင် ရသခံစားမှု၊ ပညာပေးမှု၊ လမ်းမှန်ညွှန်ပြမှုများ ပါဝင်လျက်ရှိပြီး၊ စာရှုသူ၏ ဘဝတာဝန်အလိုက် ဝန်ထမ်းကောင်းတစ်ဦး၊ ဆရာကောင်းတစ်ဦး၊ မိဘကောင်းတစ်ဦး၊ တပည့်ကောင်းတစ်ဦး၊ နိုင်ငံသားကောင်းတစ်ဦးအဖြစ် မှတ်ကျောက်တင်ခံနိုင်သည်အထိ လိုက်နာကျင့်သုံး အကောင်အထည်ဖော်သင့်ကြောင်း နှိုးဆော်တိုက်တွန်းလိုပါသည်။

သို့ပါ၍ ဆရာနု၏ **"အမေ့သားနှင့်အခြားဆောင်းပါးဝတ္ထုတိုများ"** စာအုပ်သည် အသက်အရွယ်၊ အလုပ်အကိုင်၊ အဆင့်အတန်းမရွေး လေ့လာဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သဖြင့် ပညာရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဆရာနှင့်တူသောဆရာများ၊ ကျောင်းနှင့်တူသောကျောင်းများ၊ မိဘနှင့်တူသောမိဘများ၊ ကျောင်းသားနှင့်တူသောကျောင်းသားများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ကာကွယ်နိုင်မည့် နိုင်ငံ့သားကောင်းများအဖြစ်၊ ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်နိုင်ကြပါစေကြောင်း အလေးအနက်ဆန္ဒပြုအပ်ပါသည်။

**ဦးအိုဝင်း**

## အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၏ အမှတ်တရအမှာစာ

အများစုက "ဦးနု" ဟုလည်းကောင်း၊ "ဆရာနု" ဟု၍လည်းကောင်း ခေါ်လေ့ရှိကြပေမယ့် အသက်ကြီးစဉ်၊ ပညာရေးလုပ်သက် "ဝါစဉ်" အရ ကျွန်တော်က "ဆရာကြီးဦးနု" ဟု အလေးထားခေါ်လေ့ရှိပါသည်။

ပညာရေးဝန်ထမ်းသက်(၄၄)နှစ်ကျော် အခြေခံပညာနယ်ပယ်တွင် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် အလုပ်ကို စေတနာရှေ့ထား၍ လိုလိုလားလား ကြိုးစားဆောင်ရွက်တတ်သူ၊ ပညာရေးအတွေ့အကြုံများသူ၊ ဝါရင့်ဆရာကြီးတစ်ဦးအဖြစ် ကျွန်တော် လေးစားမိခြင်းဖြစ်ပါသည်။

**"အမေ့သားနှင့်အခြားဆောင်းပါးဝတ္ထုတိုများ"** မှာ ဆရာကြီးဦးနု၏ "ဘဝမှတ်တမ်းတစ်ခု ဖြစ်နေမည်ထင်ပါသည်။ မိမိကြီးပြင်းလာခဲ့ရသည့်ဘဝနှင့် မိသားစုဘဝအကြောင်း တစ်စေ့တစ်စောင်းကို **"အမေ့သား" "အမွေ" "အပြန်လမ်း"** နှင့် **"အမေ့သား"** တို့တွင် ဖော်ပြထားသည်မှာ ရင်နင့်ဖွယ်၊ လွမ်းဆွေးတကြေကွဲဖွယ်၊ သင်ခန်းစာယူဖွယ် ခံစားရပါသည်။

သူ၏ ဝတ္ထုတိုဆောင်းပါးအများစုတွင်လည်း "ချစ်သမီး ဆရာမလေး မေစံပယ်ဖြူနုသို့ အမှတ်တရဖြင့်" ဟု ဖော်ပြလေ့ရှိပါသည်။ ရင်ကမွေးဖွား မေတ္တာအရှည်ထားသည့် သားသမီးသုံးယောက် ထွန်းကားခဲ့သည်တွင် ဆရာ၊ ဆရာမ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသည့် မိဘနှစ်ပါး၏ ပညာရေးအမွေခံအဖြစ် ချစ်သမီး ဆရာမလေးအား ဆရာ့မေတ္တာနှလုံးသား ရှင်သန်နေစေရန် ရည်ညွှန်းပုံဖော်ထားဟန်ရှိပါသည်။

ဆရာကြီးဦးနုက သူရေးခဲ့သည့်ဆောင်းပါးနှင့်ဝတ္ထုတို များကိုစုရုံး၍ အမှတ်တရ စာအုပ်တစ်အုပ် ဖြစ်လာစေချင်သည့် ဆန္ဒနှင့် အမှာစာရေးသားပေးဖို့ကိုပါ မေတ္တာရပ်ခံလာသည်ကို ဖြည့်ဆည်းပေးနိုင်ခြင်းအတွက် ကျွန်တော် ဝမ်းမြောက်ခဲ့ရပါသည်။

**"အမေ့သားနှင့်အခြားဆောင်းပါးဝတ္ထုတိုများ"** စာမူကို ကျွန်တော် အကြိမ်ကြိမ် အလေးဟား၍ ဖတ်ခဲ့ပါသည်။ ဆရာ့မေတ္တာနှလုံးသားကို ဖော်ကျူးရင်း **"အသိဝင်၊ သတိယှဉ်သင့်သည်များ"** **"အားတက်ဖွယ်၊ သင်ခန်းစာယူဖွယ်များ"** **"လွမ်းဆွတ်ဖွယ်၊ တရားဆင်ခြင်ဖွယ်များ"** ဖြင့် ရသစာပေနွှယ်သည့် စာအုပ်ကောင်းတစ်အုပ်အဖြစ် ပညာရေးနယ်ဖယ်တွင် အမှတ်ထင်ထင် ရှင်သန်နေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်းဖြင့် -

**ဦးအေးကြူ**

**ပညာရေးတက္ကသိုလ်၊ မြန်မာစာပါမောက္ခ(ငြိမ်း)**
**ဆရာကြီးဦးသန်းထွတ်၏**
**မိတ်ဆက်အမှာစကား**

**ရိုးသားကြိုးစား ရောဝတီတိုင်းသား**

ရိုးသားကြိုးစားသော ရောဝတီတိုင်းသားတစ်ဦးကို ပြပါဆိုလျှင် ဆရာနုကို ရွေး၍ပြရပေလိမ့်မည်။ ဆရာနုသည် ဧရာဝတီတိုင်း၊ မြောင်းမြမြို့ဇာတိဖြစ်ပါသည်။ မိဘများမှာ လယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော ဦးထွန်းခိုင်နှင့် ဒေါ်လှတင်တို့ဖြစ်ကြသည်။ ၁၉၄၃ ခု၊ နိုဝင်ဘာလ (၉)ရက်နေ့တွင် ဆရာနုကို မွေးဖွားခဲ့သည်။

ဆရာနု၏ဖခင်မှာ ကျန်းမာရေးမကောင်း၊ မိခင်နှင့် အကိုကြီးဖြစ်သူတို့က ကျွေးမွေးစောင့်ရှောက်၍ ကြီးပြင်းလာခဲ့ရသည်။ မိခင်ကြီးမှာ ကဆန်းရွက်ဖြင့် ကောက်ညှင်းထုပ် ထုပ်၍ ရောင်းရသဖြင့် ကျောင်းပိတ်ရက်များတွင် သားငယ်နှစ်ဦးနှင့်အတူ ချောင်းကမ်းစပ်ရှိ ကဆန်းဖက်များကို လှေဖြင့်သွားရောက်ခူးယူရသည်။ မိခင်ကြီးမှာ ဆရာနုတို့ညီအကိုမောင်နှမများကို ဈေးတောင်းခေါင်းပေါ် ရွက်၍ ရှာဖွေကျွေးမွေးပြုစုရှာသည်။

ဆရာနုသည် ငယ်စဉ်ပညာသင်ရွယ်တွင် ဆင်းရဲနွမ်းပါးလှသည်။ မိခင်ကြီးကိုဒုက္ခမပေးရက်၊ နေ့စဉ်မုန့်ဖိုးမတောင်း၊ မိခင်ကြီးပေးလျှင်လည်းမယူ၊ ကျောင်းဆင်းချိန်ဘွင်အမ်များနည်းတူ မုန့်မစား၊ စာကိုသာဖိ၍ကျက်ခဲ့သည်။

www.burmeseclassic.com

မုန့်စားချိန်သည် ဆရာနု၏စာကျက်ချိန်ဖြစ်ခဲ့သည်။ ဤကဲ့သို့ ကလေးငယ်ဘဝကို ဆင်းရဲနွမ်းပါးစွာ ကျော်ဖြတ်ခဲ့ရသည်။ သို့ရာတွင် ဆရာနု၏ငယ်စဉ်ဘဝပညာရည်မှာ ထူးချွန်ထက်မြက်လှသည်ကို တွေ့ရသည်။

မြောင်းမြမြို့၊ မရမ်းကုန်းရွာသစ်၊ အစိုးရမူလတန်းကျောင်းမှ မူလတန်းဆင့် ပြီးမြောက်အောင်မြင်ခဲ့ပြီး အလယ်တန်း၊ အထက်တန်းဆင့်ကို မြောင်းမြမြို့၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်အောင်မြင်ခဲ့သူဖြစ်ပါသည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တိုင်းမှာပင် နှစ်စဉ်ဘာသာစုံ ပထမဆု၊ ဘာသာရပ်အလိုက်ထူးချွန်ဆုများနှင့် ကျောင်းတက်ရက်မှန်ဆုများကို ဆွတ်ခူးရရှိခဲ့သူဖြစ်ပါသည်။

သတ္တမတန်း **"စကောလားရှစ်"** ပညာသင်ဆုရစဉ်က မိခင်ကြီးက **"ဒါမှအမေ့သား"** ဟူ၍ သားကိုဖက်ကာ မျက်ရည်ဝေ့ဝဲဖြင့် ကြည်နူးမဆုံးဖြစ်ခဲ့သည်။ ဆရာနုသည် ၁၉၆၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ၁၉၇၅ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ Dip.Ed ဘွဲ့ ရရှိခဲ့သည်။

ဆရာနုသည် ခက်ခဲနွမ်းပါးသောဘဝမှ တက္ကသိုလ်ဘွဲ့ရသည်အထိ ဇွဲ၊ လုံ့လ ကြိုးစားမှုတို့ဖြင့် ရုန်းကန်လှုပ်ရှားခဲ့ရသည်။ ရိုးသားမှု၊ ကြိုးစားမှုရှိသော ဆရာနုပင်ဖြစ်ပါသည်။ ဆရာနုသည် ရုန်းကန်မှုဖြင့် ဘဝတက်လမ်းကိုရှာသူ စံနမူနာယူစရာ လူငယ်တစ်ဦးဖြစ်ခဲ့သည်။ ကျောင်းစာရေးငယ်လေးဘဝမှသည် ဒုတိယညွှန်ကြားရေးမှူး(ပညာ)အဆင့်အထိ ရောက်ရှိအောင် ကြိုးပမ်းခဲ့သည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ဆရာနုသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သော်လည်း တက္ကသိုလ်တက်ရန် အခွင့်အလမ်း၊ အခြေအနေမပေးခဲ့၍ ကျောင်းအုပ်ဆရာကြီး ဦးမောင်တင်၏စောင့်ရှောက်မှုဖြင့် မိမိကျောင်းတွင်ပင် ကျောင်းစာရေးအဖြစ်ဖြင့် (၁၉-၈-၆၀)တွင် စတင်အမှုထမ်းခဲ့သည်။ ဆရာနုသည် ပညာရေးဌာနတွင် အောက်ခြေမှ အထက်သို့ တစ်စတစ်စတက်လှမ်းခဲ့သူဖြစ်သည်။ ကျောင်းစာရေး၊ အလယ်တန်းပြ၊ အထက်တန်းပြ၊ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး၊ ဌာနခွဲမှူး(စီမံ)၊ လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)၊ အင်ဂျင်နီယာမှူးကြီး(ဒုတိယညွှန်ကြားရေးမှူး)၊ ဒုတိယညွှန်ကြားရေးမှူး(ပညာ) စသည်ဖြင့် ပညာရေးလုပ်ငန်းတာဝန်မျိုးစုံတွင် နှစ်ပေါင်း(၄၄)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သည်၊ ပညာရေးအတွေ့အကြုံစုံလင်သူ၊ ရိုးသား၊ နိုးကြား၊ ကြိုးစားသူတစ်ဦးဖြစ်ပါသည်။

ဆရာနုသည် ပညာရေးလုပ်ငန်းပေါင်းစုံကို ရိုးသားတက်ကြွစွာ၊ စေတနာပါပါဖြင့် လုပ်ဆောင်ခဲ့သဖြင့် သူ့သတင်းမှာ မွှေးကြိုင်လှပါသည်။ ၂၀-၆-၈၉ မှ ၆-၇-၈၉ အထိ ဂျပန်နိုင်ငံသို့ ပညာရေးလေ့လာရေးခရီးကို လိုက်ပါခွင့်ရခဲ့သည်၊ **"မြန်မာနိုင်ငံကို ဂျပန်နိုင်ငံလိုပဲ တိုးတက်စေချင်သည်" သို့ရာတွင် မွန်မြတ်လှသော မြန်မာ့ရိုးရာယဉ်ကျေးမှုကို** အနောက်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

**ယဉ်ကျေးမှုက လွှမ်းမိုးမှုကိုစိုးရိမ်သည်။"** ဂျပန်လူထုအတွင်း အနောက်တိုင်းယဉ်ကျေးမှု စိမ့်ဝင်နေသည်ကို ဆရာနုက သင်ခန်းစာယူခဲ့သည်။

ဆရာနုသည် ပညာရေးနှင့်ဆက်စပ်လျက်ရှိသော စာမတတ်သူပပျောက်ရေး၊ မြန်မာနိုင်ငံစာစစ်လုပ်ငန်း၊ လူရည်ချွန်လုပ်ငန်းများတွင်လည်း ပါဝင်လှုပ်ရှားခဲ့သည်။ ဆရာနု၏ဘဝရည်မှန်းချက်မှာ လွန်စွာမွန်မြတ်လှပါသည်-

**"မြင့်မြတ်သောဆရာတို့၏ နှလုံးသားမေတ္တာ၊ နိုင်မာသောစွဲ၊ စိတ်ဓာတ်ဖြင့် တလေးတို့၏အနာဂတ်ကို ဆက်လက်ဖော်ဆောင်နေမည်"**

**"အနာဂတ်အတွက် သားကောင်းရတနာများ ပျိုးထောင်မည်။ ဆရာကောင်းဖြစ်အောင် ကြိုးပမ်းရင်း အနာဂတ်အတွက် ဆရာကောင်းများပြုစုပျိုးထောင်မည်"** ဟု ဆုံးဖြတ်ချက်ချထားသူဖြစ်သည်။

ဆရာနုသည် သူကိုယ်တိုင်ငယ်စဉ်က တပည့်ကောင်း တစ်ဦးဖြစ်အောင် ကြိုးစားခဲ့သည်။ ဆရာတစ်ဦးဖြစ်လာသော အခါတွင်လည်း ဆရာ့သိက္ခာနှင့်ညီညွတ်အောင် ကိုယ်နှုတ် နှလုံးကို စောင့်ထိန်းခဲ့သည်။

အိမ်ထောင်သည်ဘဝတွင် ဖခင်ကောင်းတစ်ဦး ဖြစ်အောင် ကြိုးစားခဲ့သည်။ သားဖြစ်သူ ကိုသန့်စင်နု ဆိုလျှင် စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီတွင် အမှုထမ်းလျက်ရှိသည်။

သမီးကြီးဖြစ်သူ မေစန္ဒာနုမှာလည်း ဗိုလ်မေစန္ဒာနု အဖြစ် တပ်မတော်သူနာပြုတက္ကသိုလ်၊ မင်္ဂလာဒုံတွင် တာဝန် ထမ်းဆောင်လျက်ရှိသည်။ သမီးငယ် မေစံပယ်ဖြူနု မှာလည်း ဆရာအတတ်ပညာဒီပလိုမာဘွဲ့၊ ဘီအက်စ်စီ၊ ဘီအီးဒီဘွဲ့များ ရရှိပြီး အထက်တန်းပြဆရာမတစ်ဦးအဖြစ် မိဘအမွေဆက်ခံ လျက်ရှိနေသည်။

ဆရာနုသည် သားသမီးများကိုလည်း သူတော် သားအောင်၊ တော်အောင်၊ ထူးချွန်အောင် ပြုစုပျိုးထောင်လျက် ရှိသည့် ဖခင်တစ်ယောက်ဖြစ်ပါသည်။ မိမိငယ်စဉ်က ပင်ပန်း ခက်ခဲစွာ မိသားစုဘဝရပ်တည်ခဲ့ရသည့် အတွေ့အကြုံများအရ နွမ်းပါးသူတို့အား ကြင်နာစွာနာစိတ်ဖြင့် စွမ်းနိုင်သမျှ ကူညီပံ့ပိုးခဲ့သည်။ ဆရာ့မြတ်စိတ်ဓာတ်စေတနာဖြင့် ပညာရေး လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ရင်း ဆရာ့ ဘဝကို မြတ်နိုးတန်ဖိုးထားသော ဆရာနုဖြစ်ပါသည်။

ဆရာနုသည် ပညာရေးအတွေ့အကြုံ ဘဝအတွေ့ အကြုံများသူဖြစ်၍ မိမိဘဝအတွေ့အကြုံများကို ဘဝတူဆရာ များသို့ စာပေဖြင့်လည်း လက်ဆင့်ကမ်းခဲ့သည်။ ပညာ တန်ဆောင်၊ ကျောင်းမဂ္ဂဇင်း၊ ဘုရင့်နောင်မဂ္ဂဇင်း တို့တွင် ပညာရေးဝတ္ထုဆောင်းပါးများ ရေးသားခဲ့သည်။

"အမေ့သား"၊ "အမွေ"၊ "ခရီးသွားဇည့်သည်" "အဖြေ"၊ "အသိ"၊ "ဥယျာဉ်မှူး၏ဆန္ဒ"၊ "သူ့သွေးကိုယ်သား"၊ "အတိတ်၏အရိပ်"၊ "နော်"၊ "သိစေချင်သည်"၊ "ရောင်တော်သူ" "လမင်းကြီးနှင့်အပြိုင်"၊ "အဖေ့သား" ဝတ္ထုဆောင်းပါးများမှာ

www.burmeseclassic.com

www.burmeseclassic.com

သူ၏ထင်ရှားသော စာပေလက်ရာများဖြစ်ပါသည်။

ရိုးသားကြိုးစားသော ဓာတုဗေဒတီတိုင်းသား ဆရာနု၏ အကြောင်းကို ဆရာနုချမှတ်ခဲ့သော အဓိဋ္ဌာန်ဖြင့် နိဂုံးချုပ်လိုက်ပါသတည်း။

**"ပညာရေးခြေလှမ်းမပျက် အနှစ်(၄၄)နှစ်ကျော်ကြာမျှ ပညာရေးတာဝန်၊ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ရင်း အမိအဖနှင့်ကျေးဇူးရှင်ဆရာတို့၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြုနေမည်"**

ဦးသန်းထွတ်

## "စာရေးသူ၏မိတ်ဆက်"

၁၉၉၆ ခု၊ စက်တင်ဘာလထုတ် ပညာတန်ဆောင်တွင် **"အမေ့သား"** ဆောင်းပါးပါလာသည့်အခါ ပျော်ရွှင်ကြည်နူးမဆုံးဖြစ်ခဲ့ရသည်။

သည်ဆောင်းပါးရေးစဉ်က တစ်ခုသောည အမေ့ကို သတိရအောက်မေ့လွန်း၍ အိပ်မရခဲ့။ အမေနှင့်အတူ မိသားစုဘဝ ရုန်းကန်ကြိုးစားခဲ့ရသည်များကို အမှတ်ရရင်း၊ အမေ့ကို လွမ်း၍တမ်းတရင်း မျက်ရည်သုတ်လိုက်၊ စာရေးလိုက်နှင့် အရုဏ်ဦးသို့တိုင်ခဲ့သည်။

ဒုက္ခတွေ ပင်လယ်ဝေပေမယ့် ခါးစည်းတန်ဝန်ကြံကြံခံရင်း၊ သားတို့ပညာရေး၊ မိသားစုဘဝရပ်တည်ရေး အလေးထားကြိုးစားခဲ့သည့် အမေကို **"အမေ့"** ဆောင်းပါးရေးသား၍ မှတ်တမ်းတင်ခဲ့စဉ်ကလည်း မျက်ရည်ဝဲဝဲနှင့် ဝမ်းနည်းခဲ့ရသည်။

အဖေကိုလည်းချစ်၊ အမေကိုလည်းချစ်ပါ၏။ ကျွန်တော်၏ ရှည်လျားလှသော ပညာရေးဘဝခရီးစဉ်တွင် ကျေးလက်တောရွာများတွင်သာ နေခဲ့ရသည်ကများခဲ့၏။ မြို့ကျောင်းတစ်နေရာမှာ မှတ်မှတ်ရရ ရောက်လာခဲ့ရင်တော့ မိဘနှစ်ပါးကို ရင်ခွင်ပိုက်ပြုစုလိုက်မည်ဟု ဆန္ဒပြုဆုတောင်းခဲ့၏။ မွေးရပ်မြေက မိဘများသို့လည်း မေတ္တာပို့ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ပေမယ့် ဆုတောင်းမပြည့်ခဲ့။ မြို့ကျောင်းသို့ ပြောင်းရွှေ့ရောက်ခဲ့သည်နှင့် သက်ရွယ်အိုမင်း၊ ယိုယွင်းနေပြီ ဖြစ်သည့် မိဘနှစ်ပါးတို့ ရှေ့ဆင့်၊ နောက်ဆင့် ခွဲခွာသွားခဲ့ပြန် သည်။ သည်လိုဖြင့် **"အဖေ့သား"** ဆောင်းပါးက မွေးဖွားလာ ခဲ့ပြန်သည်။

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ(၅)ရက်၊ စနေနေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ပထမဆုံးသတ်မှတ်ကြေညာခဲ့သည့် အခါတွင် ဝမ်းသာကြည်နူးမဆုံးဖြစ်ခဲ့ရပြီး **"ရေးသွားစေ့သည်"** ဆောင်းပါးကို ပြန်လည်ဆန်းသစ်ရင်း ဆရာ့ဘဝကို အလေး အမြတ် အထိမ်းအမှတ်ပြုခဲ့ရသည်။

၂၀၀၃ ခုနှစ်၊ ဒုတိယအကြိမ်ကျရောက်သည့် ကမ္ဘာ့ ဆရာများနေ့တွင်မူ သမီးတို့၏ဝတ်စားဆင်ယင်မှု သတိပြုစေ ချင်လွန်း၍ လသာရတနာမဂ္ဂဇင်းတွင် **"သောကာ"** ဆောင်းပါး ရေးသားဖော်ပြကာ အထိမ်းအမှတ်ပြုခဲ့ပြန်ပါသည်။

ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေရေး၊ ကျောင်းနေမြဲရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင် အကောင်အထည်ဖော်နေချိန်တွင် အလွယ်တကူ ကျောင်း ဝင်ခွင့်ပြုကြစေချင်သည့် မေတ္တာ၊ စေတနာဖြင့် ၁၉၉၉ ခု၊ မတ်လထုတ် ပညာတန်ဆောင်တွင် ဖော်ပြခဲ့သည့် **"အဖြေ"** ဆောင်းပါးကို ၂၀၀၄ ခုနှစ်၊ တတိယအကြိမ်ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့တွင် ခင်မင်သူမိတ်ဆွေများအကြား အမှတ် တရ ပြန်လည်ဆန်းသစ်စေခဲ့သည်။

ဤသို့ဖြင့် အမိအဖနှင့်ဆရာတို့၏ မေတ္တာ၊ စေတနာ ကို ဖော်ကျူးရင်း မိမိကြီးပြင်းလာခဲ့သည့် ဘဝအတွေ့အကြုံနှင့် ပညာရေးဇာတ်ခုံတွင် ကိုယ်တိုင်ကြုံတွေ့ မမေ့နိုင်ကောင်းသော ဖြစ်ရပ်ကလေးများကို သားတို့သမီးတို့၊ တပည့်တို့ ပြီးတော့ ပညာရေးလုပ်ဖော်ကိုင်ဖက်တို့အတွက် သင်ခန်းစာရစိမ့်သောငှာ အထူးသဖြင့် ပညာတန်ဆောင်နှင့် ပညာရေးမဂ္ဂဇင်းစာစောင် များတွင် အခွင့်သင့်သလို ရေးသားဖော်ပြခွင့်ရခဲ့သည်။

**"အဖေ့သားနှင့်အခြားဆောင်းပါးဝတ္ထုတိုများ"** စုစည်း အားထုတ် စာအုပ်တစ်အုပ်ဖြစ်လာရန် ကြိုးပမ်းလိုကြောင်း ပညာရေးတက္ကသိုလ်၊ မြန်မာစာပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးသန်းထွတ်အား ပန်ကြားခဲ့ရာတွင် အချိန်ယူ၍ စာမူများ လေ့လာဖတ်ရှုရင်း ဖော်ပြပါအမှာစာကို ဦးစွာရေးသားပေးခဲ့ ခြင်းက ဤစာအုပ်ပေါ်ထွန်းလာရေး ရှေ့ပြေးခြေလှမ်းတစ်ရပ်မို့ ဆရာကြီးအား ကျေးဇူးတင်မဆုံးဖြစ်ခဲ့ရပါသည်။

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းမှာ ကျွန်တော်၏ပညာရေး ဘဝကို စောင့်ရှောက်မြှင့်တင်ကာ အသိတရားနှင့်အတွေ့အကြုံ အတုယူဖွယ်မျိုးစုံကို ပေးဝေခဲ့သည့် ကျေးဇူးရှင်ဆရာဖြစ်ပါ သည်။ မအားလပ်သည့်ကြားက ကျွန်တော့်ပညာရေးဆောင်းပါး ကို စိတ်ရှည်လက်ရှည် အချိန်ယူကာဖတ်ခဲ့၏။ ပြီးတော့ အမှာ စကား ရေးပေးခဲ့ပြန်၍ ဝမ်းသာမဆုံး၊ ကျေးဇူးတင်မဆုံး ရှိခဲ့ ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ပညာရေးဘဝ ဆည်းဆာနေညိုချိန်တွင် ကံကောင်းထောက်မ၍ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ဆုံစည်းခွင့်ရခဲ့သည်။ ညွှန်ကြားရေးမှူးချုပ်က ကျွန်တော့်စာမူများကို အချိန်ယူ၍ တစိမ့်စိမ့်ဖတ်ရှုခဲ့သည်။ ကျွန်တော့်ဘဝနှင့်မိသားစုအကြောင်း တစ်စေ့တစ်စောင်း လေ့လာမိသောအခါတွင် ဝမ်းမြောက်အားပေးစကားပြောကြားရင်း အမှတ်တရအမှာစာ ရေးသားချီးမြှင့်ခဲ့သည်သာမက ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့၍လည်း ကျေးဇူးတင်မဆုံး၊ ကြည်နူးမဆုံးဖြစ်ခဲ့ရသည်။

တကယ်တော့ ပညာတန်ဆောင်က စာပေနယ်အတွင်းသို့ ကျွန်တော်ခြေလှမ်းချခွင့်ရအောင် အစပျိုးပေးခဲ့သည်။ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးပင်ဖြစ်နေသည့် ကျွန်တော့်အား ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာကြီး ဦးသန်းဦးကအမှာစကား ရေးသားချီးမြှင့်ခဲ့သည့် အခါတွင် ကျွန်တော်တောင်းသည့်ဆုများအားလုံး ပြည့်ခဲ့ သည်ဟု ဆိုချင် ပါသည်။

ကျွန်တော်စာရေးတိုင်း ရေပူရေကြွမ်းကမ်းလှမ်းလျက် စာမူကြမ်းကို ဂရုတစိုက်ဖတ်ရှုပြုပြင်ကာ ဝေဖန်အကြံအမျိုးမျိုးပေးရင်း အားပေးအားမြှောက်ပြုခဲ့သည့် ချစ်ဇနီးမနုနုကြည်နှင့် သားကြီးကိုသန့်စင်နု၊ သမီးမေစန္ဒာနုနှင့် မေစံပယ်ဖြူနုတို့အားလည်းကောင်း၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် လိုအပ်သင့်တည်းဖြတ်ကာ ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြသော ပုဂ္ဂိုလ်များနှင့် မိတ်ဆွေအပေါင်းတို့အားလည်းကောင်း၊ ဖော်ပြနိုင်စွမ်းမရှိသည့် ကျေးဇူးတင်ခြင်းများစွာဖြင့် ကျေးဇူးတင်လျက်ရှိပါကြောင်း၊

ဤစာအုပ်ကိုဖတ်ရှုရသော အမိအဖနှင့်သားသမီးတို့သည်လည်းကောင်း၊ ဆရာနှင့်တပည့်တို့သည်လည်းကောင်း၊ အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် ယနေ့လူငယ်လူရွယ်တို့သည်လည်းကောင်း၊ ပညာရေးလုပ်ဖော်ကိုင်ဖက်များသည်လည်းကောင်း၊ တစ်စုံတစ်ခုသော အကျိုးကျေးဇူးခံစားရရှိလိမ့်မည်ဟု ရိုးသားစွာမျှော်လင့်ယုံကြည်နေမိပါသည်၊

ဤစာအုပ်ဖြင့် ရတနာသုံးပါးဦးထိပ်ထားလျက် ကျေးဇူးရှင် မိခင်ဖခင်တို့အားလည်းကောင်း၊ ကျွန်တော့်အား စာပေသင်ကြားကာ အသိပညာပေးဝေရင်း ပညာရေးဘဝတွင် အလုပ်စတင်ဝင်ခွင့်ရရန် စီစဉ်လမ်းပြပေးခဲ့ပေသော ဆရာကြီး ဦးမောင်တင်နှင့် သွန်သင်ညွှန်ပြ အဆုံးအမပေးခဲ့ကြသည့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မြတ်ဆရာအပေါင်းတို့အားလည်းကောင်း ဤစာအုပ်ဖြင့် ဦးခိုက်ရိုကျိုး ရှိခိုးကန်တော့ပါ၏။

ဆရာနု

www.burmeseclassic.com

www.burmeseclassic.com

# အမေ့သား

ရွာဦးကျောင်းက အုန်းမောင်းခေါက်သံနှင့်အတူ နေ့စဉ် နံနက်လေးနာရီခန့်တွင် ကျွန်တော်အိပ်ရာကထ၍ စာကျက်မြဲ၊ အမေ့ကိုကူညီ၍ အိမ်မှုကိစ္စများကို ဆောင်ရွက်ပေးရမြဲဖြစ်ပါသည်။ ယနေ့လည်း ကျောင်းပိတ်ရက်မို့ အစ်ကိုဦးနှင့်အတူ ကျွန်တော်တို့ သားအမိသုံးယောက် အိမ်နောက်ဘက်ရှိ ချောင်းငယ်မှ လက်လှော်လှေကလေးဖြင့် ခရီးထွက်ခဲ့ကြသည်။ အချိန်မှာ စောလွန်းသေးသဖြင့် ရွာဦးဆရာတော်ကျောင်းမှ အုန်းမောင်းခေါက်သံပင် မကြားရသေးပါ။

လမိုက်သော ညတစ်ညဖြစ်ပေမယ့် ကောင်းကင်ပြင်ကျယ်ကြီးတွင် ကြယ်ညီလာခင်း၍ လမင်းကို အလင်းပြိုင်နေကြဟန်တူပါသည်။ မြစ်ပြင်ဖွေးဖွေး၊ ငွေရောင်ပြေးနေသည်ကိုလည်း အထင်းသားမြင်နေရပါသည်။ အစ်ကိုဦးက လှေပဲ့ကို ဖြောင့်ဖြောင့်မတ်မတ်ကိုင်ထားနိုင်သလို လှေဦးကနေ အားရှိသမျှ ကျွန်တော်ကလည်း လှော်တက်ဖြင့် ခပ်သွက်သွက် လှော်ခတ်ပေးနေသည့်အတွက် လှေကလေးမှာ ကြယ်ရောင်အောက်တွင် တရိပ်ရိပ်ပြေးလျက်ရှိနေသည်။

အမေကမူ လှေအလယ်ရှိ ရေပက်ကန့်တွင်ထိုင်ရင်း၊ တဖျပ်ဖျပ်နှင့် ရေပက်ပေးနေရပါသည်။ လှော်တက်မှဖြာထွက်

www.burmeseclassic.com

www.burmeseclassic.com



လာသည့် ရေစက်ရေမှုန်တလေးများနှင့် အမေ့ ရေပက်ခွက်မှ စင်ထွက်လာကြသော ရေစက်ရေပေါက်တို့မှာ ကြယ်ရောင်အောက်တွင် တလက်လက်တောက်ပနေသဖြင့် ကြည့်၍ပင်ကောင်းလှသေးသည်။ မြစ်ကမ်းတစ်လျှောက် အလေ့ကျပေါက်နေကြသည့် ငုပင်များမှ ငုပွင့်နှင့် ငုသီးမှည့်များ၏ ရနံ့ကလည်း သင်းပျံ့ပျံ့ရှိလှသည်။

ကျွန်တော်တို့လှေကလေး တစ်ခါတစ်ရံ ကမ်းစပ်နှင့်နီးသွားချိန်တွင် သစ်ပင်နှင့်ခြုံနွယ်များပေါ်မှ ညအိပ်ခိုနားနေကြသည့် ဖျိုင်းငှက်နှင့်ချိုးငှက်တို့ ရုတ်တရက်ထပျံသွားကြသဖြင့် အထိတ်တလန့်ဖြစ်ကြရပါသည်။ ပိုးစုန်းကြူးများကလည်း မီးအိမ်ငယ်များသဖွယ် မှောင်မိုက်သောညကို အလှဆင်နေကြသည်မှာ ကြည်နူးစရာကောင်းလှပါသည်။

"သားကြီးရေ ကမ်းဘက်သိပ်မကပ်နဲ့ကွဲ့ ခြုံတွေပေါ်မှာ မြွေကင်းတွေနေတတ်တယ်"

လှေပဲ့ကိုင် အစ်ကိုဦးကို သတိပေးရင်း၊ အမေသည် သူကြိုက်သည့် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို အားပါးတရ ဖွာရှိုက်နေပါသည်။ အဖေငယ်နှင့် သားကြီးတို့ကို လှေဦးနှင့် ပဲ့မှာထားရင်း၊ မိသားစုစားဝတ်နေရေးအတွက် ကဆန်းဖက်ခုတ်ရန် ကျွန်တော်တို့သားအမိ ခရီးထွက်ခဲ့ခြင်းဖြစ်ပါသည်။ တကယ်တော့ စပါးတင်းနှစ်ဆယ်ခန့်ပါသည့်အရွယ် ဤလှေငယ်ကို နေ့တွက်ပေး၍ အမေငှားယူခဲ့ခြင်းဖြစ်ပါသည်။ ဤခရီးစဉ်



အတွက် အမေသည် အိပ်ရေးအားစောကြီးထ၍ ချက်ပြုတ် ပြင်ဆင်လာခဲ့ရသဖြင့် အမေတော်တော် ပင်ပန်းနွမ်းနယ်နေမည်ကတော့ သေချာပါသည်။

"မိုးလင်းဖို့လိုသေးတယ် အမေရဲ့ ခဏလောက် နေ့းလိုက်ပါလား"

"ဘယ်ဖြစ်မလဲသားရယ် လှေကသိပ်ပြီး ရေယိုနေတယ်ကွဲ့၊ ဒါကြောင့် မပြတ်ရေပက်ပေးနေရတာ"

ဟုတ်ပါတယ် × × × ကျွန်တော်တို့လှေကလေးမှာ အိုမင်းယိုယွင်းနေပြီဖြစ်၍ ရွံ့နှင့်ဖာထေးထားသော စပ်ကြောင်းများမှ ရေများ အမြဲယိုစိမ့်နေသည့်အတွက် ခရီးတစ်လျှောက်လုံး အမေ မအားရ၊ မနားရ၊ တဖျပ်ဖျပ်နှင့်ရေပက်ရင်း အင လိုက်ပါလာရခြင်းဖြစ်ပါသည်။

တကယ်တော့ ကျွန်တော်တို့အမေသည် ခေသူမဟုတ်ပါ။ အမေ့ရုပ်သွင်မြင်ကာမျှဖြင့် အမေသည် ရုပ်ရည်ချောမောပြီး ကျက်သရေရှိသူ၊ ရိုးသားသူ မိခင်ကောင်းတစ်ယောက်အဖြစ် အလွယ်တကူ ခန့်မှန်းနိုင်ပါသည်။ အဖေကမူ ကျန်းမာရေးမကောင်းလှသဖြင့် ကျွန်တော်တို့မိသားစုတာဝန်ကို မယ်မယ်ရရ မယူနိုင်ခဲ့သည်မှာကြာခဲ့ပါပြီ။ သို့ပေမယ့် အမေသည် စိတ်ဓါတ်မလျှော့ အားမပျော့ခဲ့ပါ။ သားသမီးများကိုပင်ပင်ပန်းပန်းရှာဖွေကာ ကျွေးမွေးစောင့်ရှောက် နေ၍သာ အိုမင်းသည့်ရုပ်အသွင် ဆင်နေခြင်းဖြစ်ပါသည်။ သားသမီး

www.burmeseclassic.com

www.burmeseclassic.com



များကို လူ့ဘုံအလယ်တွင် မျက်နှာမငယ်ရလေအောင် ရှန်းကန်ရင်း ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ကျောင်းထားကာ ပညာအမွေပေးခဲ့ပါသည်။

လူမှုန်းသိစအရွယ်ကပင် အမေ့မေတ္တာ၊ စေတနာတွေကို ကျွန်တော်နားလည်ခဲ့ပါသည်။ ဒါကြောင့် အမေ့မျက်နှာညိုမှာကို အမြဲစိုးရိမ်ခဲ့ပါသည်။ အမေ့မေတ္တာ၊ အမေ တတ်စေချင်သည့် ပညာဖြင့် မိဘကျေးဇူး ပြန်လည်ပေးဆပ်နိုင်မည့် တစ်နေ့ကိုသာ ကျွန်တော် မျှော်လင့်တောင့်တနေခဲ့ပါသည်။ ကျွန်တော်တို့သားအမိ အတွေးကိုယ်စီဖြင့် ခရီးဆက်ခဲ့ကြရင်း မိုးစင်စင်လင်းခဲ့ပေပြီ။

"သားကြီးရေ ဟိုမှာကြည့်စမ်း၊ ကဆန်းရွက်ကြီးတွေ ကောင်းလိုက်တာကွယ်၊ ကမ်းကိုလှေတပ်လိုက် သား၊ တို့ ခူးကြရအောင်"

ကျွန်တော်က ကမ်းဘက်သို့ လှေယက်နေစဉ် အစ်ကိုဦးက အလိုက်သင့် လှေပဲ့မှပြင်ပေးသဖြင့် ကမ်းစပ်သို့ အလိုက်သင့်ဆိုက်ကာ လှေကြိုးကို ချည်ထားလိုက်သည်။ ကဆန်းဖက်မှာ ဆူးရွက်များဖြစ်၍ ခုတ်ရသည်မှာ မလွယ်လှပါ။ ဆူးစူးရာ၊ ခြစ်ရာများဖြင့် လက်တွင်ပွန်းပဲ့ကာ သွေးများ စို့ထွက်နေပါသည်။ ခူးဆွတ်ပြီးသားအရွက်များကို လှေထဲတွင် အမေက အလိုက်သင့်စီပေးခြင်းဖြင့် ကျွန်တော်တို့ပျော်နေကြပါသည်။

"ဘယ်သူတွေလဲတော့ ××× ဒီမှာ တဆန်းရွက် မခုတ်ရဘူးဆိုတာ မသိဘူးလား ××× နေအုံး ××× ငါလာပြီ ××× နင်တို့တော့ သေဖို့သာပြင်"

ကျယ်လောင်စူးရှနေသော ဆူပူကြိမ်းမောင်းသံနှင့်အတူ ခါးတောင်းကျိုက်ကျားကျား မြက်ခုတ်ဓါး တဝင့်ဝင့်နှင့် ကရင်အမျိုးသား လူထွားထွားကြီးတစ်ယောက် ကမ်းစပ်ကွင်းဘွားကနဲ ပေါ်ပေါက်လာသည်။ ပြီးတော့ သူ့လက်က ဓါးကြီးကို ဆ၍ဆ၍ တစ်လှမ်းခြင်းလှမ်းကာ ကျွန်တော်တို့ လှေရှိရာကမ်းစပ်သို့ ချဉ်းကပ်၍ လာနေချေပြီ။

"ဘုရား × × × ဘုရား" အခက်တော့ကြုံပြီ။ ကျွန်တော်တို့သားအမိသုံးဦး ကြုံရာမရ ဒုက္ခလှလှကြီး တွေ့ကြုံရပေတော့မည်။ ကြောက်ရွံ့စိုးရိမ်စိတ်များကြားက အရဲစွန့်ကာ ကျွန်တော်တောင်းပန်လိုက်မိပါသည်။

"ကျွန်တော်တို့ ကျောင်းသားလေးတွေပါ ဦးရယ် အလေ့ကျပေါက်နေတဲ့ အပင်တွေမှတ်လို့ ခုတ်မိပါတယ်။ ခုတ်ပြီးသားတွေ ပြန်ပေးပါရစေ။ ကျွန်တော်တို့ကို သနားသဖြင့် ခွင့်လွှတ်ပါဦးရယ် ××× ခွင့်လွှတ်ပါဦးရယ် ××× ခွင့်လွှတ်ပါဦးရယ်"

အမေက တောင်းပန်သည်။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကလည်း တစာစာ တောင်းပန်ခဲ့ပါသည်။ တရွေ့ရွေ့ဆင်းလာသော သူ့ခြေလှမ်းများကိုကြည့်ရင်း အနီးဆုံးနေရသူကျွန်တော့်မှာကျောချမ်းလှသည်။ ခဏအကြာ လှေဦးနှင့် လက်

www.burmeseclassic.com

တစ်ကမ်းအကွာတွင်ရပ်၍ ကျွန်တော်တို့ကို စူးစူးစိုက်စိုက် အကဲခတ်နေပြန်ပါသည်။

"အေး × × × အေး × × × ကျောင်းသားတွေဆိုတော့ ခွင့်လွှတ်ရမှာပေါ့ကွာ × × × ကဲ × × × ခုတ်ပြီးသားတွေလဲ ပြန်ပေးမနေနဲ့တော့ × × × နောက်ကို ဒီနေရာမှာလာမခုတ်ကြနဲ့ ကြားလား"

"ဟုတ်ကဲ့ပါခင်ဗျာ × × × ဟုတ်ကဲ့ပါဦးရယ် × × × နောက်ကို ဘယ်တော့မှမခုတ်တော့ပါဘူး × × × ဦးကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ သွားတော့မယ်နော်ဦး"

ကျွန်တော်က တောင်းပန်သည်ကို ခေါင်းညိတ်၍ သဘောတူ ခွင့်လွှတ်ခဲ့ပြီဖြစ်သဖြင့် ကမ်းစပ်မှ အမြန်ဆုံး ခွာခဲ့ကြသည်။ ရေလယ်ကို လှေငယ်ရောက်သည့်တိုင်အောင် ကြောက်စိတ်တွေက မပြေနိုင်ခဲ့။ သည့်နောက်တော့ အတွေးနယ်ချဲ့ရင်း သင်ခန်းစာတစ်ခုရခဲ့ပါသည်။

**"သြော် × × × အပြစ်ရှိသည့်တိုင် ကျောင်းသားဆိုရင် ချစ်ကြစမြဲ × × × ကူညီတတ်ကြစမြဲ × × × ခွင့်လွှတ်တတ်ကြစမြဲ × × ×"**

ကျွန်တော်တို့မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်ရင်း အခုလို အမေမျက်နှာငယ်ခဲ့ရသည်။ အမေ မျက်နှာမကောင်းသည်ကိုကြည့်ရင်း ကျွန်တော် ဝမ်းနည်းလှပါသည်။



သည့်နောက် အတွေးကိုယ်စီဖြင့် ခရီးဆက်ခဲ့ကြသည်။ အမေနှ အစ်ကိုဦးတို့ကို ပြန်၍လှည့်ကြည့်ရင်း တားဆီး၍မရသေ ကျွန်တော့်မျက်ရည်များကို မြစ်ရေနှင့် ဆေးကြောလိုက်ရပ သည်။

"ရှေ့နားမှာလည်း ကဆန်းတောတွေ ရှိဦးမှာပေ သားရယ် အားမငယ်ပါနဲ့"

အမေက အားတင်း၍ပြောရှာပါသည်။ အမေ ပြောသည့်အတိုင်းလည်းမှန်ပါသည်။ ကဆန်းရွက်များ ခူးပြီးချိန် တွင် နေမွန်းလွဲခဲ့ပါပြီ။ မြစ်ရေတက်ချိန်ဖြစ်၍ မြစ်ကမ်းဘေး ငုပင်တွင် လှေကြိုးကိုချည်ရင်း နံနက်စာစားရန် ပြင်ခဲ့ကြပါသည်။

သားအမိသုံးယောက်စာ အမေထည့်လာသေ ထမင်းချိုင့်ကလေးကို အမေဖွင့်လိုက်ချိန်တွင် ထမင်းအလယ် တွင် ထည့်ထားသည့် လက်ဖက်ရည်ပန်းကန်လုံးထဲမှ ငါးပိ စလောင်းကပ်နှင့် ငရုတ်သီးတောင့် ကျွတ်စပ်စပ်တို့ကို လှမ်း၍ မြင်လိုက်ရသည့်အခါတွင်မှ ထမင်းကပို၍ ဆာလာသည်ဟု ထင်မှတ်လိုက်မိပါသည်။

ကဆန်းရွက်ဆူးကြောင့် သွေးချင်းချင်းရဲနေသော လက်ကို မြစ်ရေနှင့် ဆေးကြောသန့်စင် လိုက်ရပေမယ့် လက်ချောင်းကလေးများက ကွေးဆန့်၍ အဆင်မပြေ ထမင်းလုတ်ကိုဆုတ်ယူသည့်အခါတိုင်း နာကျင်သည့်ဝေဒနာကို ခံစားရပါသည်။ သည်လိုဖြင့် ကျောင်းပြန်တက်သည့် တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်အတွင်း လက်ချောင်းကလေးများ ကွေးဆန့်တိုင်း နာကျင်သည့်ဝေဒနာဖြင့် စာရေးသည့်အခါတွင် အခက်ကြုံရ ပေလိမ့်ဦးမည်။

အစ်ကိုဦး ခူးချပေးသော ငှသီးမှည့် ချဉ်ဖြုံးဖြုံး ကလေးနှင့် ငါးပိထောင်းစပ်စပ် မြိန်ယှက်စွာစားခဲ့ရသော ထိုနေ့ နံနက်စာကို တစ်သက်တွင်မေ့နိုင်မည်မဟုတ်ပါ။ စားသောက်ပြီး ထမင်းကျန်များကို ရေသတ္တဝါများအတွက် အမေက အလှူပေး ခဲ့ပါသည်။ မကြာမီ အပြန်ခရီး စရပေတော့မည်။

ညနေဆည်းဆာချိန် ကျွန်တော်တို့လှေကလေး ရွာအနီးသို့ ချဉ်းကပ်လာသောအခါ ငွေဖျိုင်းဖြူတစ်အုပ်တို့ အိပ်တန်းဆီသို့ အစီအရီပျံသန်းသွားကြသည်ကို မြင်လိုက် ရပါသည်။ အိမ်ပြန်ရောက်ကြသော်လည်း ကျွန်တော်တို့ အိပ်ခွင့် ရကြမည်မဟုတ်သည်ကို သိလိုက်ရပါသည်။ ထိုနေ့ညက အမေ့ကိုကူညီရင်း၊ ကျောင်းစာကြည့်ရင်း သန်းခေါင်ချိန်တွင် ကျွန်တော်အိပ်ရာဝင်ခဲ့ပါသည်။

ရွာမှ သုံးမိုင်ကျော်ဝေးသည့် မြို့ကျောင်းသို့ ကျွန်တော်တို့ညီအစ်ကို အပြေးအလွှား ကျောင်းတက်ခဲ့ကြရ သည်။ ထို့နေ့ ကံကောင်းထောက်မ၍သာ ကျွန်တော်တို့ ကျောင်းခေါ်ချိန်အမီရောက်ခဲ့ကြပါသည်။ သို့သော် ထိုနေ့က ကျွန်တော့်အတွက် ကံဆိုးမိုးမှောင်ကျခဲ့ပါသည်။

"ဖြန်း × × × ဖြန်း × × × ဖြန်း"



ကြိမ်သံသုံးချက် အဆက်မပြတ် ထွက်ပေါ်လာ ပြီးနောက် စာသင်ခန်းတစ်ခန်းလုံး ငြိမ်သက်သွားခဲ့ပါသည် အသည်းအူလှိုက် ခိုက်ခိုက်တုန်အောင် နာကျင်လှပေမယ့် အသံ မထွက်ခဲ့ဘဲ၊ ရှိုက်ကြီးတငင် ငိုလိုက်ချင်ပေမယ့် မငိုဝံ့ခဲ့ ကျွန်တော်တို့စာသင်ခန်းတွင် ကြိမ်ရိုက်သံက လွှမ်းမိုးသွားခြင်း နှင့်အတူ မြန်မာစာပြဆရာမသည်ပင် စာသင်ဂျင်း ခေတ္တ ရပ်နားခဲ့ရသည်။ တကယ်တော့ စာတော်လှချည်ရဲ့လို့ ချီးမွမ်း ခံရတဲ့ကျွန်တော် × × × အခုတော့ ကြိမ်သံချင်းထပ်၊ အပြစ် ဒဏ်ခတ်ခြင်းခံနေရသည့်ကျွန်တော် × × × ရှက်စိတ်၊ ဝမ်းနည်း စိတ်တို့ဖြင့် လွှမ်းခြုံခံစားနေရသော ကျွန်တော် × × ×

ကျွန်တော်တို့ကျောင်းသည် စည်းကမ်းကောင်း၍ ပညာရည် ထူးချွန်ထက်မြက်သူများ နှစ်စဉ်မွေးထုတ်နိုင်သဖြင့် ဂုဏ်သတင်းမွှေးလျက်ရှိပါသည်။ နှစ်စဉ်လည်း စာမေးပွဲ အောင်ချက်ကောင်းလှသဖြင့် အများက ချီးကျူးဂုဏ်ပြုခံရသည့် ကျောင်းတစ်ကျောင်းဖြစ်ပါသည်။ ကျွန်တော်တို့ ကျောင်းအုပ် ဆရာကြီးသည် မျက်နှာကြီးငယ်မလိုက် ဟပည့်များကို ကောင်း စေ၊ ထူးချွန်ထက်မြက်စေလိုသောဆန္ဒ၊ မေတ္တာ၊ စေတနာဖြင့် ကျောင်းကို အဘက်ဘက်မှတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် ပေးနေသူဖြစ်ပါသည်။

ဆရာ၊ ဆရာမများ စာသင်ပို့ချနေချိန်တွင် အာရုံ မစိုက်၊ ငိုက်မြည်းနေသူကိုတွေ့လျှင် ရုတ်တရက်ဝင်လာ၍

www.burmeseclassic.com

www.burmeseclassic.com

ကြိမ်လုံးဖြင့် ဆုံးမမြဲ၊ အပြစ်ဒဏ်ခတ်စမြဲ ဖြစ်သည်ကို ကျောင်းသားအားလုံး သိကြပြီးဖြစ်ပါသည်။

ယခုတော့ ဆရာကြီးမကြိုက်သည့် အငိုက်ဇာတ်လမ်း ကခဲ့မိသောကျွန်တော့်အတွက် ဆုလာဘ်ကြိမ်ဒဏ်ကို ရက်ရက် နှင့်ကျွန်တော်ခံခဲ့ရပါပြီ။ ဤသို့ အပြစ်ဒဏ်ကျခံရသည့်အတွက် ဆရာမမျက်နှာမကောင်း၊ ကျွန်တော့်အပေါင်းအသင်းများလည်း အလားတူ ခံစားကြရမည်ထင်ပါသည်။ ဆရာမ ဆက်လက် စာသင်သည့်အခါ ကျွန်တော်အာရုံစိုက်၍ နားထောင်နေ သော်လည်း နာကျင်မှုဝေဒနာ၊ ဝမ်းနည်းကြေကွဲမှုခြေရာအဖြစ် မျက်ရည်မဆည်နိုင်အောင် ဖြစ်ခဲ့ရသည်။

တကယ်တော့ အမေ့ကိုကူညီရင်း မိသားစုစားဝတ် နေမှုကို ကျွန်တော့်အားမာန်နှင့် တန်သရွေ့ အထောက်အကူ ပြုရင်း ရသမျှအချိန်တွင် ကျွန်တော် ပညာကို အစွမ်းကုန်ကြိုးစား ခဲ့ပါသည်။ ထိုနေ့က ကျွန်တော့် အဖြစ်အပျက်အားလုံးကို အမေ့အားပြောပြချင်လှပါသည်။ ကျောပြင်ကအရှိုးရာများကို အမေသာမြင်ခဲ့ပါလျှင် မည်သို့ခံစားရမည်နည်း။ ကျွန်တော့် အပူမီး အမေ့ကို မကူးစက်စေလိုသဖြင့် အမေ့ကို မပြောဖြစ်ခဲ့၊ မပြမိခဲ့ × × ×

နာကျင်သည့်ဝေဒနာကို တလူးလူး၊ တလှပ်လှပ် ခံစားရင်း အမေမသိအောင် ဟန်ဆောင်ရင်း ထိုနေ့ညက တစ်ညလုံး ကျွန်တော်အိပ်၍မရခဲ့ပါ။ မိသားစုတာဝန်ကို ပင်ပန်း



ကြီးစွာ တစ်နေ့ကုန်လုပ်ရှားရင်း ညဉ့်နက်မှ အိပ်ရာဝင်လာသော အမေ အိပ်မောကျချိန်တွင် ကျေးဇူးရှင်မွေးမိခင်အား အကြိမ်ကြိမ်ဦးနှိမ့်ရိုကျိုး ရှိခိုးဦးခိုက်ရင်း ခိုင်မာသောဆုံးဖြတ်ချက် တစ်ခုကို ကျွန်တော်ချလိုက်မိပါသည်။

**“အမေမြတ်စေချင်သော သားကောင်းတစ်ယောက် ဖြစ်အောင် အမေ့သား မဖြစ်မနေကြိုးစားသွားပါ့မယ် အမေ”**

မျက်ရည်သက်သေပြု တိုင်တည်နေချိန်တွင် ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံ ကြားလိုက်ရပါသည်။

**(၃-၁-၉၃) နေ့တွင် ကွယ်လွန်ခဲ့သော ကျေးဇူးရှင် မွေးမိခင်သို့ အမှတ်တရဖြင့်**

ဆရာနု

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ
ပညာတန်ဆောင် အတွဲ(၄၅)၊ အမှတ်(၉)

www.burmeseclassic.com

www.burmeseclassic.com



# အသိ

နိုင်ငံတော်သီချင်း သီဆိုကြပြီးနောက် ပေါ်ထွက်လာသည့် အချက်ပေးခေါင်းလောင်းသံနှင့်အတူ အတန်းကြီးငယ် အသွယ်သွယ်တို့မှ ကျောင်းသားကျောင်းသူများ၊ ပြီးတော့ ဆရာဆရာမများ၊ ကျောင်းခြံဝင်းအတွင်းမှ ထွက်ခွာသွားကြပေပြီ။

သည်လိုနှင့် တစ်နေ့တာလုပ်ငန်းများ ပြီးဆုံးပြန်ချေပြီ။ ကျောင်းဆင်းချိန်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင်ပင် မိုးသေးမိုးဖွဲကလေးများကလည်း ရွာလျက် ××× မိုးရာသီ၏ သရုပ်သဏ္ဌာန်ကို တန်ဆာဆင်ဖန်တီးနေကြပေသည်။

မကြာမီ တစ်ကျောင်းလုံး ငြိမ်သက်တိတ်ဆိတ်သွားခဲ့ပါသည်။ ကျွန်တော်တစ်ယောက်တည်းသာ ရုံးခန်းတွင် ထိုင်လျက် သည်ကျောင်းနှင့်သည်ဝန်းကျင်၏ သာယာသည့်အသွင်ကို ကြည့်ရှုမိလျက် ×××

ချွေးသိပ်လို့အပမ်းဖြေစရာအေးရိပ်သာ ကုက္ကိုပင်ကြီးကလည်း ကျောင်းရှေ့ဝန်းကျင်တွင် လွှမ်းမိုးလျက် ××× တည်ငြိမ်သည့်အသွင်ကိုဆောင်လျက် ××× ရုံးခန်း၏ မြောက်ဘက်တံခါးမှ အထင်းသားမြင်နေရသည့် ပင်ပျိုပိတောက်ကလည်းသူ့အချိန်ရောက်လျှင်ဖြင့် ရွှေပွင့်ကြ၍ အလှပွဲ ဆင်နွှဲပြလိုက်ဦးမည့်ဟန် ဖန်လျက် ×××



**အရင်ကသည်နေရာ —**

**ဆူးမြက်တွေ ရှုံ့နွယ်ပြည့်**

**အလှမရှိ ။**

**အသိဝင်ကာ**

**ပည့်ဆရာပူးပေါင်း ။**

**တို့ကျောင်းသာယာရေးကိုဖြင့်**

**တို့ဝိုင်းကာ ပြုပြင်ပေးသည်မို့**

**ရှေးကထက်ကောင်း ။ ။**

သည်ကဗျာကလေးကို **"အသိ"** ဟု ကျွန်တော်က အမည်ပေးခဲ့ပါသည်။ အမှတ်မထင်ရေးဖွဲ့ခဲ့သည့် ကိုယ်ရေးကဗျာလေးမို့ မြတ်မြတ်နိုးနိုး တိုးတိုးလေးရွတ်ဆိုမိရင်း လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပူးပေါင်းလို့ အသိလဲယှဉ် လုပ်ငန်းအောင်မြင်ခဲ့ပုံကလေးများ စသည် ××× စသည် ×××

တကယ်တော့ အသိတရားရှိရန် အလွန်ပင် အရေးကြီးလှပေသည်။ မိမိတို့ကျောင်း တိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် ကြိုးပမ်းကြရပေလိမ့်မည်။ မိမိကြမ္မာကို မိမိဖန်တီး၍ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားကြရပေလိမ့်မည်။ သို့ဖြစ်၍လည်း ကျောင်း၏ဆောင်ပုဒ်အဖြစ် **"တို့ကျောင်းသာယာ၊ တို့ဝန်တာ"** ဟု ကျွန်တော်တို့ကျောင်းတွင် မှတ်တမ်းတင်ဖော်ညွှန်းခဲ့ခြင်းဖြစ်ပေသည်။ ပြောမှသိသူ၊ ခိုင်းမှလုပ်သူများ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေဘဲ အသိတရားနှင့်ယှဉ်၍ အစဉ်ကြိုးစား လုပ်ဆောင်ကြရန်ကိုလည်း တပည့်များအား အခါမလပ် မှာရ ကြားရ ဆုံးမရပေသည်။

**“အသိပညာ မရှိပါဘဲလျက် အသက်တစ်ရာကျော်နေရခြင်းထက်၊ အသိတရား နှလုံးသားဖြူစင်လျက် တစ်ရက်တာမျှနေရခြင်းသည် ပို၍ပင်မြတ်၏”** ဟု သူတော်စင်တို့က အဆုံးအမပြုခဲ့ကြခြင်းဖြစ်ပေသည်။ သို့နှင့်အညီ အသိတရားယှဉ်သော ကြိုးစားလုပ်ဆောင်မှုဖြင့်သာ ချီတက်ဆင်နွှဲရင်း ရည်မှန်းချက်ပန်းတိုင်သို့ ကျွန်ုပ်တို့ရောက်ရှိနိုင်ကြပေလိမ့်မည်။

ကျောင်းများတွင် “စာရိတ္တပညာရပ်” ကို အလေးထား၍ သင်ကြားပို့ချကြရန် ပညာရေးဌာနမှ ဆရာ ဆရာမများအား လမ်းညွှန်ပြထားပြီး ဖြစ်ပေသည်။ စင်စစ် စာရိတ္တပညာရပ်များသည်သာလျှင် တပည့်တို့၏အသိတရား နှလုံးသားကို ညွှတ်နူးပျော့ပျောင်း အကောင်းသို့ဦးတည်လာစေပေလိမ့်မည်။ စိတ်ပိုင်းဆိုင်ရာ အသိတရားများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြီးစွာအထောက်အပံ့ဖြစ်ပေလိမ့်မည်။

“လေးစားအပ်တဲ့ ဆရာ၊ ဆရာမများ ခင်ဗျား ××× အလျင်းသင့်လို့ ပြောပါရစေ။ ကလေးတွေရဲ့အသိတရား တိုးတက်ဖွံ့ဖြိုးလာစေဖို့၊ လူလိမ္မာလူယဉ်ကျေးနဲ့ လူတော်လူကောင်းကလေးတွေ ဖြစ်လာဖို့အတွက် တစ်နည်းပြောရရင် ကျွန်တော်တို့တိုင်းပြည်ရဲ့ အနာဂတ်ကကြမ္မာ သာယာ ဖြောင့်ဖြူး



အောင် ပခုံးပြောင်းတာဝန်ယူကာ ဆောင်ရွက်ကြရန်ညီ ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေဖို့ ပြုစုပျိုးထောင်ရာမှာ ကျွန်တော်တို့ ဆရာ၊ ဆရာမများဟာ အခြေခံလည်းကျသလို၊ အဓိကနေရာမှာလည်း ရှိနေကြပါတယ်။ ဒီတော့ မိမိတို့တာဝန်ယူထားရတဲ့ ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချမှုများကို ထက်ထက်သန်သန်၊ အောင်အောင်မြင်မြင်ဖြစ်အောင် ဆောင်ရွက်ကြရင်း၊ တစ်ဆက်ကလည်း မိမိတို့တပည့်များအား အသိတရားပြည့်ဝရေး၊ အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်ရေးတို့ကို မပြတ်မလပ် သွန်သင်ညွှန်ပြ၊ သတိပေးဆုံးမကြစေချင်တယ်။ အဆုံးအမတစ်ခုခု မပြုမိတဲ့နေ့ဟာ ဆရာတစ်ယောက် မလွဲမသွေ ဆောင်ရွက်ရမယ့် တစ်နေ့တာလုပ်ငန်းတာဝန်တစ်ခု ပျက်ကွက်ရာ ရောက်တဲ့နေ့လို့ ခံယူစေချင်ပါတယ်”

တစ်ခါက ကျွန်တော်၏ ပညာရေးဝိုင်းတော်သားများ ဖြစ်ကြတဲ့ ဆရာ ဆရာမများနဲ့ ဆုံစည်းမိခိုက် ပြောခဲ့၊ ဆိုခဲ့၊ ဆွေးနွေးခဲ့သည်များကို ပြန်လည်ကြားယောင်မိပြန်ပါသည်။

ဆုံးမသွန်သင်၊ ပြုပြင်၍ရသော တပည့်အလိမ္မာကလေးများနှင့်တွေ့ရသည့်အခါတွင် နှလုံးစိတ်ဝမ်း ချမ်းမြေ့မိသလောက်၊ အဆိုးအပေနှင့် အမျိုးမျိုး တေလေနေကြသည့် တပည့်ရိုင်းကလေးများနှင့် ကြုံရလေတိုင်း မျက်ရည်ဝိုင်းခဲ့ရသည်လည်း ရှိခဲ့ဖူးပေသည်။

သည်တော့လဲ ကျောင်းသူလေး “မေနွှာနု” ရွတ်ဆို

www.burmeseclassic.com

www.burmeseclassic.com



နေသည့် ကဗျာကောက်နုတ်ချက်ကလေးတစ်ခုကို ပြန်လည်ကြားရောင်မိပါသည်။

**"ပြည့်ရွာဝန်ထမ်း၊ ဆရာလမ်းဝယ်၊**
**ပုံမှန်းမကျ၊ ဤလောကကို၊ မြင်ရလေတိုင်း**
**မောတကား"**

အင်း ××× မောတော့မောပါတယ်။ ဒါပေမယ့် ××× ဒါပေမယ့် ××× မမောပါဘူး၊ မောလို့မဖြစ်သေးပါဘူး။ ခြော် ××× ဆရာဆိုတာ သည်လိုပါပဲ။ တကယ်တော့ ××× အသိတရားသည်သာ အလှတရားဖြစ်ပါ၏။ မောလျက်နှင့် အားယူကြည်ဖြူစွာ မေတ္တာပွား၍ တပည့်များ၏နှလုံးသားကို အလှဆင်ပေးကြရပေဦးမည် ×××

မိုးသေးမိုးဖွဲတို့စဲ၍ သာတောင့်သာယာရှိလှသည်ဟု ထင်ရပေမယ့် ညနေဆည်းဆာ၏အလင်းရောင်မှာ အားပျော့နေချေပြီ။

ကျေးဇူးရှင် အမိအဖများနှင့် ဆရာ၊ ဆရာမများအားလုံးသို့
ဦးညွှတ်လျက်ဖြင့်

ဆရာနု
၁၉၈၁ ခုနှစ် ဧပြီလ
ပညာတန်ဆောင် အတွဲ(၃၀)၊ အမှတ်(၄)



# နော်

"ကျောင်းထွက်လက်မှတ်လိုချင်လို့"

"ခဏထိုင်ကြပါအုံး"

ရုံးခန်းအတွင်းသို့ဝင်လာသူသုံးယောက် ××× မိခင်ဖြစ်သူတာ လေသံမာမာဖြင့်ပြောလာသည်။

ပြီးတော့ အဖွားဖြစ်သူနှင့် စတုတ္ထတန်းကျောင်းသူတစ်ဦး ရုံးခန်းအဝင်တွင်ချိတ်ဆွဲထားသည့် ဝင်ခွင့်တောင်းပါ စာတမ်းကိုလည်း ဂရုမစိုက်၊ ရုံးယုလင်ကိုလည်း အရေးမထား မလေးစားဘဲ ကျွန်တော်ထံသို့ တိုက်ရိုက်ဝင်လာခဲ့ကြခြင်း ဖြစ်ပါသည်။

ပြီးတော့ သုံးယောက်စလုံးက မျက်ရည်စတွေနှင့် မျက်နှာမကောင်း၊ ဒေါသလွှမ်း၍ ခပ်ကြမ်းကြမ်းအသွင် အမူအရာကို မြင်လိုက်ရသည်။ စားပွဲရှေ့ထိုင်ခုံတွင်ထိုင်ကြရန် နေရာပေး ဧည့်ဝတ်ပြုခဲ့ပေမယ့် မထိုင်ကြ။

စင်စစ် ကျောင်းတစ်ကျောင်း၏ အကြီးအကဲဖြစ်သူ ကျောင်းအုပ်ကြီးအား မိဘအုပ်ထိန်းသူများအနေဖြင့် မည်သို့သော အကြောင်းတစ်စုံတစ်ရာရှိစေကာမူ ယခုကဲ့သို့ တင်းတင်းမာမာ မဆက်ဆံသင့်၊ မပြုမူသင့် ××× သို့ရာတွင် အဖြစ်မှန်ကို သိလိုသည်ကတစ်ကြောင်း၊ မိန်းမသားများ ဖြစ်နေကြသည်ကတစ်ကြောင်းတို့ကြောင့် ကျွန်တော် စိတ်ကို အတော်ထိန်းကာ

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရပ်ခံလိုက်ရပါသည်။

"ထိုင်ကြပါအုံးဗျာ × × × ပြောစရာရှိလျှင်လည်း အေးအေးဆေးဆေး ပြောကြတာကောင်းပါတယ်"

"ဒီက × × × ကျွန်မမြေးလေးအတွက် ကျောင်းထွက်လက်မှတ်အခုတစ်ခါတည်းထုတ်ပေးပါ။ ဒီကျောင်းမှာ ကလေးကိုမထားနိုင်တော့ဘူး"

"ရပါတယ် × × × ရပါတယ် × × × ကျောင်းထွက်လက်မှတ်ယူပြီးရင်တော့ ဒီကျောင်းမှာ ပြန်တက်ခွင့်ရဖို့က သိပ်လွယ်မှာ မဟုတ်ဘူးနော်"

"စိတ်ချပါ × × × စိတ်ချပါ × × × မတက်ပါဘူး။ ဘယ်တော့မှ ဒီကျောင်းကို ပြန်မတက်ပါဘူး" မိခင်ဖြစ်သူက မာမာကြောကြော တုံ့ပြန်နေပါသည်။

"အေး × × × အေး × × × ကောင်းပါတယ်ဗျာ × × × ဒါနဲ့ × × × ဘာဖြစ်လို့ ကျောင်းထွက်ချင်တယ် ဆိုတာလေးကိုတော့ သိပါရစေအုံးဗျာ"

"ကျွန်မတို့ကလေးကို ဒီလောက်ရိုက်တာ သည်းညည်းမခံနိုင်ဘူး × × × သိပ်ရက်စက်တာပဲ"

အဖွားဖြစ်သူကလည်း ပြောရင်းဆိုရင်း မျက်ရည်စမ်းစမ်း ဝမ်းပန်းတနဲဖြင့် × × ×

"ဪ × × × သမီးကိုရိုက်လို့ကိုး × × × လာပါအုံး သမီးကိုဘယ်သူရိုက်တာလဲ × × × ဘယ်နေရာကိုရိုက်တာလဲကွဲ့"

စတုတ္ထတန်းကျောင်းသူလေးအား အနားခေါ်ယူ၍



အရိုက်ခံရသော ဒဏ်ရာများကို စစ်ဆေးကြည့်ရှုနေမိပါသည်၊ ကျောင်းသူကလေးက အသားဖြူ၍ ခပ်ဝဝမို့ သစ်သားပေတံဖြင့် ရိုက်ထားသည့်အတွက် ခြေသလုံးသားလေးပေါ်တွင် အရှိုးရာနီရဲရဲက တစ်နေရာ × × × နှစ်နေရာ × × × သုံးနေရာ × × × ကျွန်တော် ရင်မောစွာဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိပါသည်။

**"ကြိမ်မစွက်က တပည့်ပျက်၏" ဆိုသော စကားသည်လည်း အတိုင်းအတာတစ်ခုထိသာမှန်ပါ၏။ အစွန်းရောက်ရိုက်နှက်ဆုံးမခြင်းသည်လည်း အကြောက်တရားကို အခြေခံ၍ ပညာရေးလမ်းကြောင်းမှန်ပေါ်သို့ အခါခပ်သိမ်း ပို့ဆောင်ပေးနိုင်မည်မဟုတ်။ ပြဿနာတစ်ရပ်ဆီသို့ပင် ကူးပြောင်း၍ ကလေးအရွယ်၊ လူမမယ်တို့၏ ဘဝလမ်းကြောင်း အကောင်းဆီသို့ မျှော်လင့်ရန်လည်း ခက်ခဲတတ်ပါ၏။**

ဆရာ၊ ဆရာမတို့သည် တပည့်တို့၏ ချစ်၊ ကြောက်၊ **ရိုသေမှုခံရအောင်** ကြိုးပမ်းရင်း အသိပညာပေးနေကြရသည်မှာ **အလွန်ခက်ခဲသော** အတတ်ပညာတစ်ခု × × × **သား**တို့၊ **သမီးတို့၊** တပည့်တို့၏ အနာဂတ်ရေးအတွက် ဘဝတစ်ခုလုံးကို **တာဝန်ယူ၍ ဆုံးမပဲ့ပြင်** သွန်သင်နေကြရသော **ဆရာတို့၏ အလုပ်၊ ဆရာတို့၏တာဝန်၊ ဆရာတို့၏ဘဝကို** မိဘတိုင်း **သိစေချင်ပါ၏။** သည်လိုဖြင့် အတွေးစကို ခဏရပ်လိုက်ရပါသည်။

"ဆရာမက ဘာဖြစ်လို့ရိုက်တာလဲ သမီး့"

www.burmeseclassic.com

www.burmeseclassic.com

"စာမရလို့ပါ"

"အေး ××× အေး ××× ဆရာဆိုတာ ဒီလိုပါပဲကွယ်။ တပည့်တွေကို ကောင်းစေချင်၊ တတ်စေချင်လွန်းတော့လဲ တစ်ခါတစ်ရံ ကရုဏာဒေါသောနဲ့ ရိုက်နှက် ဆုံးမတတ်ကြပါတယ် သမီး"

"စာမရတာဘဲ ဒါလောက်တောင် ရိုက်ရသလား။ ကျွန်မတို့သမီးကို အိမ်မှာဆိုလက်ဖျားနဲ့တောင်မတို့ဘူး။ အခုတော့ ××× သီပ်ရက်စက်တာပဲ၊ ကျောင်းထွက်လက်မှတ်သာ ထုတ်ပေးပါ။ ဒီကျောင်းမျိုးမှာမထားဘူး"

ရုံးခန်းတွင်းသို့ ဖွတ်အတင်းဝင်လာခဲ့ကြသည်က တစ်ကြိမ်၊ ပညာသင်ကြားပေးသည့် ဆရာ့ကျေးဇူးကို အမှားတုံ့ပြန် ရန်မူဟန်ပြခဲ့သည်ကတစ်ကြိမ်၊ ပြီးတော့ ကျောင်း၏ ဂုဏ်သိက္ခာကို ထိပါးပြောကြားခဲ့သည်ကတစ်ကြိမ် ××× သည်းခံဖွယ်မရှိသည့် အပြောအဆို၊ အမူအရာများကြောင့် စိတ်အနှောက်အယှက် ဖြစ်ခဲ့ရပါသည်။ သို့ပေမယ့် ဆရာ၊ ဆရာမတို့ဟူသည် ကျောင်းသား၊ ကျောင်းသူတို့၏ အနာဂတ်ရေးကို တာဝန်ယူထားကြရသူများ ဖြစ်ကြသည်မို့လည်း ×××

ကျွန်တော်တို့ကျောင်းမှာ စည်းကမ်းကောင်းခြင်း၊ ပညာရည် ထူးချွန်ထက်မြက်သူများ နှစ်စဉ်ပေါ်ထွန်းခြင်း၊ လူ့ရည်ချွန်များရရှိခြင်း၊ အောင်ချက်မြင့်မားခြင်း စသောဂုဏ်သတင်းများကြောင့် နှစ်စဉ် ကျောင်းအပ်နှံလိုသည့် ကျောင်းသားဦးရေ တိုးတက်များပြားလာသော်လည်း ကျောင်း၏



ပညာရေး ရေရှည်တိုးတက်တည်တံ့မှုကို ထိန်းသိမ်းသွားနိုင်ရေး အတွက်သာ ကျောင်းသားဦးရေကို ကန့်သတ်လက်ခံခဲ့ရခြင် ဖြစ်ပါသည်။ ကန့်သတ်သည်ဆိုရာတွင်လည်း ဆူကြံ့နိမ့်မြ မခွဲခဲ့ ×××

ကျောင်းဝင်ခွင့်ရရန်ခက်ခဲပေမယ့် ××× ယခုတေ ××× ကျောင်းထွက်ခွင့်ကို တွင်တွင်တေ ာင်းနေသည့် ပညာရေ ပြဿနာတစ်ခု ×××

"အေးဗျာ ××× ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းက ကျွန်တော်စစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက သွားပါမယ်။ ကလေးအတွက် ကျောင်းထွက်လက်မှတ်ပေးဖို့ ဓာတ်ပုံ(၂)ပုံလိုပါတယ်။ ဒီတော့ ××× ကလေးရဲ့ ကျန်းမာရေး အတွက်ကိုလည်းငဲ့ပြီး သုံးရက်လောက် အိမ်မှာနားနေပြီး ကျောင်းပြောင်းလက်မှတ် လာယူကြပါ"

တစ်ဆက်တည်းမှာပင် ကျွန်တော်၏ ရုံးလုလင်အား ခေါ်၍ ကလေးအား နီးစပ်ရာဆေးခန်းတစ်ခုတွင် ဆေးလူ ဆေးထည့်ပေးရန် မှာကြားရင်း ဆရာမတစ်ဦးကိုလည်း လိုက်သွားရန် ပြောကြားနေစဉ်မှာပင် ×××

"မလိုပါဘူး ××× ကျွန်မတို့အိမ်မှာ ဆရာဝန်လည်း ရှိတယ်၊ ဆေးလည်းရှိတယ်"

ပြောပြောဆိုဆိုနှင့် ကျွန်တော့်ရုံးခန်းမှ ထွက်ခွာသွား ကြသော မြေးအဖွား သားအမိသုံးဦးကို ငေးမောကြည့်ရင်းသ ကျွန်တော်ကျန်ရစ်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ××

www.burmeseclassic.com

www.burmeseclassic.com



ကလေး၏အနာဂတ်ရေးကို ပြုစုပျိုးထောင်ပေးကြရမည့် မိဘ အုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမတို့၏ ဆက်ဆံရေးသည် လွန်စွာအရေးကြီးလှကြောင်း သတိရလိုက်မိပါသည်။

မကြာမီ ××× အခေါ်ခိုင်းလိုက်သော ဆရာမလေး မျက်နှာပြုံးစိစိနှင့် ရုံးခန်းတွင်းသို့ဝင်လာခဲ့ပါသည်။

"နေပါအုံး ××× ဆရာမရဲ့ ××× ကလေးကိုရိုက်တာ မလွန်လွန်းဘူးလား"

"ဟုတ်ကဲ့ပါ ××× ဆရာကြီး အမြစ်တင်ရင်လဲ ကျွန်မ ခံရမှာပဲ။ ဒီကလေးက စာမေးပွဲတိုင်းလည်း မဖြေနိုင်၊ အိမ်ကို လေ့ကျင့်ခန်းပေးလိုက်တော့လည်း လုပ်မလာ၊ စာကျက်ခိုင်း လိုက်ပြန်တော့လည်း ကျက်မလာတော့ ××× ကျွန်မ ရိုက်လိုက် မိပါတယ်"

"ဒီလိုရိုက်ရုံနဲ့ ကလေးကပြောင်းလဲလာမယ်လို့ ဆရာမထင်သလား"

"ကျွန်မနည်းနည်းလောက် ဆရာကြီးကို တင်ပြပါရစေ ××× ကလေးရဲ့မိဘတွေက ပြည့်ပြည့်စုံစုံရှိကြတော့ အလို လိုက်ထားကြဟန်တူပါတယ်။ စာကျက်ခိုင်းလဲ ရအောင် ကျက် မလာဘူး။ လေ့ကျင့်ခန်းတွေကိုလည်း လေးလေးစားစားနဲ့ မှန်မှန် လုပ်မလာဘူး။ အစမ်းစာမေးပွဲမှာလည်း ရှုံးတယ်။ ဒီလိုသာ ဆိုရင် အတန်းတင်စာမေးပွဲကြီးမှာလည်း အောင်မှာ မဟုတ် ပါဘူး ဆရာကြီး ××× နှစ်စဉ် တန်းလုံးကျွတ် ရာနှုန်းပြည့် ကျွန်မတို့ကျောင်းအောင်ခဲ့တာ သူတစ်ယောက်ကြောင့် အရေး



နိမ့်မှာကို ကျွန်မစိုးရိမ်လို့ ဂရုတစိုက်သင်နေတာပါ။ အတန်းထဲမှာ စာမေးလို့မရတာနဲ့ ကရုဏာဒေါသော ကျွန်မရိုက်လိုက် ပါတယ်။ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး ဆရာကြီး ××× ကျွန်မကို ခွင့်လွှတ်ပါ"

ဆရာမ၏ စေတနာနှင့် ရည်ရွယ်ချက်များကို ကျွန်တော်သိလိုက်ရချိန်တွင် အဖြေတုတ်ရခဲ့သည့် ပုစ္ဆာ တစ်ပုဒ်နှင့် ကြုံရသလို တွေဝေသွားခဲ့ပါသည်။

"ဆရာမကို ကျွန်တော်တစ်ခုပြောချင်ပါတယ်။ အခုလို ပြဿနာ ပေါ်ပေါက်ခဲ့ရပေမယ့် ကျွန်တော်ကို ဆရာတွေမှာ ရှိမတ္တာ၊ စေတနာနဲ့ ဆရာစိတ်ကိုပြဖို့ပါပဲ ××× ကလေးကိုလည်း မမုန်းပါနဲ့၊ မိဘကိုလည်း မမုန်းပါနဲ့၊ ညှိုးနွမ်းခြောက်သွေ့စ ပြုနေတဲ့ ပညာ့ပန်းဥယျာဉ်ထဲက ပန်းတစ်ပင်ကို သန်စွမ်း စိုပြည် အလှပန်းတွေဝေနေအောင် ပြန်လည်ပြုစုပျိုးထောင် ပေးရသလိုပါပဲ ××× မိဘအုပ်ထိန်းသူနဲ့ ပျူငှာစွာတွေ့ဆုံဆက်ဆံရင်း၊ ကလေးကိုလည်း အကောင်းဆုံး ပြုပြင် သွန်သင်ပေးပါ။ ဆရာမရဲ့တပည့်ကို အောင်ပွဲရသည်အထိ တာဝန်ယူပေးစေချင်ပါတယ်"

"ဟုတ်ကဲ့ပါဆရာကြီး ××× အခု ဆရာကြီးရဲ့ မှာကြားချက်အတိုင်း ကျွန်မ လေးလေးစားစား တာဝန်ယူ ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်။ ကလေးကို ကျောင်း ထွက်ခွင့်မပေးပါနဲ့အုံး ××× တပည့်မန်းအိဖြူလေးပါ ကပ်ပါ သေးတယ်။ ကျွန်မပြုပြင်ပေးလို့ ရတန်ကောင်းပါသေးရဲ့ ×××

www.burmeseclassic.com

www.burmeseclassic.com



သူတို့စိတ်ပြေပြီး မကြာခင် စာသင်ခန်းကို ပြန်လာကြမှာပါ”

ဩော် × × × ဒေါ်သမလွှမ်း မေတ္တာပန်းဖြင့် လက်ကမ်းကြိုဆိုနေသည့် “ဆရာမလေး နော်”ကို ကျွန်တော် မချီးကျူးဘဲ မနေနိုင်ခဲ့ပါ။ ရည်မှန်းချက်အတိုင်း အောင်မြင်ပါစေဟူ၍သာ × × ×

သည်လိုဖြင့် ပညာသင်နှစ်တစ်နှစ်ကုန်ခဲ့ပါပြီ × × ×

မိဘဆရာအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့ပါသည်။ ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ မြို့မိ မြို့ဖများ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ စုံစုံညီညီတက်ရောက်ခဲ့ပြီး ကျောင်းခန်းမတစ်ခုလုံးလည်း ပြည့်လျှံနေခဲ့ပါသည်။

စင်မြင့်ပေါ်ရှိ အခမ်းအနားမှူးက ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ သင်ကြားမှုထူးချွန်ကြသည့် ဆရာ ဆရာမများအား ဆုများလက်ခံရယူပါရန် ဖိတ်ခေါ် လျက် ရှိနေချေပြီ။

“စတုတ္ထတန်း × × × တန်းလုံးကျွတ် ရာနှုန်းပြည့် အောင်မြင်ခဲ့ပြီး၊ မြို့နယ်အဆင့် အကောင်းဆုံး ဆု(၅)ဆု ဝင်အောင် ကြိုးစားသင်ကြားပေးနိုင်ခဲ့တဲ့ ဆရာမလေး နော်ကြည်ဖြူအား မိဘဆရာအသင်းက ချီးမြှင့်သည့် **အတတ်ကြွဆုံး ပညာသင်ကြားမှုထူးချွန်ဆု** ကို လက်ခံရယူပါရန် ဖိတ်ခေါ်အပ်ပါတယ်”



လက်ခုပ်သြဘာသံများအကြားမှ အောင်ပွဲခံစင်မြင့်ပေါ်သို့ ဆုယူရန်တက်ရောက်သွားခဲ့သော “ဆရာမလေး နော်” × × × ပညာ့ကျက်သရေ အလှပန်းတွေဝေနေတဲ့ “ဆရာမလေး နော်” × × ×

မှန်းဟန်မပါ စေတနာဖြင့် မေတ္တာလမ်းက ဆရာ့အလုပ်၊ ဆရာ့ဘဝကိုသက်သေပြခဲ့သော “ဆရာမလေး နော်” × × × အမှန်းခံဘဝမှ အောင်ပွဲရယူခဲ့သော “ဆရာမလေး နော်” × × ×

သူမအတွက် ကျွန်တော်တို့အားလုံး ဂုဏ်ယူမဆုံး ရှိခဲ့ကြသည်။ မြို့နယ်အဆင့် ပဥ္စမဆုရ ကျောင်းသူ မပန်းအိဖြူ မြေးအဖွား သားအမိသုံးဦးတို့ မည်သို့ခံစားရကြပါမည်နည်း။ အောင်ပွဲခံစင်မြင့်ပေါ်မှ ဆင်းသက်လာသည့် “ဆရာမလေး နော်” ကို သူတို့ဆီးကြိုကြရင်း ဝမ်းသာကြည်နူးမှုက သက်သေပြလာသည့် မျက်ရည်စတို့ကို အသာအယာ သိမ်းလိုက်ကြသည်ကို အမှတ်မထင်မြင်လိုက်ကြရပါသည်။

**ကျေးဇူးရှင် ဆရာ၊ ဆရာမများသို့ ဦးခိုက်လျက်ဖြင့်**

ဆရာနု

၁၉၉၇-၉၈ ခုနှစ်

ရန်ကုန်ဆရာအတတ်သင်သိပ္ပံဗွေရတု

www.burmeseclassic.com

www.burmeseclassic.com



# ဥယျာဉ်မှူး၏ဆန္ဒ

စာရေးသူအနေဖြင့် ဟင်္သာတမြို့၊ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းသို့ အလယ်တန်းကျောင်းအုပ်အဖြစ် ပြောင်းရွှေ့အမှုထမ်းခွင့်ရခဲ့သည်မှာ သုံးနှစ်ပင်ကျော်ခဲ့ပေပြီ။

စာရေးသူ၏ ပညာရေးဝန်ထမ်းသက် (၂၄)နှစ်ကျော်ကာလအတွင်း ကျေးလက်တောရွာများတွင်သာ အများဆုံး လှည့်လည်အမှုထမ်းခဲ့ရပါသည်။ ယခုကဲ့သို့ ပညာရေးကို အထူးစိတ်ပါဝင်စား အလေးထားလိုလားကြသော မိဘပြည်သူများအကြားတွင် တာဝန်ယူ အမှုထမ်းခွင့် အလှည့်ပြောင်းရ၍လည်း ဝမ်းသာ၍မဆုံး × × × အထူးသဖြင့် ကျောင်း၏ တိုးတက်တောက်ပြောင်သော အစဉ်အလာကောင်းကို ထာဝရထိန်းသိမ်းသွားရန် ရည်သန်ကြိုးပမ်းလျက်ရှိနေကြသည့် ကျွန်တော်၏ ပညာရေးဂိုဏ်းတော်သား လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများနှင့် ဆုံစည်းခွင့်၊ စိတ်ကူးသဘောတူ ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ခွင့်ရနေခြင်းကပင် ပို၍ပို၍ ကျေနပ်လို့မဆုံး × × ×

လုပ်ငန်းတာဝန်များနှင့်ဆောင်ရွက်ရင်း တစ်ခါတစ်ရံတွင် မွေးရပ်ဇာတိမြေကို အောက်မေ့သတိရခဲ့သည်များလည်း ရှိပါသည်။ မြောင်းမြမြို့ရှိ မိခင်ကြီးအား သွားရောက်ကန်တော့ရန်



မရောက်နိုင်ခဲ့သည်မှာလည်း တစ်နှစ်ပင်ကျော်ခဲ့ပေပြီ။

မိခင်ကြီးအား တွေ့လိုသည့်စိတ်ဆန္ဒ ပြင်းပြမှုဖြင့် လုပ်ငန်းတာဝန်များ မအားလပ်သည့်ကြားမှပင် ဖွားဖွားကြီး၏ အချစ်တော် သမီးလတ် "မေစန္ဒာနု" နှင့်အတူ ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်၊ (တနင်္ဂနွေနေ့)က မြောင်းမြမြို့သို့ တစ်ခေါက်ပြန်ရောက်ခဲ့ပါသည်။

ကြုံကြုံကြိုက်ကြိုက် တိုက်တိုက်ဆိုင်ဆိုင် သည်နေ့တွင်ပင် ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အတွင်း မြောင်းမြ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပို့ချပေးခဲ့ကြသော ကျေးဇူးရှင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက ဂါရဝပြုမည့် အစီအစဉ်တစ်ရပ်ရှိနေသည်မို့ ကျောင်းသားဟောင်းတစ်ယောက်အနေဖြင့် ကြီးမားသောအခွင့်ကောင်းနှင့် ကြုံရလေသည်။ စင်စစ် ဤပွဲမျိုးမှာလည်း အထူးဖိတ်ကြားနေစရာမလိုဘဲ ကြားရာအရပ်၊ ရောက်ရာဒေသက ပြေးလာကြရမည်မှာ တပည့်ကျောင်းသား ကျောင်းသူများ၏ တာဝန်ပင်ဖြစ်ပေသည်။

ကျွန်တော်လည်းကုသိုလ်ကောင်းခဲ့၍သာ အမိအဖများရော၊ ကျေးဇူးရှင် ဆရာ ဆရာမများကိုပါ ကန်တော့ခွင့်ရခဲ့ခြင်းဖြစ်ပေသည်။

ဌာနေကျောင်းသားဟောင်းများ အနေဖြင့်လည်း အချိန်တိုအတွင်း အစီအစဉ်လုပ်လိုက်ရသည့်အတွက် အဝေးရောက် ကျေးဇူးရှင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းများကို မဖိတ်ကြားနိုင်ခဲ့ × × × ၎င်းအကြိမ် ပဏာမ ဆုံစည်းခဲ့ကြပြီး မကြာမတင်ကာလတွင် ယည့်ထက် သိုက်သိုက် ဝန်းဝန်း၊ စည်စည်ကားကား၊ ပြည့်ပြည့်စုံစုံ ထပ်မံဆုံစည်းကြရန် အားလုံးက မျှော်လင့်ထားကြပေသည်။

တွေ့ဆုံ ဂါရဝပြုပွဲကို အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသစ်ကြီး၏ခန်းမတွင် ပြုလုပ်ခဲ့ကြပြီး ယခင် ကျောင်းအုပ်ဆရာကြီးဟောင်း ဦးမောင်တင် (တိုင်းပညာရေးမှူး-စစ်ဆေးရေး၊ ဧရာဝတီတိုင်း) [ယခု- တိုင်းပညာရေးမှူး(ငြိမ်း)] ဦးမောင်အေး၊ ဦးမောင်ငြိမ်း၊ ဦးမောင်မြ၊ ဦးငွေအောင်၊ ဦးသန်းညွန့်၊ ဦးကြင်ရင်း၊ ဆရာမကြီးဒေါ်ချို၊ နော်ရှီးလာထင်၊ ဒေါ်မြရီ၊ ဒေါ်ခင်ပိုးမြင့်နှင့် ဆရာမဒေါ်ကျင်သောင်းတို့ ဂါရဝပြုခံရန် ကြွရောက်လာနိုင်ခဲ့ကြပါသည်။

ဆရာမကြီးဒေါ်ချိုမှာ စာရေးသူတို့ ငယ်စဉ်က မြောင်းမြ အမှတ်(၂)အလက (နောင်တွင် အမှတ်-၅ အထက) တွင် ပညာသင်ကြားပို့ချခဲ့ရာ၊ ကျောင်းအုပ်ချုပ်ရေးရော ပညာသင်ကြားပို့ချရေးဖက်မှာပါ ထူးချွန်ပြီး ကျောင်းသား ကျောင်းသူများရော၊ မိဘပြည်သူများကပါ အားထားရာဖြစ်ခဲ့သဖြင့် အမှတ်(၂)အလကမှာ "ဒေါ်ချိုကျောင်း" ဟူ၍သာလူသိများ၍ ထင်ရှားခဲ့ပါသည်။

ယခုအခါ ဆရာမကြီးမှာ အသက်အရွယ်(၉၀)ခန့် ရှိနေပြီဖြစ်၍ မေ့မေ့လျော့လျော့နှင့် အားအင်ချည့်နဲ့လျက် ရှိနေ



ပေပြီ။ ကျွန်တော်နှင့်ကိုဘိုးစံ၊ ကိုလှဝင်းတို့က ဆရာမကြီးကို ကားပေါ်မှ ပွေ့ချီကြိုဆိုခဲ့ကြရသည်။ ကျွန်တော်တို့အားလုံး ကုသိုလ်ကောင်းကြ၍သာ ဆရာမကြီးအား စုပေါင်းဂါရဝပြုခွင့် ရကြခြင်းဖြစ်ပေသည်။ ကွယ်လွန်ခဲ့ကြပြီဖြစ်သော ကျေးဇူးရှင် ဆရာ ဆရာမများအားလည်း အထူးသတိရနေမိကြပါသည်၊

အချိန်မရသည့်ကြားကပင် ကိုဘိုးစံနှင့်ကိုဝင်းရွှေတို့ က ရှေးဖြစ်ဟောင်း ပြန်မြောင်းအောက်မေ့ဖွယ် ဓာတ်ပုံပြပွဲလေး တစ်ခုကို စီစဉ်ပြသထားနိုင်ခြင်းကပင် ပို၍စိုစိုပြည်ပြည် ဖြစ်စေခဲ့ပါသည်။ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူ ဟောင်း(၃၀၀)ခန့်တို့မှာလည်း တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်နှုတ်ဆက်ကြရင်း × × × ငယ်နာမည် နောက်ပြောင် ခေါ်ခဲ့ကြသည့်အမည်များကို အားပါးတရခေါ်ကြရင်း × × × အပျော်ကြီးပျော်ခဲ့ကြသည်။ ပြော် × × × ကျောင်းနေဖက် ဟူသည် × × ×

နှစ်ပေါင်း(၂၀)ကျော်ခဲ့ပြီဖြစ်ပေမယ့် ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အတွင်း ပညာရေး(၇)နှစ်ခရီးမှာ ထူးချွန် ထူးခြားလှပါသည်။ ပညာရေးဘက်တွင် အောင်ချက်အောင်နှုန်း ကောင်းခဲ့သော အမှတ်(၅) × × × စည်းကမ်းကောင်းသော အမှတ်(၅) × × × ဆရာကြီးဦးမောင်တင်၏ ဦးဆောင်မှုဖြင့် အနာဂတ် ပညာရေးခရီးစဉ်ကို ကြိုတင်မြင်နေသည့်အလား ဘက်စုံ တိုးတက်အောင်မြင်မှုများဖြင့် ကြီးပမ်းချီတက်ခဲ့သည့်အမှတ်(၅) × × × ဆရာနှင့်တပည့် ကျောင်းနှင့်မိဘပြည်သူ စည်းစည်း

www.burmeseclassic.com

www.burmeseclassic.com



လုံးလုံး၊ ညီညီညွတ်ညွတ်ရှိခဲ့သည့် အမှတ်(၅) × × × အတိတ်ကို ပြန်ပြောင်းသတိရရင်း လက်ရှိ တိုးတက်အောင်မြင်နေမှုများကို အားဖြည့်ပေးရန် စိတ်ထက်သန်နေကြသည့် ကျေးဇူးရှင် ဆရာ ဆရာမများရော ကျွန်တော်တို့ ကျောင်းသား ကျောင်းသူဟောင်းများပါ ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲဝဲ × × ×

"တစ်ချိန်က ဆရာတို့ရဲ့တပည့်ဟောင်းများ ဖြစ်ခဲ့ကြပေမယ့် ယခုအခါမှာတော့ နေရာဌာနအသီးသီးမှာ တာဝန်ကိုယ်စီ ယူနေကြရပြီဖြစ်တဲ့ မြို့မိမြို့ဖများခင်ဗျာ × × × "

တိုင်းပညာရေးမှူး ဆရာကြီးဦးမောင်တင်၏ ဟိုယခင်အနှစ်(၂၀)ကျော်ဆီက ငယ်မူငယ်သွေး တည်ငြိမ်အေးဆေးလှသည့် အသံနှင့်ဟန်ကို ကျွန်တော်တို့ တပည့်ဟောင်းများအားလုံး ပြန်လည်ကြားယောင်၊ မြင်ယောင်ကာ ဆရာကြီးပြောဆိုသမျှ ကြည်ကြည်နူးနူး၊ မှတ်မှတ်သားသား နာယူခဲ့ကြရပါသည်။ တပည့်ဟောင်းများကို မြို့မိမြို့ဖများဟူ၍ ဆရာကြီးက အစချီနိဒါန်းပျိုးလိုက်သည်ကပင် တပည့်များအား မည်မျှအားထားကြောင်း တစ်ချိန်တည်းမှာပင် ကျွန်တော်တို့ တပည့်ဟောင်းများတွင်လည်း ကြီးမားသောတာဝန်တွေ မည်မျှရှိနေကြောင်း ရည်ရွယ်ချက်ကို ကျွန်တော်တို့အားလုံး သိလိုက်ကြပါသည်။

ဆရာကြီး၏ဩဝါဒစကားများကို နာယူမှတ်သားရင်း နှောင်းအတိတ်က အမှတ်(၅)အထကမှာ ပုဂ္ဂလိကလူနေအိမ်ကို ကျောင်းလုပ်ခဲ့ရသည့်နေရာက ခပ်ကျဉ်းကျဉ်း၊ အခင်းက မြေ



မွေ့ရာ၊ ခနိုမိုး၍ ဝါးထရံကာထားရသည်က အဆောင်ဆောင် × × × အနေကစုတ်ပါ၏။ ပညာရေး တိုးတက်မှုများကဖြင့် ခွဲထုပ်သည့်မြပဝါ × × × ကျွန်တော်တို့အားလုံး ဆရာကြီးဦးမောင်တင်၏ ပညာရေး(၇)နှစ်ခရီးတွင် ဦးဆောင်ကြိုးပမ်းလုပ်ငန်းအကောင်အထည်ဖော် အောင်မြင်ခဲ့ပုံများကို အမှတ်မရဘဲ မနေနိုင်ကြပါ။

ဆရာကြီး မြောင်းမြမြို့မှ ရာထူးတိုးမြှင့် ပြောင်းရွှေ့မသွားမီကပင် အမှတ်(၅)အထကအတွက် လက်ရှိကျောင်းမြေနေရာကို အရယူသတ်မှတ်ပေးနိုင်ခဲ့ပါသည်။ ကျောင်းသည်ကျောင်းနှင့်တူရေးအတွက် အမြော်အမြင်ကြီးစွာဖြင့် ကြိုးပမ်းပေးနိုင်ခဲ့ပါသည်။

"မြို့မိမြို့ဖများဖြစ်ကြတဲ့ တပည့်ဟောင်းတို့နဲ့ နောက်တစ်ကြိမ် သည့်ထက်စုံစုံညီညီဆုံချင်ပါသေးတယ်။ အဲ့ဒီတွေ့ဆုံပွဲမှာတော့ အမှတ်(၅)အထကအတွက် မပူမပင် မကြောင့်ကြရပဲ ထာဝရ အလုပ်အကျွေးပြုနေမယ့် ပဒေသာပင်များ စုပေါင်းစိုက်ပျိုးပွဲကြီးနဲ့ အထိမ်းအမှတ်ပြုကြရအောင် × × × "

နိုင်ငံတော်အစိုးရက နှစ်စဉ်ပညာရေးအသုံးစရိတ်များကို တိုးတက်မြှုပ်နှံကာ ကမ္ဘာ့အဆင့်မီပညာရေးကို တည်ဆောက်လျက်ရှိရာတွင် အမှတ်(၅)အထကမှာလည်း ကျယ်ဝန်းသော ကျောင်းမြေအလယ်တွင် ကျောင်းဆောင်သစ်ကြီးများဖြင့် ခန့်ထည်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကိုဝန်းရံလျက်ရှိသည့် ရပ်ကွက်များတွင်လည်း အိမ်တိုင်း အုန်းပင်များစိုက်ပျိုးကြပြီး အသီးအပွင့်များ ဝေဆာဖြစ်ထွန်းလျက် စိမ်းစိမ်းစိုစို မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှ၏။ အကျယ်၍သာ ကျောင်းပိုင်မြေတွင် အုန်းပင်များကို စနစ်တကျ စိုက်ပျိုးကာ ပြုစုပျိုးထောင်ပေးနိုင်မည်ဆိုပါလျှင် ကျောင်းဝင်းစိုပြည်သာယာနေမည်သာမက ပေါ်ထွန်းလာမည့် အသီးအပွင့်များက ကျောင်းကို ထာဝရ လုပ်ကျွေးအကျိုးပြုသွားမည့် ပဒေသာပင်များအဖြစ် ဤကျောင်းကို တန်ဆာဆင်၍ နေပေလိမ့်မည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းလိုသည့် ဆရာကြီး၏ ကြီးမားသော အမြော်အမြင်၊ ကျောင်းအပေါ်တွင်ထားရှိသော မေတ္တာ၊ စေတနာနှင့် သံယောဇဉ်တို့ကို ကျွန်တော်တို့ နားလည်သဘောပေါက်ကြပါသည်။ သို့ဖြစ်၍ မကြာမတင်သောကာလတွင် ကျေးရူးရှင်များနှင့် ကျွန်တော်တို့အားလုံး စုံစုံညီညီ ဆုံစည်းဂါရဝပြုရင်း ပဒေသာပင်စိုက်ပျိုးပွဲကြီး အောင်အောင်မြင်မြင် ပြုလုပ်ကာ ကျောင်းအတွက် ပညာရေးအရင်းအနှီး မြှုပ်နှံပေးရန် ဆုံးဖြတ်လိုက်ကြပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများက လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသောအခါ အတိတ်မှအရိပ်တို့ကို ပြန်လည်မြင်ယောင်လာရင်း ကျေးဇူးရှင်များ၏ မျက်လုံးအိမ်မှ မျက်ရည်ဝေ့ဝေ့ကို ကျွန်တော်မြင်တွေ့လိုက်ရပါသည်။

**ဥယျာဉ်မှူးတို့သည် မိမိတို့ ပြုစုပျိုးထောင်ခဲ့သည့် ပန်းဥယျာဉ်တွင် သီးပွင့်ဝေဆာ အောင်အောင်မြင်မြင် ရှိနေသည်**



**ကိုမြင်ကြရသောအခါ x x x တစ်ပင်တစ်လေတွင်မှု ညှိုးညှိုးသွေ့သွေ့ အောင်မြင်မှုမတွေ့ရသောအခါ x x x သည်အခါများတွင် မည်သို့ခံစားကြရပါမည်နည်း။ ကျေးဇူးရှင် ပညာဥယျာဉ်မှူးတို့သည် ကျွန်တော်တို့ကန်တော့ကြသည့် တခဏ်တွင် ဝေဒနာနှစ်ခုကို ခံစားကြရပေလိမ့်မည် x x x**

စင်စစ် လွန်ခဲ့သည့်အနှစ်(၂၀)ကျော်ဆီက ဆရာနှင့် တပည့်တို့၏ ယနေ့ဆုံစည်းမှုက အနာဂတ်ခရီးအတွက် ကျောင်းဝင်းသာယာစိုပြည်ရေး၊ ကျောင်းသည် ကျောင်းနှင့်တူရေး၊ ကျောင်းနေပျော်၍ စာတော်ကြသော သားကောင်း သမီးကောင်းရတနာများ ပေါ်ထွန်းရေးနှင့် ပညာရေး ရည်မှန်းချက်များနှင့်အညီ ပညာအဆင့် တိုးတက်မြင့်မားရေး တို့အတွက် ကြီးစွာ အထောက်အကူပြုနေပေလိမ့်မည်။

**ကျေးဇူးရှင် အမိအဖများနှင့် ဆရာ၊ ဆရာမများအားလုံးသို့**
**ဦးညွတ်လျက်ဖြင့်**

ဆရာနု

၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ
ပညာတန်ဆောင် အတွဲ(၃၅)၊ အမှတ်(၉)

www.burmeseclassic.com



# ခရီးသွားဧည့်သည်

မိမိအတွက် တည်းခိုခွင့်ရရှိသည့် အခန်းတွင်းသို့ ဝင်မိသည်နှင့် အခန်း၏အနေအထား၊ အိပ်ခန်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်း များကို ဦးစွာကြည့်မိပါသည်။ အဆင့်မြင့်မြင့် ပြင်ဆင်ထားသော "ဆန်းရု" ဟိုတယ်ကြီးကပင် တိုကျိုမြို့၏ အလှကို တစ်နည်းတစ်ဖုံ တန်ဆာဆင်ထားသလိုရှိနေပါသည်။ နှစ်ယောက်အိပ်ကုတင်ကိုပင် တစ်ယောက်တည်း ကျယ်ကျယ်ဝန်းဝန်း အိပ်နိုင်ရန် စီစဉ်ပေးထားပြန်ပါသည်။

ရာသီဥတုက အေးစိမ့်စိမ့်ဖြစ်နေသည်။ သို့ပေမယ့် ရေနွေးနှင့်ရေအေး မိမိနှစ်သက်သလို ရောစပ်ထားသည့် ရေချိုးကန်ကလေးထဲတွင် ခဏကလေးစိမ်လိုက်ရ၊ သန့်စင်လိုက်ရခြင်းက ကိုယ်စိတ်နွမ်းပြေ လန်းဆန်းစေခဲ့ပါသည်။ အသင့်ပို့ထားပေးသည့် ဂျပန်ရိုးရာ "ကီမိုနို" ဝတ်စုံကိုလဲ၍ အိပ်ရာထဲဝင်ခဲ့မိပါသည်။ အမွေးပွဂွမ်းစောင်ကို လွှမ်းခြုံရင်း နွေးထွေးစွာဖြင့် အိပ်မောကျခဲ့ပါသည်။

"အလို ××× သန်းခေါင်ကျော်လို့ တစ်နာရီတောင် ထိုးတော့မှာပါလား"

မတူညီသော ပတ်ဝန်းကျင်တစ်ခုသို့ ရောက်ရှိနေ၍ ပဲလား ××× အိပ်ရာနေရာ ပြောင်းလို့ပဲလား ××× အိပ်ကောင်းချိန်ရောက်မှ အမှတ်မထင် နိုးလာခဲ့ပြန်ပါသည်။ သည်တော့



လည်း ပြတင်းခန်းဆီးအလှကို အသာအယာမကြည့်ရင်း မြင့်မားသော "ဆန်းရု"ဟိုတယ်ကြီးမှ ညအလှမြင်ကွင်းကို စီး၍မြင်နေရသည်မှာ ကြည်နူးစရာ ××× မီးရောင်စုံတို့ဖြင့် လမ်းမကြီးပေါ်တွင် ပြည့်ကျပ်စွာ တအိအိလှုပ်ရှား သွားလာနေကြသောကားများကို ကြည့်ရ၊ မြင်ရချိန်တွင် အမိနိုင်ငံက သီတင်းကျွတ်နှင့်တန်ဆောင်တိုင် မီးထွန်းပွဲတော်များကို ပြေး၍သတိရမိလိုက်ပါသည်။ နီးနီးဝေးဝေးတွင်ရှိနေကြသည့် မြင့်မြင့်မားမား ခံ့ညားလှသည့် တိုက်တာအဆောက်အဦကြီးများတွင်လည်း မီးထိန်ထိန်ကျဲ၍ ညဉ့်နက်သန်းခေါင် လုပ်ငန်းခွင်တွင်ရှိနေကြဆဲ၊ သဲသဲမဲမဲ အလုပ်လုပ်နေကြဆဲ ×××

"ငပု"

ဂျပန်တို့ အမိမြန်မာနိုင်ငံတော်ကို ကျူးကျော်ခဲ့စဉ်က ဂျပန်ကို "ငပု"ဟု ကျွန်တော်တို့ အမည်ပေးခဲ့ကြသည်။ အမည်ပေးခဲ့သည့်အတိုင်း ထိုစဉ်က ဂျပန်တို့သည် အရပ်ပုခဲ့ကြသည်။ ခန္ဓာကိုယ်တည်ဆောက်မှုအရ မြန်မာတို့ကသာ ပိုမိုထွားကျိုင်းသန်မာခဲ့ကြသည်။ အခုတော့ ××× "ဂျပန်ငပု"ဟု ကျွန်တော်တို့ ခေါ်ရန်မသင့်တော့ ××× ကျွန်တော်တို့နှင့် တူမျှသာလွန်သော အရပ်အမောင်းနှင့် ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကို ဂျပန်လူမျိုးအများစုတို့ ပိုင်ဆိုင်နေကြပေပြီ။

ဤသည်ပင်လျှင် အလုပ်အများကြီး လုပ်နေကြပေမယ့် ခန္ဓာကိုယ်က ခံနိုင်စွမ်းရည်ရှိကြကြောင်း တွေ့ရသည်။ အားကျအတုယူဖွယ် ကောင်းလေစွ ×××

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုပါလျှင် အနာဂတ် မျိုးဆက်သစ်တွေဖြစ်တဲ့ ကျွန်တော်တို့၏ရင်သွေး တပည့်ကလေးတွေ နိုင်ငံတည်ဆောက် ကာကွယ်ရေးအတွက် အလုပ်လုပ်ကြဖို့ မည်သို့ ကြံခိုင်ကျန်းမာ အောင် လုပ်ဆောင်ကြရပါမည်နည်း။ အပြောမဟုတ်၊ အလုပ် ဖြင့် လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာကြံကြရပေ ဦးမည်။ အတိတ်က မြန်မာတို့သည် ကျန်းမာ ကြ၏ × × × ထွားကျိုင်းကြ၏ × × × သန်စွမ်းကြ၏ × × × လျင်မြန်ကြ၏။

**"မောင့်လိုလူ ရင်အုပ်ကားကား × × × ကြွက်သား အဖုအဖု၊ ထုထုပြီး စရာချင်စရာ"** ရှေးမြန်မာတို့မှာ သန်စွမ်း ကျန်းမာကြံ့ခိုင်ခဲ့ကြသည်သာ မဟုတ်ပါလော × × ×

ဤသို့ဆိုပါလျှင် အခြေခံပညာနယ်ပယ်တွင် ပညာ သင်အရွယ်' လူငယ်မျိုးဆက်သစ်တို့အား 'အသက်အရွယ် အလိုက် 'ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရန် မည်သို့သော ရေတိုရေရှည် အစီအမံများဖြင့် ဆောင်ရွက်ကြပါမည်နည်း။ တပည့်များ အတွက်၊ နိုင်ငံ့အတွက် ကျောင်းဆရာတို့၏ အတွေးနှင့် ပူပင်သောကတို့သည်လည်း တကယ်တော့ မသေးလှကြောင်း ကိုယ်တွေ့ကြုံမှ ပို၍သိလာ၊ ခံစားလာမိပါသည်။

ဂျပန်နိုင်ငံသည် အဖတ်ဖက်က တိုးတက်လျက် ရှိသော ကမ္ဘာ့ရှေ့တန်းနိုင်ငံကြီးတစ်ခု ဖြစ်လာရေးအတွက် တစ်တိုင်းပြည်လုံး၊ နိုင်ငံသားအားလုံး အလုပ်လုပ်နေကြပေပြီ။ လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ လူနေမှုစရိတ် လည်း မြင့်မားလှသည်။ လူနေမှုစရိတ် ကာမိစေရန်အတွက် လည်း အလုပ်ကို ပို၍ပို၍လုပ်ကြရပါသည်။ သည်လိုဖြင့် အလုပ် လုပ်နေရခြင်းကို မြတ်နိုးသော နိုင်ငံသားများအဖြစ် ရပ်တည လာခဲ့ကြသည်။



ဤသို့ဆိုပါလျှင် × × × မိမိအတွက်၊ မိသားစုအတွက် နိုင်ငံ့အတွက် အလုပ်လုပ်လိုသော × × × အလုပ်လုပ်နေရခြင်းကို မြတ်နိုးဂုဏ်ယူလိုသော နိုင်ငံသားများ ပြုစုပျိုးထောင်ရေး အတွက် ကျွန်ုပ်တို့ အများကြီး × × × အများကြီး အလေးပေး ဆောင်ရွက်ကြရပေဦးမည်။

ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာရန် "ဆန်းရှ ဟိုတယ်ကြီး၏ အနီးတဝိုက်သို့ လမ်းလျှောက်ကြည့်မိပါသည်၊ အဆောက်အဦကြီးများက မြင့်မြင့်မားမား၊ လမ်းကျယ်ကြီး များပင် လမ်းကျဉ်းကလေးလို ထင်နေရသည်။ ပလက်ဖောင်း ပေါ်တွင် မိမိတို့လိုရာ အချိန်လုံ၍ သုတ်သုတ်ပျာပျာ ဦးတည် သွားလာနေကြသူများ × × × သူတို့သည် အချိန်နှင့်အမျှ အလုပ် လုပ်နေကြ၏။ အချိန်၏တန်ဖိုးကို သိနေကြသည်။

**ခေတ်မီတိုးတက်လျက်ရှိသော နိုင်ငံတိုင်းတွင် အရှား ပါးဆုံးသော အရာသည်ကား "အချိန်" ပင်ဖြစ်သည်ဟု ဆိုကြ ၏။ ဤသို့ဆိုပါလျှင် ကျွန်ုပ်တို့အတွက် "အချိန်"သည် အရှားပါး ဆုံးသော အရာလား × × × အပေါများဆုံးများ ဖြစ်နေသလော × × × သည်လိုဖြင့် အတွေးသံသရာ လည်ခဲ့ရပြန်ပါသည်။**

နေ့လည်(၁၁)နာရီတွင်ကျင်းပမည့် ဆွေးနွေးပွဲတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



သို့တက်ရောက်ရန် ကျွန်တော်တို့အဖွဲ့မှာ (၁၅)မိနစ်ခန့်ကြို၍ ရောက်ခဲ့ကြသည်။ အစည်းအဝေးကျင်းပမည့်အချိန် ကျရောက်ရန် (၂)မိနစ်ခန့်သာလိုပါတော့သည်။ စင်မြင့်ပေါ်တွင် မည်သူ့ကိုမျှ မတွေ့ရသေး × × × သည်လိုဖြင့် ဟောပြော ဆွေးနွေးကြမည့်ပုဂ္ဂိုလ်များ အချိန်နောက်ကျ၍ လာကောင်းသည်ဟု ထင်လိုက်မိပါသည်။ သည်လိုဖြင့် အစည်းအဝေးတစ်ခုကို အချိန်မတိမကျစောင့်ရသူတို့ မောရပေဦးမည်။

တကယ်တော့ × × × ကျွန်တော်အပြစ်တင် စောနေမိခြင်းသာ ဖြစ်မှုပါသည်။ နာရီမှ စက္ကန့်တံကလေးက နေ့လည် (၁၁)နာရီတိတိ ရှိပြီဖြစ်ကြောင်း ညွှန်ပြသည်နှင့် စင်မြင့်၏ ဘေးတံခါးမှ ဘွားကနဲပေါ်လာသည့် ပါမောက္ခနှင့်တာဝန်ရှိသူများ စင်မြင့်ပေါ်တွင် အသင့်နေရာယူခဲ့ကြသည်။ သြော် × × × အချိန်တိကျလေးစားကြတာ အတုယူဖွယ်ကောင်းပေစွ × × ×

ပါမောက္ခကြီးနှင့် စင်မြင့်ပေါ်မှ ဆွေးနွေးဟောပြောကြသည့် တာဝန်ရှိပုဂ္ဂိုလ်များမှာ ငယ်ငယ်ရွယ်ရွယ် × × × လေ့လာရေးခရီးတစ်လျှောက် တွေ့ခဲ့ရသည့် ပညာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အများစုမှာ လူငယ်တွေချည်း ဖြစ်နေကြသည်။ New Blood ဆိုတာ ဒါပဲထင်ပါရဲ့ဟု တွေးလိုက်မိပါသည်။ ဂျပန်နိုင်ငံ ခေတ်မီတိုးတက်ရေးအတွက် လူငယ်များ အစားထိုးနေရာယူနေကြသည်။ ပြီးတော့ × × × ဦးဆောင်ဆွေးနွေးသူအားလုံးလိုလိုပင် ဆွေးနွေးချက်ကို ဂျပန်ဘာသာစကားဖြင့်သာ အမြွက်တနိုးတန်မိုးထား ဟောကြားဆွေးနွေးခဲ့ကြပြီး အသင့်



ရှိနေသည့် ချောချောလှလှဂျပန်စကားပြန်မလေးကဖြင့် အင်္ဂလိပ်ဘာသာစကားဖြင့် တတွတ်တွတ် ထပ်ဆင့်ရှင်းလင်း ပြောကြား နေသည်မှာ အားကျစရာပင် × × ×

ကျောင်းသင်ဘာသာရပ်များတွင်လည်း အင်္ဂလိပ်ဘာသာမှတစ်ပါး ဝိဇ္ဇာ-သိပ္ပံဘာသာရပ်များကို ဂျပန်စာပေဘာသာဖြင့် ရိုက်နှိပ်ပြဋ္ဌာန်းထားရှိကြောင်း သိရှိခဲ့ရပါသည်။

အရာရာတိုင်းတွင်ကား အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်တို့ ဒွန်တွဲရှိကြမြဲသာဖြစ်ပါ၏။

မကြာမီက ဂျပန်နိုင်ငံ ခရီးသွားကုမ္ပဏီတစ်ခုမှ ခရီးသွားအလျှုရှင် ဂျပန်အမျိုးသားနှစ်ဦးသည် မူလတန်းကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းလိုသည့်ကိစ္စကို အကြောင်းပြု၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန (ရုံးချုပ်)သို့ ခွင့်ပန် ရောက်ရှိလာခဲ့ကြသဖြင့် အမှတ်မထင် ချစ်ခင်ရင်းနှီး ကြည်နူးဖွယ်ရာကောင်းလှသည့် တွေ့ဆုံပွဲလေးတစ်ခု စီစဉ်ဖြစ်ခဲ့ပါသည်။

ရုံးချုပ်အကြီးအကဲများနှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြရင်း ကုသိုလ်မှုနှင့် ပညာရေးကို အလေးထား ဆွေးနွေးသွားကြသည့် ခရီးသွားဧည့်သည်နှစ်ဦးကို လေးစားမိပါသည်။

"ဂျပန်နိုင်ငံဟာ ခေတ်မီတိုးတက်နေတာ မှန်ပါတယ်။ ဒါပေမယ့် အနောက်တိုင်းယဉ်ကျေးမှုက မြန်မာ့ယဉ်ကျေးမှုနဲ့ အလွန်နီးစပ်တဲ့ ဂျပန်လူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှုနယ်ပယ် အတွင်းကို စိမ့်ဝင်လာခဲ့ရာက အခုအခါ လူငယ်ထုအတွင်း

www.burmeseclassic.com

www.burmeseclassic.com



နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက် နေရာယူနေပါပြီ။ ဒါဟာ တိုးတက်တဲ့ နိုင်ငံကြီးတစ်ခုရဲ့ ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ရပ်ပါပဲ”

သူ့နိုင်ငံ၊ သူ့လူမျိုးအတွက် ရတက်မအေး × × × သူ့အတွေး၊ သူ့အမြင်၊ သူ့အထင်ကို စိတ်ဝင်တစား ရှင်းလင်းပြောကြားနေသော ခရီးသွားဧည့်သည် × × × ပြီးတော့ ဆက်၍ မှာနေပြန်ပါသည်။

**“မြန်မာနိုင်ငံကို ဂျပန်နိုင်ငံလိုပဲ တိုးတက်စေချင်ပါတယ် × × × ဒါပေမယ့် × × × မှန်မြတ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို အနောက်တိုင်းယဉ်ကျေးမှုက လွှမ်းမိုးမခံပါရဲ့ × × × အဲဒီလိုမဖြစ်အောင် လုပ်ပေးကြပါလို့ မြန်မာကျောင်းဆရာတွေကို ပြောပေးပါ”** တဲ့ × × ×

သာမန်ဆွေးနွေးကြရာက ကျောင်းဆရာတစ်ယောက်၏ နှလုံးသားကို ရိုက်ခတ်လှုပ်ရှားစေခဲ့သည့် ခရီးသွားဧည့်သည်၏ မှန်မြတ်သော အကြံပြုဆွေးနွေးချက်မှာ ကျွန်တော်၏ နှလုံးသားကြေးမုံပြင်တွင် စွဲထင်ကျန်ရစ်ခဲ့ပါတော့သည်။

**ချစ်သမီး ဆရာမလေး မေစံပယ်ပြုံးနှင့် အမှတ်တရဖြင့်**

ဆရာနု

၂၀၀၀ ပြည့်နှစ်၊ ဧပြီလ -
ပညာတန်ဆောင် အတွဲ(၄၉)၊ အမှတ်(၄)



# သူ့သွေးကိုယ့်သား

ရထားလမ်းနှင့်မဝေးကွာလှပေမယ့် × × × ချောင်ကျကျတွင်ရှိနေသည့် မူလတန်းကျောင်းကလေး × × × ကျွန်တော်သည် ကန်သင်းရိုးအတိုင်း လယ်ကွင်းကို အတန်ငယ် ဖြတ်၍လျှောက်ခဲ့ရသည်။ ဖူးတံကိုယ်စီဖြင့် ကောက်ပင်အလှယိမ်းသမတို့ကလည်း ကျေးလက်သဘာဝကို အလှဆင်နေကြပြန်ပါသည်။

မိုးကလည်း တစ်နံနက်လုံး သဲသဲမဲမဲ ရွာပဲရွာနိုင်လွန်းလှသည်။ အခုတော့ မိုးကနဲနဲ စဲသွားပေမယ့် × × × ကောင်းကင်က ညှို့မှိုင်းအုံ့ဆိုင်းနေသည်။ မိုးသေးမိုးဖွဲကလေးများ ကျနေဆဲ × × × လယ်ကန်သင်းများ အလွန်တွင်ရှိနေသည့် ခြေလျင်လမ်းကလေးအတိုင်း လျှောက်လာခဲ့ရသည်။နေ့လည်ကျောင်းဆင်းချိန်ဖြစ်ကောင်းပါသည်။

ကျောင်းရှေ့မလှမ်းမကမ်းအရောက် × × × ပေါက်နေသည့် ပင်ကုက္ကို × × × ပင်အိုကြီးဖြစ်ပေမယ့် × × × ရိပ်ကြီးမြိုင်မြိုင်ကြွကြွခိုင် × × × နွေပေါက်လာလျှင်တော့ ကလေးတို့အတွက် ပြေးလွှားဆော့ကစား × × × နားခိုပျော်ရွှင် မေတ္တာအေးရိပ်ပင်ဖြစ်နေပေလိမ့်မည်။ ကောင်းလေစွ × × ×

ဝါးလုံးတိုင်နှစ်ခုကို အခြေပြုထားသော ကျောင်းဆိုင်းဘုတ်ကဖြင့် သိမ်သိမ်ငယ်ငယ် × × × ပြုပြင်စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ပေးမည့်သူကို မျှော်နေဟန်ရှိပါသည်။ စာလုံးပေါင်း မထင်မရှား ဆေးသားအချို့ ပျက်ယွင်းနေချေပြီ × × × ကျောင်းအဆောက် အအုံ ပတ်ဝန်းကျင်တွင် မြက်ပင်ချုံနွယ်တို့က မင်းမူလျက် ××× ပျဉ်ထောင်သွပ်မိုး ကျောင်းအဆောက်အအုံကလေးမှာ တော်ပေသေးသည်။

သည်ကျောင်းကလေးကို ရောက်ချင်လှသည်မှာ ကြာခဲ့ပါပြီ × × × ရုံးအလုပ်တွေနှင့် တစ်နေ့ပြီးတစ်နေ့သာကုန်ခဲ့ရသည်။ အခုတော့ ကံကောင်းထောက်မသည်ဟု ဆိုရမည်လား × × × သည်အနားတွင်မှ ရထားလာပျက်၍ ခရီးမဆက်နိုင်သဖြင့် ××× မေးရင်းစမ်းရင်း ရောက်လာခဲ့သည်။

ပြေးလွှားဆော့ကစားနေကြသည့် ကလေးများကို မေးစမ်းရင်း × × × ကျောင်းပေါ်အရောက်တွင် လက်ထောက် ဆရာမတစ်ဦးနှင့်ဆုံခဲ့ပါသည်။

"ကျောင်းအုပ်ဆရာမကြီး ဘယ်သွားလဲကွဲ့"

"ဘုန်းကြီးကျောင်းကို ခဏသွားပါတယ် ဆရာကြီးရှင့်"

"အေး × × × အေး × × × ဆရာမကြီးကို ခေါ်ပါအုံးကွယ်"

လက်ထောက်ဆရာမက နီးစပ်ရာကလေးများကို ဆူဆူညံညံမလုပ်ရန် မှာကြားနေသော်လည်း၊ အခြေအနေအရ စာသင်ခန်းကို ကစားကွင်းအဖြစ်သုံးနေကြရ၍ ချက်ချင်း ငြိမ်ငြိမ်သက်သက်နေကြရန် မှာရထိန်းရသည်မှာ တကယ်တော့ လွယ်ကူလှသည်မဟုတ်ပေ။



စာသင်ခန်းများနှင့်ကျောင်းဝင်းကို လှည့်လည်ကြည့်ရှုပြီးချိန်တွင် × × × ကျောင်းအုပ်ဆရာမကြီး ကျောင်းပေါ်သို့ သုတ်သီးသုတ်ပြာတက်လာကာ ကျောင်းတက်ခေါင်းလောင်းကိုထိုးရင်း × × × အတန်းခေါင်းဆောင်များအား အတန်းတိုင်းတွင် ငြိမ်သက်စွာနေကြရန် ထိန်းသိမ်းရေးတာဝန်ကို ပေးခဲ့ပါသည်။ သည်တော့လည်း တစ်ကျောင်းလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိတော့သည်။

အချိန်တိုအတွင်း ပညာရေးဆွေးနွေးပွဲကလေး တစ်ခု စလိုက်ကြပါသည်။

"ဆရာမကြီးတို့ကျောင်းကို လက်ထောက်မြို့နယ် ပညာရေးမှူး လာသလား"

"မလာတာကြာပါပြီ ဆရာကြီးရှင့်"

"ဆရာမကြီးတို့ ဒီရွာမှာပဲနေကြသလား"

"ကျွန်မတို့နှစ်ယောက်စလုံး × × × မြို့က နေ့ချင်းပြန် လာတက်ကြတာပါ"

"ဒီကမီးဖိုနဲ့ ချက်ပြုတ်တဲ့ အိုးခွက်ပန်းကန်တွေ ထင်းတွေကကော ဘယ်လိုလဲ"

"ဟုတ်ကဲ့ × × × ဒါက ကျွန်မရဲ့ရုံးခန်းပါ"

တကယ်တော့ ကျောင်းသားဦးရေနှင့် ကျောင်း အဆောက်အဦ အခြေအနေမှာ သင့်တင့်မျှတရုံရှိပေလိမ့်မည်။ ကျောင်းအုပ်ကြီးက စာသင်ခန်းတစ်ခန်းစာနေရာကို ရုံးခန်း သတ်မှတ်၍ စားဖိုဆောင်လုပ်ထားခဲ့သည်။ စာသင်ခန်းတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျောင်းသားကများများ × × × ကြပ်ကြပ်တည်းတည်း × × မြေအခင်းတွင် ခြေနင်း၍ တစ်နေကုန် စာသင်နေကြရသော ကလေးများအတွက် စိတ်မကောင်းဖြစ်ရပြန်သည်။

အမိုးမလုံ၍ စိမ့်ယိုကျနေသော မိုးရေများကြောင့် စာသင်ခန်းအချို့တွင် ရေအိုင်နှင့်ချိုင့်ခွက်ကလေးများက ပို၍ အကျည်းတန်စေခဲ့ပါသည်။ ကျောင်းဝန်းကျင်တွင် ကျေးလက်တောရွာတို့၏ သဘာဝအလျောက် × × × သစ်ပင်၊ ဝါးပင်တို့ဖြင့် စိမ်းလန်းစိုပြည်လျက် × × × ကျောင်းဝင်းမြေအပြင်ဝယ် ခြုံနွယ်ပိတ်ပေါင်းတို့လွှမ်းခြုံလျက် × × × ဤကျောင်းရှိ ဆရာမများနှင့် ကျောင်းနှင့်ဆက်နွယ်နေသည့် မိဘများ၊ ပြီးတော့ တာဝန်ရှိသူများ၊ တစ်စုံတစ်ခုသော အတိုင်းအတာအထိ သားတို့၊ သမီးတို့အတွက် တာဝန်ပျက်ကွက်ခဲ့ကြလေပြီ × × × တကယ်တော့ ကလေးတွေရဲ့အနာဂတ်ကို တာဝန်ယူကြရမည့် ယနေ့လူကြီးများ၏ တာဝန်ကား ကြီးမားနက်ရှိုင်းလှပါဘိ။

သည်ရွာက မိဘတစ်ဦး × × × တစ်ခါက ကျွန်တော့်ရုံးခန်းသို့ ရောက်လာခဲ့သည်။ "ကျောင်းအုပ်ဆရာမကြီးသည် ကျောင်းကို သံယောဇဉ်နည်းကြောင်း × × × ဆက်ဆံရေးသည်လည်း မာကြောကြောင်း × × × ကလေးများကိုလည်း အရိုက်ကြမ်းကြောင်း × × × ဒါကြောင့် မိမိတို့ ကျောင်းသို့ အသွားအလာနည်းခဲ့ကြောင်း" စသည်ဖြင့် သတင်းပို့ခဲ့ဖူးပါ၏။

"အခွင့်သာလို့ ကျွန်မတင်ပြရရင် × × × နှစ်စဉ် ကျောင်းသားဦးရေ တိုးတက်လာတာကိုကြည့်ပြီး၊ ကျွန်မတို့ရဲ့



ကြိုးစားဆောင်ရွက်မှုကို သိနိုင်ပါတယ်။ ကျောင်းအဆောက်အဦ ပြင်ဆင်ဖို့၊ တိုးချဲ့ဖို့ကစလို့ ငွေကြေးအကုန်အကျခံပြီး ဝိုင်းဝန်းဆောင်ရွက်ရမယ့် ပညာရေးလုပ်ငန်းတွေ အများကြီး ရှိနေပါတယ်။ ဒီကိစ္စ ဆွေးနွေးညှိနှိုင်းကြဖို့ အကြိမ်ကြိမ် အစည်းအဝေး ခေါ်ပေမယ့်လည်း တာဝန်ရှိတဲ့သူတွေက စိတ်ဝင်တစား၊ တက်ရောက်လာခြင်းမရှိကြပါဘူး × × × ဒီတော့ သူတို့ သားသမီးတွေရဲ့ကိစ္စကို သူတို့ကတောင် လျစ်လျူရှုနိုင်သေးတယ်ဆိုရင် × × × ကျွန်မတို့ကသာပြီး × × ×"

ကျောင်းအုပ်ဆရာမကြီး၏ ဆွေးနွေးတင်ပြသည့် ပညာရေးသဘောထား × × × ကြားသိရချိန်တွင် ကျွန်တော့်မှာ ပူပင်သောကတစ်ခု ဖြစ်ခဲ့ရပါသည်။ သို့ဖြစ်၍လည်း သူ့စကားကို ဟန့်တား၍ ပြောချလိုက်မိပါသည်။

**"ဗျာ × × × သူတို့သားသမီးတွေ ဟုတ်လား × × × ဒီကလေးတွေအားလုံးဟာ ဆရာမတို့ရဲ့သား၊ ဆရာမတို့ရဲ့ သမီးတွေ × × × 'သူတို့ကလေးတွေရဲ့ဘဝကို မိဘတွေကယုံလို့ ကျုပ်တို့ဆရာတွေရဲ့ လက်ထဲမှာ ပုံပြီးအပ်ထားတယ် ဆိုတာကိုတော့ မမေ့ကြပါနဲ့ဗျာ။ တကယ်တော့ ဖွံ့ဖြိုးမှုနည်းတဲ့ ဒေသအသီးသီးမှာ ကျွန်တော်တို့ဟာ အသိပညာအလင်းရောင်ပေးရင်းနဲ့ ဆရာ့တာဝန်ကိုဆောင်ရွက်နေကြတာပါ။ ဒါကြောင့် × × × ကလေးတိုင်းဟာ ဆရာတိုင်းရဲ့သား၊ ဆရာတိုင်းရဲ့သမီးတွေ ဖြစ်တယ်ဆိုတာကိုတော့ မမေ့ကြပါနဲ့လို့ ကျုပ်မှာပါရစေ"**

မိဘနှင့်ဆရာအကြား၊ တစ်ဖက်နှင့်တစ်ဖက် အမြင်များ

www.burmeseclassic.com

www.burmeseclassic.com



ကြာရာက မြေဇာပင်ဖြစ်၍ ကျန်ရစ်မည့် ကလေးများအတွက် ပျပင်သော်က ဖြစ်ရပြန်ပါသည်။ အထင်လွဲ၍အမြင်ကွဲခဲ့ကြသော သည်ရွာ ××× သည့်ကျောင်းမှ မိဘနှင့်ဆရာတို့အတွက် မည်သို့ ဆောင်ရွက်ပေးရပါမည်နည်း ×××

အမှတ်မထင် သည်ရွာ၊ သည်ကျောင်းတွင် တစ်ညတာ ရပ်နားရန်ဆုံးဖြတ်လိုက်မိပါသည်။ ညချမ်းတွင် မိဘနှင့်ဆရာတို့ အပြန်အလှန်နားလည်စေမည့် မိသားစု ပညာရေးဆွေးနွေးပွဲ တစ်ရပ်ကို အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပါသည်။

ကလေးတို့ရှေ့ရေးအတွက် ဆွေးနွေးညှိနှိုင်းပြီးချိန်တွင် သန်းခေါင်ကြက်တွန်သံကို ကြားလိုက်ရပါသည်။ တကယ်တော့ ××× သန်းခေါင်ကျော်လျှင် မိုးလင်းဘက်သို့ ကူပေးလိမ့်မည်။ အရုဏ်တက်ပြီးလျှင် နေမင်းကြီးထွက်ပေါ်လာပေလိမ့်မည်။

မိုးညတစ်ညဖြစ်ပေမယ့် ထူးထူးခြားခြား မြူတိမ်ကင်း၍ လမင်းကြီးကသာနေသည်။ သည်လိုညပေါင်းများစွာ လမင်းကြီး ရက်ဆက်သာစေချင်ပါသည်။

**ချစ်သမီး ဆရာမလေး မေစံပယ်ဖြူနှင့် အမှတ်တရဖြင့်**

**ဆရာနု**

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ

ပညာတန်ဆောင် အတွဲ(၄၈)၊ အမှတ်(၁၂)



# အမေ့

အချိန်ကာလအားဖြင့် အနှစ်(၄၀)ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပေမယ့် ကလေးဘဝက ဖြတ်သန်းလာခဲ့ရသည့် အတိတ် ဖြစ်ရပ်ကလေးတစ်ခုကဖြင့် နှလုံးသားကြေးမုံပြင်တွင် အရိပ် ထင်ထင် ကျန်ရစ်နေဆဲပင်ဖြစ်ပါသည်။ သည်တော့လည်း ကွယ်လွန်ခဲ့ပြီးဖြစ်သော မိဘနှစ်ပါးအား အောက်မေ့တသသ သတိရခြင်း၊ လွမ်းဆွတ်ခြင်းများစွာဖြင့် အမှတ်မထင် တဒင်္ဂ တရားလက်လွှတ် ဖြစ်ခဲ့ရပြန်ပါသည်။

"အမေ ××× သား ကျောင်းသွားတော့မယ်"

"စောပါသေးတယ် သားရယ်၊ အင်း ××× ဒီနေ့ မနက်မှပဲ နှင်းတွေကလည်းကျလိုက်တာလွန်ပါရော"

"စိတ်မပူပါနဲ့ အမေရယ် ××× သားသူငယ်ချင်း တွေနဲ့အတူသွားမှာပါ"

"အေး ××× အေး၊ ဟဲ့ ××× သားနေအုံးလေ မုန့်ဖိုးယူသွားအုံး"

ပြောပြောဆိုဆို အမေသည် တန်းပေါ်တွင်လွှားထား သည့် ချွေးခံအင်္ကျီအနွမ်း အိတ်ထဲက တစ်ကျပ်တန်တစ်ရွက်ကို ကျွန်တော့်အိတ်ထဲသို့ မုန့်ဖိုး အတင်းထည့်ပေးနေပါသည်။ အမေ့ထံမှမုန့်ဖိုးကို တစ်ကြိမ်တစ်ခါမျှ တောင်းခံခဲ့ခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း အကြိမ်ကြိမ် ငြင်းဆန်နေသည့်ကြားက အမေ ပေးလာသည့် ငွေတစ်ကျပ်ကိုမယူရက်ခဲ့ပါ။ ကျောင်းသွားနေခိုက် အမေစိတ်မကောင်း ဖြစ်ကျန်ရစ်မည်ကိုတော့ စိုးရိမ်လှပါသည်။ သည်လိုဖြင့် အမေပေးသောမုန့်ဖိုးကို လက်ခံခဲ့ရပါသည်။

ဩော် × × × အမေသည် ကျန်းမာရေးမကောင်းသော အဖေနှင့် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများကို ဈေးတောင်းခေါင်းပေါ် ရွက်၍ ကျွေးမွေးပြုစုရှာပါသည်။ ညီမလေး မသိန်းခမှာ ကျောင်းနေအရွယ်ပေမယ့် အမေ့ကိုကူညီရင်း ကျွန်တော်တို့ညီအစ်ကို မြို့ကျောင်းတက်ခွင့်ရရန် ဈေးကူညီရောင်းရှာပါသည်။ ကျောင်းနေခွင့်မရရှာခဲ့ × × × အစ်ကို နှစ်ယောက် မြို့ကျောင်းတက် ပညာသင်ယူခွင့်ရဖို့ရယ်၊ မိသားစု စားဝတ်နေရေး အဆင်ပြေဖို့ရယ် အနစ်နာခံခဲ့ပါသည်။ ကျွန်တော်နှင့် အစ်ကိုလတ်မှာ အလယ်တန်းဆင့် ကျောင်းသားများဖြစ်ကြသော်လည်း ကျောင်းချိန်မတူကြပါ။

တော်ပါသေးသည် × × × အစ်ကိုကြီးဦးခင်မောင်က စိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းရင်း တစ်လရသည့် လခ ၉၇/-ကျပ်ကို အမေ့ထံအပ်ကာ ကျွန်တော်တို့ ဟန်မပျက် ကျောင်းတက်နိုင်ဖို့ ကျွန်တော်တို့မိသားစု ရှင်သန်ရပ်တည်နိုင်ဖို့ အပင်ပန်း အနစ်နာခံခဲ့ပါသည်။

ဩော် × × × အစ်ကိုကြီးတော့ အဖအရာဆိုတာ တကယ်မှန်ပါလား။ အချိန်တန်အရွယ်ရောက်နေပြီဖြစ်ပေမယ့်



အဝတ်အစားနှင့် ပျော်ရွှင်မှုများ မလိုက်စားဘဲ ညီငယ်များ ပညာသင်ကြားခွင့်ရရှိရေး၊ မိသားစုရပ်တည်နေနိုင်ရေးအတွက် ရသမျှစုဆောင်းကာ စောင့်ရှောက်လာခဲ့သည့် အစ်ကိုကြီးရဲ့ ကျေးဇူး × × ×

တကယ်တော့ × × × ကျောင်းတက်ရသည့်နေ့တိုင်း စောစော အိပ်ယာထ၊ အိမ်မှုကိစ္စကူညီပြီး အဆာပြေ ထမင်းကြမ်းစားကာ မြို့ကျောင်းသို့ အချိန်မီ အပြေးအလွှား သွားခဲ့ရသည်ချည်းဖြစ်ပါသည်။ မိသားစု စားဝတ်နေမှုရေး ရပ်တည်နိုင်မှု၊ ဖခင်ရဲ့ကျန်းမာရေး၊ ဆေးဝါးကုသမှုတာဝန် တို့ဖြင့် ပင်ပန်းလွန်းလှပြီဖြစ်သောအမေ ပေးလိုက်သည့် မုန့်ဖိုးငွေကို ကျွန်တော်မယူသင့် × × × ယူလည်းမယူရက်ခဲ့၊ ယူရန်လည်းမလိုအပ်၊ ကျွန်တော်ဘာလုပ်ရပါမည်နည်း။ သည်လိုဖြင့် အိမ်ရှေ့ခြံဝရောက်ပြီးမှ အိမ်ထဲသို့တစ်ခါပြန်ဝင် လာခဲ့မိပါသည်။

တန်းပေါ်တွင်လွှားထားသော အမေ့ချွေးခံအိတ် ကလေးထဲသို့ အမေပေးသော မုန့်ဖိုးငွေတစ်ကျပ်ကို ပြန်ထည့် လိုက်ချိန်တွင် အမေ့မှာ ငွေစများများမရှိတော့ကြောင်း သိလိုက်ရ၍ စမ်းပန်းတနည်းဖြစ်မိရင်း မီးဖိုဆောင်ထဲက အမေ့ကို လှမ်းကြည့်ကာ မျက်ရည်ဝေ့ဝဲဖြင့် ကျွန်တော် ကျောင်းသို့ ပြေးထွက်ခဲ့ပါသည်။

သည်နံနက်ခင်း နှင်းတွေက ကျလွန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အအေးဓာတ်ပိုသော်လည်း ဥဩပျံ့တစ်ကောင်ငှက်က ဆောင်းရတုတေးကို သာတောင့်သာယာ သီကျူးနေရှာပါသည်။ ကျောင်းသို့သွားရမည့် ခရီးလမ်းကိုပင် သဲသဲကွဲကွဲ မမြင်ရ၊ ခပ်သုတ်သုတ်၊ ခပ်ကြမ်းကြမ်း အပြေးကလေးလှမ်းရင်း ကိုယ်တွင်းအနွေးဓာတ်ဖြင့် ကျောင်းသို့အချိန်မီ ရောက်ခဲ့ရပြန်ပါသည်။

ကျောင်းရောက်ပြန်တော့လည်း နေ့လည် ကျောင်းဆင်းချိန်ရောက်ရန် မျှော်လင့်ရပြန်ပါ၏။ တကယ်တော့ ××× နေ့လည်ကျောင်းဆင်းချိန်သည် ကျွန်တော့်အတွက် စာကျက်ရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ တစ်နေ့တာ သင်ယူခဲ့သည့် သင်ခန်းစာနှင့်လေ့ကျင့်ခန်းများကို ကျောင်းတွင်သာ တတ်နိုင်သမျှ ပြီးစီးရန်ကြိုးစားခဲ့ရသည်။ အိမ်ရောက်တော့ အမေ့ကို ကူညီရဦးမည်။ ပြီးတော့ အဖေ့ကိုပြုစုရဦးမည်။ ညဘက် စာကျက်ရမည့် ရေနံဆီဖိုးကလည်း အမေ့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေပေဦးမည်။

"သူငယ်ချင်း ××× မင်းစားဖို့မုန့်"

"ဟင့်အင်း ××× ဟင့်အင်း ××× ကျွန်တော် မစားချင်ဘူး ××× ကျွန်တော်မစားဘူး ××× ပြန်ယူသွားပါ"

"တစ်ခါတစ်လေ သူငယ်ချင်းအချင်းချင်းကျွေးတာ ဒီလိုမလုပ်ပါနဲ့ စားပါဟယ်"

"ကျွန်တော်မဆာလို့ပါ ××× မစားပါရစေနဲ့ ×××



ပြန်ယူသွားပါနော်"

"နင်စာကျက်နေတာ အနှောင့်အယှက်ဖြစ်ရင် ခွင့်လွှတ်ပါဟယ် ××× နင်ကစာတော်တော့ တို့ဂုဏ်ယူပါတယ်။ ပြီးတော့ ××× တစ်ခါမှ နင်မုန့်ဝယ်စားတာမတွေ့ရတော့ ××× အိမ်ကမုန့်ဖိုးမပေးဘူးလားဟင်"

မုန့်အတင်းဝယ်ကျွေးနေသူက ရင်းနှီးသည့် တစ်ခန်းထဲနေ သူငယ်ချင်းကျောင်းသူတစ်ဦး၊ ငှက်ပျောရွက်ခံ၍ ထည့်ထားသော မုန့်စိမ်းပေါင်းက အဖြူတစ်ရစ်၊ အညိုတစ်ရစ် ××× မုန့်ချပ်လွှာက အငွေ့တစ်ထောင်းထောင်း ××× သူငယ်ချင်းကောင်း တစ်ယောက်အနေဖြင့် စေတနာထား မုန့်ဝယ်ကျွေးသည်ကိုပင် ကျေးဇူးတင်ရပေဦးမည်။ ခါးခါးသီးသီး ငြင်းကွယ်၊ ငြင်းပယ်စရာမဟုတ်။ သို့ပေမယ့် ××× သို့ပေမယ့် ××× သို့ပေမယ့် ×××

"တစ်ခါမှ နင်မုန့်ဝယ်စားတာမတွေ့ရတော့ ××× အိမ်ကမုန့်ဖိုးမပေးဘူးလားဟင်"

သည်စကားရပ်သည် ကျွန်တော်နှလုံးသားကို အကြိမ်ကြိမ် ရိုက်ခတ်လှုပ်ရှားစေခဲ့ပါ၏။ တကယ်တော့ သည်သို့ဆိုခဲ့သော သူငယ်ချင်းတွင် အပြစ်ဆိုဖွယ်ရာမရှိ၊ မိမိအဖြစ်၊ မိမိအတွေး၊ မိသားစုအရေးနှင့်ယှဉ်၍ အားငယ်ဝမ်းနည်းစိတ်များဖြင့် မျက်ရည်ဝေ့လည် ခံစားခဲ့ရပြန်ပါသည်။ တစ်ချိန်တည်းမှာပင် မိသားစု(၇)ဦးကို ထိန်းသိမ်းကျွေးမွေး

www.burmeseclassic.com

www.burmeseclassic.com



နေရရှာသော မွေးမိခင်နှင့်အစ်ကိုကြီးတို့မျက်နှာ မြေးမြင်လာမိခဲ့ပြန်ပါသည်။ ပြီးတော့ နှလုံးသားထဲမှ တိုးတိုးညင်သာ ရေရွတ်ကာ ပြန်ကြားလိုက်မိပါသည်။

"ဟုတ်တယ် × × × ငါ့မှာ မုန့်ဖိုးပါမလာဘူး။ အမေကပေးပေမယ့် ငါမယူရက်လို့မယူခဲ့ဘူး။ ဝမ်းထဲက ပူလောင်လာရင်လည်း စာသင်ခန်းထောင့်မှာရှိတဲ့ သောက်ရေအိုးက အအေးဓာတ်၊ အငြိမ်းဓာတ်ပေးမှာမို့ ငါ့အတွက် မုန့်ဖိုးမလိုပါဘူး သူငယ်ချင်းရယ်"

ဒြော် × × × တို့မိသားစုမှာ ဥစ္စာဓန မပြည့်ဝလို့ လောကအလယ်၊ မျက်နှာငယ်စရာဖြစ်ခဲ့ရပါတယ်လို့ ဆိုကြရင်လည်း × × × အမေဖြစ်စေချင်တဲ့ ပညာတော်သူတစ်ဦး ဖြစ်လာအောင်ကြိုးစားရင်း × × × လူ့ဘုံအလယ်မှာ တင့်တင့်တယ်တယ် အမေ့ကို ပျော်ရွှင်ကြည်နူးစေပါ့မယ် အမေ × × ×

စေတနာရှင်ကျောင်းနေဘက် သူငယ်ချင်းတစ်ဦး၏ အမှတ်မထင်ပေးခဲ့သော သင်ခန်းစာမှာ ကျွန်တော့်ဘဝ တစ်လျှောက်လုံးအတွက် မီးရှူးတန်ဆောင်ဖြစ်ခဲ့ရပါသည်။

တစ်ခုသောညချမ်းတွင် မိသားစုစားဝတ်နေရေး ကြပ်တည်းလာမှုကိုအကြောင်းပြု၍ အမေနှင့်အစ်ကိုကြီးတို့ တီးတိုးတိုင်ပင် ဆွေးနွေးခဲ့ကြပါသည်။

"အမေ × × × အဖေကလည်း ကျန်းမာရေးမကောင်း၊ ကျွန်တော်တို့မိသားစုလည်း တစ်နေ့တစ်ခြား စားဝတ်နေရေး ကြပ်တည်းလာတော့ × × × ကလေးနှစ်ယောက်ရဲ့ မြို့ကျောင်းစရိတ်နဲ့ဆိုတော့ × × × တစ်ယောက်ကို ကျောင်းနှုတ်ရရင် ကောင်းမလားလို့ပါ အမေ"

အမေသည် အစ်ကိုကြီး၏စကားကို စူးစူးစိုက်စိုက် နားထောင်ရင်း သောက်လက်စ ပြောင်းဖူးဖက်ဆေးလိပ်တိုကို ချကာ သက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း ငေးငိုင်သွားခဲ့ရပါသည်။ တကယ်တော့ အစ်ကိုကြီးပြောသည်မှာလည်း မှန်၏။ ယခုကဲ့သို့ မိသားစုအကြပ်အတည်းများ ကြုံတွေ့နေရခိုက် ကျွန်တော်တို့ ဝင်ငွေရရာအလုပ်တစ်ခုခုဖြင့် မိသားစုအရေး တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းအဖြေရှာပေးသင့်လှပါသည်။

"သားကြီး × × × မင်းလည်း ပင်ပန်းနေပြီဆိုတာ အမေသိပါတယ်။ ကျောင်းတက်နေတဲ့ သားနှစ်ယောက်စလုံးဟာ စာကြိုးစားကြပြီး အချိန်ရသမျှ အိမ်မှုကိစ္စတွေကိုလည်း ကူညီလုပ်ကိုင်ကြတယ်။ လိမ်လိမ်မာမာလည်း နေကြတယ်၊ ဒီတော့ × × × သား × × × အမေဒုက္ခခံမယ် × × × အဆင်းရဲခံမယ် × × × သားနှစ်ယောက်စလုံးကိုတော့ ဆယ်တန်း အောင်တဲ့အထိ ကြိုးစားပြီး ကျောင်းဆက်ထားကြရအောင် သားကြီးရယ်"

သည်စကားကို ဆို့နင့်စွာဖြင့်အမေဆိုခဲ့ပါ၏။ ပုရုပ်ကို ဟန်နှင့်ဖုံးသော်လည်း ပြုံးရင်းနှင့် အမေ မျက်ရည်လည်ခဲ့ရပါပြီ။ အမေသည် ဝမ်းနည်းနေစေမယ့် ကျောက်တိုင်ကျောက်သားလို ခိုင်မာသည့်ဆုံးဖြတ်ချက်ချရင်း အစ်ကိုကြီးနှင့်အမေတို့ ညှိနှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးပွဲကြီး အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။

သည်လိုဖြင့်တစ်နေ့ × × ×

သတ္တမတန်း "စကောလားရှစ်ဆု" ကျွန်တော်ဆွတ်ခူးရရှိခဲ့သည့်သတင်း × × × ပြီးတော့ × × × သတင်းစာထဲက ဓာတ်ပုံ အမေကိုပြောခဲ့ ပြခဲ့သည့်အခါ အမေသည် ကျွန်တော်ကို တင်းကြပ်စွာဖက်ထားလိုက်ပါသည်။ ပြီးတော့ × × × သားမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ပါးပြင်မှ ပုလဲမျက်ရည်ဥတို့ တလိမ့်လိမ့်ကျဆင်းလာသည်မှာ တားမရ × × × ဆီးမရ × × × ပြီးတော့ × × × တိုးတိုးညင်သာ စကားဆိုခဲ့ပါသည်။

"ဒါမှ × × × အမေ့သား"

အမေ့ကိုကြည့်ရင်း ကျွန်တော်မငိုဘဲ မနေနိုင်တော့ပါ။ အမေသည် ကျွန်တော့်အောင်ပွဲအတွက် မည်မျှကြည်နူးအားရ ခံစားနေမည်ကို ကျွန်တော်သိပါသည်။ အမေ့မေတ္တာ၊ စေတနာနှင့် အမေဖြစ်စေချင်သောဆန္ဒကိုလည်း ကျွန်တော် ကောင်းစွာသိပါပြီ။ တကယ်တော့ ကျွန်တော့်အောင်ပွဲသည် မိသားစုအောင်ပွဲ အထူးသဖြင့် သားကိုချစ်မြတ်နိုးသော အမေ့အောင်ပွဲ × × ×

"ဟင် × × × သမီးငိုနေတယ်"

"ဟုတ်တယ်ဖေဖေ × × × ခက်ခဲပင်ပန်းစွာ ဖြတ်သန်းခဲ့ရတဲ့ မေမေ့ဘဝနဲ့ ဒုက္ခတွေကိုသိရလို့ × × × သမီး သိပ်ဝမ်းနည်းတယ် ဖေဖေ"



"ဝမ်းမနည်းပါနဲ့ သမီးရယ် × × × လူ့ဘဝဆိုတာ ဒီလိုပါပဲ × × × သမီးရဲ့စာသင်ခန်းထဲက ကလေးတွေ ... လည်း သည်လိုပဲ မိသားစုဒုက္ခနဲ့ အခက်အခဲအကြပ်အတည်းတွေ ရှိနေတတ်ကြပါတယ်။ ကလေးတစ်ဦးချင်းရဲ့ ဘဝနောက်ကြောင်း တစ်စေ့တစ်စောင်းကိုတော့ ဆရာ၊ ဆရာမဆိုတာ သိထားဖို့ လိုတယ်သမီး"

"**အတိတ်က ဖြစ်ရပ်တွေကို အမှားအမှန်ခွဲခြားပြီး သင်ခန်းစာယူ၊ ပစ္စုပ္ပန်မှာရှိနေတဲ့ အခြေအနေတွေနဲ့ထင်ဟပ်၊ အနာဂတ်အတွက် အကောင်းဆုံး ကြိုတင်ပြင်ဆင်ရမယ်လို့ မေမေ့ပြောခဲ့ဖူးတာကိုလဲ သမီးမှတ်မိနေပါတယ်ဖေဖေ**"

"အေးကွယ် × × × တကယ်တော့ အနာဂတ် ကလေးတွေရဲ့ကံကြမ္မာကို ပစ္စုပ္ပန်လူကြီးတွေက ဖန်တီးပြုပြင်ပေးနေကြရတာမို့ မိဘတိုင်းကကော၊ နိုင်ငံကပါ ယုံလို့ပုံအပ်ထားတဲ့ ကလေးတွေရဲ့ဘဝကို အကောင်းဆုံးပြုစုပျိုးထောင်ပေးရမယ့် တို့ဆရာတွေရဲ့အခန်းကဏ္ဍဟာ သိမ်မွေ့ပြီး မြင့်မြတ်နက်ရှိုင်းလှပါတယ်သမီး"

"အင်း × × × သမီးသိပါပြီ ဖေဖေ × × × ဆရာမျိုးဆက်မပြတ်အောင် အမွေကောင်းဆက်ခံရင်း ပညာရေးတောလိပ်တက်ဖို့ ဖေဖေနဲ့မေမေတို့ တိုက်တွန်းစိစဉ်ခဲ့တဲ့ ရည်ရွယ်ချက်နဲ့ မေတ္တာစေတနာကို သမီး နားလည်ပါပြီဖေဖေ"

"ဖေဖေဟာ ကျောင်းဆရာဘဝနဲ့ ဖြတ်သန်းခဲ့ရတဲ့

www.burmeseclassic.com



အနှစ်(၄၀)ကျော် ပညာရေးခရီးရှည်မှာ ကိုယ့်ဘဝနဲ့ယှဉ်ပြီး ကလေးတွေ့ရဲ့ဘဝကို အကောင်းဆုံးပြုစုပျိုးထောင် အလှဆင်ကာ ကုသိုလ်ယူနိုင်ခဲ့တယ် သမီး"

**"သမီးလည်း မေမေနဲ့မေမေတို့လိုပဲ ဆရာမတစ်ယောက်အနေနဲ့ ပြုစုပျိုးထောင်ရမယ့် ပညာပန်းဥယျာဉ်ကြီးထဲက ပန်းအလှလေးတွေ တစ်ပင်တစ်စေလျှ ညှိုးနွမ်းခြောက်ကြွေ၊ ဆုံးရှုံးမှုမဖြစ်စေဖို့ အကောင်းဆုံးကြိုးစားရင်း ပညာရေးဘဝကို အလှဆင်နေပါမယ် မေမေ"**

ကြည်နူးမှုရဲ့သင်္ကေတ × × × မေမေနှင့်သမီးတို့၏ မျက်ဝန်းအိမ်မှ မျက်ရည်စတို့က သက်သေအဖြစ် တည်နေကြမည်သာ × × ×

**ချစ်သမီး ဆရာမလေး မေခင်ပယ်မြူနှင့် အမှတ်တရမြင်**

**ဆရာနု**

၂၀၀၀ ပြည့်နှစ်၊ နှစ်ငါးဆယ်ပြည့်ရွှေရတု
အ. ထ. က (၅) မင်္ဂလာတောင်ညွန့်.



# ရေငတ်သူ

ညနေကျောင်းဆင်းခဲ့သည်မှာ အချိန်အတန်ကြာခဲ့ပြီဖြစ်သည်။ တစ်ကျောင်းလုံးလည်း တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ကျွန်တော်တစ်ဦးတည်းသာ စာကြည့်ခန်းတွင် အလုပ်ရှုပ်နေခဲ့သည်။ ကျေးလက်ကျောင်းဖြစ်ပေမယ့် စာကြည့်ခန်းကို အကောင်းဆုံးဖြစ်အောင် မည်သို့ဆောင်ရွက်ရပါမည်နည်း။ ကလေးများ စာကြည့်ခန်းသို့လာချင်အောင်၊ လာရကျိုးနပ်အောင် စိတ်ပါဝင်စားအကျိုးများမည့် အစီအစဉ်များကို အမြဲတမ်း စဉ်းစားနေရသည်။ ပြီးတော့ × × × ပုံမှန်စစ်မေး နေ့စဉ်ပေးသည့် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများကိုလည်း အကြွေးမကျန်အောင် စစ်ဆေးရပေဦးမည်။ သည်လိုဖြင့် အလုပ်ခွင်တွင် မျော်ရင်း ဆရာ့ဘဝတစ်နေ့တာ ကုန်ဆုံးခဲ့ရသည်သာ × × ×

"**ကျေးဇူးပြု၍** သမီးကို ဝင်ခွင့်ပြုပါဆရာ"

"ဟော × × × ခြောက် တပည့်၊ ဝင်ခဲ့လေ × × × ဒါနဲ့ နေပါအုံး × × × ကျောင်းဆင်းတာကြာလှပြီ မပြန်ရသေးဘူးလား၊ ဘာကိစ္စရှိလို့လဲကွယ် × × ×"

"စေ့ထားသော စာကြည့်ခန်းတံခါးရွက်ကို အသာအယာတွန်း၍ ဝင်ခွင့်တောင်းလာသော ကျွန်တော့်အတန်းမှ ဆဋ္ဌမတန်းကျောင်းသူ တပည့်မြူမြူကို မေးမြန်းထုတ်ရင်း၊

www.burmeseclassic.com

www.burmeseclassic.com



အဲကဲခတ်ရင်း ဝင်ခွင့်ပြုခဲ့ပါသည်။ တပ်ကစ်ရာ မပြောနိုင် သေးဘဲ ခပ်တွေတွေကလေးရပ်ရင်း၊ လက်ပိုက်ရင်း ပြောမည့် စကားကို ပြန်လည်စဉ်းစားလျက် ××× ပြီးတော့ ××× ဝမ်းပန်း တနည်း မျက်ရည်ဝဲဖြင့် ×××

"သမီး လာရင်းကိစ္စကိုသာပြောပါ၊ ဆရာ ဘာကူညီ ရမလဲ"

"ဟုတ်ကဲ့ပါ ဆရာ ××× သမီးပြောပါ့မယ်"

တပည့်မလေးဖြူဖြူ လွယ်အိတ်အတွင်းမှ ကွန်ပါဗူး အပေါင်းလေးကိုထုတ်ယူပြီး အဖုံးဖွင့်၍ ငွေတစ်ဆယ်ကျပ်တန် တစ်ရွက်ကို ထုတ်ယူလိုက်သည်။ ပြီးတော့ ကျွန်တော့်ရှေ့ စားပွဲပေါ်တွင် တင်လိုက်ပြီး ကြမ်းပြင်တွင် ဒူးထောက်ချကာ ကန်တော့ရင်း၊ ရှိုက်ကြီးတငင်ငိုကြွေးပါတော့သည်။ "မီး" ဆိုသည်မှာ ကူးစက်တတ်ပါဘိ၏။ ကျွန်တော့်တပည့်ထံမှ ကူးစက်လာသည့် အပူမီးဝေဒနာကို ဖြေဖျောက်ရန် အဝေး တစ်နေရာသို့ ကျွန်တော်ငေးမော၍ ကြည့်နေမိပါသည်။

"ဟုတ်ပြီ ××× ဟုတ်ပြီ ××× ဆရာသိပါပြီ၊ သမီးကို ချီးကျူးပါတယ်"

"သမီးကို ဆရာကြိုက်သလိုအပြစ်ပေးပါ။ သမီး ××× မှားမိ၊ မိုက်မိပါတယ် ××× သမီးကို ခွင့်လွှတ်ပါဆရာ"

"ခွင့်လွှတ်ပါတယ် သမီး ××× ဆရာ တပည့်ကို ရိုက်လဲမရိုက်ပါဘူး ××× ခွင့်လွှတ်ပါတယ်ကွယ်"



"အေး ××× ဒါပေမယ့် ဆရာ သမီးကို မေးစရာတွေ အများကြီးရှိတယ်၊ မှန်မှန်ပြော ××× ပြီးတော့ သမီးရင်ထဲမှာ ခံစားတွေ့ကြုံနေရတာတွေ အားလုံးကိုလည်း ပွင့်ပွင့်လင်းလင်း မကြွင်းမကျန် ဆရာ့ကို ပြောပြစမ်း ××× ကဲ ××× ဒီခုံပေါ်မှာ သမီးခဏလေးထိုင်ပါအုံး"

"ဟုတ်ကဲ့ပါ ဆရာ"

တပည့်မလေးဖြူဖြူက ဖြစ်ရပ်မှန်ဇာတ်ကြောင်းနှင့် မိသားစုအခြေအနေ အထွေထွေတို့ကို ပြန်လည်ပြောပြရင်း တစ်ခါတစ်ရံ စကားပင်မဆက်နိုင်ခဲ့ ××× ကြေကွဲဝမ်းနည်း ရှိုက်သံဝဲဝဲဖြင့်လည်း ××× အင်း ××× သူ့ဘဝဇာတ်ကြောင်းကို သိလိုက်ရပါပြီ။

တပည့်တို့၏ နောက်ခံအကြောင်းရင်းကလေးများကို သိထားမှ လိုက်လျောညီထွေရှိမည့် သင်ကြားနည်းစနစ်ကို ကျွန်တော်တို့ ဆရာများ ရွေးချယ်ကြရပေလိမ့်မည်။ အနာသိ သဖြင့် ဆေးရှိတန်ကောင်းပါ၏။ ကျွန်တော့်ထံတွင် အတွေး တစ်ခုက ဝင်လာခဲ့ပြန်သည်။

"ဩော် ××× "

**"သားသမီးတို့အတွက် အမိအဖတို့သည် အပူမီး တောက်ခဲ့ကြရသည်"**

**"တပည့်တို့အတွက်လည်း ဆရာတို့သည် အပူမီး တောက်ကြရသည်သာ ×××"**

www.burmeseclassic.com

www.burmeseclassic.com



"ကဲ × × × တပည့် ပြန်ပေရော့ × × × တပည့်အတွက် ဆရာ့အကောင်းဆုံး ကူညီစောင့်ရှောက်ပါ့မယ်။ တပည့်ရဲ့ ဖေဖေ ပြန်ရောက်ရင် ဆရာ့ကိုပြောပါအုံး။ ဆရာလည်း သမီးတို့ အိမ်ကို လာလည်ပါအုံးမယ်။ **မိသားစုဆင်းရဲနွမ်းပါးလို့ အားမငယ်နဲ့ သမီး၊ ဝမ်းမနည်းပါနဲ့ ပညာကိုသာ ထူးချွန်ထက်မြက်အောင် ကြိုးစားရင်းနဲ့ သမီးဘဝကို အလှဆင်လိုက်စမ်းပါ။ အဲဒါမှ တကယ့်အလှ၊ သူမတူတဲ့အလှ သမီးရဲ့ × × × သေသေချာချာ မှတ်ထားနော်"**

"ဆရာ ဆုံးမသလို သမီး စာကို အစွမ်းကုန်ကြိုးစားသွားပါ့မယ်။ နောက်နောင်လည်း သည်လိုအဖြစ်မျိုး မကြုံစေရပါဘူးလို့ သမီး ကတိပြုပါတယ် ဆရာ"

"ကဲ × × × ရော့ ဒီငွေတစ်ဆယ်ကို ပြန်ယူသွား × × × ပြီးတော့ × × × သမီးရဲ့ ကတိစကားကိုကြားရတာ ဝမ်းသာလို့ မုန့်ဖိုးအဖြစ် ငွေသုံးဆယ် ဆရာကထပ်ပြီး ချီးမြှင့်လိုက်ပါတယ်။ ယူပါတပည့်၊ ဆရာ့စကားကို နားထောင်ပါ။ အချိန်လည်း အတော်လင့်သွားပြီ။ အဖော်နဲ့ပြန်နော် × × × တပည့်"

ဦးသုံးကြိမ်ချ၍ မျက်ရည်ဝဲဝဲနှင့် အားခဲထပြီး ထွက်ခွာသွားသော တပည့်မလေးဖြူဖြူအတွက် ကျွန်တော်ရင်မော၍ ကျန်ရစ်ခဲ့ပါသည်။

သူ့ပညာရေး၊ သူ့ဘဝရေရှည်ရေးတို့အတွက် ကျွန်တော် မည်သို့ အကူအညီပေးရပါမည်နည်း။



သည်လိုဖြင့် သီတင်းတစ်ပတ်ခန့်အကြာ တစ်ခုသော ညနေခင်းတွင် တပည့်ဖြူဖြူတို့ရွာသို့ ကျွန်တော်ရောက်ခဲ့ပါသည်။ ကျွန်တော်နေထိုင်သည့် ကျောင်းတည်ရာ ပင်မရွာနှင့် ခရီးသုံးမိုင်ခန့်သာ ဝေးပေမယ့် လမ်းသာသဖြင့် မမောမပန်း လျှောက်လှမ်းလာခဲ့ခြင်း ဖြစ်ပါသည်။

"ဖေဖေရေ × × × ဆရာလာတယ်"

"လာလာ × × × ဆရာ ကျွန်တော်တို့က ဆရာ့ဆီကို လာတွေ့ရမှာ၊ အခုတော့ × × × ဆရာကိုယ်တိုင် အိမ်အရောက် **လာခဲ့ရတယ်ဆိုတော့ × × × အင်း × × × အားနာစရာဖြစ်ပေမယ့် အားမနာတော့ပါဘူး ဆရာရယ်၊** ဝမ်းသာလို့ × × × ဝမ်းသာလို့"

"ကဲ × × × အမောပြေ ရေနွေးကြမ်းလေး သောက်လိုက်ပါအုံး × × × ဆရာက ထမင်းမစားဘူးလို့ မှာလိုက်တော့ **စိတ်မကောင်းဖြစ်ရတယ်။ အားနာစရာမှ** မဟုတ်ဘဲ × × × ဒါပေမယ့် ဟောဒီမှာ ဆရာကြိုက်တတ်တဲ့ ငါးရှဉ့်ခြောက်ကို ဖိုင်းပြီး ဆီမွှုထုံးထားတာ ကြွပ်နေတာပဲ၊ အငွေ့တထောင်းထောင်း ကောက်ညှင်းချိတ်ပေါင်းကလည်း ကောင်းမှကောင်းမို့ စားလိုက်ပါအုံး ဆရာရယ် × × × စားစမ်းပါအုံး × × × ဟဲ့ သမီး × × × ဆရာ့ကို ရေနွေးကြမ်းပူပူလေး ခဲ့ ထည့်ပေးပါအုံးတွယ့်"

မနီမိုး၊ ဝါးထရံအကာ၊ ဝါးကြမ်းပြင်အခင်းနှင့် ဆင်းဆင်းရဲရဲ မိသားစု၊ အခန်းထောင့်တစ်နေရာတွင် ထင်းရှူး ဖုံငယ်ပေါ်၌ စာအုပ်အချို့တင်ထားပြီး ရေနံဆီမီးခွက်တစ်ခု၊

www.burmeseclassic.com

www.burmeseclassic.com



တပည့်မဖြူဖြူ၏ စာကြည့်ရန်သတ်မှတ်ထားသည့် နေရာဖြစ်ပေလိမ့်မည်။

"ကဲ × × × ဦးသောင်း၊ စားလို့သောက်လို့တော့ ကောင်းပါရဲ့ဗျာ × × × အညောင်းပြေလေး ကျွန်တော်တို့ နှစ်ယောက် လမ်းလျှောက်ကြရအောင်၊ ပြန်ရောက်တော့လည်း စားကြသေးတာပေါ့"

ရွာနောက်ရှိလယ်ကွင်းပြင်ကြီးမှာ ကောက်ပဲသီးနှံတို့ ရိတ်သိမ်းပြီးစ ရိုးပြတ်တို့ဖြင့်သာ လွှမ်းခြုံလျက်ရှိ၏။ လယ်ယာလုပ်သားတို့မှာ ကောက်လှိုင်းတိုက်ကြ၊ တလင်းနယ်ကြနှင့် အလုပ်များနေကြသည်။ ကျွန်တော်တို့ စကားစပြောပြောဖြင့် လျှောက်လာသောလှည်းလမ်းကြောင်းမှာ ရွာမှ မိုးကုပ်စက်ဝိုင်းဆီသို့ ပြေးနေသည်ဟု ထင်ရ၏။ တစ်ခါတစ်ရံ နွားငေါက်သံများ၊ ချူသံများ၊ သီချင်းဆိုသံများကလည်း လယ်ယာခွင်ကို အလှဆင်နေတော့သည်။

"စကားမစပ် × × × ဦးသောင်း မနေ့က ရွာကို ပြန်ရောက်တယ်နော်"

"ဟုတ်ပါတယ် ဆရာ၊ ဒီတစ်ခေါက်တော့ နှစ်လလောက် ကြာသွားတယ်ဆရာ"

"မိသားစု စားဝတ်နေရေး၊ စီးပွားရေးကော အဆင်ပြေရဲ့လားဗျ"

"ရရစားစားပါပဲ ဆရာရယ်၊ ကျွန်တော်လည်း ဒီလိုပဲ



အရောင်းအဝယ်နဲ့ ခရီးသွားနေရတော့ တစ်လတစ်ကြိမ်၊ နှစ်လ တစ်ကြိမ်လောက်မှ အိမ်ကိုပြန်လာနိုင်ပါတယ်။ ပြန်ရင်လည်း ခဏပါပဲ × × × ကျွန်တော့်သမီးရဲ့ ပညာရေးအတွက်တော့ ဆရာ့ကိုပဲ အပ်ပါရစေနော်"

"အိမ်က အမေနဲ့သမီးကော အဆင်ပြေရဲ့လားဗျ"

"ကျွန်တော့်အမျိုးသမီးက ကျွန်တော့်ထက် အသက် နှစ်ဆယ်လောက် ငယ်ပါတယ် ဆရာ × × × သမီး မေမေက ဆုံးတာကြာပါပြီ။ နောက်အိမ်ထောင်နဲ့ကတော့ သားသမီး မထွန်းကားသေးပါဘူး။ မိထွေးဖြစ်ပေမယ့် တော်ပါတယ်၊ သမီး ဖြူဖြူကို ချစ်ရှာပါတယ်၊ ဂရုစိုက်ရှာပါတယ်။

"ဗျာ × × × ဟုတ်မှဟုတ်ရဲ့လား ဦးသောင်းရယ်"

"ဟုတ်ပါတယ် ဆရာ × × × ဘာဖြစ်လို့လဲ × × × ပြောစမ်းပါအုံး"

"ဒီမှာ × × × ဦးသောင်း × × × မိတဆိုးသမီးလေး ဖြူဖြူရဲ့ဘဝကို ခင်ဗျား ဒီလိုပဲပစ်ထားတော့မှာလား × × × အရွယ် မရောက်ခင်ကပဲ မိခင်ကွယ်လွန်ခဲ့လို့ အားငယ်စိတ်တွေနဲ့ အမေလိုချစ်မယ့် အမေမျိုးရှာနေပေမယ့် အမေတော်နေခဲ့တယ်။ အဖေ့မေတ္တာ ခံယူချင်ပေမယ့်လည်း အဖေက အိမ်မကပ်နိုင်ဘူးလေ၊ အဝေးမှာလိုလိုပဲဆိုတော့ အဖေ့မေတ္တာကိုလည်း မရရှာ ပြန်ပါဘူးဗျာ၊ အတူနေတဲ့ အမေလေးဆီမှာ မိခင်ပိုချစ်ခြင်း မေတ္တာနဲ့ကရုဏာ ဝေလာဝေးမို့ ကလေးဟာ အထီးကျန်ဘဝ

www.burmeseclassic.com



ရောက်နေရပြီ ဦးသောင်း x x x ဒါတွေ နည်းနည်းမှ မသိဘူးလားဗျာ"

ရင်မောစွာဖြင့် သက်ပြင်းရှည်တစ်ချက်မှုတ်ထုတ်ရင်း လယ်ကန်သင်းပေါ်တွင် ကျွန်တော်ထိုင်ချလိုက်မိပါသည်။ စိုးရိမ်စိတ်၊ အားငယ်ပူပန်စိတ်များ လွှမ်းသောအကြည့်ဖြင့် ကျွန်တော်ဆက်ပြောမည့်စကားကို ဦးသောင်း နားစွင့်နေသည်ကို ကျွန်တော်သိလိုက်ပါသည်။

"သမီးဖြူဖြူဟာ အရွယ်ရောက်စပြုလာပြီဆိုတာကိုတော့ မမေ့ပါနဲ့ ဦးသောင်းရယ် x x x ဒီအရွယ်တွေမှာ ရှက်စိတ်၊ ကြောက်စိတ်နဲ့ ဝတ်ချင်စားချင်တဲ့စိတ်တွေက လွှမ်းမိုးလာပြီလေ x x x ခင်ဗျား ခရီးရှည်ထွက်နေချိန်မှာ သူ့ခမျာ မဝရေစာနဲ့ မုန့်ဖိုး၊ စာအုပ်ဖိုးတောင် ပြည့်စုံအောင်မရရှာပါဘူး"

"သမီး မျက်နှာမငယ်ရအောင် ကျွန်တော် သေသေချာချာ မှာခဲ့ပါတယ် ဆရာရယ် x x x"

"ခင်ဗျား ဒေါသမပါဘဲ စိတ်ရှည်ရှည်နဲ့တော့ ဆက်ပြီးနားထောင်ပါ x x x တပည့်ဖြူဖြူဟာ ကျောင်းမှာ ပျော်ပျော်ရွှင်ရွှင်နဲ့နေတာ တစ်ခါမှမတွေ့ရဘူး။ အမြဲလိုလိုပဲ ငေးငေးငိုင်ငိုင်နဲ့လေ x x x ပြီးခဲ့တဲ့လက အစမ်းစာမေးပွဲ ကျရှုံးခဲ့တဲ့အပြင် ငွေကြေးအကျပ်အတည်း ကြုံလို့ထင်ပါရဲ့ဗျာ အတန်းထဲက သူငယ်ချင်းဆီက ပိုက်ဆံကို မသိအောင်ယူမိတဲ့ အခြေအနေအထိဖြစ်လာခဲ့တယ် x x x ဒီကိစ္စကိုလည်း ကျွန်တော်



တစ်ယောက်ထဲပဲသိပါတယ်"

"ဦးသောင်း ချစ်မြတ်နိုးတဲ့ သူ့အမေလေးရဲ့ ဖိစီးနှိပ်စက်မှုအမျိုးမျိုး ခံနေရလို့ အဖေကိုပြန်ပြောရင်လည်း စိတ်ဆင်းရဲမှာပဲဆိုပြီး အိမ်ကထွက်ပြေးဖို့အထိ ကြံခဲ့သေးတယ်တဲ့ဗျာ x x x ကောင်းရော"

"ဗျာ x x x ဒီအတိုင်း အမှန်ပဲလားဗျာ၊ ဒါဆို x x x လာ ဆရာ x x x အိမ်ပြန်ကြရအောင်"

ရုတ်တရက် မတ်တပ်ရပ်ကာ ရှာဘက်သို့ ဦးသောင်း ခြေဦးလှည့်လိုက်ပါသည်။ သည်တော့ x x x ကျွန်တော်က ဆက်ရပြန်ပါသည်။

"ခဏထိုင်ပါအုံး ဦးသောင်း x x x ကျွန်တော့်မှာ ပြောစရာတွေရှိနေသေးတယ် x x x စိတ်အေးအေးထားစမ်းပါ။ ချက်ချင်းအိမ်ကိုပြန် x x x ဇနီးရောသမီးကိုပါ စိတ်လိုက်မာန်ပါ ခင်ဗျား ပြဿနာရှင်းဖို့ ဆုံးမဖို့ပြင်မယ်မဟုတ်လား x x x ကျွန်တော်တို့ဆရာတွေမှာ တပည့်တွေရဲ့ အနာဂတ်ရေးအတွက် အကောင်းဆုံး ပြုစုပျိုးထောင်ပေးဖို့ ကြီးမားတဲ့တာဝန်နဲ့ ရည်မှန်းချက်တွေရှိနေကြပါတယ်။ ဒါကိုလည်း မိဘအုပ်ထိန်းသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်လို့ အလေးအနက် ယုံကြည်ပါတယ်။ "ဘယ်သူမပြုမိမိမှု" လို့ပဲမှတ်ပါ။ ကျွန်တော် ဦးသောင်းတို့ရဲ့ မိသားစုကို ပြိုကွဲအောင်လုပ်ဖို့ လာခဲ့တာမဟုတ်ပါဘူး။ ကျွန်တော် လာတွေ့ရတဲ့ ရည်မှန်းချက်တွေကိုလည်း လမ်းစ

www.burmeseclassic.com

www.burmeseclassic.com


ပျောက်မခံနိုင်ဘူး"

"ဒီမှာ ဦးသောင်း × × × ကျွန်တော့်ကြောင့် ခင်ဗျားတို့ မိသားစုမှာ ပြဿနာတွေထပ်တိုးလာမယ်ဆိုရင် ကျွန်တော် ရှုံးပါတယ် × × × အရှုံးကြီးရှုံးပါတယ် × × × **အများမြင်ရင် အမှန်မြင်နိုင်ရမှာပေါ့။ တကယ်တော့ × × × ဒေါသနဲ့မျက်ရည်တွေကြားမှာ ပြဿနာကို ဖြေရှင်းနိုင်တဲ့ အဖြေမှန်မရှိနိုင်ပါဘူး။** အေး × × × ကျွန်တော့်တပည့်ဖြူဖြူရဲ့ ပညာရေးအတွက်ကိုတော့ ကျွန်တော် လုံးဝတာဝန်ယူတယ်ဆိုတာ ပြောချင်တယ် × × × ဦးသောင်းရဲ့ တာဝန်ကိုသာ"

သူရိန်နေမင်းကလည်း အနောက်ဂေါယာကျွန်းသို့ ယွန်းခဲ့ပေပြီ။ ညနေဆည်းဆာ၏ သဘာဝပန်းချီကားတစ်ချပ် × × × သူ့အလှကွန်ယက်က မြင်ရသူတို့အား လွှဲထွက်နိုင်ဖွယ်ရာ မရှိ၊ စွဲမက်ဖွယ်ရာအတည့် × × × တစ်ချက်တစ်ချက် တိုးဝှေ့တိုက်ခတ်လာသော လေပြည်လေညှင်းတွင် ကောက်သင်းနံ့ကလေးက သင်းပျံ့ပျံ့ × × × အဝေးဆီမှ ပျံ့လွင့်လာသော ဥဩငှက်၏ နွေးတေးသံကလည်း ဖော်ကွာဝေးသူတို့အား ဆွေးစေဖို့ ဖန်ခဲ့ပြန်ပါသည်။

ကျေးငှက်တို့သည်လည်း အုပ်ဖွဲ့၍ အိပ်တန်းဆီသို့ ပျံသန်းနေကြသည်မှာ ကြည့်၍ပင်ကောင်းတော့သည်။

တစ်ကောင် × × × နှစ်ကောင် × × × သုံးကောင်

သည်ငွေဗျိုင်းဖြူသုံးကောင်တို့ အိပ်တန်းဝင်ကြသည်မှာ နောက်ကျလွန်းလှသည်။ သို့ပေမယ့် × × × ရှေ့ဆုံးက နှစ်ကောင် မဖိုတွဲ၍ ပျော်ပွဲဆင်နေသည့်ဟန် × × × နိမ့်ချီမြင့်ချီဟန်ညီညီဖြင့် သံစုံကျူး၍ မြူးထူးပျံသန်း အိပ်တန်းဝင်နေကြသည်မှာ ကြည်နူးစရာ × × ×

အလို × × × အပျံသင်စ နောက်ဆုံးက ငွေဗျိုင်းဖြူငယ်လေ × × × အမှောင်မရောက် လမ်းမပျောက်ခင် အိပ်တန်းဝင်နိုင်ပါစေလို့သာ × × ×

အဇတွေးကိုယ်စီဖြင့် လာလမ်းအတိုင်းပြန်ခဲ့၍ ရွာအနီးသို့ ကျွန်တော်တို့နှစ်ဦးပြန်ရောက်ချိန်တွင် ငွေစန္ဒာလမင်းကလည်း ရွှန်းတင့်ကြည်သာ မေတ္တာရောင်တို့ ဖြာဝေနေခဲ့ပေပြီ × × ×

**"ပန်းတိုင်းမွှင့်၍ ပွင့်စေသာမန်းတိုင်းစမ္မးပါစေ"**

ဆရာနု

၁၉၉၇ ခုနှစ်၊ ဇူလိုင်လ
ဘုရင့်နောင်မဂ္ဂဇင်း အမှတ်(၂)

www.burmeseclassic.com

www.burmeseclassic.com

# အတိတ်၏အရိပ်

ပညာရေးဌာနတွင် အနှစ်(၄၀)ခန့်တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာအိုတစ်ယောက် × × ×

သူဖြတ်သန်းခဲ့သည့် ပညာရေးခရီးလမ်းတစ်လျှောက်တွင် တွေ့ကြုံခံစားဖြေရှင်းဆောင်ရွက်ခဲ့ရသည်များကို ပြန်လည်သတိရရင်း × × × တိမ်မယောင်နှင့်နက်၍၊ လွှယ်မယောင်နှင့်ခက်လှသော ကျောင်းဆရာတို့ရဲ့အလုပ် × × × ပြီးတော့ သူတို့ရဲ့အဝအဆွေ့အကြုံများကပေးသော ဘဝသင်ခန်းစာများ × × ×

ဟိုသည်တွေးတောရင်း ရင်မောဖွယ်၊ ဆွတ်ပျံ့ကြည်နူးဖွယ်၊ အောက်မေ့သတိရဖွယ်များဖြင့် အိပ်မရသော ညတစ်ညဖြစ်ခဲ့ရပြန်သည်။

ဒီဇင်ဘာလ၏ တစ်ခုသောနံနက်ခင်း × × ×

ကျောင်းတွင်း ပညာရေးမိသားစု ဆွေးနွေးပွဲကလေးတစ်ခု လုပ်ဖြစ်ပါသည်။ ဤကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ပထမဆုံး ဆိုစည်းရသည့်ပွဲမို့ ပညာရေးမိသားစုဝင်အားလုံး စုံစုံညီညီ တက်တက်ကြွကြွဖြင့် တက်ရောက်လာကြသည်မှာ အားရဖွယ်မြင်ကွင်းတစ်ခုဖြစ်ပါသည်။

တကယ်တော့ ကျောင်းတစ်ကျောင်း တိုးတက်ကောင်းမွန်ရေးအတွက် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ



တို့၏ ရင်းနှီးပွင့်လင်းသော ဆွေးနွေးညှိနှိုင်းမှုမှာ မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်၊ အယူအဆ၊ အကြံဉာဏ် တူချင်မှတူပေလိမ့်မည်။ သို့ရာတွင် စိတ်ကောင်း စေတနာကောင်းနှင့်ယှဉ်သော ရိုးသားဖြူစင်၍ ပွင့်လင်းသည့် ဆွေးနွေးညှိနှိုင်းမှုများက ကျောင်းတစ်ကျောင်း၏ တည်တံ့တိုးတက်ရေးအတွက် ကြီးစွာသော အင်အားတစ်ခု၊ အထောက်အကူတစ်ခု ဖြစ်စေပါလိမ့်မည်။

"တကယ်တော့ × × × ကျွန်တော်တို့ကျောင်းဟာ ကျောင်းသား ၂၀၀၀ လောက် ဝင်ဆံ့ပါတယ်။ ဒါပေမယ့် အခုတော့ ကျောင်းသား ၅၀၀ လောက်သာ ရှိတော့တာမို့ ကျွန်တော်တို့အားလုံး မျက်နှာငယ်ရ၊ အားငယ်နေရပါပြီ"

မိသားစုဝင်ဆရာတစ်ဦးက ကျောင်းသား လျော့နည်းနေသည့် အဓိကပြဿနာကို အလေးအနက်ထား တင်ပြခဲ့ပါတယ်။

"အလယ်တန်းကျောင်းများက အဋ္ဌမတန်းအောင်ပြီး ပညာတော်တဲ့ကလေးတွေအားလုံး နာမည်ကြီးကျောင်းတွေကို ဝင်ခွင့်ရသွားခဲ့ကြပါတယ်။ ဒီလိုနဲ့ စာညံ့တဲ့ကလေးတွေသာ ကျွန်မတို့ကျောင်းကို ဝင်ခွင့်တောင်းပြီး ခွင့်ပြုခဲ့ရတော့ အောင်ချက်လည်းညံ့၊ စည်းကမ်းလည်းပျက် အခက်မျိုးစုံ ကြုံနေရပါတယ် × × ×"

အထက်တန်းပြ ဆရာမတစ်ဦးကလည်း သူ့အမြင်၊ သူ့အတွေးကို အလေးအနက်ထား၍ ဆွေးနွေးတင်ပြနေချိန်

www.burmeseclassic.com

www.burmeseclassic.com

တွင် တက်ရောက်သူ ဆရာ ဆရာမများ အားလုံးကလည်း ထောက်ခံမှု အပြည့်အဝပါသောအကြည့်ဖြင့် ခေါင်းတညိတ်ညိတ်ရှိနေကြသည်။ ဆွေးနွေးပွဲမှာလည်း ပို၍ပင် သက်ဝင်လှုပ်ရှား စိတ်ဝင်စားဖွယ်ရာဖြစ်လာခဲ့ပါသည်။

သည်နောက် ××× မိဘဆရာအသင်း အတွင်းရေးမှူးတာဝန်ကိုယူထားရသော ဆရာက မတ်တတ်ရပ်လိုက်ပြီး အေးဆေးတည်ငြိမ်စွာဖြင့် ×××

"ပြီးခဲ့တဲ့နှစ်က ၁၀တန်းအောင်ချက် နိမ့်ကျခဲ့လို့ ကျောင်းအုပ်ကြီးရော ဘာသာပြဆရာအချို့ပါ ထုချေလွှာ တင်ခဲ့ရပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေတဲ့ကြားက အခုလိုဖြစ်လာတော့ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ကျောင်းရဲ့ အနာဂတ်ရေးအတွက် ဂုဏ်မငယ်ရအောင် လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေ အမြန်ဆုံးလုပ်ဖို့လိုနေပြီလို့ ကျွန်တော်အကြံပြုပါတယ် ×××"

အမှတ်မထင် ဆုံစည်းခဲ့သော ကျွန်တော်တို့ မကျောင်းတွင်း ပညာရေးမိသားစု ဆွေးနွေးပွဲကလေးသည် အနှစ်သာရရှိ၍ အဓိပ္ပာယ်ပြည့်ဝလှပါ၏။ ကျောင်း၏အားနည်းချက်၊ လိုအပ်ချက်များကို အသီးသီးဖွင့်ချ ထောက်ပြသွားခဲ့ကြသည်။ အနာရှိလာပြီဖြစ်၍ ဆေးသိရန်၊ ဆေးရှိရန် ကျွန်တော်တို့ ကြိုးစားကြရပေတော့မည်။

ထက်၊ လယ်၊ မှု သုံးဆင့်စလုံးရှိနေ၍ မူလတန်းနှင့် အထက်တန်းဆင့်တွင် တာဝန်ယူမနေကြရသည့် ဆရာ၊ ဆရာမ



များကလည်း **"တို့ကျောင်းသာယာ တို့ဝန်တာ"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

"တစ်ခုဆိုးတာက ××× ကျွန်မတို့ကျောင်းဟာ ဆင်းရဲနွမ်းပါးတဲ့ ရပ်ဝေးက ကလေးတွေ စုဝေးရာနေရာဖြစ်နေတော့ စည်းကမ်းထိန်းသိမ်းရတာလည်းခက်၊ ရပ်ပိုင်းဆိုင်ရာ ကျောင်းအဆောက်အအုံတွေကိုလည်း ငွေကြေးအလှူ မထည့်နိုင်ကြတော့ မပြုပြင်နိုင် ××× အင်း ××× စိတ်ပိုင်းဆိုင်ရာကလည်း ကျဆင်းစရာတွေချည်းပဲမို့ ×××"

အားတက်သရော တင်ပြနေကြသည့် လုပ်ဖော်ကိုင်ဖက်များ၏ ဆွေးနွေးအကြံပြုချက်များကို ကောင်းစွာမှတ်သား သတိပြုရင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ မနည်းလှကြောင်း ရေတိုရေရှည်အစီအစဉ်များချမှတ်ကာ ဆောင်ရွက်သင့်သည့်နည်းလမ်းများ အမြန်ဆုံးရှာကြံကုစားရမည်ကို သတိပြုမိလိုက်ပါသည်။ တကယ်တော့ ××× သည်ကျောင်းသည် ပြည်ချစ်ရင်သွေး အညွန့်အဖူးကလေးများကို မွေးထုတ်ပေးရမည့် ကျွန်တော်တို့ ပညာရေးမိသားစု၏ကျောင်း ကျွန်ုပ်တို့အိမ်၊ ကျွန်ုပ်တို့ဂုဏ်မှာ ×××

**"ဘယ်သူမပြု မိမိမှု"** တဲ့ ကျွန်တော်တို့ကျောင်း ကောင်းအောင် ကျွန်တော်တို့အားလုံးကပင် ဝိုင်းဝန်းလုပ်ဆောင်ကြရပေလိမ့်မည်။ ကိုယ်စိတ်ဆင်းရဲ ဝမ်းနည်းနေရုံမျှဖြင့်မပြီး ××× ကျွန်တော်တို့ ကျောင်းဆရာများသည် ထောင့်တစ်နေရာက မြင့်မြတ်သော ပညာရေးတာဝန်ဖြင့် နိုင်ငံ့တာဝန်ကို

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်နေကြသူများဖြစ်ကြသည်။

**အခက်အခဲ၊ အကြပ်အတည်းဟူသမျှတို့သည် ကျွန်ုပ်တို့၏ လုံ့လဝီရိယနှင့် ဉာဏ်စွမ်းဉာဏ်စကို စမ်းသပ်လိုကြ၍သာ ဝိန်ခေါ်ပေါ်ပေါက်လာခြင်း ဖြစ်တန်ကောင်းပါသည်။**

"ကျွန်တော် တစ်ခုလေးဆွေးနွေးချင်ပါတယ်။ ဆင်းရဲနွမ်းပါးသူများရဲ့ သားသမီးတွေကို ကြည်ကြည်ဖြူဖြူ လက်ခံကြစေချင်ပါတယ်။ မိဘအခြေခံကောင်းနဲ့ ပင်ကိုဉာဏ်ကောင်းပြီး ဘာသာစုံဂုဏ်ထူးထွက်မယ့် ကလေးကို သိမ်းသွင်းရင်း × × × အဲ့ဒါ ငါတပည့်ကွလို့ ကြွေးကြော်နေကြမယ့်အစား ဂုဏ်ယူဝင့်ကြွားနေကြမယ့်အစား၊ နွမ်းပါးတဲ့ ကလေးတွေရဲ့ဘဝကိုလည်း ကယ်တင်ရင်း၊ မြင့်မြတ်တဲ့ ဆရာ့နှလုံးသားကိုပြကြပါလို့ ကျွန်တော် အထူးမေတ္တာရပ်ခံချင်ပါတယ်"

သည်တစ်ကြိမ်တွင် တက်ရောက်သူအားလုံး ငြိမ်သက်သွားခဲ့ပါသည်။ ကျောင်းသို့ရောက်စ ကျောင်းအုပ်ကြီးတစ်ယောက်၏အယူအဆကို လုပ်ဖော်ကိုင်ဖက်များ မည်သို့ကောက်ချက်ချကြပါမည်နည်း။ အဖြေတစ်ခုအတွက် အချိန်တစ်ခုတော့ စောင့်ကြရပေလိမ့်မည်။ အဓိကကျသည်က ကျွန်တော်တို့အားလုံး အလုပ်လုပ်နေကြဖို့ပင်ဖြစ်ပါသည်။

၁၀ တန်းစာမေးပွဲကြီး နီးကပ်လာသည်နှင့်အမျှ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ညအိပ်စခန်းသွင်းကာ အပူတပြင်း လေ့ကျင့်သင်ကြားမှုများ၊ စာကျက်ဝိုင်းများ၊ သင်ခန်းစာဆွေးနွေးမှုများ၊ စာမေးပွဲ ဖြေဆို



နည်းများ လေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြသဖြင့် တာဝန်ရှိ၍ တာဝန်သိကြသော ဆရာ၊ ဆရာမများအားလုံး ပင်ပန်းခဲ့ကြပါသည်။ ဤသို့ဖြင့် ရည်မှန်းချက်ကိုဦးတည်သည့် ကောင်းမြတ်သော အောင်မြင်မှုအရိပ်လက္ခဏာများကို ကြိုတင်မြင်တွေ့နေကြ၍လည်း အလုပ်ပျော်၍ မမောနိုင်၊ မပန်းနိုင်ခဲ့ × × ×

တစ်ခုသော ညချမ်း × × × လမင်းက ထိန်ထိန်သာနေသည်။

ကျောင်းရှေ့ပန်းဥယျာဉ်မှ ညမွှေးပန်းတို့၏ မွှေးရနံ့ကသင်းပျံ့ပျံ့ × × × အမှတ်မထင် တိုးဝင်လာသည့် လေပြည်လေညှင်းကြောင့် ရင်တွင်းအေးမြ၊ လသာသည့်ည × × သည် ညချမ်းတွင် တပည့်သားသမီးတို့၏ရှေ့ရေးအတွက် ဆုံမိကြပြန်၍ မှာကြားဆွေးနွေး အကြံပေးရပြန်ပါသည်။

**"အေးကွယ် × × × တို့ကျောင်းကို ကျောင်းသားနည်းလို့ × × × ကျောင်းလာမအပ်ကြလို့ × × × ဆိုပြီး အားငယ်စိတ်နဲ့ အပြစ်တင်၊ ဘဝင်မကျ ဖြစ်မနေကြပါနဲ့တော့။ ကျောင်းသားတွေနေချင်တဲ့၊ မိဘတွေလိုလိုလားလား ကျောင်းအပ်ချင်တဲ့ ကျောင်းတစ်ကျောင်း ဖြစ်လာအောင်သာ တို့တွေအားလုံး ဝိုင်းဝန်းခြည်ဆည်း ကြိုးပမ်းပေးကြမယ်ဆိုရင် × × ×"**

သည်သို့ဖြင့် လာမည့်ပညာသင်နှစ်အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ကြရပါပြီ။ ဇွန်လ(၁)ရက်နေ့တွင် အချိန်စာရင်းဖြင့် အချိန်ပြည့်ကျောင်းတက်ကာ ပညာသင်ကြားမှု စတင်နိုင်ရန် မေလ လဝက်ခန့်ကပင် စတင်လုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလက်ခံသည်ကအစ ဆောင်ရွက်ခဲ့ကြပါသည်။ ကျောင်းသားလက်ခံသည် ဆိုရာတွင်လည်း ဆူကြိုနိမ့်မြင့် မခွဲခြား၊ အတန်းလိုက် အခန်းဝင်ဆံ့နိုင်မည့်ဦးရေကို အဖွဲ့ငယ်များဖွဲ့ကာ လွယ်ကူစွာလက်ခံနိုင်ရေး စီစဉ်ထားပြီးဖြစ်၍ ကျောင်းအုပ်ကြီးတွင် ထွေထွေထူးထူး အလုပ်ရှုပ်စရာမရှိလှပေ။

"အလို ××× ကျောင်းရှေ့ဝင်ပေါက်တံခါးမှ ထူးထူးခြားခြား ဝင်လာနေသည့် အဖွားအိုတစ်ယောက် ×××"

ခေါင်းပေါ်တွင် တဘက်စောင်အနွမ်းကလေးကို ခေါက်တင်ကာ ကလေးငယ်တစ်ယောက်ကို လက်ဆွဲရင်း ကျောင်းတွင်းသို့ ဝင်လာနေသည်။ စူးစူးစိုက်စိုက် သည်အဖွားအိုကြည့်လိုက်တော့မှ မွေးရပ်မြေတွင် နာမကျန်းဖြစ်နေသည့် အမေ့ကိုပြေး၍ အောက်မေ့လိုက်မိပါသည်။ သည်အချိန်တွင် အမေသည်သားကို အနားတွင်ရှိနေစေချင်ပါလိမ့်မည် ××× သို့ပေမယ့် ××× သို့ပေမယ့် ××× အခုတော့ ×××

သည်အဖွားအိုနှင့် ရုံးခန်းတွင် ဆုံမိခဲ့ကြပါသည်။

"အဖွား ××× ဘယ်ကလာခဲ့ပါသလဲခင်ဗျာ"

"တောနယ်ကလာခဲ့ပါတယ် ××× သားရယ် ××× ရှစ်တန်းအောင်တဲ့ ဟောဒီမြေးလေးကိုပါ ××× တစ်မိပေါက်တစ်ယောက်ထွန်း ပညာတတ်စေချင်လွန်းလို့ မြို့ကျောင်းကို လာအပ်တာပါ"

တကယ်တော့ ××× ကျွန်တော်တို့ကျောင်း၏ ပညာ့အရိပ်ကို ခိုဝင်လာလိုသူတိုင်း အခက်အခဲမရှိ နားခိုပြုပြင်



ပညာသင်ခွင့်ပေးမြဲဖြစ်ပေမယ့် ××× အမျိုးနှစ်သက်သည့် အောင်ချက်ကောင်းသော အခြားကျောင်းတစ်ကျောင်းတွင် အပ်နှံသင့်ကြောင်း အဖွားကို အကြံပြုကြည့်ခဲ့မိပါသည်။

"နွမ်းပါးတဲ့ အဖွားတို့ရဲ့မိသားစုကို ငဲ့ညှာပြီး ဒီကျောင်းမှာပဲ မြေးလေးကို တက်ခွင့်ပြုစေချင်ပါတယ် သားရယ်"

အဖွား၏စကားမှာ ကျွန်တော့်နှလုံးသားတွင် လှုပ်ရှားခံစားမှုတစ်ခု ဖြစ်ခဲ့ရချေပြီ။ ညှိုးငယ်သောမျက်နှာဖြင့် မျက်ရည်ဝေ့ဝဲနေသော အဖွားအတွက် ကျွန်တော်စိတ်ထိခိုက်မိပါသည်။

သေသေချာချာကြည့်တော့မှ အဖွားသည် ကျွန်တော့်အမေနှင့် အလွန်တူလှပါသည်။ ငွေရောင်ဆံခြည်စကလေးများ ပါးပြင်အထိ ဝေ့ဝဲကျနေသည်။ ပြီးတော့ အရပ်အမောင်းအရွယ် ××× သည်အဖွားနှင့်ဆုံစည်းခွင့်ရခဲ့သည့် တဒင်္ဂ အမေ့ကို လွမ်းလိုက်ရသည့်ဖြစ်ခြင်း၊ ××× ပြီးတော့ ကျန်းမာစေကြောင်း အမေ့ထံဆုတောင်းမေတ္တာပို့ခဲ့ပါသည်။

ကျွန်တော်ငယ်စဉ်က ××× သည်အဖွားလိုပင် အမေသည် တဘက်အနွမ်းကလေးကို ခေါင်းပေါ်တွင် ခေါက်တင်ရင်း ကျွန်တော့်လက်ကိုဆွဲကာ ရွာမှမြို့ကျောင်းသို့ လိုက်ပို့အပ်နှံပေးခဲ့သည်။ သည်တုန်းက အမေ့တွင် မည်သည့် အခက်အခဲ ကြုံခဲ့ရပါသနည်း။ အမေ မည်သို့ တွေ့ကြုံခံစားခဲ့ရပါသနည်း။ သားအတွက် မျှော်လင့်ချက်ကြီးစွာထားခဲ့သော အမေ ××× အမေ့သားသည် အခုတော့ ကျောင်းတစ်ကျောင်း၏ ပညာရေးကံကြမ္မာကို တာဝန်ယူခွင့် ပြုပြင်ဖန်တီးခွင့် ရနေ

www.burmeseclassic.com

www.burmeseclassic.com



ပါပြီအမေ × × ×

"ဆရာ ဒီကလေးကို နဝမတန်း(က)မှာ လက်ခံလိုက်ပါ။ ကလေးအတွက် မိဘကထည့်ဝင်ရမယ့် ရန်ပုံငွေကို ကျွန်တော် ပေးပါ့မယ် × × × တခြား ဘာအလှူငွေမှ မကောက်ပါနဲ့"

ကလေး၏ပခုံးကိုဖက်၍ အတန်းပိုင်ဆရာ ရုံးခန်းက ထွက်ခွာသွားသည်ကို တွေ့ရချိန်တွင် မျက်ဝန်းအိမ်မှ စီးကျလာသည့် မျက်ရည်စတို့ကို တဘက်အနွမ်းကလေးဖြင့် အဖွားသိမ်းနေသည်ကို မြင်တွေ့လိုက်ရပါသည်။

ချစ်သမီး ဆရာမလေး မေစံပယ်ဖြူနှင့် အမှတ်တရဖြင့်

ဆရာနု

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ
ပညာတန်ဆောင် အတွဲ(၄၉)၊ အမှတ်(၈)



# သိစေချင်သည်

စာသင်သား ရဟန်းသံဃာ ငါးရာကျော်ရှိသည့် ဒရိုယတ္တိစာသင်တိုက်ကြီးတွင် စာဝါချပြီး၍ ခေတ္တနားနေခိုက် ဆရာတော်ကြီးအား ဖူးမြော်ခွင့်ရရှိခဲ့ပါသည်။

"ဒကာကြီးနဲ့ မဆုံမိကြတာကြာပြီနော်"

"မှန်လှပါဘုရား × × × တပည့်တော်လည်း ကျောင်းကိစ္စအဝဝတွေနဲ့ တစ်နေ့ တစ်နေ့ အားရတယ်လို့မရှိပါဘူး × × × ဆရာတော်ကြီးကို လာရောက်ဖူးမြော်ဖို့ လစ်ဟင်းခဲ့တာကိုလည်း သည်းခံတော်မူပါဘုရား"

**"ကိစ္စများမြောင် လူတို့ဘောင်ဆိုတာ ဒီလိုပါပဲ ဒကာကြီး × × × တစ်ရက်မှာ အလုပ်ဆယ်ခုပြီးအောင် လုပ်နိုင်တယ်ဆိုရင်တောင် ကိုယ့်ဖို့ တစ်ခုတစ်လေ ပါချင်မှပါတတ်တာပဲ × × × သူများအတွက်တွေချည်းလုပ်ရင်းနဲ့ အချိန်တွေ ကုန်နေတတ်ပါတယ် × × × သွားသတိ၊ လာသတိ၊ စားသတိလေးနဲ့ သတိပဋ္ဌာန်ပွားနေဖို့ မမေ့နဲ့နော် × × × ဒကာကြီး"**

"ဗျာယတာဘိက္ခဝေ × × × အစချီတဲ့ ဂါထာတော်နဲ့ × × × ချစ်သားတို့ ဝိပဿနာတရားအလုပ် အားထုတ်ကြ × × × တရားအားမထုတ်ဘဲ သားရေး သမီးရေး၊ စီးပွားရေးတွေနောက် တကောက်ကောက် လိုက်နေမိခဲ့ကြလို့ သေရာညောင်စောင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောင်းစက်တဲ့အခါကြတော့မှ ××× မျက်ရည်ကြီးငယ်ကျပြီး သြော် ××× ငါတော့ မှားပါပေါ့လားလို့ နောင်တတရား မဖြစ်ကြပါကုန်လင့်လို့ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ၁၇၉၂ ကြိမ်တိုင်တိုင် ဟောကြားတော်မူခဲ့ကြောင်း ××× မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့တဲ့ တရားတော်ကို နာကြားပြီးကတည်းက အထိုက်အလျောက် အသိဝင်လို့ သတိယှဉ်နိုင်ခဲ့ပါတယ် ××× ဘုရား"

"အေးကွယ် ××× သာဓု××× သာဓု××× သာဓု××× ဒါနဲ့ ××× ဒကာကြီး လာရင်းကိစ္စရှိရင်ပြောပါအုံး"

"ကိစ္စကတော့ တပည့်တော်ရဲ့ကျောင်းမှာ အရွယ်ရောက်နေပေမယ့် မိဘတွေဆင်းရဲနွမ်းပါးကြလို့ ရှင်မပြုရသေးတဲ့ ကလေးတွေရှိနေကြပါတယ်ဘုရား ××× ဝိနည်းတော်နဲ့အညီ တိုတိုကျဉ်းကျဉ်း သာသနာဘောင်တွင်း သွတ်သွင်းနိုင်မယ့် နည်းလမ်းပေးတော်မူပါဘုရား"

"ငွေတြေးမပြည့်စုံလို့ ××× ဆင်းရဲချို့တဲ့လို့ ××× သာသနာ့ဘောင်တွင်း ဝင်ခွင့်မရဘူးဆိုတာ မဖြစ်သင့်ဘူး ဒကာကြီး ××× ကုသိုလ်မှုပြုချင်တဲ့ ဒကာကြီးရဲ့ သဒ္ဓါတရားနှင့် ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ဘုန်းကြီးတို့မှာလည်း သာသနာ့ တာဝန်ရှိပါတယ်။ စိတ်အေးအေးသာထားပါတော့ ဒကာကြီး"

ကျောင်းပိတ်ရက်တစ်ရက်တွင် ဆရာတော်ဘုရားကြီးထံ ဆိုစည်းရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ဆရာရင်း ဒကာရင်း ဖြစ်၍လည်း ပွင့်လင်းစွာလျှောက်ထားခဲ့ပါသည်။ ချက်ချင်းပင်



ကျောင်းတိုက် ဆွမ်းကွမ်းကိစ္စ ထာဝရတာဝန်ယူထားသော ပုဂ္ဂိုလ်အချို့နဲ့ တိုက်အုပ်ဦးပဉ္စင်းအားခေါ်ယူကာ လိုအပ်သည်များ မိန့်ကြားတော်မူပါသည်။

ရှင်ပြုကုသိုလ်မှုအတွက်ရရှိခဲ့သည့် အခွင့်အလမ်းများကို မိဘဆရာအသင်းနှင့် ပညာရေးမိသားစုအား ပြန်လည်ပြောကြားချိန်တွင် ဝမ်းမြောက်ကြည်နူးမဆုံး ရှိခဲ့ကြပါသည်။

"ဆွမ်းကွမ်းကိစ္စအတွက်သာ ဆရာတော်ကြီး စီစဉ်ခွင့်ပြုခဲ့သည့်အတိုင်း လက်ခံပြီး သင်္ကန်းပရိက္ခရာအတွက်ကိုတော့ သတ်မှတ်နှုန်းထားလေးတစ်ခုနဲ့ ပညာရေးမိသားစုအတွင်း အလှူရှင်ဖိတ်ခေါ်လက်ခံရင် ပိုပြီးသင့်မြတ်မလားလို့ ကျွန်မအကြံပြုချင်ပါတယ်"

သဒ္ဓါစိတ်လွှမ်းသည့် အတန်းပိုင်ဆရာမတစ်ဦးရဲ့ ဆွေးနွေးတင်ပြချက်ကို ကောင်းစွာလက်ခံခဲ့ကြပါသည်။ ပြီးတော့မှ တာဝန်ရှိသူတစ်ဦးအနေဖြင့် ကျွန်တော်ဆက်လက် တင်ပြညှိနှိုင်းခဲ့ပါသည်။

"အကြံဉာဏ်ကောင်းတွေရလို့ ဝမ်းမြောက်လှပါတယ်။ ရဟန်းက(၃)ပါး၊ ရှင်က(၃၈)ပါးပါဝင်မည့် ပညာရေးမိသားစု ရဟန်းခံရှင်ပြုပွဲမှ အကြံပြုသည့်အတိုင်း ပဉ္စင်းဒကာ၊ ရှင်ဒကာ၊ အလှူရှင်များ အချိန်မီဖိတ်ခေါ်ပေးကြပါ။ ပြီးတော့ ဆွမ်းကွမ်းကိစ္စအတွက်လည်း ဆရာတော်ကြီးရဲ့တာဝန်ယူမှုကို တတ်နိုင်သမျှ ဖြည့်ဆည်းသည့်အနေနှင့် ကြက်သွန်ဥတစ်ပိဿ၊ ငရုတ်တစ်တောင့်၊ ဆီတစ်ဖွန်း၊ ဆန်တစ်ဆုပ်၊ ငွေတစ်ကျပ်ပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးတို့ကို လှူဒါန်းနိုင်မည့်အခွင့်အလမ်း ဖွင့်ပေးကြဖို့ ကိုလည်း မေတ္တာရပ်ခံအပ်ပါတယ်"

သည်လိုဖြင့် သီတင်းတစ်ပတ်အတွင်းမှာပဲ မမျှော်လင့်ဘဲ သင်္ကန်းပရိက္ခရာနှင့် ဆွမ်းကွမ်းကိစ္စတို့အတွက် ပြည့်ပြည့်စုံစုံ ရရှိခဲ့ပါသည်။ သို့ပေမယ့် အခက်အခဲတစ်ခုက ကြုံနေပြန်ပါသည်။ ပဥ္စင်းလောင်း(၃)ပါးတို့က မည်သူများပါနည်း။ သူတို့အတွက် အလှူရှင်ရဟန်းဒကာများက ပေါ်နေချေပြီ။ မိဘ အုပ်ထိန်းသူများထံကလည်း ပဥ္စင်းလောင်းပေါ်မလာ ××× ကျောင်းမှာရှိသည့် ဆရာငါးဦးကလည်း မတင်မကျ ××× ရတနာသုံးပါး ဦးထိပ်ထား၍ပဥ္စင်း(၃)ပါး၊ (၃၈)ဖြာမင်္ဂလာကိုရည်မှန်း၍ မောင်ရင်လောင်း(၃၈)ပါးသတ်မှတ်စီစဉ်ခဲ့ခြင်းဖြစ်ရာ ယခုတော့ ပဥ္စင်းလောင်းတစ်ပါးမှမရသေး ××× ခက်တော့ခက်ချေပြီ ××

"ကုသိုလ်မှုအတွက်ဆောင်ရွက်ရင်း ကြုံတွေ့ရတတ်သော အခက်အခဲ အကြပ်အတည်းတို့သည် အဆုံး၌ ကျော်လွှားလွန်မြောက် အောင်မြင်ခြင်းသို့ရောက်နိုင်ကောင်းပါ၏။"

သည်လိုဖြင့် စီစဉ်သူ ကျောင်းအုပ်ကြီးနှင့် ဆရာနှစ်ဦးတို့ ရှေးရေစက်အရ ပေါင်းဆုံမိကြရင်း ပဥ္စင်းလောင်းများ ဖြစ်လာခဲ့ကြသည်မှာ ကြည်နူးစရာ ×××

အလှူပွဲ၏အကြိုညသည် သာယာပါဘိတောင်း ×× ငွေစန္ဒာလမင်းကြီးက မေတ္တာရောင်ခြည်ဖြာ ထိန်ထိန်သာနေသည်။ မြူတိမ်ကင်း၍လှမင်းသာသည့် သည်ညချမ်းတွင်မှ ကျောင်းဝင်းတစ်ခုလုံး ဇလပ်ပန်းရနံ့၊ ညမွှေးပန်းရနံ့တို့ဖြင့်



သင်းပျံ့မွှေးကြိုင် တလှိုင်လှိုင် ××× လေအသင့် ကြွေလွင့်ခဲ့ကြသော ပုလဲပန်းတို့ဖြင့် မြေနီလမ်းကလေးက အလှဆင်နေပြန်ပါသည်။

ဆောင်းလေက ကလူ ××× နှင်းမြူက အဝဲ ×××

ဆောင်းရတုပွဲ၏အမှတ်တရ မမေ့နိုင်သောညတစ်ည ×××

ရွှေဥဩလည်းဖော်ကွဲတစ်ကိုယ် ××× အလွမ်းပိုနေသည်။ ဖော်ကွဲသူဝေး၍ ဆွေးအောင်ပင် ဖန်နေလေရောသလား ××× သူ့တေးသံသာ ××× တကယ်တော့ ဆောင်းတစ်ညကို အလှဆင်နေခြင်းပင် ××× အအေးဓာတ်ကလည်း ထွေးပတ်ရစ်ခြံ ခိုက်ခိုက်တုန် ××× သည်လိုဖြင့် အိပ်မရသောညတစ်ည ××× စာဆိုရှင် အချုပ်တန်းဆရာဖေကို ပြေး၍ သတိရမိလိုက်ပါသည်။

**"ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့**
**မန်းတုန်အောင် လမ်းဆုံကဟာစ်လိုက်ချင်တော့×××"**

ဆောင်းည၏သဘာဝအလှပန်းချီကားတစ်ချပ် ××× တဖြေးဖြေးနှင့် ပျောက်ကွယ်လွင့်မျောခဲ့ရသည်ကို တမ်းတသတိရနေမိပါသည်။

ကားတန်းတစ်ခု၊ ပဥ္စင်းလောင်း၊ မောင်ရင်လောင်းများ သယ်ဆောင်ရင်း မြူနှင်းတွေကြားက တရွေ့ရွေ့ ထွက်ခွာလာခဲ့ကြသည်။ နံနက်ပိုင်းမှာပင် ဆံချ၊ ပရိတ်တရားတော်နာ သိမ်ဆင်းလောင်းလှူကာဖြင့် အလှူပွဲကြီး ပြီးစီးလွန်မြောက်ခဲ့ချေပြီ။ သည်တော့လည်း ကြည်နူးမဆုံး၊ အပြုံးတိုယ်စီ ×××

www.burmeseclassic.com

www.burmeseclassic.com



ညချမ်းတွင် ကိုရင်လေးများကို ဆုံးမစကား မှာကြားရပြန်ပါသည်။

"ဒီကျောင်းတိုက်ကြီးမှာ သံဃာတော်များစွာ သီတင်းသုံးနေထိုင်ကြပါတယ်။ ကုသိုလ်ပြုရင်း အကုသိုလ်မဖြစ်စေဖို့ သတိပြုဆင်ခြင်နေထိုင်ကြပါ။ ဆရာတော်ကြီးရဲ့ ခွင့်ပြုချက်နဲ့ သည်ကျောင်းဝင်းကြီးအတွင်းမှာပဲ မနက်ဖြန် အားလုံး ဆွမ်းခံကြွကြရပါမယ်။ ဆွမ်းလောင်းလှူမည့် ဒါယိကာ၊ ဒါယိကာမ၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူတွေ လာကြပါလိမ့်မယ်"

သည်နောက် ဦးပဉ္စင်းများဦးဆောင်ကာ ဘုရားဝတ်ပြု အဆုံးအမပေးကာ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿျ ခံ၍ အားလုံးအတူတကွ တရားဆင်ခြင်ခဲ့ကြသည်။

တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကျက်သရေရှိခြင်း၊ တင့်တယ်ခြင်းတို့ဖြင့် ကြည်နူးမဆုံးဖြစ်ရသည်။ သည်မြင်ကွင်း × × × အမိအဖများ၊ အလှူရှင်များ မြင်စေချင်စမ်းလှပါသည်။

"တပည့်တော် × × × လူမထွက်ချင်သေးဘူး ဘုရား"

"ဟော × × × ကိုရင်တွေအားလုံး လူထွက်မှတော့ မင်းတစ်ပါးထဲ"

"တပည့်တော် × × × အရှင်ဘုရားတို့နဲ့ အတူ တရားစခန်း ဆက်လက်ဝင်ခွင့်ပြုတော်မူပါဘုရား"

"ဩော် × × × အာဂ ကိုရင်လေး"

သည်လိုဖြင့် ပဉ္စင်း(၃)ပါး၊ ကိုရင်(၁)ပါးတို့ တရားစခန်းဝင် တရားအသိဖြင့် တရားဆင်ခြင်ခွင့်ရခဲ့ကြပါသည်။



"အိုရာက နာရှာမရောက်ခင် ဝိပဿနာအလုပ် အားထုတ်ကြ"

"ခန္ဓာကိုယ်ဟာ မွေးကတည်းက အသေဘက်ကို ပြေးနေတယ်"

"ငါသည်မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်"

**လူ့ဘဝသည် တိုတောင်းလှပါဘိ၏။ ရခဲလှစွာသော လူ့ဘဝကို တန်ဖိုးရှိစွာ မည်သို့ဖြတ်သန်းကြရပါမည်နည်း။ လူတိုင်းတွင် ရယူလိုခြင်းတည်းဟူသော လောဘတရားသည် ရှိနေမည်သာ × × × စင်စစ် "လောဘ" သည်၊ "အကုသိုလ်တရား" ဖြစ်သည်ဟုဆိုပြန်ပါ၏။ ဤသို့ဆိုပါလျှင် နည်းအောင်၊ ပါးအောင် မည်သို့ကျင့်ရပါမည်နည်း။ "ဆရာတို့အတွက် ရောင့်ရဲခြင်းဟူသည် အဘယ်နည်း" × × × အတိတ်က အာစရိယ နွယ်ဝင် ကျေးရွာရှင်ဆရာတို့သည် မိမိတို့တပည့်များအား အသိပညာပေးဝေလှူဒါန်းရင်း ဘဝနိဂုံးအဆုံးသို့ တိုင်ခဲ့ကြသည် မဟုတ်လော × × ×**

သည်လိုဖြင့် အတွေးသံသရာ လည်ခဲ့ရပြန်ပါသည်။

"မောင်ပဉ္စင်း"

"ဟယ် × × × အမေ"

ညနေဆည်းဆာအလှ[illegible]ပေမယ့် အလင်းရောင်က ဖျော့နေချေပြီ။ အဝေးတစ်နေရာ[illegible] ရောက်လာသည့်အမေ

www.burmeseclassic.com

www.burmeseclassic.com



သမီးနှင့်မြေးများကိုခြံရံ၍ ကျောင်းသို့ရောက်လာခဲ့သည်။ အမေ့
ဖန်းပေါ်တွင် လွှမ်းခြုံထားသည့် သိုးမွေးတဘက်စောင်ကလေး
က × × × အဖြူတစ်ရစ် × × × နီညိုတစ်ရစ် × × × ငွေရောင်ဆံစ
ကလေးများက အမေ့ပါးပြင်သို့ဖြာကျနေသည်။ အိုမင်းနေပြီ
ဖြစ်ပေမယ့် အမေ့မျက်နှာ လန်းဆန်းပြီးကျက်သရေရှိလှသည်။

သားပဥ္စင်းကို တစိမ့်စိမ့်ကြည့်ရင်း × × × ကြည်နူးမှုက
ပေါက်ဖွားလာသော မျက်ရည်စတို့ အမေ့မျက်ဝန်းအိမ်တွင်
ဝေ့ဝဲနေသည်။ အမေသည် × × × သားမောင်ပဥ္စင်းကို တွေ့လို
ဇောဖြင့် အဝေးကလာခဲ့ရ၏။ အမေ ပင်ပန်းနေရော့မည်
သည်လို ပင်ပန်းနေမည်ကို စိုးရိမ်မိခဲ့၍လည်း အမေ့ထံ
အကြောင်းမကြား × × × အသိမပေးခဲ့ × × × မိခင်တစ်ဦး
အနေဖြင့် တတိယအကြိမ် ရဟန်းခံခဲ့သော သားအတွက်
ကိုသိုလ်ယူရင်း တွေ့လို × × × မြင်လို × × × ဆုံစည်းလိုပေလိ
မည်။ သို့ပေမယ့် × × × အမေ့အသက်က(၈၃) × × × အမေ
နေဝင်ချိန်နီးနေပြီမို့ × × ×

"အမိမဲ့သား၊ ရေနည်းငါး" ဆိုသောစကားမှ
အမိပွာယ်လေးနက်လှပါဘိ၏။ "ရေနည်းသော ငါးတို့၏ဘဝ
"အမိမဲ့သော သားတို့၏ဘဝ" ကား × × × ဆောက်တည်ရာမ
ကြေကွဲဝမ်းနည်းဖွယ် ကောင်းလှပါဘိ၏။

အခုတော့ × × × အိပ်မက်တွင် အမေနှင့် ပြန်လည်
ဆုံစည်းရသော ညတစ်ည × × × တဒင်္ဂတွင် × × × အမေ
ပျောက်ကွယ်သွားခဲ့ပြန်ပါသည်။ သည်တော့လည်း ပူဆွေး



တမ်းတ လွမ်းတစ်ည × × × ခေါင်းအုံးအောက်က အမေ့ဓာတ်ပုံ
ကို အသာအယာထုတ်ကြည့်ရင်း ဆီးတားမရ မျက်ရည်စတို့ဖြင့်
× × × တရားလက်လွှတ် ငှက်တောင်ကျွတ်ဖြစ်ခဲ့ရပြန်ပါသည်။

သည်လိုဖြင့် × × × သည်လိုဖြင့်

**"အမေတို့နေရာ ရယူကြမည့်သမီးများ"**

**"အဖေတို့နေရာ ရယူကြမည့်သားများ"**

**"ဆရာတို့နေရာ ရယူကြမည့်တပည့်များ"** အတွက်
မည်သို့သော ဘဝသင်ခန်းစာပေးရပါမည်နည်း။ စဉ်းစားရင်း
တွေးတောရင်း × × × တစ်မိုးသောက်ခဲ့ရပြန်ပါသည်။

**တကယ်တော့ အနာဂတ်ကံကြမ္မာကို ယနေ့ သားတို့၊ သမီးတို့၊ တပည့်တို့ ပိုင်ဆိုင်ဖန်တီးနိုင်စွမ်း ရှိကြသည်ကို သိစေချင်ပါသည်။**

မေတ္တာဖြင့်

 ဆရာနု

၂၀၀၁ ခုနှစ်၊ ဇွန်လ
ပန်းမျိုးတစ်ထောင်မဂ္ဂဇင်း၊ အ. ထ. က (၂) လသာ

www.burmeseclassic.com

www.burmeseclassic.com



# လမင်းကြီးနှင့်အပြိုင်

မြို့နှင့်ဝေးကွာလွန်းလှသည့်အတွက် သည်ကျောင်းကလေးကို တာဝန်ရှိသူများ အရောက်နည်းလှသည်ဟု ဆိုပါသည်။ နှစ်အတန်ကြာက ကိုယ့်အားကိုယ်ကိုးဆောက်ခဲ့သည့် မူလတန်းကျောင်းကလေး ××× အခုတော့ အခြေမခိုင်၊ အနေယိုင်နေပြီမို့ ပြန်လည်ပြုပြင်ပေးမည့်သူကိုသာ စောင့်မျှော်နေဟန်ရှိပါသည်။ အနေလှမ်းပေမယ့် သပြေတန်းရွာကလေးက သူ့အမည်နှင့်လိုက်ဖက်နေသည်။ ရွာအဝင်လမ်းတွင် သပြေပင်တို့က အတန်းလိုက်ပေါက်နေသည်။ ရွာဦးက ထုံးစေတီ ကုန်းမြေမြင့်ပေါ်တွင် တည်ထား၍ ဆည်းလည်းသံသာ ကြည်နူးဖွယ်ရာဖြင့် ရွာ့ကျက်သရေကို ဆောင်နေပြန်ပါသည်။

စေတီအနီးရှိ ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံကို အရုဏ်ဦးတွင် အဝေးကပင်ကြားနိုင်ပါသည်။ ရွာသူရွာသားတို့မှာ လက်လုပ်လက်စား တောင်သူလယ်သမားအများစု ××× ဘုန်းတော်ကြီးကျောင်းနှင့် မလှမ်းမကမ်းတွင် မူလတန်းကျောင်းကလေး ရှိနေသည်။ ပြန့်ပြူးလှသည့် ကျောင်းရှေ့မြေပြင်တွင် ခရေပင်ကြီးကလည်း ပန်းခရေကို ဖြန့်ဝေကျဲချရင်း မွှေးချင်တိုင်းမွှေး၊ လှချင်တိုင်းလှနေသည်မှာ သည်ကျောင်းကလေးနှင့် ပနံရလှသည်။



"ကြွရောက်လာကြတဲ့ မိဘဆရာအသင်း အမှုဆောင်များနဲ့ ကျောင်းအုပ်ကျိုးတော်ဆောင် လူကြီးမင်းများရှင့် အခုမြင်ကြရတဲ့အတိုင်းပါပဲ ×××၊ ရွာက ကလေးတစ်ရာကျော် ပညာသင်ယူနေကြတဲ့ ကျွန်မတို့ကျောင်း အဆောက်အဦဟာ အဘက်ဘက်က ယိုင်နဲ့နေပါပြီ။ လာမည့်ကျောင်းဖွင့်အမီ စုပေါင်းပြီး အသစ်ပြန်ဆောက်ကြမှ ဖြစ်ပါတော့မယ်။ တဆက်တည်းမှာပဲ ကျောင်းအဆောက်အဦနဲ့ ပရိဘောဂတွေ ထိန်းသိမ်းနိုင်ဖို့ ကျောင်းဝင်းခြံစည်းရိုးကိုလည်း ခတ်ကြရပါလိမ့်မယ်"

"ဆရာမကြီးဆွေးနွေးတာ မှန်ပါတယ် ××× ဒါပေမယ့် ဒီလုပ်ငန်းတွေအောင်မြင်ဖို့ ငွေကြေးနဲ့လုပ်အားတွေ အများကြီး သုံးပါလိမ့်မယ် ××× အချိန်မီ ဖြစ်နိုင်ပါ့မလားလို့ပါ"

"မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆုံးဖြတ်ချက်သာ အရေးကြီးပါတယ် ××× အောင်မြင်မှာပါ။ ကလေးတွေအတွက်မို့ ကျွန်မတို့ ယနေ့လူကြီးတွေအားလုံးဟာ တာဝန်ယူနိုင်ကြရမှာပါ။ ငွေကြေးစွမ်းနိုင်သူက စွမ်းသမျှထည့်၊ တိုင်တစ်လုံး၊ ဝါးတစ်လုံး၊ သက်ကယ်တစ်ပြစ်၊ နှီးတစ်စီး ကိုယ်စွမ်းနိုင်တဲ့ဘက်က ထည့်ကြရင်း ကျွန်မတို့အားလုံး ဝိုင်းဝန်းစုပေါင်း အတောင်အထည်ဖော်ကြရအောင်"

ဩော် ××× မိန်းမသားဖြစ်ပေမယ့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ××× ပညာရေးအတွက် ××× သားတွေသမီးတွေ တပည့်လေးတွေအတွက် ××× အလေးအနက်ထား

www.burmeseclassic.com

www.burmeseclassic.com



ကြီးပမ်းဆောင်ရွက်နေသည့် စည်းရုံးရေးခေါင်းဆောင် × × × အစည်းအဝေးတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက အသိပညာ အလင်းရောင်ပေးရင်း နိုးကြားတက်ကြွစွာ ဦးဆောင်မှုပေးခဲ့သည်။ မေတ္တာရောင်ပြန် ဒေသခံမိဘများ၏ မှန်ကန်သော စုပေါင်းစွမ်းအားဖြင့် သပ်ရပ်ခံ့ညား ဒေသထွက် ပစ္စည်းများ အသုံးပြု၍ ဆောက်လုပ်ထားသော ကျောင်း အဆောက်အဦနှင့် ကျောင်းဝင်းခြံကလေး အချိန်မီပြီးစီး ပေါ်ထွန်းခဲ့၍ အားလုံးကျေနပ်မဆုံး၊ ပျော်ရွှင်မဆုံး၊ တပြုံးပြုံး × × ×

တစ်ခုသောနံနက်ခင်း × × ×

သပြေတန်းရှာ အခြေခံပညာမူလတန်းကျောင်းက ကျောင်းတက်ခေါင်းလောင်းသံ လွင်လွင်လေးက ရွာ့ကျက်သရေကို ဆောင်နေပြန်ပါသည်။ ပြန့်ပြူးသော ကျောင်းရှေ့မြေပြင်တွင် နေခြည်နုနုကလေးက ဖြာကျနေသည်။ ပန်းခရေမြေမှာ ကျဲလို့ × × × ဝန်းကျင်တစ်ခုလုံး မွှေးပဲမွှေးနိုင်လွန်းလှသည်။ ကျောင်းအုပ်ဆရာမကြီးနှင့် လက်ထောက်ဆရာမ(၃)ဦး × × × ကျောင်းရုံးခန်းတွင် ကျောင်းဝတ်စုံဖြူစိမ်းနှင့် ပုဝါနှစ်စအသာခြုံ × × × ယဉ်စစ × × × ပညာ့ကျက်သရေ အလှပန်းတဝေဝေနှင့် အသင့်ရှိနေချိန်တွင် စတုတ္ထတန်း ကျောင်းသားလေးတစ်ဦးက လက်ပိုက်ကာ ဦးညွှတ်အရိုအသေပြုရင်း ဝင်လာသည်။

"ဆရာမကြီးခင်ဗျာ × × × ကျွန်တော်တို့အားလုံး အသင့်ရှိနေကြပါပြီ"



"ဪ × × × အေး × × × အေး × × × သားတို့သွားနှင့်ကြ ဆရာမကြီးတို့ လာခဲ့မယ်"

မရှေးမနှောင်းမှာပင် ကျောင်းအုပ်ဆရာမကြီး ဦးဆောင်၍ ဆရာမများ ကျောင်းရှေ့စုဝေးကွင်းသို့ ရောက်ရှိလာကြသည်။ သူငယ်တန်းမှ စတုတ္ထတန်းအထိ တပည့်အားလုံး ပြည်ထောင်စုအလံတော်ရှေ့တွင် ယပ်တောင်လေးသဏ္ဌာန် ဖြန့်၍ တိတ်ဆိတ်ငြိမ်သက်စွာ နေရာယူပြီးဖြစ်နေကြသည်။ စောင့်မျှော်နေကြသည့် တပည့်များရှေ့တည့်တည့်တွင် ကျောင်းအုပ်ဆရာမကြီးက နေရာယူပြီး လက်ထောက်ဆရာမများက ကလေးများ၏ ဝဲ၊ ယာနှင့်နောက်ဘက်တို့တွင် နေရာယူပြီးချိန်တွင် ကျောင်းစုဝေးပွဲ အခမ်းအနားလေးမှာ ဘောင်ကွပ်ထားသော ပန်းချီကားတစ်ချပ်လို တင့်တယ်လှပ ကျက်သရေရှိလှသည်။

"အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီးက ဩဝါဒစကား ပြောကြားပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် × × × ရှင့်"

အမှာစကားပြောကြားရင်း မူလတန်းကလေးများဖြစ်ကြစေကာမူ မိမိတို့သွန်သင်ညွှန်ပြ၊ လေ့ကျင့်မှာကြားခဲ့သမျှ လိုက်နာစွမ်းဆောင် အကောင်အထည်ဖော်နိုင်ခဲ့သည့် မြင်ကွင်းကြောင့် ကျောင်းအုပ်ကြီးမှာ ဝမ်းမြောက်ကျေနပ်မဆုံး ဖြစ်ခဲ့ရပါသည်။

"ဆရာမကြီး၏ခွင့်ပြုချက်အရ ကျောင်းစုဝေးပွဲ အခမ်း

www.burmeseclassic.com

www.burmeseclassic.com



အနား အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်ရှင့်"

"ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ ပြန်လည်ထွက်ခွာပါတော့မယ်ရှင့်"

အခမ်းအနားမှူးဖြစ်သူ စတုတ္ထတန်းကျောင်းသူလေး မအေးမြသီတာ၏ အောင်မြင်လှသည့် ပင်ကိုယ်သံ၊ တက်ကြွလေးနက်ပြီး အနိမ့်အမြင့် အဖြတ်အတောက် မှန်ကန်ပီသစွာ ပြောဆိုသွားနိုင်သည့် အသံနှင့်ဟန်တို့က အခမ်းအနားတစ်ခုလုံးကို ထိန်းထားနိုင်ခဲ့၍ ချီးကျူးစရာကောင်းလှပါသည်။

မူလတန်းဆင့် ကလေးတစ်ဦးအား နှုတ်မှုစွမ်းရည်ဤမျှတိုးတက်အောင်မြင်နေစေရန် ဆရာမများက မည်မျှကြာကြာ မည်သို့ လေ့ကျင့်သင်ကြားပေးခဲ့ကြပါသနည်း။ မိမိတပည့်တို့၏ တိုးတက်အောင်မြင်မှုများကို မြင်တွေ့ရလေတိုင်း မည်သို့ခံစားကြရပါသနည်း။ ကိုယ်တွေ့ကြုံရသည့် မြတ်ဆရာတို့သာ နက်နက်ရှိုင်းရှိုင်း သိနိုင်ကောင်းပါ၏။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ ရုံးခန်းသို့ ပြန်ရောက်၍ မကြာခင်မှာပင် အတန်းအသီးသီးသို့ ဝင်ရောက်ကြကာ တစ်နေ့တာ ပညာသင်ကြားရေးလုပ်ငန်း စကြရပါတော့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာတွင် "**ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား**" ဟု ဆိုရိုးစကား ရှိခဲ့သည်မှာ မြတ်နိုးဖွယ်ကောင်းလှပါသည်။ ဤအဆုံးအမ အတိုင်းပင် "**ငယ်သူတို့က ကြီးသူတို့အား ရိုသေကြ၏။ ကြီးသူ**



**တို့ကလည်း အရိုအသေခံထိုက်အောင် နေထိုင်ကျင့်ကြံ ပြောဆိုကြရပြန်၏။ သားသမီးတို့သည်လည်း အမိအဖတို့အား ရိုသေကြ၏။ အမိအဖတို့ကလည်း သားသမီးတို့ အရိုအသေခံထိုက်အောင် နေထိုင်ကျင့်ကြံ ပြောဆိုကြရပြန်၏။ အလားတူပင် တပည့်တို့သည်လည်း ဆရာတို့အားရိုသေကြ၏။ ဆရာတို့ကလည်း တပည့်တို့ အရိုအသေခံထိုက်အောင် နေထိုင် ကျင့်ကြံ ပြောဆိုကြရပြန်၏။**" မွန်မြတ်လှသော မြန်မာ့ရိုးရာ အစဉ်အလာကောင်းများ မှေးမှိန်လျော့ပါး ပျောက်ကွယ်မသွားစေရန် မည်သို့ထိန်းသိမ်းရပါမည်နည်း။

သပြေတန်းရှာ အခြေခံပညာမူလတန်းကျောင်းကလေးတွင် တတိယတန်းနှင့်စတုတ္ထတန်းတို့သို့ ရောက်နေကြသည့် ကျောင်းသားခေါင်းဆောင် အကိုအမများက အတန်းငယ်ညီ၊ ညီမများကို ထိန်းသိမ်းနိုင်စွမ်းရှိသည့် အလေ့အကျင့် အတွေ့အကြုံကောင်းများကို ရရှိခဲ့ကြပြီးဖြစ်သည်။ ဤသို့ဖြင့် အများနှင့်စုပေါင်းလုပ်ဆောင်ရသည့် ကျောင်းစုဝေးပွဲ အခမ်းအနားကို စည်းကမ်းတကျ ငယ်သူကို ကြီးသူက ထိန်းသိမ်းစောင့်ရှောက်ရင်း စီစဉ်ကျင်းပနိုင်ခဲ့ကြခြင်းဖြစ်သည်မှာ ချီးကျူးစရာ ကောင်းလှသည်။

"**ရေကန်တို့၏အတိမ်အနက်ကို ကြာရိုးတို့ဖြင့် တိုင်းထွာရ၏။ ယနေ့လူငယ်များ၏ အရည်အသွေး အနေအထားကို ကြည့်၍လည်း အနာဂတ်ကံကြမ္မာကို တိုင်းထွာမှန်းဆပြန်၏**" ဤသို့ဆိုပါလျှင် "**တပည့် ကျောင်းသား၊ ကျောင်းသူ ယနေ့လူငယ်**

www.burmeseclassic.com

www.burmeseclassic.com



များ၏ အနာဂတ်ကို တာဝန်ယူနေကြရသည့် ဆရာ၊ ဆရာမတို့၏ အခန်းကဏ္ဍသည် မည်သို့ရှိရပါမည်နည်း။" တကယ်တော့ မြတ်ဆရာတို့၏အလုပ်၊ မြတ်ဆရာတို့၏တာဝန်မှာ ကြီးမားနက်ရှိုင်းလှပါဘိ၏။

သီတင်းကျွတ်လပြည့်နေ့ × × ×

"ဆရာကြီး × × × သမီးတို့ကို ဝင်ခွင့်ပြုပါ"

"အေးကွယ် × × × လာကြ × × × လာကြ"

"ဆရာကြီး × × × သမီးတို့ကို မှတ်မိလား"

"သမီးတို့က တစ်ချိန်က ဆရာကြီးရဲ့တပည့်တွေဖြစ်ကြမယ် ထင်ပါရဲ့"

ပညာရေးကောလိပ်ကျောင်းအုပ်ကြီးအဖြစ် တက်ကြွလန်းဆန်းနေသော ဆရာကြီး၏ယယ်ရုပ်ကို ပြန်လည်မြင်ယောင်မိပါသည်။ ငွေရောင်ဆံပင်တို့ဖြင့် လွှမ်းခြုံနေသော ဆရာကြီး၏မျက်နှာမှာ တရားရိပ်လွှမ်း၍ အေးချမ်းပြီး ကျက်သရေရှိနေသည်။

"သမီးက လုပ်ငန်းခွင်အကြို ဆရာဖြစ်သင်တန်းအမှတ်စဉ်(၁)က (၂)နှစ်သင်တန်းဆင်းပြီး သနပြတန်းရွာမှာ မူလတန်းကျောင်းအုပ် လုပ်နေပါတယ် × × × ဆရာကြီး"

"ဟယ် × × × သမီး × × မင်း × × × ငါ့တပည့်မြထွေးသူ"

"ဟုတ်ပါတယ်ဆရာကြီး × × × သမီးက မမြထွေးသူပါ"

"သူတို့ သုံးယောက်ကလည်း သမီးနဲ့အတူ သင်တန်းတက်ခဲ့ကြတဲ့ ဆရာကြီးရဲ့ တပည့်တွေချည်းပါပဲ"



"သင်တန်းကို တစ်နှစ်ပဲ တက်နိုင်ခဲ့ကြလို့ မူလတန်းပြဆရာမများအဖြစ်နဲ့ သမီးတို့တစ်ကျောင်းထဲ ပြန်ဆုံခွင့် ရခဲ့ကြပါတယ်"

လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် အကြပ်အတည်းများ၊ အောင်မြင်တိုးတက်မှုများကို တပည့်များက ပြန်လည်တင်ပြနေချိန်တွင် ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်ခဲ့သည်။ ပြီးတော့ × × × အခက်အခဲများ ကျော်လွှားလွန်မြောက်နိုင်မည့် နည်းလမ်းများကိုလည်း သွန်သင်ညွှန်ပြ အဆုံးအမပေးခဲ့ပါသည်။

တပည့်ဆရာမလေးများ ကန်တော့ပြီး၍ ပြန်လည်ထွက်ခွာသွားချိန်တွင် အပြင်ဘက်၌ မှောင်ရီပျိုးစ × × × သို့ပေမယ့် အရှေ့လောကဓာတ်ဆီမှ လပြည့်ဝန်းကြီးက ရွှန်းတင့်သာယာ အလင်းရောင်ဖြာလျက် ကမ္ဘာသူ ကမ္ဘာသားတို့အား မေတ္တာဖြန့်ဝေ အေးမြစေလျက် × × ×

လပြည့်ဝန်းကြီးကို စူးစိုက်ကြည့်မိရင်း ပညာ့ဥယျာဉ်မှူးကြီး၏ ဆရာ့မေတ္တာ၊ နှလုံးသားသည်လည်း လမင်းကြီးနှင့်အပြိုင် ပြိုးပန်းပီတိတွေ တလှိုင်လှိုင် × × ×

ချစ်သမီး ဆရာမလေး မေစံပယ်ဖြူနှသို့ အမှတ်တရဖြင့်

ဆရာနု

၂၀၀၂ ခုနှစ် ဩဂုတ်လ
ပညာတန်ဆောင် အတွဲ(၅၁) အမှတ်(၈)

www.burmeseclassic.com

www.burmeseclassic.com



## သောကာ

အစိမ်းရောင် မာဇဒါဂျစ်ကားကလေးမှာ ရွှေတိဂုံဘုရားလမ်းအတိုင်း သိမ်ကြီးဈေးဘက်သို့ တရိပ်ရိပ်ပြေးနေသည်။ ပုံမှန်အသွားနှုန်းထက်ပို၍ သွက်လက်ပေါ့ပါး ပြေးလွှားနေသည်မို့ အရှိန်နည်းနည်းလျှော့ရန် ဆရာအေးက သူ့တပည့်ကားဆရာကို တစ်ခါတစ်ခါ သတိပေးနေသည်။

သို့ပေမယ့် × × × ကားဆရာက သူမောင်းနေသည့်ကားအကြောင်း ကောင်းကောင်းသိနေသည်။ ကားကို အလွန်ဂရုစိုက်ပြီး ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်တတ်သူတစ်ဦးဖြစ်၍လည်း သူနှင့်ခရီးသွားရသည်မှာ စိတ်ပူစရာမကြုံခဲ့ မရှိခဲ့။ "ကားသမားကောင်းတို့မည်သည် ပြဿနာကြီးငယ် တစ်စုံတစ်ရာ ကျရောက်ပေါ်ပေါက်ခြင်းမရှိအောင် မောင်းနှင်နိုင်သူဖြစ်ကြောင်း" သူ့တပည့်ကားဆရာက ယုံကြည်ထားသူ ဖြစ်သည်ကို ဆရာအေးက ကောင်းကောင်းသိထားပြီး ဖြစ်ပါသည်။

ခါတိုင်းထက် ကားအမြန်နှုန်း မြင့်နေသော်လည်း စိတ်ကြည်ကြည်လင်လင်၊ ရွှင်ရွှင်လန်းလန်းနှင့် မောင်းနှင်နေသည့် သူ့တပည့်ကို ဆရာအေးက သဘောကျနေသည်။ သည်လိုဖြင့် ရွှေတိဂုံဘုရားလမ်းဘူတာ ရုံထားခုံးကျော်၏



ရှေ့တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးကို ဖြတ်ရတော့မည့်လမ်းလေးခွဆုံမီးပွိုင့် × × × စောင့်နေကြသည့် ကားတန်းကြီးကရှည်လွန်း၍ ကားဆရာက ဆိုက်ကပ်သက်သာစေရန် စက်ကိုသတ်ပြီး ခဏစောင့်လိုက်သည်။

လမ်းဘေးကအသစ်ပြုပြင်ထား၍ လှပသန့်ရှင်းနေသည့် ပလက်ဖောင်းပေါ်တွင် သွားလာဖြတ်သန်းနေသူများဖြင့် စည်ကားနေသည်။ ထိုစဉ် အမှတ်မထင် ထူးထူးခြားခြား မြင်တွေ့လိုက်ရသည့် လုံမငယ် မိန်းမပျိုတစ်ဦး × × ×

ကိုယ်နေခါးကျ ပြေပြစ်လှပြီး ရုပ်ရည်ချောမောသန့်ပြန့်သူ × × × ပြီးတော့ × × × ဖြူဝင်းနေသည့် သူ၏အသားရောင်နှင့် လိုက်ဖက်အောင် ဝတ်ဆင်ပြုပြင်ထားသည်မို့ပို၍ပင် ကြည့်ကောင်းနေသည်ဟု ထင်မှတ်ရသည်။ အရပ်သူတစ်ယောက်အသွင်ပြင်ဆင်ထားပေမယ့် အသက် ၁၆ နှစ်ခန့်ကျောင်းသူအရွယ် သမီးငယ် × × × ဆရာအေးတွင် သားနှင့်သမီးငယ်များရှိနေသည်။ ဆရာ့ဘဝသက်တမ်း ကြာခဲ့ပြီမို့ကျောင်းစာသင်ခန်းတွင် သွန်သင်လမ်းပြ အဆုံးအမပြုနေရသည့် နိုင်ငံ့ရင်သွေး တပည့်ကျောင်းသား၊ ကျောင်းသူကလေးတွေလည်းရှိနေသေးသည်။ သည်သား၊ သည်သမီး၊ သည်တပည့်လူငယ်လူရွယ် သည်ကလေးငယ်များ၏ အနာဂတ်ရေးအတွက်အလေးအနက် စဉ်စားရင်း ဆရာ့ဘဝကို မြှတ်နိုးတန်ဖိုးထားသည့် ဆရာအေး × × ×

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုသမီးငယ် ××× သူ၏ခြေလှမ်း တစ်လှမ်းချင်း လှမ်းနေချိန်မှာပင် ဝတ်ထားသည့်လုံချည်၏ အတွင်းဘက် အခေါက်မှာ ဒူးရောက်အောင် ကွဲများနေလေရော့သလားကွယ် ××× ရှဲခနဲ ××× ရှဲခနဲ လျှောက်လှမ်းလေတိုင်း ××× ဖွေးခနဲ ××× ဖွေးခနဲ မြင်နေရသည့် သူမ၏ခြေသလုံးသား ××× အလို ××× ဘုရား ××× ဘုရား ××× ခြော် သမီးချော မိန်းကလေးရယ် ×××

မီးစိမ်းပြ၍ သည်လှမ်း၊ သည်နေရာက ထွက်ခွာသွားခွင့်ရခဲ့ပါပြီ။ သို့ပေမယ့် မီးနီပြ၍ တားမြစ်သွန်သင်၊ ပြုပြင်ပေးရဦးမည့် ပလက်ဖောင်းပေါ်က မိန်းမပျိုသမီးငယ်လို သမီးများ၊ တပည့်များ၊ ယနေ့လူငယ် အမျိုးသမီးများ မည်၍ မည်မျှရှိနေပါသနည်း။ ဤရောဂါသည် ကူးစက်မြန်၍ ပြင်းထန်လေရော့သလား ××× **"သမီးမိန်းကလေးတို့၏ အနာဂတ်သည် မည်သို့သော ပူပင်သောက ဖြစ်ဖွယ်ရာများနှင့် ပြည့်လျှမ်းနေပါသနည်း ×××"** ဆရာအေးအတွက် သောကတစ်ကွက် တိုးခဲ့ရပြန်ပါသည်။

အဆိုတော် ရုပ်ရှင်မင်းသား ပြည်သူ့အသည်းစွဲ ကိုဝင်းဦးတစ်ယောက် ကွယ်လွန်ခဲ့ပေမယ့် ဇာတ်ဝင်ခန်း တစ်ချို့ကို ဆရာအေးသတိရနေသည်။ ရှပ်လက်တိုပါးပါး အသားနှင့်ကပ်ကပ် ကျပ်နေအောင်ဝတ်ထားပြီး အင်္ကျီ၏ အောက်အဖွင့်နှစ်စကို ချည်နှောင်ကာ ရင်ကိုချီ၍ ဖွင့်ထား



လိုက်သည့်အခါတွင် **"မောင့်လိုလူ ရင်အုပ်ကားကား ကြွက်သား အဖုအဖုနှင့် ထုထုပြီး ခရာချင်စရာ"** ပျိုမေတို့အသည်းစွဲ ဖြစ်ခဲ့ရသည့် မင်းသားကိုဝင်းဦး ×××

အိမ်နားက လူပျိုပေါက်ကလေး မောင်သာအေး ကဖြင့် အင်္ကျီစလေး နှစ်ဖက်ချည်ကာ ဝင်းဦးစတိုင်ချိုး၍ နံရိုးအပြိုင်သားမြင်နေရသည့် အတုယူမှုများမှုအတွက် ရယ်မောစရာ စိတ်ပျက်စရာ ဖြစ်ခဲ့ရသည်ကို ဆရာအေး ကြုံတွေ့ခံစားခဲ့ရသည်။ တကယ်တော့ မည်သည်ကို အတုယူကြရမည်နည်း။ သားတို့ သမီးတို့ စဉ်းစားကြရပေလိမ့်မည်။ လူငယ်ထုအတွက် ရုပ်ရှင်အနုပညာက ဖမ်းစားနိုင်သည့် စွမ်းပကားသည်ကား ကြီးမားနက်ရှိုင်းလှပါဘိ၏။

"စကတ်ကွဲ၊ လုံချည်ကွဲများကို အတင့်ရဲစွာ ဝတ်ဆင်ရင်း အတုယူမှုများသော သမီးငယ်များ၏ လုပ်ရပ်သည်လည်း မည်သို့စတင်ပေါက်ပွားလာခဲ့ပါသနည်း။ မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုကို စတင်စိန်ခေါ်ကာ ယှဉ်ပြိုင်ဝင်ရောက် ထိုးဖောက်လာခြင်းပေလော ×××" ဆရာအေးအတွက် အတွေးသံသရာ လည်ခဲ့ရပြန်ပါသည်။

မြတ်ဘုရားရွှေတိဂုံ၏ အနောက်ဘက်စောင်းတန်းနှင့်မုခ်ဦးမှာ တင့်တောင်းတင့်တယ် ကြည်နူးဂုဏ်ယူဖွယ် ဖြစ်ပါဘိ၏။ အဆင်းအတာက် ဓာတ်လှေကားနှင့် ခံ့ညားမှုသည် ခြသေ့ကြီး နှစ်တောင်တို့ကပေသည်း စောင်းတန်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



ကျတ်သရေတစ်မျိုးဖြင့် အလှတိုးစေရန် အားဖြည့်ထားသလို ရှိနေပါသည်။

တစ်ခုသောနံနက်ခင်းတွင် ဘုရားဝတ်ပြုပြီးခဲ့၍ သည်စောင်းတန်းမှ ဆရာအေးတစ်ယောက်ဆင်းခဲ့သည်။ သူက မုခ်ဦးမှအထွက် လှေကားကအဆင်း မျက်နှာချင်းဆိုင် တက်လာကြသည်က အမေတစ်ဦးနှင့် သမီးငယ်နှစ်ယောက် × × × အသက်အရွယ်အားဖြင့် ၃၀ ခန့်သာရှိဦးမည်ဟု ခန့်မှန်းရသည့် အမေဖြစ်သူက လမ်းကောင်းကောင်း လျှောက်နိုင်ပြီဖြစ်သည့် သမီးကြီးကိုလက်ဆွဲ၍ ရင်ခွင်ပိုက်သမီးငယ်ကို ပွေ့ချီထားသည်။ ကလေးတွေနှင့် သွားရလာရ ကသီကရိုနိုင်လှသည့် သည်အမေ × × × ကူဖော်လောင်ဘက်ပေးနိုင်မည့် ခင်ပွန်းသည်နှင့်အတူ အဘယ်ကြောင့် ကုသိုလ်ပြုရာဘုရားသို့ မလာရောက်နိုင်ပါသနည်း။ ဆရာအေးအတွက် တွေးကွက်တစ်ခုက အမှတ်မထင် ဝင်လာခဲ့ပြန်ပါသည်။

ကုန်းတော်ပေါ်သို့ နေ့စဉ်ရက်ဆက် ဘုရားဖူးတက်ခဲ့ကြသူများမှာ ဒုက္ခအဖုံဖုံ ကြုံတွေ့ရခြင်းမှ လွတ်ရာလွတ်ကြောင်း ကိလေသာအပူမာတ်၊ အလောင်မာတ်တို့မှ ချုပ်ရာ၊ ငြိမ်းရာ၊ သိမ်းရာဖြစ်သော မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုတောင်းရည်ရွယ်ကာ ဘုရားရိပ်၊ တရားရိပ်သို့ ဝင်ခဲ့ကြခြင်းသာဖြစ်ကြပါသည်။

သည်အမေနှင့် သည်သမီးနှစ်ယောက်တို့သည်လည်း



တစုံတစ်ခုသော ကြုံတွေ့နေရသည့် ပူပင်သောက ဖြေဖျောက်ငြိမ်းအေး လွတ်မြောက်ရန်အတွေးဖြင့် ကုန်းတော်ပေါ်သို့ ရောက်ရှိလာခြင်း ဖြစ်တန်ကောင်းပါသည်။

အိုဘယ့် × × × ဘုရားဖူး သည်အမေ × × ×

ပိန်ပိန်ပါးပါး၊ အသားညိုညို၊ ဝတ်စားဆင်ယင်မှုကို ကြည့်၍ ဆင်းရဲနွမ်းပါးသူတော့ဖြစ်ဟန်မတူ × × × သုံးဘက်မြင်စကတ်ကွဲနှင့် အသည်းထိတ်စရာ × × × လှေကားမှ တစ်လှမ်းချင်း တက်လာနေသည့် သည်မြင်ကွင်း × × × ဘုရားရိပ်၊ တရားရိပ်သို့ အဝင် ကုသိုလ်ပြုခရီးစဉ်တွင်ပင် ဆင်ခြင်ရန် အဘယ်ကြောင့် သတိမမူနိုင် ဖြစ်ခဲ့ရပါသနည်း။ နေရာဌာနကိုလိုက်၍ မသင့်လျော်သည့် ဝတ်စားဆင်ယင်ခြင်းတို့မှ ရှက်ခြင်း၊ ကြောက်ခြင်း အသိမဝင် အဘယ်ကြောင့် သတိမယှဉ်နိုင်ခဲ့ပါသနည်း။

"တကယ်တော့ သည်အမေ၏အရွယ်မှာ ငယ်ပါသေးသည်။ မည်သို့သော ဝံ့ရဲ လွန်ကဲမှုမျိုးဖြင့် ဝတ်စားဆင်ယင် အလှပြင်နေဦးမည်ကို မသိနိုင်သော်လည်း သူမ၏သမီးလေးများ အရွယ်ရောက်ချိန်တွင် လေးဘက်မြင် ဘက်စုံခွဲ၍ ရင်ကွဲရမည့် ပူပင်သောကမျိုး မကြုံရ၊ မတွေ့ရ၊ မရောက်ရပါစေနှင့်" ဟုသာ × × × ဆရာအေးတစ်ယောက် ရင်တွင်းက ဆုတောင်းနေမိပါသည်။

ဆရာ့ဘဝနေဝင်ချိန် နီးလာပြီဖြစ်သည့် ဆရာအေးမှာ ဖခင်တစ်ယောက်ဖြစ်သလို ဆရာတစ်ယောက်လည်း ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



၍ မိဘနှင့်ဆရာတို့၏ မေတ္တာနှင့်အသည်းနှလုံးကို ပိုင်ဆိုင်ခံစားနိုင်ခဲ့ပါပြီ။ သည်လိုဖြင့် အနာဂတ်ကို ဆက်ခံ၊ နိုင်ငံ့ကံကြမ္မာကို တာဝန်ယူဖန်တီးကြရမည့် ယနေ့လူငယ်လူရွယ်သားတို့ သမီးတို့ တပည့်တို့အတွက် အဖေအမေလိုလည်း မိဘမေတ္တာဖြင့် ပူပင်သောကဖြစ်ရ၏။ ပြီးတော့ ဆရာလိုလည်း ကရုဏာရှေ့ထား ရတာက်များရပြန်ပါ၏။

ထိန်းနိုင်သိမ်းနိုင်သည့် အသိတရားနှလုံးသားဖြင့် အထိုက်အလျောက် ဆင်ခြင်သက်ဝင်ခဲ့ပေမယ့် **"မိဘတစ်ယောက် × × × ပြီးတော့ ဆရာတစ်ယောက်ဖြစ်လာတော့မှ ကိုယ်တွေ့ကြုံ၍ ခံစားလာရသည့် သောကအပူမီးက တာဝန်ကြီးလှကြောင်း ထိန်းရန်၊ သိမ်းရန်၊ ငြိမ်းရန် ခက်ခဲလှကြောင်း"** ဆရာအေးကောင်းစွာသိခဲ့ရပေပြီ။

ရခဲလှစွာသော လူ့ဘဝသို့ တစ်ယောက်တည်းဝင်လာခဲ့၏။ ပြီးတော့ တစ်ယောက်တည်းပင် ပြန်ရချေဦးမည်။ သားအတွက်ပူခဲ့ရ၏။ သမီးအတွက်ပူခဲ့ရ၏။ တပည့်တို့အတွက် ပူခဲ့ရ၏။ ပြီးတော့ အမိအဖ၊ အဆွေအမျိုးတို့အတွက် မနားမနေ ပူပင်ခဲ့ရပြန်ပါ၏။ မဆုံးနိုင်သည့် သည်အပူတို့အတွက် ထိန်းနိုင်၊ သိမ်းနိုင်၊ ငြိမ်းနိုင်ရန်အလို့ငှာ ဘဝတစ်လျှောက်လုံးလည်း ဖြည့်ဆည်းကြိုးပမ်းခဲ့ရပေါင်းလည်း များလှချေပြီ × × × မောလောက်ပါပြီ × × × ပင်ပန်းလောက်ပါပြီ × × ×

အခုတော့ ဇရာကမနေ၊ တစ်စတစ်စ အိုမင်းခဲ့လေပြီ။



မိမိအပူအတွက် မိမိသိမ်းကာ. မိမိအတွက် အငြိမ်းခတ် ရှာရမည့် ခရီးအတွက် ပြင်ဆင်ရချေဦးမည်။ ဤခရီးသည် မည်မျှကျန်ပါသေးသနည်း။ ဇရာ၏ခရီးဆုံးတွင် မည်သူက စောင့်နေပါသနည်း။

**ဘုရားဝတ်ပြုပြီး**ချိန်တွင် 'သန်းခေါင်ကျော်' လူခြေတိတ်၍ အရုဏ်**ရိပ်ကလေး**ပင် သန်းနေပေပြီ။ ဘုရားခန်းက လေသာပြတင်းကို **အသာအယာ**ဖွင့်လိုက်စဉ်မှာပင် ခရေပန်းရနံ့ သင်းပျံ့ပျံ့မွှေးက **ဆောင်းလေ**နုအေးနှင့်အတူ တိုးဝင်လာခဲ့သည်။ ကြယ်ညီလာခင်း၍ **ငွေစန္ဒာ**လမင်းကြီးကလည်း သာပဲသာနိုင်လွန်းလှသည်။

သည်လိုဖြင့် **လွမ်းမော**ဖွယ်၊ ဆွတ်ပျံ့ဖွယ်၊ ကြည်နူးဖွယ် အေးချမ်းလှသည့် အမှတ်တရ သည်တစ်ည × × × ဆရာအေး၏ဘဝအတွက်လည်း မေ့မရအောင်ရှိနေသည်။

အာစရိယာဂုဏ် သက္ကစ္စံ အပဟံ ဝန္ဒာမိ

ဆရာနု

၂၀၀၃ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်
မြတ်ဆရာမဂ္ဂဇင်း၊ အတွဲ (၂) လသာ

www.burmeseclassic.com

www.burmeseclassic.com



## အနာဂတ်ပုံရိပ်နှင့်အတိတ်ပုံပြင်

မောင်လှငွေးနှင့်မအေးမူ

သူတို့နှစ်ဦးကတော့ဖြင့် အတန်းအတူနေ တစ်ကျောင်းတည်းထွက် ကျောင်းနေဘက် သူငယ်ချင်းနှစ်ယောက် × × × အမိအဖများက နှမ်းပါးကြသည်။ ကျေးလက်တောရွာဇာတိ × × × သို့ပေမယ့် ငယ်စဉ်ကပင် ပညာတော်ကြသည်။ သည်လိုဖြင့် အထက်တန်းကျောင်းသား ဘဝလောက်ကစပြီး မေတ္တာမျှခဲ့ကြသည်။ အခုတော့အိမ်ထောင်သည်ဘဝ၊ ခင်ပွန်းသည်က ဆရာဝန်ကြီး၊ ချစ်ဇနီးက ကျောင်းအုပ်ဆရာမကြီး × × × ဝင်ငွေလှလှ × × × ဘဝပြည့်စုံ × × × သည်လူ့ဘုံ × × ×

သားသမီးနှစ်ယောက် ထွန်းကားခဲ့သည်။ သားက အကြီး၊ သမီးကအငယ် ကြည်နူးဖွယ်သည်မိသားစုမှာ သိရိဂေဟာတွင် ချမ်းမြေ့စွာနေထိုင်ခဲ့ကြသည်။

**သြော် × × × အမိအဖတို့ဟူသည် ရင်နှစ်သည်းချာ သားသမီးရတနာတို့ ထွန်းကားလာကြသည့်အခါမှ ဘဝကိုပို၍ နားလည်လာကြသည်။ တကယ်တော့ × × × မိမိဘဝမှာ × × × မိမိမဟုတ်တော့ × × × သားသမီးတို့သည်သာ မိမိတို့ဘဝ ဖြစ်နေကြသည်**ကို ဆရာဝန်ကြီး ဦးလှငွေးနှင့် ဆရာမကြီးဒေါ်အေးမူတို့ ကောင်းစွာသိနေကြပြီ။ သည်တော့



လည်း × × × လူ့ဘဝကို စွန့်ခွာသွားခဲ့ကြပြီဖြစ်သော မိဘများ၏ မေတ္တာကို ပြန်လည်တသသ သတိရရင်း × × × နှောင်းအတိတ်က အရိပ်ပမာ လွမ်းမောဖွယ်ရာ × × ×

တစ်ခုသောညချမ်း × × ×

မိဘနှစ်ပါးတို့ အနားယူရင်း သားသမီးတို့၏ရှေ့ရေးကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

"မေကြီး × × × သားနဲ့ သမီးတို့ရဲ့ ပညာရေးအတွက် ထူးထူးချွန်ချွန်အောင်ကြဖို့က မင်းရဲ့တာဝန်နော်"

"ကဲ × × × ထားပါတော့လေ × × × ဒါဖြင့်ရင် သားနဲ့ သမီးတို့ရဲ့ရှေ့ရေးအတွက် ဖေကြီးရဲ့တာဝန်ကရော"

"အေး × × × အေး × × × တို့မိသားစုအားလုံး ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ နေနိုင်ဖို့အတွက်ကတော့ ဖေကြီးတာဝန်ပေါ့ကွာ"

"ရည်မှန်းချက်နဲ့ စနစ်တကျ တာဝန်တွေ ခွဲဝေသတ်မှတ်ပြီး၊ ကြိုးကြိုးစားစား လုပ်ကြမယ်ဆိုရင်တော့ × × × အရာရာတိုင်းမှာ အောင်မြင်မှာမို့ ဖေကြီးက တာဝန်ခွဲဝေပေးတာ ကောင်းပါတယ် × × × ဒါပေမယ့် ကျွန်မတို့ရဲ့ မိသားစုကမ္ဘာလေးမှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးမှာပါ တိုင်တိုင်ပင်ပင် ဆောင်ရွက်သွားကြတာ အကောင်းဆုံးပါပဲ ဖေကြီးရယ်"

သားကြီးနှင့်သမီးငယ်တို့မှာအထက်တန်းကျောင်းသားကျောင်းသူများဘဝ ရောက်ရှိနေကြပေပြီ။ ပြီးခဲ့သည့်နှစ်က

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ထူးမျှော်မှန်းထားသည့်ဘာသာ စိတ်တိုင်းကျ**မဖြေမရခဲ့၍** အဖြေလွှာခြစ်ချခဲ့သဖြင့် သားကြီးက တက္ကသိုလ်**ဝင်တန်း** ဒုတိယနှစ် ××× သည်တော့ နဝမတန်းအောင်၍ အတန်း**တက်** လာသည့် ညီမငယ်နှင့် အခုတော့အတန်းတူ ××× သားကြီးက အဖေတူ ဆရာဝန်ကြီးဖြစ်ချင်သလို၊ သမီးငယ်ကလည်း အမေတူ ဆရာမကြီး ဖြစ်ချင်နေကြသည်။

**“သြော် ××× ရည်မှန်းချက် မြင့်မြင့်မားမားနှင့် ကြိုးစားမှုရှိကြသည့် သားတို့သမီးတို့ကို မွေးဖွားပြုစုခဲ့ရသည့် မိဘတို့၏နှလုံးအိမ်တွင် မည်သို့ကြည်နူးနှစ်သိမ့် နေမည်ကို သားတို့ သမီးတို့ သိစေချင်ပါသည်။”**

“ဖေကြီး ××× ကျွန်မတော့ သားကြီးရော သမီးငယ် ကိုပါ ဖေကြီးလို ဆရာဝန်ကြီးတွေဖြစ်စေချင်တယ်ကွယ် ××× ဒါမှလည်း တင့်တောင်းတင့်တယ် သူတို့နောင်ရေးအတွက် စိတ်အေးရမယ် မဟုတ်လား ××× ဟုတ်တယ်နော် ဖေကြီး”

“အေးပါကွာ ××× မင်းတွေးတာ မျှော်မှန်းတာတွေ လည်း ကောင်းပါတယ် ××× ဒါပေမယ့် မင်းရဲ့အလုပ်လည်း မဆိုးပါဘူး။ ဒီတော့ ××× ကလေးနှစ်ယောက်စလုံး ဆရာကြီး ဆရာမကြီးတွေ ဖြစ်လာရင်ကောင်းမလားလို့ စိတ်ကူးနေတာ၊ စဉ်းစားပါအုံး မေကြီးရယ်”

မိဘနှစ်ပါးတို့သည် မည်သို့သော မျှော်လင့်ချက်ကို အခြေခံထား၍ သားသမီးတို့အတွက် အလေးအနက်ထား စဉ်းစားနေကြပါသနည်း။ ဝင်ငွေကြောင့်လား ××× အလုပ်ဂုဏ်



ကြောင့်လား ××× စေတနာရှေ့ထား မေတ္တာတရားကြောင့်လား မိမိတို့၏ လက်တွေ့ဘဝနှင့်ထင်ဟပ်၍ မည်သို့ဆုံးဖြတ်သင့်ကြ ပါသနည်း ×××

ဤသို့ဤနှယ် ရာထူးတာဝန်ရှိကြသူတိုင်း လူ့ဘဝတွင် ပြည့်ပြည့်စုံစုံနေနိုင်ကြပါသလား ××× နှလုံးစိတ်ဝမ်းအေးချမ်း မှုရော ရရှိပါရဲ့လား ××× အမိအဖတိုင်းသည် မိမိတို့၏သား၊ သမီးများအတွက် ရည်ရွယ်ချက်မြင့်မြင့်မားမား ထားတတ်ကြ သည်သာဖြစ်၏။ သို့ပေမယ့် နိုင်ငံ့ရင်သွေး အညွန့်အဖူးကလေး များဖြစ်ကြသည့် သားတို့သမီးတို့အား လမ်းလျှောက်ရင်း လမ်း မပျောက်စေရန် သတိပြုကြရပေလိမ့်မည်။

မိမိတို့၏အနာဂတ်ရေးအတွက် အမိအဖတို့က မကြာ ခဏ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်ကို သားသမီးတို့မှာ ကျေနပ် မဆုံးရှိခဲ့ကြသည်။ သည်တစ်ကြိမ်တွင်တော့ မလှမ်းမကမ်းတွင် စာကျက်ရင်း နားစွင့်နေကြသည့် သားနှင့်သမီးတို့က မိသားစု ဆွေးနွေးပွဲသို့ ဝင်ခွင့်တောင်းလာခဲ့ကြသည်။

တကယ်တော့ ××× သားနှင့်သမီးတို့၏ အနာဂတ် ရေးအတွက် သူတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ် ပုံဖော်အပ်သည်ကို မိဘတိုင်း“သတ်ရခဲ”ကြသည်။ ဤသို့ဆိုပါလျှင် မျိုးဆက်သစ် လူငယ်များ၏ အနာဂတ်ပုံရိပ်ကို ဖော်ဆောင်ရာတွင် အမိအဖ တို့သည် မည်သို့ဆောင်ရွက်သင့်ကြပါသနည်း။

“သားတို့ မောင်နှမ နှစ်ယောက်စလုံး ဒီနှစ် ထူးထူး ချွန်ချွန် အောင်မြင်မှုရအောင် ကြိုးစားကြမှာပါ။ ဒါပေမယ့် သား

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားကြည့်ပါတယ်။ ဖေဖေနဲ့မေမေကိုဖြစ်စေချင်သလို ဆရာဝန်နှစ်ယောက်စလုံးပဲဖြစ်ဖြစ်၊ ကျေ. :ဆရာ နှစ်ယောက်စလုံးပဲဖြစ်ဖြစ် ဖြစ်လာရင်ကောင်းပါမလားလို့ပါ"

"အမလေးသားရယ် ××× အလုပ်အတူတူဖြစ်တော့ မောင်နှံမနှစ်ယောက် တိုင်တိုင်ပင်ပင်နဲ့ လုပ်ငန်းပိုပြီး အောင်မြင်မှာပေါ့ သားရယ် ××× ဟုတ်တယ်နော် သမီး"

အမေ၏စကားအဆုံးတွင် သမီးငယ်က သူ့အတွေး၊ သူ့အမြင်ကို အလေးအနက်ထား ပါဝင်ဆွေးနွေးလာပြန်ပါသည်။

"မျိုးတူပန်းတွေနဲ့ ပွင့်လန်းနေတဲ့ ပန်းခင်းကြီးဟာ လှပပြီး ကျက်သရေရှိတာမှန်ပါတယ်။ ဒါပေမယ့် မျိုးမတူ ရောင်စုံပွင့်ဖူးဝေဆာ မွှေးရနံ့တွေဖြာနေတဲ့ ကြည်နူးဖွယ်အစဉ် သည်ပန်းခင်းမျိုးနဲ့ယှဉ်ကြည့်ရင် ဘယ်လိုနေမလဲ ××× တကယ်တော့ မေမေနဲ့ဖေဖေဟာ သမီးတို့မိသားစုရဲ့ဘဝ××× ရောင်စုံပွင့်ဖူးနေတဲ့အလှပန်းခင်းကြီးပဲ မဟုတ်ပါလား ××× မေမေရယ်"

အားတက်ဖွယ်၊ ကြည်နူးဖွယ် မိသားစုဆွေးနွေးပွဲ ××× သားတို့သမီးတို့သည် တိုးတက်သည့်အတွေးအမြင်များဖြင့် လမ်းကြောင်းမှန်ပေါ်တွင် ရှိနေကြမည်ဆိုပါလျှင် အမိအဖ တို့သည် မည်သို့ခံစားကြရပါမည်နည်း။ အတွေးကိုယ်စီဖြင့် မိသားစုဆွေးနွေးပွဲကလေးမှာ တဒင်္ဂ ငြိမ်သက်တိတ်ဆိတ် သွားခဲ့ပါသည်။



"သားတစ်ခုပြောပါရစေ ××× သားလည်း ဖေဖေ့ လိုပဲ ဆရာဝန်ဖြစ်ချင်ပါတယ်ဖေဖေ ××× ဒါပေမယ့် ဆေးဝါး ကုသစရိတ်က မြင့်မားလွန်းနေတော့ ခံစားနေရတဲ့လူနာတွေရဲ့ ပူပင်သောကကို ဘယ်လိုငြိမ်းအေးစေနိုင်မလဲ ဖေဖေ ××× ဒီလိုသာဆိုရင် သားကိုယ်တိုင် ဆရာဝန်ဖြစ်လာတော့လဲ လူနာ တွေရဲ့ အထူးသဖြင့် နွမ်းပါးသူလူနာတွေရဲ့ မေတ္တာကို သားရနိုင် ပါ့မလား ဖေဖေ"

"ဩော် ××× သားကြီးရယ်"

ခေါင်းတညိတ်ညိတ်ဖြင့် ရင်ထဲမှာသာ ကျေးဇူးတင်ရရှိတ် နိုင်ကြသည့် မေမေနဲ့ဖေဖေ ××× မိသားစု ဆွေးနွေးပွဲကလေး မှာ စကားစရှာမရသလိုဖြစ်ခဲ့ရပြီး တစ်ခဏမျှ တိတ်ဆိတ် ငြိမ်သက်သွားခဲ့ပြန်ပါသည်။

"ဟုတ်ပါတယ်ဖေဖေ ××× ကိုကြီးပြောဟာ မှန်ပါ တယ်။ သမီးလဲ တစ်ခုပြောချင်တယ် မေမေ ××× သမီး မေမေ့ လိုပဲ ဆရာမကြီးတစ်ယောက် ဖြစ်ချင်ပါတယ်။ ဒါပေမယ့် ကျူရှင် ယူရတဲ့စရိတ်တွေ မြင့်မားလွန်းနေတော့ ခံစားနေရတဲ့ မိဘနဲ့ ကလေးတွေရဲ့ ဒုက္ခနဲ့ပူပင်သောကတွေကို ဘယ်လိုငြိမ်းအေး စေနိုင်မလဲ မေမေ ××× ဒီလိုသာဆိုရင် သမီးကိုယ်တိုင် ဆရာမ ဖြစ်လာတော့လဲ မိဘနဲ့ကလေးတွေရဲ့ မေတ္တာကို သမီးရနိုင် ပါတော့မလား မေမေရယ်"

သည်တစ်ကြိမ်တွင် ရင်မှာလှိုင်းထ စကားမဆိုနိုင်သူ ကတော့ဖြင့် သမီးရဲ့မေမေ ×××

www.burmeseclassic.com

www.burmeseclassic.com

"ဩော် × × × သမီးလေးရယ်"

ထိုနေ့ည × × × ဆရာဝန်ကြီး ဦး[illegible]နှင့် ဆရာမကြီး ဒေါ်အေးမူတို့ အတွေးကိုယ်စီဖြင့် ညဉ့်နက်မှ အိပ်ရာဝင်ခဲ့ကြသည်။ မိမိတို့၏ လက်တွေ့ဘဝနှင့်ထင်ဟပ်၍ မြင့်မြတ်သည့် နှလုံးသားပိုင်ရှင် သားကြီးနှင့်သမီးငယ်တို့ ဆွေးနွေးခဲ့ကြသည်များကို ကြည်နူးမဆုံးရှိခဲ့ကြသည်။ သည်လိုဖြင့် အိပ်မရသောညတစ်ည × × ×

ပြီးတော့ × × × ကျောင်းသားကျောင်းသူဘဝ သူတို့ငယ်စဉ်က စာသင်ခန်းတွင် ဆရာမပြောပြခဲ့သော ပုံပြင်ကလေးကို ကြေးမုံရိပ်သွင် တူယှဉ်ခံစားမိခဲ့ကြသည်။

"တစ်ခါက × × ×"

"ကမ်းစပ်သောင်ပြင်တွင် မိခင် ကဏန်းမကြီးနှင့် ကဏန်းသားငယ်ကလေးတို့ ပျော်ရွှင်စွာ လမ်းလျှောက်နေကြပါသတဲ့ × × × လမ်းကောင်းကောင်း မလျှောက်တတ်သေးတဲ့ သားငယ် နောက်ကလိုက်လာတာကို ပြန်ကြည့်ရင်း မိခင်ကဏန်းမကြီးက ဆိုသတဲ့ × × ×"

"သားငယ် × × × မင်းလမ်းလျှောက်တာ ယက်ကန်ယက်ကန်ဖြစ်နေတယ်။ ဖြောင့်ဖြောင့်လျှောက်မှ ကြည့်ကောင်းတယ် သားရဲ့"

"အို × × × အမေ × × × သားလဲ အမေနဲ့တူအောင် အမေ့လိုပဲ ကြိုးစားပြီးလျှောက်လှမ်းနေတာပါ အမေ"

သည်ပုံပြင်ကလေးကို မောင်လှငွေးနဲ့မအေးမူတို့



အလယ်တန်း ကျောင်းသား ကျောင်းသူဘဝက မှတ်သားခဲ့ကြသည်။ နှစ်တွေကြာညောင်းခဲ့ပေမယ့် မဟောင်းနိုင်သည့် သည်ပုံပြင်ကလေးကို သူတို့ကောင်းကောင်း အမှတ်ရနေဆဲဖြစ်ပါသည်။ သည်တော့လည်း × × × ပုံပြင်ပြောပြ အဆုံးအမပြုခဲ့သည့် ကျေးဇူးရှင်ဆရာမအား ရည်မှန်း၍ ရှိခိုးဦးခိုက်ကန်တော့လိုက်ကြပါသည်။ ပြီးတော့ သူတို့ အလေးအနက် စဉ်းစားလိုက်ကြသည်။

"အဖေသည် သူ၏ကိုယ်ပွား မည်သို့သော သားမျိုးကို လူ့လောကအလယ်တွင် ထားရစ်ခဲ့ရမည်နည်း × × ×"

"အမေသည် သူ၏ကိုယ်ပွား မည်သို့သော သမီးမျိုးကို လူ့လောကအလယ်တွင် ထားရစ်ခဲ့ရမည်နည်း × × ×"

"အဖေနှင့်အမေတို့သည် သူတို့၏ကိုယ်ပွား မည်သို့သော သားမျိုး၊ သမီးမျိုးကို လူ့လောကအလယ်တွင် ထားရစ်ခဲ့ကြရမည်နည်း × × ×"

သားနှင့်သမီးတို့အား ဖြောင့်ဖြောင့်တန်းတန်း လမ်းလျှောက်တတ်စေချင်ကြသည့် အဖေနှင့်အမေ × × ×

ဤသို့ဆိုပါလျှင် × × ×

အာစရိယာဂုဏ် သက္ကာစ္စံ အပါဝန္ဒာမိ

ဆရာနု

၂၀၀၃ ခုနှစ် မက်လ

ပညာတန်ဆောင် အတွဲ(၅၂)၊ အမှတ်(၃)

www.burmeseclassic.com

www.burmeseclassic.com



## အမိရင်ခွင်

အမိရင်ခွင်မှ ခွဲခွာရမည့်ရက်မှာ မဝေးတော့ပြီမို့ စိတ်မကောင်းဖြစ်ရပြန်ပါ၏။

(၂)နှစ်တာကာလသည် နေ့ရက်၊ နာရီ၊ မိနစ်၊ စက္ကန့်အားဖြင့် ရေတွက်ပါသော် လွန်စွာကြာညောင်း ရှည်လျားလှပါဘိ၏။ အလုပ်မရှိ၊ ရည်ရွယ်ချက်မပါဘဲနှင့် ဤမျှသောအချိန်ကို ကုန်လွန်စေမည်ဆိုလျှင် ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှပေမည်။ သို့သော် ကုန်ဆုံးသွားသောအချိန်များကို စဉ်းစားလိုက်လျှင် လွန်စွာပင် နှမြောတသမိပါသည်။ အကြောင်းမှာ ဝါသနာပါရာ လုပ်ငန်းကို ပျော်ရွှင်ချမ်းမြေ့စွာ လုပ်နေရသည့်အတွက် အချိန်ကို ကုန်လွယ်လှသည်ဟု ထင်မိခြင်းဖြစ်ပါသည်။ မည်သို့ပင် စိတ်က လှည့်စားစေကာမူ နာရီလက်တံသည်ကား မိမိလမ်းကြောင်းအတိုင်း မှန်မှန်ရွေ့လျားနေပေတော့သည်။

ကျွန်တော်သည် ရန်ကုန်ဆရာအတတ်သင်သိပ္ပံသို့ (၂)နှစ်တာမျှ လာရောက်၍ ပညာဆည်းပူးခွင့် ရခဲ့ပေသည်။ ပြည်ထောင်စုဖွား သွေးရင်းသားရင်း ညီအကိုမောင်နှမများ ဆုံစည်းခွင့်ရသည်မို့လည်း ပမ်းမြောက်၍ မဆုံးသေးခင် ပြန်လည်ခွဲခွာကြရဦးမည်မို့ ဝမ်းနည်းခြင်းဖြစ်ရပြန်ပါ၏။



ပြည်သူ့ဆရာကောင်းတစ်ယောက် ဖြစ်မြောက်ရေးအတွက် သင်နည်းအဖုံဖုံ၊ ဗဟုသုတအစုံစုံတို့ကို ဆည်းပူးခွင့်ရခြင်းမှာ အားရကျေနပ်ဖွယ် ကောင်းလှပါ၏။ သို့တစေ၊ မိခင်သိပ္ပံ၏အကြောင်း သိလိုသောဆန္ဒတစ်ခုက ကျန်နေပါ၏။ ဤမိခင်သိပ္ပံတွင် ပညာဆည်းပူးခွင့်ရသော ဆရာလောင်းတစ်ယောက်အနေနှင့် မိခင်အကြောင်း အစကနဦး ပကတူးကပင် သိထားရန်လိုပါ၏။ မိခင်သိပ္ပံအကြောင်း ပြည့်ပြည့်စုံစုံသိရန်မှာ လေ့လာရန်အချိန်လိုပေလိမ့်မည်။ ယခုမူ အချိန်က မရှိတော့ပြီမို့ မိခင်အကြောင်း တစေ့တစောင်း လေ့လာမိသရွေ့ မှတ်တမ်းပြုရပါသည်။

### ၁။ မိခင်၏မွေးရာဇမြေ

မြန်မာနိုင်ငံတွင်ဆရာအတတ်သင်ကျောင်း(၉)ကျောင်း ဖွင့်လှစ်ထားပြီးဖြစ်ပေသည်။ မူလတန်းဆရာဖြစ်သိပ္ပံများကို မြစ်ကြီးနား၊ မိတ္ထီလာ၊ သဲကုန်း၊ တောင်ကြီး၊ ပုသိမ်၊ ကျောက်ဖြူမြို့များတွင် ဖွင့်လှစ်ခဲ့၏။ အလယ်တန်းဆရာဖြစ်သိပ္ပံများကိုမူ မော်လမြိုင်၊ မန္တလေး၊ ရန်ကုန်မြို့များတွင်ဖွင့်ခဲ့၏။ ဖော်ပြပါ ဆရာအတတ်သင်များ၏ မိခင်သိပ္ပံမှာ ရန်ကုန်ဆရာအတတ်သင်သိပ္ပံပင်ဖြစ်ပေသည်။ မော်လမြိုင်ဆရာဖြစ်သိပ္ပံမှာ စနစ်သစ်ပညာရေးအရ ၁၉၆၆-၆၇ ခုနှစ်တွင်မှ အဆင့်တိုးတက်မြှင့်မားလာခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်သိပ္ပံကျောင်း" "S.T.C.T. (State Training College for Teachers)" ဟုတွင်ခဲ့သော်လည်း၊ ၁၉၆၆-၆၇ ခု၊ ကျောင်းနှစ်မှစ၍ **"ရန်ကုန်ဆရာအတတ်သင်သိပ္ပံ"** "R.T.T.C. (Rangoon Teachers' Training College)" ဟု အမည်ပြောင်းလဲလာခဲ့ပေသည်။

မိခင်သိပ္ပံကို ၁၉၄၇ ခုနှစ်မှစတင်၍ တည်ထောင်ဖွင့်လှစ်ခဲ့သည်ဟုသိရ၏။ ထိုစဉ်က အလံပြဘုရားလမ်းရှိ ယခု တပ်မတော်မှတ်တမ်းရုံးတည်ရာ အဆောက်အဦနေရာတွင် ဖြစ်ပေသည်။ စတင်ပျိုးထောင်သူ ဆရာကြီးမှာ ဦးဘဘွား ဖြစ်ပေသည်။ မိခင်သိပ္ပံကို စတင်တည်ထောင်ကာ၊ သင်ကြားပို့ချပေးခဲ့ပါသော ကျေးဇူးရှင်များအား အမှတ်တရ ဖော်ပြအပ်ပါသည်။

**မိခင်ဆရာအတတ်သင်သိပ္ပံကို စတင်တည်ထောင်သူများ**
**(၁၉၄၇–၄၈)**

ဦးဘဘွား (ကျောင်းအုပ်ကြီး)

| | | |
|---|---|---|
| မြန်မာစာဌာန။ | ဒေါက်တာဝွမ်လျှောင် | (ကထိက) |
| အင်္ဂလိပ်စာဌာန။ | မစ္စတာဖီလစ် | (ကထိက) |
| | မစ္စဖလောရင့်ပေါ်ထွန်း | (လ/ထ-ကထိက) |
| သင်္ချာဌာန။ | ဦးထွန်းသိန်း | (ကထိက) |



| | | |
|---|---|---|
| သင်္ချာဌာန။ | ဦးထွန်းသိန်း | (ကထိက) |
| သိပ္ပံဌာန။ | ဦးအဝိန် | (ကထိက) |
| | ဦးအေးမောင် | (လ/ထ-ကထိက) |
| သမိုင်းဌာန။ | ဦးဘဖေ | (ကထိက) |
| | ဦးပွ | (လ/ထ-ကထိက) |
| ပထဝီဌာန။ | ဦးဘိုးသွယ် | (ကထိက) |
| | ဒေါ်စောမှန် | (လ/ထ-ကထိက) |
| အိမ်တွင်းမှုသိပ္ပံဌာန။ | ဒေါ်စောလှိုင် | (ကထိက) |
| | ဒေါ်အေးကြည် | (လ/ထ-ကထိက) |
| ကာယပညာဌာန။ | ဦးကြီးတင် | (လ/ထ-ကထိက) |
| | ဒေါ်ခင်စော | (လ/ထ-ကထိက) |
| စက်မှုလက်မှုဌာန။ | ဦးကံကြီး | (ကထိက) |
| | ဦးဗခင် | (လ/ထ-ကထိက) |
| ပန်းချီအနုပညာဌာန။ | ဦးသက်ဝင်း | (လ/ထ-ကထိက) |
| ဂီတဌာန။ | ဦးဘသန်း | (လ/ထ-ကထိက) |

မိခင်မှာ ထိုနေရာတွင် ခေတ္တမျှ နားခိုခြင်းသာ ဖြစ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ယခု လသာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအနီးရှိ အဆုတ်ရောဂါကုတိုးချဲ့ဆေးရုံ အဆောက်အဦနေရာတွင် ဒုတိယအကြိမ် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပေသည်။ သို့ရာတွင် နေရာပြောင်းရွှေ့သုံးကြိမ်စေ့သောအခါတွင်မှ ဘူမိနက်သန်ဖြစ်ရာမြေကို ရှာဖွေ၍

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ပါ၏။ ကန်ဘဲ့မြေတွင် ယခုမြင်ရလေသည့်အတိုင်း မိခင်မှာ ပြုံးခြင်း၊ ရွှင်ခြင်း၊ ခန့်ညားခြင်းအတိဖြင့်၊ အနာဂတ်ပိုင်ရှင် လူရည်ချွန်၊ လူရည်မွန်များကို မွေးထုတ်မည့် ပြည်သူ့ဆရာများကို သွန်သင်လမ်းပြ ဩဝါဒပေးလျက်ရှိချေပြီ။

## ၂။ ကျောင်းအုပ်ကြီးများနှင့်အဆောင်မှူးများ

မြန်မာ့သားကောင်းသမီးကောင်းရတနာများကိုမွေးထုတ်ပေးမည့် ဆရာလောင်းများနှင့်တကွ ဆရာ့ဆရာများကိုပါ ကွပ်ကဲအုပ်ချုပ်ရမည့် ကျောင်းအုပ်ကြီးများကို သိရှိထားသင့်ပေသည်။

မိခင်သိပ္ပံ စတင်တည်ထောင်သည်မှ ယနေ့ အုပ်ချုပ်ခဲ့သည့် ကျေးဇူးရှင်ကြီးများအား ဖော်ပြလိုပေသည်။

### ကျောင်းအုပ်ဆရာကြီးများ

| | | |
|---|---|---|
| ၁။ | ဦးဘသွား | (၁၉၄၇-၅၂)ခုနှစ် |
| ၂။ | ဦးဘဖေ | (၁၉၅၂-၅၇)ခုနှစ် |
| ၃။ | ဦးဟုတ်ထိန် | (၁၉၅၇-၅၉)ခုနှစ် |
| ၄။ | ဦးစံ | (၁၉၅၉-၆၁)ခုနှစ် |
| ၅။ | ဦးစိန်လှအောင် | (၁၉၆၁-၆၃)ခုနှစ် |
| ၆။ | ဦးစံတင့် | (၁၉၆၃-၆၅)ခုနှစ် |
| ၇။ | ဦးစိန်တင် | (၁၉၆၅-၆၆)ခုနှစ် |
| ၈။ | ဦးဘဝမ်း | (၁၉၆၆-ယခုအထိ) |



ကျွန်ုပ်တို့နှင့် ရင်အုပ်မကွာရှိနေသူ ဆရာကြီးမှာ ဆရာကြီး ဦးဘဝမ်းဖြစ်ပြီး ကထိက၊ လက်ထောက်ကထိကများ၊ သင်တန်းသူ သင်တန်းသား ဆရာ ဆရာမလောင်းများနှင့် လက်တွဲကာ ပညာရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်စွာ အားသွန်ကြိုးပမ်းလျက်ရှိပေသည်။

သင်တန်းခွင်သို့ရောက်လာကြသည့်ဆရာဆရာမလောင်းများမှာ အသက်အရွယ် ကြီးရင့်သူများလည်းရှိ၏။ ငယ်ရွယ်သူများလည်းပါဝင်၏။

ပညာရေးစနစ်သစ်အရ ယခုနှစ်(၁၉၆၆-၆၇)ခုမှစ၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆရာအတတ်သင်သိပ္ပံသို့ ဝင်ရောက်လာသူများမှာ ငယ်ရွယ်သူတွေများလှပေသည်။ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အမှားမကင်းနိုင်ကြပါပေ။ သို့ဖြစ်၍ မွန်မြတ်လှသော အနန္တဂိုဏ်းဝင် ဆရာများဖြစ်တော့မည့် ကျွန်ုပ်တို့ ဆရာ၊ ဆရာမလောင်းများ၏ ပြောဆို၊ ပြုမူ၊ ကျင့်ကြံ၊ နေထိုင်ပုံတို့မှာ သာမန်ပုဂ္ဂိုလ်များနှင့်မတူ ထူးထူးခြားခြား ယဉ်ကျေးသိမ်မွေ့မှုရှိရန် လိုပေလိမ့်မည်။ တပည့်အမွန် လူရည်ချွန်များကို မွေးထုတ်မည့် ကျွန်ုပ်တို့ ဆရာများကလည်း လူချွန်လူမွန်များ ဖြစ်ရပေလိမ့်မည်။ သို့မှိုကြောင့် အရည်အချင်းပြည့်ဝရေးအတွက် မိဝေးဖဝေးနှင့် လာရောက်ပညာဆည်းပူးနေရသည့် သင်တန်းသားများ စုပေါင်းနေထိုင်ရာ အဆောင်များကို အုပ်ချုပ်ခဲ့ရသည့် အဆောင်မှူးချုပ်များ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အစဉ်အဆက်ဖော်ပြလိုပေသည်။

**အမျိုးသားအဆောင်မှူးချုပ်များ**

၁။ ဦးစိုးသွယ်
၂။ ဦးလှရွှေ
၃။ ဦးကြီးတင်
၄။ ဦးထိန်ဝင်း
၅။ ဦးဘိုးထင်
၆။ ဦးဗခင်
၇။ ဦးတင်ဖေ
၈။ ဦးမောင်မောင်သောင်း

**အမျိုးသမီးအဆောင်မှူးချုပ်များ**

၁။ ဒေါ်စောလှိုင်
၂။ ဒေါ်အေးကြည်
၃။ ဒေါ်စောညွန့်
၄။ ဒေါ်မြမှန်
၅။ ဒေါ်သန့်ကြည်
၆။ ဒေါ်ခင်အန်း
၇။ ဒေါ်ခင်စော

ယခုလက်ရှိ အမျိုးသားနှင့်အမျိုးသမီးအဆောင်မှူးချုပ်များမှာ ဆရာကြီး ဦးမောင်မောင်သောင်းနှင့် ဆရာမကြီး



ဒေါ်ခင်စောတို့ဖြစ်ပါသည်။ သင်တန်းသား (၃၀၈)ယောက်နှင့် သင်တန်းသူ(၄၃၇)ယောက်တို့အား နေထိုင်စားသောက်ရေးမှစ၍ အစစအရာရာ အဆင်ပြေမှုရှိစေရန် တာဝန်ယူဆောင်ရွက်လျက်ရှိပေသည်။

**၃။ သင်တန်းများ**

ရန်ကုန်ဆရာအတတ်သင်သိပ္ပံအနေနှင့် ယခင်က မူလတန်းနှင့် အလယ်တန်းဆရာဖြစ်သင်တန်းများကို ပို့ချခဲ့သည်။ သင်တန်းကာလမှာလည်း မူလတန်းတွင်ပင် (၁)နှစ်သင်တန်း၊ (၂)နှစ်သင်တန်းဟု နှစ်မျိုးနှစ်စား ရှိခဲ့သည့်နည်းတူ အလယ်တန်းတွင်လည်း (၁)နှစ်သင်တန်းနှင့် (၂)နှစ်သင်တန်းဟု ပြောင်းလဲသတ်မှတ်မှုများ ရှိခဲ့ပေသည်။ အခါအားလျော်စွာ လိုအပ်လာသဖြင့် ၁၉၆၁-၆၂ ခုနှစ်က တိုးချဲ့မူလတန်း (၁)နှစ်သင်တန်းသို့ (၁၇၁)ယောက်မျှ ခေါ်ယူပို့ချကာ မွေးထုတ်ပေးခဲ့ဖူးပေသည်။

မူလတန်းပြဆရာပေါင်းမှာ (၅၃၉၂)ယောက်ဖြစ်ပြီး အလယ်တန်းပြဆရာပေါင်းမှာ (၃၁၂၆)ယောက်ဖြစ်ပါသဖြင့် စုစုပေါင်း အရည်အချင်းပြည့် ဆရာဦးရေ (၈၅၁၈)ယောက်ကို မိခင်သိပ္ပံမှ မွေးထုတ်ခဲ့ပြီးဖြစ်ပေသည်။

ရှေးယခင်ကမူ အထူးသိပ္ပံ၊ အထူးအင်္ဂလိပ်စာ၊ အထူးကာယ၊ အထူးပန်းချီ၊ အထူးစိုက်ပျိုးရေး၊ အထူးစက်မှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



အလယ်တန်း အထူးအိမ်တွင်းမှုသင်တန်းများ ရှိခဲ့ဖူးပေသည်။ ယခုအခါ အထူးစက်မှုလက်မှုသင်တန်း သင်ယူခွင့် ရှိပေတော့သည်။ ဤမိခင်သိပ္ပံတွင် နွေရာသီမှာပင် မအားမလပ် ဉာဏ်သစ်လောင်း မွမ်းမံသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးခဲ့ပေသည်။

## ၃။ ကျောင်းတွင်းသာယာ ဒို့ဝန်တာ

ခေတ်စနစ်တို့ကား ပြောင်းလဲလျက်ရှိချေပြီ။ လူတို့၏ စိတ်သဘောထားတို့သည်လည်း ခေတ်နှင့်အညီ ပြောင်းလဲရပေလိမ့်မည်။ ကိုလိုနီခေတ်၊ အရင်းရှင်ခေတ်မှာကဲ့သို့ ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်နယ်ပယ်သည် ကျဉ်းမြောင်း၍ မဖြစ်ပေ။ စာသင်နေရုံနှင့်မပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းရပေမည်။ ပို့ချသူ ဆရာ ဆရာမများနှင့် တပည့်များ ချစ်ကြည်ရင်းနှီးမှု မရှိဘဲနှင့် ရည်ရွယ်ချက်လုပ်ငန်းများ အောင်မြင်မှုမရနိုင်ပေ။ ယခုမူ မိခင်သိပ္ပံ၌ ဆရာဆရာမများနှင့် သင်တန်းသူ သင်တန်းသားများ ချစ်ကြည်ရင်းနှီးမှုရှိကြသည်။ သင်တန်းသူ သင်တန်းသားများ၏ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အမြဲမပြတ် အနီးကပ်၍လေ့လာခြင်း၊ ကူညီစောင့်ရှောက်ခြင်း၊ အခက်အခဲများကို ကူညီဖြေရှင်းခြင်းတို့ဖြင့် သာယာသော မိသားစုအသွင်ကို ဖန်တီးနေသည်မှာ အားရနှစ်သိမ့်ဖွယ်ရာဖြစ်ပါ၏။



ကျောင်းကောင်စီနှင့် လက်အောက်ရှိ ဘာသာရပ်ဆိုင်ရာ အဖွဲ့ငယ်များကလည်း ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိပေသည်။ ဗဟုသုတရှာမှီး လေ့လာရေးခရီးထွက်ခြင်း၊ စာပေဟောပြောပွဲများကျင်းပခြင်း၊ စကားရည်လုပွဲ၊ ကျဘမ်းစကားပြောပွဲ၊ ကျောင်းတွင်း အဆောင်လိုက် ကပွဲကျင်းပခြင်း၊ ရုပ်ရှင်ပြခြင်းစသည်တို့ကို အပမ်းလည်းပြေ၊ ဗဟုသုတလည်းရစေရန် အပတ်စဉ်ဖြစ်စေ၊ ရက်သတ္တနှစ်ပတ်လျှင်တစ်ကြိမ်ဖြစ်စေ စီစဉ်ပေးခြင်းဖြင့် ကျောင်းတွင်းသာယာချမ်းမြေ့မှုကိုလည်း ဖြစ်စေပါ၏။ တစ်ဦးနှင့်တစ်ဦး ညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ လေးစားမှုကိုလည်း ရရှိပေသည်။

## ၄။ စနစ်ဟောင်း၏နိဂုံး

ရှေးယခင်ကမူ၊ သင်တန်းသို့ အလုပ်ခွင်မှ ဆွဲခန့်ဆရာများကိုသာ ခေါ်ယူ၍ ပို့ချသင်ကြားကြသည်ကများ၏။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆရာအတတ်သင်သိပ္ပံသို့ တိုက်ရိုက် ဝင်ရောက်ခွင့်ပြုသည့်စနစ် မရှိခဲ့ပေ။ စနစ်သစ်ပညာရေးအရ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် ဆရာအတတ်သင်သိပ္ပံသို့ တက်ရောက်လိုသူများအား လျှောက်ထားခွင့်ပြုပေသည်။ သို့နှင့်အညီ ယခုနှစ်(၁၉၆၆-၆၇)တွင် ရန်ကုန်ဆရာအတတ်သင်သိပ္ပံသို့ ဆရာလောင်း(၁၇၁)ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလောင်း(၃၈)ယောက်တို့ ဝင်ခွင့်ရရှိကြပြီး စနစ်သစ်ဖြင့် စာတွေ့လက်တွေ့ ဆည်းပူးလျက်ရှိပေပြီ။ (၂)နှစ်တာ သင်တန်းပြီးဆုံးပါက အရည်အချင်းအလိုက် တက္ကသိုလ်ဘီအီးဒီသင်တန်းတွင် ဆက်လက်တက်ရောက်ခွင့် ရှိသည်ဟုလည်းသိရပေသည်။ ဤသို့ဖြင့် လမ်းဖွင့်ပေးထား၍လည်း ဝမ်းမြောက်ဖွယ်ရာဖြစ်ပေသည်။

၁၉၆၇ ခု၊ မတ်လတွင် စနစ်ဟောင်း၏နိဂုံး ချုပ်ပေတော့မည်။ ဟောင်းလေပြီဖြစ်သောစနစ်ဖြင့် သင်တန်းပြီးဆုံးခဲ့ကြသော မူလတန်း၊ အလယ်တန်း ဆရာများအတွက်လည်း ခေတ်စနစ်ကိုပြောင်းသည်နှင့်အညီ တိုးတက်ရာလမ်းကြောင်းကို ဖွင့်ထားပေးသင့်ပေသည်။ စနစ်ဟောင်း၏နိဂုံးတွင် မိခင်၏ရင်ခွင်မှ နောက်ဆုံးခွဲခွာသွားကြရမည့်သူများမှာ ဒုတိယနှစ် အလယ်တန်းဆရာ (၁၂၅)ယောက်၊ ဆရာမ (၁၀၉)ယောက်နှင့် ဒုတိယနှစ် စက်မှုလက်မှုဆရာ(၃၂)ယောက်တို့ဖြစ်ပေသည်။

မိခင်နှင့်ခွဲရတော့မည့်ရက်မှာ မဝေးတော့ပြီ။ သားတို့သမီးတို့ကို (၂)နှစ်တာမျှ ရင်ဝယ်ပိုက်ထွေးခဲ့ပါ၏။ ယုယခဲ့ပါ၏။ အတတ်မျိုးစုံ အဖုံဖုံကိုလည်း သင်ပေးပြန်၏။ တိုင်းသစ် ပြည်သစ် နိုင်ငံသစ်ကို စနစ်သစ်ပညာရေးဖြင့် ထူထောင်နေချေပြီ။ တာဝန်တွေကား များပြားလှပါဘိ၏။ သည်တာဝန်တွေကို သားတို့ သမီးတို့အား ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနှင့် ထူးထူးချွန်ချွန် ဆောင်ရွက်စေချင်သည်ဟု မိခင်ကဆို၏။ သားတို့ သမီးတို့



ကလည်း မိခင်ဖြစ်စေချင်သော [illegible] တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါမည်ဟု တညီတညွတ်တည်း ကတိပြုကြပါ၏။

မိခင်၏ရှေ့မှောက်တွင် ခရေပင်တန်းနှင့် မြေနီလမ်းကလေးက ဖြောင့်ဖြူးလှ၏။ သာတောင့်သာယာရှိလှ၏။ အမိရင်ခွင်မှ ဒေသအသီးသီးသို့ ထွက်ခွာသွားကြတော့မည့် သားတို့ သမီးတို့အား မြေနီလမ်းတွင် ခရေပန်းတို့ကို မိခင်ကကြဲဖြန့်ပေးပေ၏။ နေပြောက်မျှပင်မထိုးသော ခရေမြိုင်တန်းနှင့် သည်ခရေလမ်းတို့မှ လိုရာအရပ်သို့သွားပါဟု မိခင်က ရင်နင့်နင့်နှင့်ဆို၏။ ခရေလမ်းမှ တစ်လှမ်းချင်းလှမ်းရင်း မိခင်ရင်ကို ခွဲခွာရချေတော့မည်။ သို့သော် အမိ၏စကားများကို သားတို့ သမီးတို့ ကြားယောင်နေမည်သာဖြစ်ပေသည်။

**“ရောက်ရာဒေသတွင် မိခင်၏ဆန္ဒနှင့်အညီ သားတို့ သမီးတို့သည် စည်းလုံးညီညွတ်မှုဖြင့် တိုင်းကျိုးပြည်ကျိုးကို သည်ပိုးထမ်းရွက်နေကြမည်သာဖြစ်ပါကြောင်းကို ထပ်လောင်း၍ ကတိပေးအပ်ပါသည် ××× အိုမိခင်”**

အာစရိယဂုဏ်ဆောင် သက္ကစ္စ အပဟံဝ နွာမိ

ဆရာနု

(၁၉၆၆-၆၇)ခုနှစ်

ရန်ကုန်ဆရာအတတ်သင်သိပ္ပံနှစ်လည်စာစောင်

www.burmeseclassic.com

www.burmeseclassic.com



# အမှိုက်

စာသင်ကျောင်းက ခေါင်းလောင်းသံသည် ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးနေသည်။ စာသင်ခန်းထဲသို့ ဝင်လာသည့် ဆရာမလေး ဒေါ်နုထွေးကို စတုတ္ထတန်းတပည့်လေးများက ဆီးကြိုရင်း "မင်္ဂလာပါ" ဟုညီညာဖြိုဖြို သံပြိုင်နှုတ်ဆက်ခဲ့ကြသည်။ ဆရာမလေးကမူ ပြန်လည်နှုတ်ဆက်ခြင်း မပြုသေး××ပတ်ဝန်းကျင်ကို အကဲခတ်နေသည်။ ပြီးမှ "မင်္ဂလာပါတပည့်တို့" ဟု တုံ့ပြန်နှုတ်ဆက်ကာ တစ်တန်းလုံး ထိုင်ခွင့်ရသွားခဲ့ကြသည်။

ချက်ချင်းမှာပင် ဆရာမလေးက စာသင်ခန်း၏ ရှေ့နောက်ဝဲယာ အတန်းအကွင်း လှည့်လည်ကြည့်ရှု စစ်ဆေးနေပြန်သည်။ အတန်းရှေ့သို့ပြန်လည်နေရာယူချိန်တွင် ပြုံးရာကတည်တည်ကြီးဖြစ်သွားပြီး တစ်ခုခုမှာကြားရန် ဟန်ပြင်နေစဉ် တစ်ခန်းလုံး ငြိမ်ချက်သားကောင်းနေသည်။

"ကျန်စစ်သားအသင်း အားလုံးမတ်တတ်ရပ်"

ဆရာမလေး၏အမိန့်ပေးသံကြောင့် အဝါအသင်းမှ ကျောင်းသား၊ ကျောင်းသူအားလုံး ပြိုင်တူမတ်တတ်ရပ်လိုက်ကြသည်။ လက်ပိုက်အနေအထားဖြင့် ဆရာမလေး ပြောကြားမည့် စကားကို အားလုံးနားစွင့်နေကြသည်။

"ဒီနေ့ ××× မင်းတို့ သန့်ရှင်းရေးအလှည့် ××× အမှိုက်ပုံးဘေးမှာ အမှိုက်တချို့ ××× ပြီးတော့ ××× ပုံးထဲမှာလဲ အမှိုက်တွေကပြည့်လို့ ××× ဘာဖြစ်လို့ ချက်ချင်း မသွန်ကြတာလဲ"

"မောင်လှဝင်း"

"ခင်ဗျာ ××× ဆရာမ"

"မင်းကအသင်းခေါင်းဆောင်နော် ××× တာဝန်ကျအသင်းဝင်တွေအားလုံး လုပ်မှလုပ်ကြရဲ့လား။ အေး ××× တစ်ဦးချင်း တာဝန်မကျေရင်တော့ အပြစ်ဒဏ်ဆိုတာ လာလိမ့်မယ်နော်။ ဒါနဲ့ မင်းရဲ့ခုံအောက်ကိုလည်း ကြည့်စမ်းပါဦးကွ"

"ဟင် ××× စက္ကူစုတ်အမှိုက်၊ ဘယ်ကလေတိုက်ပြီး လာပါလိမ့် ××× ပြီးတော့ ××× တစ်ယောက်ယောက်ကများ ဟို ××× ကျွန်တော် ××× ကျွန်တော် နောက်တစ်ခါ မဖြစ်ရအောင်"

ဆရာမလေးဒေါ်နုထွေးသည် ကျောင်းကို ရောက်ခဲ့သည်မှာ တစ်နှစ်ခန့်သာရှိပါသေးသည်။ အထက်တန်းကျောင်းကြီးက မူလတန်းပြဆရာမလေးတစ်ဦး ဖြစ်သော်လည်း အလုပ်ကိုလိုလိုလားလား၊ ကြိုးကြိုးစားစား လုပ်တတ်သူ၊ စည်းကမ်းကြီးသူတစ်ယောက်အဖြစ် အများကသိနေကြသည်။

"တို့ကျောင်းမှာ စည်းကမ်းမရှိ အမှိုက်ချသူတွေက ချ။ တစ်ဖက်ကလဲ သန့်ရှင်းရေးလုပ်ရင်း အမှိုက်သိမ်းသူတွေကလဲ သိမ်းနဲ့ အမှိုက်ပြဿနာ ဘယ်လိုအဆုံးသတ်ကြမလဲ။ အမှိုက်ပုံးနဲ့ သတ်မှတ်တဲ့နေရာတွေမှာ တစ်ခါတည်း စနစ်တကျ



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်စွန့်ပစ်ကြရင် မကောင်းဘူးလား။ အေး x x x စည်းမဲ့ကမ်းမဲ့ အမှိုက်စွန့်ပစ်တဲ့သူတွေ့ရင်ဝေ ၊ အပြစ်ပေးခံရမယ်နော်။ အသင်းလိုက် တာဝန်ကျသူတွေကတော့ မခိုမကပ်ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်ရလိမ့်မယ်နော်"

ဆရာမလေးမှာကြားပြီးသည်နှင့် မောင်လှဝင်းမှာ မိမိခုံအောက်က စက္ကူစုတ်အမှိုက်ကလေးကို အမြန်ကောက်ကာ အမှိုက်ပုံးထဲသို့ သွားထည့်လိုက်သည်။ စာသင်ခန်းအတွင်းရှိ ကျောင်းသားကျောင်းသူအားလုံးကလည်း မိမိတို့ဝန်းကျင်တွင် အမှိုက်ရှိ၊ မရှိ ရှာဖွေကြရင်း လှုပ်လှုပ်ရွရွ ဖြစ်သွားပါသည်။ အချိန်တိုအတွင်း စုစည်းရသမျှ အမှိုက်စတို့အား ပုံးတွင်ထည့်ကာ သတ်မှတ်ပေးထားသည့်နေရာ အမှိုက်ကျင်းတွင်သွန်ခဲ့ပြီး မိမိတို့စာသင်ခန်းတွင် အသင့်ပြန်၍ နေရာယူခဲ့ကြသည်။

**"တကယ်တော့ မလိုလို့စွန့်ပစ်ခဲ့ကြသည့် အမှိုက်တို့မှာနေရာတိုင်းတွင်ဝင် ရှိနေကြပေလိမ့်မည်။ အသိတရားကို အခြေခံ၍ အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်း ခိုင်မြဲနေရန်သာ အရေးကြီးလှပါသည်"** ဆရာမလေးဒေါ်နုထွေးအနေဖြင့် တပည့်ကလေးများတွင် သည်အလေ့အကျင့်ကောင်းတလေးများ အတော်အတန်စွဲနေပြီ ဖြစ်သည့်အတွက် ကျေနပ်မဆုံးဖြစ်ခဲ့သည်မှာ မှန်ပါသည်။ သို့ပေမယ့်ကလေးတွေအတွက် စိတ်မချနိုင်သေး။ **"နုစဉ် ငယ်စဉ်ဘဝတွင်**



**အကျင့်ကောင်း၊ အလေ့ကောင်းကလေးများ သွန်သင် လေ့ကျင့်ပေးရင်း၊ ကောင်းမြတ်သောစိတ်နှလုံး၊ အလေ့အကျင့်ကောင်းတို့ဖြင့် ကလေးတို့၏ဘဝကို ကြီးထွားရှင်သန်စေချင်ပါသည်။"**

"တစ်စစ်မြင် တစ်စကောက်၊ အမှိုက်ဟူသည်ပျောက်"

"အမှိုက်မချ၊ မကောက်ရ"

"အမှိုက်သန့်ရှင်း၊ တို့ကျောင်းဝင်း"

"သန့်ရှင်းသာယာ၊ တို့ဝန်တာ"

"တို့ကျောင်းတို့ဝင်း၊ ထိုသန့်ရှင်း"

"အိမ်လမ်းရွာကျောင်း၊ သန့်ရှင်းကြောင်း၊ စုပေါင်းအမှိုက်သိမ်း"

"အလေ့အကျင့်ကောင်းအစ၊ စာသင်ကျောင်းက"

တာဝန်ရှိ၊ တာဝန်သိကြသော သည်ကျောင်းက ဆရာ ဆရာမများ၊ ပြီးတော့ တပည့်များ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ကျောင်းဝင်းအတွင်းရှိ အရိပ်ရပင်များအောက်တွင် သစ်ရွက်ခြောက်များ မတွေ့ရတော့။ ဦးစွာတွေ့သူက တစ်စမြင် တစ်စကောက်ခဲ့ကြ၍ သန့်သန့်ရှင်းရှင်း မြင်ကွင်းလှလှ မြတ်နိုးဖွယ်ရာ အလေ့အကျင့်နှင့်အလုပ်တို့ကြောင့် ဒီကျောင်းဝင်းနှင့်ဝန်းကျင်တို့မှာ သန့်ရှင်းလှပ ကျက်သရေရှိလှသည်။

အစကောင်း၍ အနှောင်းသေချာရန် အတွက် ဆရာမလေးဒေါ်နုထွေးသည် မူလတန်းအဆင့် သူ့တပည့်များကို ကြပ်ကြပ်မတ်မတ် အဆုံးအမပြုကာ အလေ့အကျင့်ကောင်း

www.burmeseclassic.com

www.burmeseclassic.com

များကို အမွေပေးနေသည်။

**"အမှိုက်"** ကစ၍ ပြဿဒါးကြီးတစ်ခုလုံး မီးလောင်ဆုံးရှုံးခဲ့ရခြင်းမှာလည်း အသေးအဖွဲကလေးမှသည် ထိန်းမနိုင်သိမ်းမရ အပျက်ကြီးပျက်တတ်ကြသည့် သာဓကကို ထိထိမိမိ ဖော်ညွှန်းထားခြင်း ဖြစ်တန်ကောင်းပါ၏။ **စာသင်ကျောင်းက ဆရာဆရာမတို့သည် ကလေးများ၏ဘဝတစ်လျှောက်လုံး အသိသတိဖြင့် ထိန်းသိမ်းသွားအပ်သည့် အလေ့အကျင့်ကောင်းများကို လေ့ကျင့်သွန်သင် ပြုပြင်ပေးလျက်ရှိကြ၏။** အမိအဖတို့ကလည်း ဝိုင်းကူဖေးမ လမ်းကောင်းပြ၍ အားဖြည့်ထိန်းသိမ်းပေးခဲ့ကြပြန်သည်။ ပြီးတော့ အသိကိုယ်စီဖြင့် ကျွန်ုပ်တို့အားလုံး၊ အများပြည်သူတို့အားလုံး ပူးပေါင်းပါဝင် စည်းကမ်းရှိလာကြမည်ဆိုပါလျှင် × × ×

အာစရိယဂုဏ် သက္ကစ္စ အပဟံဝန္ဒာမိ

ဆရာနု

၂ဝဝ၂ ခုနှစ်၊ ဒီဇင်ဘာလ
မြတ်ဆရာမဂူဝင်း



# ဆောင်းတစ်ည

ဆောင်းဥတု၏ တစ်ခုသောညချမ်းဖြစ်ပါသည်။ လေနှင်ရာသို့ ဟိုသည်ပြေးလွှား ဆော့ကစားနေကြသည့် တိမ်လွှာပါးကလေးများကလည်း ဟိုတစ်စု၊ သည်တစ်စု ကောင်းကင်ပြာကြီးကို နောက်ခံပြုကာ ကြယ်ညီလာခင်း၍ လမင်းကြီးကလည်း သည်ညချမ်းကို အလှဆွဲရည် ဆမ်းဖေနသည်။ တစ်ခါတစ်ရံတွင်မူ ဆောင်းလေနုအေးက အသည်းနိုက်အောင် သိမ့်ကနဲ၊ သိမ့်ကနဲ တိုက်ခတ်သွားပြန်သည်။ ညမွှေးပန်း၏ ရနံ့သင်းသင်း လွှမ်းမိုးလာခြင်းကြောင့် သည်ညနှင့် သည်ဝန်းကျင်မှာ ကြည်နူးဖွယ်မို့ ဖော်ကွာဝေးသူတို့အား လွမ်းဆွေးအောင် ဖန်ဆင်းလေရော့သလား × × ×

အဝေးတစ်နေရာရှိ သားနှင့်သမီးတို့သည်လည်း သူတို့ချစ်သော မေမေနှင့်အတူ အိမ်အပြန်လမ်းက မှန်းဆ၍ မျှော်နေကြရော့မည်။ ဟိုသည်အတွေးဖြင့် နှစ်၊ လများစွာ ခွဲခွာနေကြရသည့် မိသားစု အကြောင်းတစ်ခုက တိုက်ဆိုင်လာခဲ့၍ သည်နေ့ × × × သည်ရက် × × × ပြန်ချိန်တန်ပါလျက် အပြန်ခက်နေသည့် ဆရာအေး × × ×

ရိုးထားဘူတာရုံတစ်ခုနှင့် မလှမ်းမကမ်းရှိ ဥယျာဉ်တစ်ခုအတွင်းဝယ် × × × သည်ညချမ်း ဆရာအေးတို့ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



တစ်စု ဆုံမိခဲ့ကြသည်။ စားပွဲရှည်နှစ်လုံးဆက်၍ ထိုင်ခုံများကို အသင့်ဝန်းရံချထားခဲ့သည်။ စားဖွယ်၊ သောက်ဖွယ်တို့ကလည်း အစုံအလင်၊ ဖိတ်ထားသူတို့ မစုံလင်သေး၍သာ ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့နေကြခြင်း ဖြစ်ပါသည်။ အမျိုးသားမိတ်ဆွေများချည်းမို့ ပို၍လည်း လွတ်လွတ်လပ်လပ် ရှိနေကြသည်။

တစ်စင်းပြီးတစ်စင်း ဝင်ထွက်ဆိုက်ကပ်လာကြသည့် ရထားတွဲကြီးများ၊ ပြီးတော့ ဥဩသံများက ဆရာအေး၏ အိမ်ပြန်ချင်စိတ်ကို နှိုးဆွပေးနေသလို ဖြစ်နေသည်။ အကယ်၍သာ ဝင်လာသည့်ရထားဖြင့် မိသားစုရှိရာ လိုက်ပါခဲ့မည်ဆိုပါလျှင် အချိန်ကောင်းတောင်း ရသေးသည်။ အခုတော့ ခက်ချေပြီ။ ကြိုတင်မှာထား အကြောင်းမကြားနိုင်ခဲ့၍ ရထားဘူတာရုံမှ စောင့်ကြိုနေကြမည့် သားနှင့်သမီး၊ ချစ်ဇနီး ××× ရထားဆိုက်ချိန်တွင် ဟိုသည်ပြေးလွှားကာ ရထားတွဲစုံအောင် ရှာနေကြရောမည်။ ဖွေရှာသူရှမှာ၍ သောကနှင့်ပြန်ကြရမည့် မိသားစုအတွက် ရတက်မအေး ××× ဟိုတွေးသည်ရောက် စိတ်နောက်ကိုယ်မပါ ငေးငိုင်နေရှာသည့် ဆရာအေး ×××

တကယ်တော့ ××× ဆရာအေး ပညာရေးတာဝန်ဖြင့် သည်မြို့ကလေးသို့ ရောက်ရှိခဲ့သည်မှာ တစ်နှစ်ခန့်သာ ရှိသေးပေမယ့် ဌာနဆိုင်ရာအကြီးအကဲများ အပါအဝင် ခင်မင်သူ မိတ်ဆွေပေါသူဖြစ်ပါသည်။ ကြုံတွေ့လာသူတို့နှင့် ရင်းရင်းနှီးနှီးဆက်ဆံ အပြန်အလှန်ကူညီရင်း ပျော်ပျော်ရွှင်ရွှင်နေတတ်သူမို့ အများကချစ်ခင်လေးစားကြသည်။ အခုလည်း



အဲကျွမ်းတဝင် ခင်မင်သည့်မိတ်ဆွေတစ်ဦး ရာထူးတိုး၍ တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့ထွက်ခွာရမည့် နှုတ်ဆက်ပွဲ၊ အောင်ပွဲပျော်ရွှင်ပွဲလေးကို မဖြစ်မနေ မိတ်ဆွေအနည်းစု ဖိတ်ကြားဆုံစည်းရသည့်ပွဲတစ်ခုမို့ ××× မပျက်မကွက် လာက်ရတော့မည့်အကြောင်းတစ်ခု ဖြစ်လာခဲ့ပါသည်။

ကျောင်းဝတ်စုံဖြူစိမ်းနှင့် တိုက်ပုံအင်္ကျီကို ခင်မင်မြတ်နိုး ဆရာ့ဘဝကို တန်ဖိုးထားသည့်ဆရာအေး ××× သည်ညချမ်းတွင် ထူးဆန်းနေသည်။ သူဝတ်ဆင်ထားသည့် အားကစားဝတ်စုံ ဘောင်းဘီရှည်နှင့် ဂျာကင်တို့မှာ အဖြူခံတွင် အနီစင်းများထည့်ထား၍ ကျက်သရေရှိလှသည်။ ပြီးတော့ အဝတ်ဖိနပ် အဖြူ၊ အညိုရောင် သိုးမွေးခေါင်းစွပ် လမ်းလျှောက်တုတ်ကောက် ××× သည့်အဆောင်အယောင်များဖြင့် အမှောင်မထင် ရောက်လာသည့်ဆရာအေး ××× မိတ်ဆွေများက ကြိုဆိုနှုတ်ဆက်ရင်း ချီးကျူးကြသည်။ တကယ်တော့ ××× ဆောင်းနှင်းငွေ့နှင့် အအေးဒဏ်ခံနိုင်ရန် ဆရာအေးအတွက် အရေးကြီးလှသည်။

တိမ်လွှာပါးနှင့် ဆောင်းနှင်းငွေ့များကြောင့် ငွေလမင်း၏အလင်းရောင်မှာ တစ်ခါတစ်ခါတွင် ပိုးတဝါး ××× ကြိုတင်ထွန်းညှိထားသည့် ပြာလဲ့လဲ့ မီးရောင်ကလေးက သည့်ဝန်းကျင်ကလေးကို လွှမ်းမိုးထားသည်မှာ ကြည်နူးစရာ ×××

ဖိတ်ကြားထားသူများစုံလင်၍ အမှတ်တရပွဲကလေးစတင်ချိန်မှာ ညဆယ်နာရီခန့်ရှိမည်ထင်ပါသည်။ ဘူတာရုံက

www.burmeseclassic.com

www.burmeseclassic.com



ရထားများလည်း အဝင်အထွက်မရှိသလောက် ကျဲသွားခဲ့ပါပြီ။ ဝန်းကျင်တစ်ခုလုံးလည်း တိတ်တိတ်ဆိတ်ဆိတ် × × × ဆုံစည်းခဲ့ကြသည့် မိတ်ဆွေဆယ်ဦးခန့်တွင် အများစုမှာ ဌာနဆိုင်ရာများကဖြစ်ကြပါသည်။ ဖိတ်ကြားသည့်အလှူရှင်က မိမိ နှစ်သက်သလို ပျော်ပျော်ပါးပါး သုံးဆောင်နိုင်ကြပါကြောင်း တရင်းတနှီးပြောပြသည့်အချိန်တွင် ပုလင်းဖောက်သံ၊ ဘူးဖောက်သံနှင့် ဇွန်းသံမစဲ စားကြ၊ သောက်ကြသည့်၊ အမှတ်တရ သည်ညချမ်း × × ×

ဧည့်ခံကျွေးမွေးသည့် အစားအစာများတွင် ခေါက်ဆွဲကြော်မှာ အတော်ပင်လက်ရာကောင်းလှသည်ဟု ဆရာအေးက ထင်မြင်ချက်ပေးခဲ့သည်။ သို့ပေမယ့် ဆီစိမ်ထားသည့် ဆိတ်သားခြောက်နှင့် အသင့်ဖောက်ပေးထားသည့် အချိုရည်က သူ့အတွက် ပို၍အရသာထူးနေသည်။ သောက်တတ်သူများ အချင်းချင်းကတော့ တစ်ယောက်နှင့်တစ်ယောက် အားပေးမြှောက်ပင့်ရင်း စံချိန်တင်နေကြသည်။ သည်လိုဖြင့် သောက်ရင်း၊ စားရင်း၊ ရယ်မောရင်း၊ တဖြေးဖြေးအချိန်လင့်လာခဲ့သည်။

"အေ့ × × ဟိုး × × × ဆရာအေးရေ × × × အချိုရည်နဲ့ နဂိုနေဆိုရင်တော့၊ မစိုပြည်ဘူးဗျာ × × × ဒီတော့ × × × မိတ်ဖြစ်ဆွေဖြစ် အခုလိုအခွင့်ကောင်းကြုံတုံး × × × နဲနဲဗျာ × × × နော် × × × နဲနဲ × × ×"

"ဟို × × × ကျွန်တော်ကို ခွင့်လွှတ် × × ×"

"နိုးနိုး × × × ခွင့်မလွှတ်ရေးချ × × × မလွှတ် × × ×



ကပါဗျာ × × × နဲနဲလေးပါ × × × ဒီနေ့ည ကျွန်တော်တို့အားလုံး ပျော်ပျော်ပါးပါး အကဲပြုကြပါလျက် ဆရာအေးတစ်ယောက်ထဲက အဝိုင်မပြုဘဲ စုန်းပြူးကြီး ဖြစ်နေမယ်ဆိုရင်တော့ × × × ဟဲဟဲ × × ×"

သည်ညဆုံစည်းပွဲကလေးတွင် ဆရာအေးနှင့် အလွန်ရင်းနှီးလှသည့် မိတ်ဆွေ × × × အခုတော့ ဆရာအေးကို အကျပ်ကိုင်နေခဲ့ပါပြီ။ သောက်စေလိုသည့် ယစ်ရွှေရည်အနည်းငယ်ကို ဖန်ခွက်ထဲထည့်ပေးပြီး စားပွဲတစ်ဘက်ထိပ်ရှိ သူ့နေရာသို့ မကျေမနပ်နှင့် စကားပြောရင်း ပြန်လျှောက်သွားခဲ့ပါသည်။ ဆရာအေးအတွက်ကတော့ ချီတုံချတုံဖြစ်နေသည်။

"ယောက်ျားပဲ၊ သောက်လိုက်ရင်ကော ဘာဖြစ်လဲ၊ သိပ်လည်းများတာမှမဟုတ်ဘဲ၊ ပြီးတော့ မိတ်ဆွေများနဲ့လည်း ပိုပြီးအဆင်ပြေသွားမှာ မဟုတ်လား × × ×"

"မဟုတ်သေးဘူး × × × ဆရာအေး × × × မဟုတ်သေးဘူး × × × မင်းစဉ်းစားဖို့က"

ဖန်ခွက်ကိုနှုတ်ခမ်းနှင့်ထိထားရင်း၊ ဆရာအေး ခေတ္တတွေဝေသွားခဲ့ပါသည်။ ဘာလုပ်ရပါမည်နည်း။ လက်ထဲက ဖန်ခွက်ကို စားပွဲပေါ်သို့ အသာအယာပြန်ချချိန်တွင် အနီးရှိ မိတ်ဆွေက အကြံပြုလိုက်ပြန်ပါသည်။

"ယောက်ျားဆိုတာ × × × အပေါင်းအသင်းနဲ့ဆိုရင်၊ ဘယ်ကင်းနိုင်ပါ့မလဲဗျာ × × × ဒီတော့ × × ×"

ခက်တော့ခက်ချေပြီ၊ တဖြေးဖြေးနှင့် ခက်အူရစ်

www.burmeseclassic.com

www.burmeseclassic.com



တင်းသလို၊ မိတ်ဆွေများ ဖိအားပေးလာကြသည်တွင် ငါ ဘာကြောင့် သည်ကိုရောက်လာရပါလိမ့်လို့ သူ့ကိုယ်သူ အဖြစ် တင်ရင်း စိတ်မကောင်းဖြစ်လာခဲ့မိသည်။ အားလုံးက သူ့အပေါ် အာရုံစူးစိုက်လာ၍ ပစ်မှတ်တစ်ခုလို ဖြစ်လာခဲ့သည်။ ညွှန်ခံ ကျွေးမွေးသည့် အစားအစာများကို စုံလင်အောင် ကျေနပ် အောင် စားခဲ့ မယ့် သည့်တစ်ခုကြောင့် အဖုအထစ်တော့ ဖြစ်ရချေတော့မည် × × ×

"ခွမ်း"

"ကျုပ် × × × လုံးဝမကျေနပ်ဘူးဗျာ"

ဖန်ခွက်ကွဲသံနှင့်အတူ ဒေါသထွက်နေသည့် စားပွဲ တစ်ဘက်ထိပ်ဆီမှ မိတ်ဆွေ၏စကားကြောင့် ဆရာအေး ရုတ်တရက် မျက်တောင်ပုတ်ရပ်လိုက်မိသည်။ သူ့ရှေ့သို့ ပစ်ပေါက် ခွဲချေလိုက်သည့် ဖန်ခွက်ကွဲအစအနများ × × × ပြီးတော့ × × × ယစ်ရွှေရည်စက်များက အစားအစာများပေါ်သို့ လွင့်စင်ဖြာကျ သွားခဲ့ပြီး စားပွဲတစ်ပြင်လုံးလည်း ရွှဲရွှဲစို × × × ချက်ချင်းမင် သူ့ရှိန်က သည်ဝန်းကျင်ကလေးကို လွှမ်းမိုးသွားခဲ့ပါပြီ၊ အမှတ် မထင် ပေါ်ပေါက်လာသည့်ဖြစ်ရပ်ကြောင့် အားလုံး အံ့အားသင့် နေသည်။

"မိတ်ဆွေတို့ × × × ကျုပ် × × အပြုအမူရိုင်းသွားတာ ခွင့်လွှတ်ပါ × × × တကယ်တော့ × × × ဆရာအေးဟာ ကျွန်တော် ချစ်တဲ့သူငယ်ချင်းပါ × × × ဒါပေမယ့် × × × လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး အမှတ်တရ ဆုံစည်းခွင့်ရတဲ့ အခုလိုညချမ်းမှာ



သူတစ်ယောက်တည်းက သူတော်ကောင်း × × × ကျုပ်တို့ အားလုံးက လူမိုက် × × × ကဲ × × × ထင်ချင်သလိုထင် × × ×"

စားပွဲထိပ်တစ်ဘက်တွင်ထိုင်နေသည့် ဆရာအေး၏ သူငယ်ချင်းမိတ်ဆွေက ဆရာအေးကို တစ်ချိန်လုံး စောင့်ကြည့် နေခဲ့သည်။ တကယ်တော့ × × × သည်ညချမ်း ဆုံစည်းပွဲ ကလေးသို့ ဆရာအေးက တက်ရောက်လိုသည်မဟုတ် × × × အကြိမ်ကြိမ်ငြင်းပယ်ခဲ့ရာက ကျောင်းနေဘက် သူငယ်ချင်း မိတ်ဆွေက တရရမှာလွန်း၍ အားနာပြီး တက်ရောက်လာခဲ့ မိခြင်းဖြစ်သည်။ သူဖြစ်စေချင်သည့် ဆန္ဒတစ်ခု မလိုက်လျော ခဲ့မိသည့်အတွက် အခုတော့ အကြီးအကျယ် စိတ်ဆိုးခဲ့ပါပြီ။ ကြည်နူးဖွယ်သည်ညချမ်း × × × သည်ဝန်းကျင်ကလေးမှာလည်း တဒင်္ဂ တိတ်ဆိတ်သွားခဲ့ပါသည်။

ယစ်ရွှေရည်၏အစွမ်းက × × × လွန်ကဲသည်နှင့်အမျှ အလင်းပျောက်၍ အမှောင်ထုတွင်းသို့ ဝင်ရောက်သွားတတ် သည်မှာ ဓမ္မတာမို့ ဤမျှနှင့်သာ အဆုံးမသတ်သေး × × × ယိမ်းယိုင်လှုပ်ရှားကာ တစ်လှမ်းချင်းရှေ့သို့ တိုးလာနေသည့် သူငယ်ချင်းမိတ်ဆွေ × × × နှုတ်ထွက်ကြမ်း၍ ကိုယ်အမူအရာ ကလည်း ရမ်းလွန်းလှပါသည်။ သည်တော့ × × × ဆရာအေး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရပါသည်။

"ကျွန်တော် × × × သွားလိုက်ပါအုံးမယ် × × ×"

ညွှန့်ခံကျွေးမွေးခဲ့သည့် မိတ်ဆွေကို ခေါင်းညိတ် နှုတ်ဆက်ရင်း × × × သိုးမွှေးခေါင်းစွပ်ကလေးကို အလိုက်သင့်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းကာ လမ်းသွယ်ကျောက်တုတ်ကောက်ဆွဲ၍ သည်နေရာကလေးမှ ချက်ချင်းထွက်ခွာခဲ့ပါသည်။ ဆရာအေးအတွက် စိတ်မကောင်းဖြစ်၍ ကျန်ရစ်သူများ ရှိကောင်းရှိမည်ဖြစ်သော်လည်း အခုဆုံးဖြတ်ချက်က သူ့အတွက် ××× ပြီးတော့ မိတ်ဆွေများအတွက် ××× အကောင်းဆုံးဖြစ်လိမ့်မည်ဟု ဆရာအေးက ယုံကြည်နေသည်။ ဖြစ်ရပ်အားလုံးမှာ စိတ်မကောင်းစရာဖြစ်ပေမယ့် ဆရာအေးက စိတ်မဆိုးခဲ့။ တကယ်တော့ သူ့ရဲ့ ကျောင်းနေဘက်သူငယ်ချင်းမှာ သူ့ကို ခင်မင်လေးစား အကျိုးလိုလားသူဖြစ်သည်ကို ဆရာအေးသိနေသည်။ ယစ်မူးရည်ကြောင့် သူ့အပေါ် အပြစ်တွေတသီကြီးမြင်ကာ အမုန်းစကားဆိုခဲ့၊ ပြုမူခဲ့ခြင်းဖြစ်ပါလိမ့်မည်။ အဝေးတစ်နေရာတွင် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ပြန်လည်ဆုံစည်းခွင့်ရခဲ့ကြသည့် ကျောင်းနေဖက် သူငယ်ချင်းနှစ်ယောက် ××× ခုတော့ တစ်ဦးက သေရည်သောက်မိ၍ အခြားမိတ်ဆွေတစ်ဦး၏ အမှတ်တရ သည်ညချမ်းကလေးကို ညှိုးနွမ်းစေခဲ့လေသလား ×××

အချိန်ကဖြင့် ညသန်းခေါင်ခန့်ရှိခဲ့ပါပြီ။ လမ်းပေါ်တွင်လည်း လူအသွားအလာမရှိသလောက် ရှင်းနေသည်။ ကြယ်ညီလာခင်း၍ ငွေစန္ဒာလမင်းကြီးကလည်း အခုမှ ထိန်ထိန်သာ ××× ငွေဇာခြည်လွှာချ၍ သည်ဆောင်းညကို အလှဆင်နေပြန်ပါသည်။

အချိန်လင့်နေပြီမို့ ဆရာအေးတစ်ယောက် ခပ်သွက်သွက် လမ်းလျှောက်ရင်းပြန်ခဲ့သည်။ မိမိ၏အပြုအမူ



ရိုင်းပြသွားလေရော့သလားဟုလည်း တွေးရင်း ××× ရာထူးတိုး၍ နှုတ်ဆက်ထွက်ခွာမည့် မိတ်ဆွေ၏ အမှတ်တရပွဲကလေး မိမိကြောင့်၊ မိမိတို့သူငယ်ချင်းနှစ်ယောက်ကြောင့် အနှောက်အယှက်ဖြစ်ခဲ့ရသည်ကိုတော့ တောင်းပန်ရပေဦးမည် ×××

ငွေလရောင်အောက်တွင် ခန့်ညားစွာ ထီးထီးမတ်မတ်ရပ်တည်နေသည့် မိမိ၏ရုံးရှေ့၌ ဆရာအေး ရပ်လိုက်သည်။ ပြီးတော့ သူ့စကား သူ့အတွေးက တရေးရေး ဝင်လာခဲ့တော့သည်။

**" မြတ်ဆရာတို့သည် မြင့်မြတ်သောစိတ်နှလုံးဖြင့် တပည့်တို့၏ စံပြုရာအဖြစ် နေထိုင်ပြုမူပြောဆို ဆက်ဆံကြရ၏။ ကျောင်းအုပ်ကြီးတို့သည်လည်း တပည့်များနှင့် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် ဆရာ၊ ဆရာမများ၏ စံပြုရာအဖြစ် နေထိုင်ပြုမူ ပြောဆိုဆက်ဆံကြရပြန်ပါ၏။ ဤသို့ဆိုပါလျှင် ကျောင်းအုပ်ကြီးများအား ရှေ့ဆောင်လမ်းပြ သြဝါဒပေးရင်း ပညာရေးကို တာဝန်ယူနေရသည့် မိမိအနေဖြင့် တပည့် ကျောင်းသား၊ ကျောင်းသူ ယနေ့လူငယ်များ၏ အနာဂတ်ရေး အတွက် အတုယူနိုင်ရန် မည်သို့နေတိုင်း ပြုမူပြောဆိုဆက်ဆံသင့်ပါသနည်း။"**

အနှစ်သုံးဆယ်ကျော်ကြာမျှ ပညာရေးတာဝန်ကို နေရာအနှံ့ထမ်းဆောင်ခဲ့ပြီးဖြစ်သည့် ဆရာအေး ××× သို့ အတွေးက အလင်းရောင်ပေးခဲ့ပြီမို့ စိတ်ပေါ့ပါး လန်းဆန်းသွားခဲ့ပါသည်။ ရုံးဂင်ဝသို့ ဝင်ရန်ဟန်ပြင်ချိန်တွင် ညဉ့်နက်

www.burmeseclassic.com

www.burmeseclassic.com



လှပြီဖြစ်ပေမယ့် အသင့်စောင့်နေသည့်တပည့်က တံခါးဖွင့်ပေးခဲ့ပါသည်။ အပေါ်ထပ်သို့တက်ခဲ့၍ မိမိအိပ်ခန်းတွင်းသို့ ဝင်ခဲ့ပြီး၊ ခေါင်းရင်းဘက်ရှိ ပြတင်းတံခါးကို အသာအယာ ဖွင့်လိုက်စဉ် ငွေစန္ဒာလမင်းကြီးက × × × အခန်းတွင်းသို့ ငွေဇာခြည်အနှံ့ကျဲဖြန့်လိုက်သည်မှာ ကြည်နူးဖွယ်အလှ × × × သည်ဆောင်းတစ်ည × × ×

"ယောကျာ်းဆိုတာ အပေါင်းအသင်းနဲ့မို့ တစ်ခါတစ်လေတော့လည်း အသောက်အစား ဘယ်ကင်းနိုင်ပါ့မလဲလို့ တို့အမျိုးသားတွေဟာ အကြောင်းပြတတ်ကြပါတယ်။ ဒါဟာ တို့ရဲ့အားနည်းချက်တစ်ရပ်ပါပဲ။ တို့ဟာ ပညာရေးတာဝန်နဲ့ အနာဂတ်ကို တာဝန်ယူနေကြရသူများဖြစ်တယ် ဆိုတာကိုတော့ မမေ့ကြပါနဲ့။ အေး × × × မလွှဲမရှောင်သာလို့ သောက်စားခဲ့မိပါတယ်ဆိုရင်တော့ ရုံးကိုလည်းမလာနဲ့၊ ကျောင်းကိုလည်း မလာကြနဲ့ × × ×"

ဆရာအေးတစ်ယောက် သည်မြေဒေသကို ရောက်ဖကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များကို အခြေခံလျက် တစ်ခုသော ပညာရေးဆုံစည်းပွဲတွင် သူနှင့်အတူ လက်တွဲချီတက် ခရီးဆက်ကြမည့် လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များအား အမှတ်တရ မှာကြားကာ အဆုံးအမပြုခဲ့ဖူးပါသည်။

သူချမှတ်ခဲ့သည့် စည်းကမ်း၊ သူကိုယ်တိုင် လိုက်နာနိုင်ခဲ့၍သာ သူ့ရုံး၊ သူ့အိပ်ခန်းလေးသို့ သည်နေ့ည ပြန်လည် အိပ်စက် နားနေခွင့်ရခဲ့သည်ကို ဆရာအေး ရှင်းပြခွင့်မကြုံခဲ့



ပေမယ့် ကျောင်းနေဖက် သူ့သူငယ်ချင်းနှင့် သူ့မိတ်ဆွေများ နားလည်နိုင်ပါစေဟုသာ လမင်းကြီးကိုတိုင်တည်ရင်း ဆုတောင်းခဲ့ရသည့် သည်တစ်ည × × ×

အိပ်ခန်း၏ ခေါင်းရင်းဘက်တွင် ပေါက်နေသည့် ခရေပင်ကြီး၊ အိုမင်းနေပေမယ့် ခရေပန်းအလှတို့ဖြင့် ဖူးပွင့်ရင်း × × × ဝန်းကျင်တစ်ခုလုံး မွှေးရနံ့တွေက တသင်းသင်း × × × သူ့ကျက်သရေ၊ သူ့အလှ၊ သူ့ဘဝကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ အမှတ်မထင်တိုက်ခတ်လာသည့် ဆောင်းလေနုအေးက သည်မွှေးရနံ့ကို သယ်ဆောင်ကာ ဆောင်းညကို အလှဆင်နေသည်။

ပင်ယံထက်ဆီက ရွှေဥဩလည်း ဖော်ကွဲတစ်ကိုယ် အလွမ်းပို့နေပြန်ပါသည်။ ဖော်ကွာဝေးသူတို့ လွမ်းဆွေးဖို့ ဖန်နေလေရော့သလား × × × ဆရာအေးအတွက် ရင်မောဖွယ်၊ ကြည်နူးဖွယ်၊ ဆွတ်ပျံ့ဖွယ်၊ လွမ်းမောဖွယ်ခံစားမှုများဖြင့် အိပ်၍မရသော သည်ဆောင်းတစ်ည ကြုံခဲ့ရပြန်ပါပြီ × × ×

အာစရိယဂုဏံ သက္ကစ္စံ အပဟံဝန္ဒာမိ

ဆရာနု

(၂၀၀၂-၂၀၀၃)ခုနှစ်

အင်းလျားရေကန်နာမ်ကွင်း အဆောက်(၂)ကဗျာရွက်

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာပန်းများပွင့်စေသူ

အရှက်ဦးကို ကြိုဆိုအလှဆင်နေကြသည့် ကျေးငှက်တို့၏ တေးသံစုံတို့ဖြင့် ကျွန်မအိပ်ရာက နိုးထခဲ့ပါသည်။

နံနက်ခင်း ××× နှင်းကဝေဝေ ××× လေပြည်အသွေးတွင် ခရေပန်းရနံ့က မွှေးပျံ့သင်းကြိုင်နေသည်။ အိပ်ရာဝင်အိပ် ရတနာသုံးပါးနှင့် မိဘဆရာများကို မမေ့မလျော့ ကန်တော့စေပြုရန် ဖေဖေနဲ့မေမေတို့က ငယ်စဉ်ကပင် အလေ့အကျင့်ကောင်းပေးခဲ့၍လည်း ဘုရားဝတ်ပြုကာ တစ်နေ့တာ လုပ်ငန်းစတင်ခဲ့ရပြန်ပါသည်။

သူနာပြုအတတ်ပညာ လေ့လာ ဆည်းပူးရင်း လက်တွေ့ကွင်းဆင်းရတော့မည်ကို မျှော်နေမိပါသည်။ ကျွန်မတို့သင်တန်းသူများအားလုံး လူနာတစ်ဦးစီ တာဝန်ခွဲဝေ စောင့်ရှောက်ပြုစု အတွေ့အကြုံရယူကြရန်ဖြစ်ပါသည်။

ကျွန်မအတွက် တာဝန်ကျမည့်လူနာ ××× ယောကျ်ားလား ××× မိန်းမလား ××× ကလေးလား ××× လူကြီးလား ××× ပြီးတော့ သူခံစားနေရသည့်ရောဂါဝေဒနာ ××× လုပ်ငန်းခွင်မရောက်မီကပင် သိချင်စိတ်ကစေနေသည်။ မကြာမီ တာဝန်ရှိဆရာဝန်ကြီး ရောက်ရှိလာပြီး ကျွန်မတို့အားလုံးအတွက် လိုအပ်သည်များကို ရှင်းလင်းမှာကြားပေးခဲ့ပါသည်။



"သမီး တာဝန်ယူရမယ့် လူနာကိုသိပြီနော်"

"ဟုတ်ကဲ့ပါရှင့်"

"သမီးလူနာ့အတွက် အထူးသတိပြု ဆောင်ရွက်ပေးရမယ့် တာဝန်ကိုလည်း သိပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ပါရှင့် ××× သမီး အစွမ်းကုန် [illegible] ဆောင်ရွက်သွားပါ့မယ်"

"အေး ××× အေး ××× သမီးတို့အားလုံး လုပ်ငန်းခွင်မှာ အကောင်းဆုံး ကြိုးစားဆောင်ရွက်နိုင်ခဲ့ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

မှာကြားချက်များနာယူပြီး ကျွန်မတာဝန်ကျရာ လူနာဆီသို့ အမြေးအလွှားရောက်လာခဲ့ပါတယ် ×××

အမျိုးသမီးလူနာ ××× အသက်(၂၀)ခန့်သာရှိပေလိမ့်မည်။ အလို ×× လူနာက ဗိုန်လိုက်တာနော် ××× အရိုးပေါ်အရေတင် ××× နာကျင်ခံစား ဖိစီးနှိပ်စက်သည့် ဝေဒနာများကြောင့် တစ်ခါတစ်ရံ မခံသာအောင် လူးလွန့်လှုပ်ရှား ××× ညည်းတွားရှန်းကန်၊ သနားစရာ သူမရဲ့ရုပ်ဟန်ကြောင့် ကျွန်မစိတ်တွင် လှုပ်လှုပ်ရှားရှား ခံစားမိခဲ့ပါသည်။

အလို ××× ဘုရား ဘုရား ××× ဝေဒနာခံစားရင်း ကယ်မယ့်သူကို စောင့်မျှော်နေသည့်အကြည့် ××× မချိတင်ကဲဝမ်းနည်းပူဆွေးမှု၏ အရိပ်လက္ခဏာအဖြစ် သူမ၏မျက်ဝန်းအိမ်တွင် မျက်ရည်စက်လေးများက ဝေ့ဝဲနေရှာသည်။ အနားက

www.burmeseclassic.com

www.burmeseclassic.com



သူ့မေမေ × × × မျက်ရည်တွေတွေကျရင်း × × × နှစ်သိမ့်စကားဖြင့် သမီးဖြစ်သူ၏လက်ဖဝါးကို ပါးမှာအပ်ရင်း × × × ရင်တွင်းက အပူ × × ×

ကျွန်မလူနာအတွက် ဦးစွာဆောင်ရွက်ပေးသင့်သည့် အချက်အလက်များကို ကျွန်မစဉ်းစားခဲ့ပါသည်။ ကျွန်မအတွက် အခွင့်ကောင်းကြုံပါသည်။ ခဏအကြာတွင် × × × လူနာမှာ အနည်းငယ် သက်တောင့်သက်သာရှိလာသည်။ ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေသည့် လူနာအား ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ပြန်လည်ခေါင်းညိတ်နှုတ်ဆက်ရင်း ပြန့်ကျဲနေသော ဆံပင်များ × × × နဖူးဆံစမှ အသာအယာ ကျွန်မ သိမ်းပေးခဲ့ပါသည်။ သူမမျက်နှာ ကြည်လင်လန်းဆန်းစေဖို့ ရေနွေးစိမ် ဂွမ်းစလေးဖြင့် အသာအယာ ကျွန်မပြုစုပေးနေချိန် ငြိမ်သက်ကြည်နူးစွာ ခံယူနေသည့် ကျွန်မလူနာကိုကြည့်ရင်း × × × ဝမ်းသာအားတက်မဆုံး ဖြစ်ခဲ့ရပါသည်။

**"ဆေးရုံကို × × × ပျော်လို့ရောက်လာတဲ့ လူနာဆိုတာ မရှိနိုင်ပါဘူး သမီး × × × ရောဂါဝေဒနာ ခံစားနေကြရလို့ ကယ်တင်ပြုစု ကုသပေးနိုင်မည့်သူကို အားကိုးတဲ့အကြည့်နဲ့ အမြဲစောင့်ကြိုနေကြတဲ့ လူနာတွေကို အစွမ်းကုန်ပြုစု ကုသကယ်တင်ရင်းနဲ့ မြင့်မြတ်တဲ့ကုသိုလ်မှုကို ရယူပါသမီး"**

လူနာကို စောင့်ရှောက်ပြုစုနေဆဲမှာပင် × × × ဖေဖေနဲ့ မေမေတို့ မကြာခဏမှာကြား အဆုံးအမပြုခဲ့သည့် စကားကို



ပြန်လည်ကြားယောင်နေမိပါသည်။

အကယ်၍သာ × × × ကျွန်မ၏လူနာသည် ကျန်းကျန်းမာမာရှိနေမည်ဆိုပါက × × × မိန်းမချောလေးတစ်ယောက် ဖြစ်နေပါလိမ့်မည်။ အခုတော့ × × × အမေတစ်ခု × × × သမီးတစ်ခု နွမ်းပါးလှသည့်မိသားစုမို့ ကျွန်မ ပို၍သနားကြင်နာမိပါသည်။ အကောင်းဆုံးကြိုးစား၍ ပြုစုစောင့်ရှောက်မှုပေးရန် ကျွန်မဆုံးဖြတ်လိုက်ပါသည်။

လူနာ၏ ခြောက်သွေ့နေသော နှုတ်ခမ်းကို ရေဆွတ်ထားသည့် ဂွမ်းစကလေးဖြင့် ညင်သာစွာ သုတ်ပေးသည့်အခါတွင် ကျေးဇူးတင်မဆုံးရှိသည့်အကြည့်ဖြင့် ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေခိုက်မှာ ကျွန်မအတွက် အခွင့်အခါကောင်းတစ်ခုအဖြစ် သတိရလိုက်ပါသည်။

"ညီမလေး × × × နို့လေးတစ်ဇွန်းလောက် သောက်လိုက်ရအောင်နော် × × × ဒါမှ အားရှိပြီး ညီမလေးမြန်မြန် နေကောင်းသွားမှာ"

တစ်စုံတစ်ရာတုံ့ပြန်ရန် ဆန္ဒမရှိသည့်ဟန်ဖြင့် ကျွန်မကို မျက်နှာလွှဲသွားခဲ့ပါသည်။ သည်တော့လည်း × × × သူ့ကို ကျွန်မချော့ရပြန်ပါသည်။

"ညီမလေးကို နေကောင်းသွားတဲ့အထိ မမက စောင့်ရှောက်သွားမှာပါ × × × ညီမလေးကလိမ္မာပါတယ် × × × ဒီနို့လေးတစ်ဇွန်း သောက်လိုက်ရအောင်နော် × × အဲ × × ဟုတ်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ × × တစ်ဖွန်း × × ပြီးတော့ × × နောက်တစ်ဖွန်း”

ဒုက္ခဝေဒနာ ကြီးစွာခံစားနေရသူတို့အတွက် ရေကြည် တစ်ပေါက် သောက်ရမည်ကိုပင် ဝန်လေးပင်ပန်း နေတတ်ကြပါသည်။ နို့လေး တစ်ဖွန်း နှစ်ဖွန်း ချော့မော့တိုက်ကျွေးနေရချိန်မှာပင် တစ်ခါတစ်ခါ ရင်တွင်းရောဂါက ဖောက်၍ဖောက်၍ လာပြန်ပါသည်။ သို့ပေမယ့် လူနာနှင့်ကျွန်မ × × × တွေ့စနှင့် မတ္တူ × × × မေတ္တာဖြင့် ဂရုတစိုက် တိုက်ကျွေးခဲ့သည့် နို့တစ်ဖွန်းကို တစ်ခါတစ်ရံ အားယူမြိုချခဲ့ရသော်လည်း ပြုံးရောင်သန်းသည့် မျက်လုံးဖြင့် ကျွန်မကိုတုံ့ပြန်ခဲ့၍ ကြည်နူးမဆုံး ဖြစ်ခဲ့ရပါသည်။

**“လူနာကို မေတ္တာ စေတနာနဲ့ ပြုစုယုယမှု အပြည့်အဝ ပေးနိုင်မယ်ဆိုရင်ပဲ × × × ရောဂါဝေဒနာ တစ်ဝက်လောက် ပျောက်သွားသလို လူနာဘက်က ခံစားပြောင်းလဲတတ်ပါတယ်”**

ကျေးဇူးရှင်ဆရာများ၏ လမ်းညွှန်သွန်သင် မှာကြားချက်များကို ယခုတော့ ကိုယ်တွေ့ အကောင်အထည်ဖော်ခွင့်ရခဲ့ပါပြီ။ ရုပ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာအတွက် အထိုက်အလျောက် တိုးတက်မှုရရှိလိမ့်မည်ထင်ပါသည်။ စိတ်ထောင်း၍ ကိုယ်ကျေဆိုသည့် စကားအတိုင်း ယခုတော့ စိတ်လန်း၍ ကိုယ်လည်း ထင်သလောက် မပန်းတော့သည်ကို တွေ့မြင်ခဲ့ရပါသည်။

တကယ်တော့ တာဝန်ကျလူနာအား နို့တစ်ဖန်ခွက်



ကုန်အောင် ပြုစုတိုက်ကျွေးပေးရမည့် ကျွန်မ၏ တာဝန်မှာ အောင်မြင်ပြီးမြောက်ခဲ့ပါပြီ။ တာဝန်ပြီးဆုံး၍ လူနာနှင့် ခွဲခွာရမည့်အချိန်တွင် × × × တိုးတက်ပြောင်းလဲမှုရှိနေသည့် လူနာကို ကြည့်ရင်း × × × ကျွန်မ ဝမ်းသာမဆုံး၊ ကျေနပ်မဆုံး ဖြစ်ခဲ့ရပါသည်။

“မမ × × × မနက်ဖြန် ဆက်ဆက်လာခဲ့ပါနော်”

လေသံသဲ့သဲ့ဖြင့် မှာကြားနေသည့် ကျွန်မလူနာ၏ စကားကို အနားကပ်၍ မနည်းနားထောင်ခဲ့ရသည်။ သူမ၏ မျက်ဝန်းအိမ်တွင် ပုလဲမျက်ရည်တို့ တွဲခိုကျဆင်းလာသည်ကို မြင်တွေ့ရသည့်အခါ × × × ကျွန်မ ဆို့နင့်စွာခံစားရင်း × × × ခေါင်းညိတ်ကတိပေး၍ သူနဲ့ကျွန်မ ခွဲခွာခဲ့ပါသည်။

လုပ်ငန်းခွင်မှ အပြန်ခရီးတွင် × × × ဝမ်းသာ ဝမ်းနည်း ဝေဒနာနှစ်ခုဖြင့် ကျွန်မ၏ခြေလှမ်းများ လေးကန်စွာ ထွက်ခွာလာမိသည်ကို သတိထားမိလိုက်ပါသည်။

သည်လိုဖြင့် × × × အလုပ်ပိတ်ရက်တစ်ရက် ကြားခံနေ၍ သံယောဇဉ်တွယ်ခဲ့ရသော ကျွန်မ၏လူနာနှင့်တစ်ရက်တာ ဆုံစည်းခွင့်မရဘဲရှိခဲ့သည်။ သည်တော့လည်း × × × သူမနှင့် ခွဲခွာစဉ် နောက်နေ့ ဆက်ဆက်လာခဲ့ရန် ပြောကြားခဲ့သည့် သူ့စကားကို ကျွန်မ ကောင်းစွာ သတိတရရှိနေမိပါသည်။

သူမနဲ့ကျွန်မ × × × သည်နေ့ ပြန်လည်ဆုံတွေ့ကြရပါတော့မည်။ ခရေပန်းပင်ကြီးအထက်က ဥသြငှက်ငယ် × × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ထဲ အဖော်ကွဲနေသည်မို့ လွမ်းသူကိုဆွေးအောင် ဖန်နေလေရော့သလား × × × ဆွေးဆွေးမြွေမြွေ သူ့တေးသံကြောင့် ကျွန်မစောစောအိပ်ရာက နိုးထခဲ့ပါသည်။ သည်တော့လည်း × × × ခရေပန်းကောက်လို့ ပန်းကုံးသီ × × × တစ်ကုံးက ဘုရားတင် × × × တစ်ကုံးကို ကိုယ်တိုင်ပန်ဆင် × × × ပြီးတော့ သည်တစ်ကုံး အလှဆုံး × × × အမွှေးဆုံးမို့ သူ့အတွက် အမှတ်တရ × × ×

ကျွန်မ သူနဲ့ အမြန်ဆုံစည်းလိုသည့်စိတ်က စောနေ၍ လုပ်ငန်းခွင် အဝင်ခြေလှမ်းများက သွက်နေသည်။ သည်လိုဖြင့် × × × သူ့ထံသို့ ကျွန်မ အပြေးကလေးရောက်လာခဲ့ပါသည်။ သူ့ကို အလွယ်တကူရှာမတွေ့၍ စိတ်လှုပ်ရှားရပြန်ပါသည်။

“ဒီကုတင်က လူနာ × × × ဘယ်ကိုရွှေ့သွားပါသလဲရှင်”

“သြော် × × ဆရာမ × × ဒီကုတင်က ညီမလေး × × × ညီမလေး မနေ့ကညနေပိုင်းမှာ ဆုံးရှာပါပြီ”

“ရှင် × × × ဘုရား ဘုရား”

“ဟုတ်ပါတယ် ဆရာမ × × × မနေ့က တစ်နေ့လုံး သူ့ရောဂါဟာ ဆိုးဆိုးရွားရွား ဖောက်ပြန်ခဲ့ပေမယ့် သတိလည်လာတိုင်း × × × ဆရာမ မလာသေးဘူးလား × × × ဆရာမ မလာသေးဘူးလားနဲ့ × × × ညနေစောင်းတော့ × × × ဆရာမက လာမယ်လို့ပြောပြီး × × × မလာတော့ဘူးလို့ × × × ကြေကွဲ



ဝမ်းနည်းစွာပြောရင်း × × ×”

သည်မြင်ကွင်းနှင့်ဖြစ်ရပ်ကို ကြုံတွေ့ခဲ့ရသူအားလုံး ဝမ်းနည်းကြေကွဲမဆုံး ခံစားခဲ့ကြရသည်။ ကြားရသည့်စကားကိုပင် ကျွန်မ မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရပါသည်။ တကယ်တော့ × × × သည်အလွမ်းဇာတ်က အမှန်ပင်ဖြစ်ခဲ့၊ ကြုံခဲ့သည်။ ကျွန်မစိတ်ကို အနိုင်နိုင်ထိန်းခဲ့ရပြီး မိမိကိုယ်ကို လဲပြိုကျမသွားအောင် သတိကြီးစွာထားလိုက်ရသည်။ သူ့အတွက် × × × အမြတ်တနိုး အမှတ်တရ ကျွန်မယူဆောင်လာခဲ့သည့် ခရေပန်းကုံးကလေးကတော့ မွှေးပျံ့နေဆဲ × × × ပန်ဆင်မယ့်သူက မရှိတော့ပြီ × × × သည်တော့ဖြင့် သူမလဲလျောင်းခဲ့သည့် ကုတင်ခေါင်းရင်းတွင် အမှတ်တရချိတ်ဆွဲရင်း × × × မျက်ရည်ဖြိုင်ဖြိုင်ကျ၍ သူ့အတွက် ကျွန်မကြေကွဲမဆုံး ဖြစ်ခဲ့ရပါသည်။

တကယ်တော့ × × × သူ ကျွန်မကို တစ်ရက်တိတိ စောင့်မျှော်နေရှာပါသည်။ သူ့ကို ပေးထားခဲ့မိသော ကတိစကား × × × ကျွန်မ ပျက်ကွက်သလိုဖြစ်ခဲ့ရပါသည်။ သူနဲ့ကျွန်မ နှုတ်ဆက် ခွဲခွာခဲ့ကြသည့် သည်လိုညနေချမ်းကလေးမှာပင် × × × ကျွန်မကို စောင့်မျှော်ရင်း × × × လွမ်းမောဖွယ်ရာ သူ့ဘဝကို စွန့်ခွာသွားခဲ့ရှာသည်။

× × × × × × × × × × × × × × ×

ကိုယ်တွေ့ဖြစ်ရပ်ကို ပြန်လည်ပြောပြရင်း ဆိမ်းမှာ ကြေကွဲမဆုံးဖြစ်နေရှာပါသည်။ တကယ်တော့ × × × နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



အချိန်ရောက်နေပြီဖြစ်တဲ့ လူနာတစ်ဦးအား အကောင်းဆုံး ပြုစုစောင့်ရှောက်မှု ပေးနိုင်ခဲ့၍သာ အချိန်ပိုင်းကလေး သက်တောင့်သက်သာ အသက်ရှည်နေနိုင်သွားခဲ့ရခြင်း ဖြစ်ပါသည်။ ပုံပြင်ပမာ ကြုံတွေ့ခဲ့ရသည့် ရင်နင့်ဖွယ်ရာ တကယ့်ဖြစ်ရပ်ကလေးက × × × သူနာပြုစုနေရမည့် သမီးဘဝအတွက် ကြီးစွာသော သင်ခန်းစာတစ်ခု ဖြစ်စေပါလိမ့်မည်။ တကယ်တော့ × × × **မေတ္တာ၊ ကရုဏာ၊ အကြင်နာနှင့် စေတနာရှေ့ထား ပြုစုစောင့်ရှောက်သွားကြရမည့် တန်ဖိုးမဖြတ်နိုင်သော မေတ္တာနှလုံးသားကို သမီးအတွက် မွေးဖွားသန့်စင်စေခဲ့ပါသည်။**

ချစ်သမီး မိုလ်မေစန္ဒာနုသို့ အမှတ်တရပြောင်း

ဆရာနု

၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ
ပန်းမျိုးတစ်ထောင်မဂ္ဂဇင်း၊ အထက(၂)လသာ



# စိုးရိမ်မိပါသည်

ပညာရေးကောလိပ် (၂)နှစ်သင်တန်း ပြီးဆုံး၍ လုပ်ငန်းခွင်သို့ ကျွန်မဝင်ခဲ့ပါသည်။ မြို့နှင့်အလှမ်းဝေးသည့် ကျေးလက် အထက်တန်းကျောင်းကြီးက မူလတန်းပြ ဆရာမလေး ကျွန်မမှာ သည်ကျောင်းသို့ နောက်ဆုံးရောက်လာသူ × × × ပြီးတော့ × × အသက်ကအငယ်ဆုံး × × × လုပ်ဖော်ကိုင်ဖက် အကိုအမနှင့် မိဘအရွယ် ဆရာ၊ ဆရာမများ အကြားတွင် အလုပ်ကြိုးစားလုပ်ရမည်ကို ရောက်စကပင် အလေးအနက်ထား ခံယူထားသူဖြစ်ပါသည်။

သင်တန်းဆင်းနှုတ်ဆက်ပွဲတွင် ကျောင်းအုပ်ကြီးက အလေးအနက်ထား မှာကြားခဲ့ချက်များအနက် × × ×

**"ရောက်ရာဒေသမှာ ကလေးတွေရဲ့ အသိပညာ တိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းလုပ်ဆောင် အကောင်အထည် ဖော်ကြ"**

**"မဖွံ့ဖြိုးသေးတဲ့ ကျေးလက်ဒေသများက လူကြီးမိဘတွေကိုလည်း မှန်ကန်တဲ့ စည်းရုံးလှုံ့ဆော်မှုနဲ့ ဒေသဖွံ့ဖြိုး တိုးတက်ရေးမှာ ဦးဆောင်ပါဝင်ကြ"**

**"လုပ်ဖော်ကိုင်ဖက်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရယူပြီး ပညာရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက်**

www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်ကြ”

သည်မှာကြားချက်များကို လုပ်ငန်းခွင်တွင် ကျွန်မ မကြာခဏ သတိရနေမိပါသည်။

အခုတော့ × × × စတုတ္ထတန်းကလေးတွေကို အတန်းပိုင်အဖြစ် တာဝန်ယူ သင်ကြားပေးခွင့်ရနေပါသည်။ ပင်ပန်းသည်ထင်ရပေမယ့် အလုပ်ပျော် ပျော်နေမိပါသည်။ လက်တွေ့တန်းပြဆင်းစဉ်က ရရှိခဲ့သည့် အတွေ့အကြုံများက လုပ်ငန်းခွင်ဝင်စတွင် ကျွန်မအတွက် အကျိုးများလှပါသည်။

ကျွန်မအတန်းထဲက ကလေးတွေကို တစ်ဦးချင်း နားလည်နိုင်အောင် ကျွန်မကြိုးစားနေစဉ်မှာပင် ကလေး အများစုကလည်း ကျွန်မကို အထိုက်အလျောက် န[illegible]ကြ ပြီထင်ပါသည်။

စည်းကမ်းဖောက်ဖျက်မှု တစ်ခုခု၊ အမှားအယွင်း တစ်ခုခု ကလေးတွေ လုပ်ခဲ့ကြလျှင် မျက်နှာထားတင်းတင်းဖြင့် တုံ့ပြန်ပြုမူတတ်သည့်ကျွန်မ × × × ကလေးစရိုက် လိုက်လျော ညီထွေ ပညာပေးဝေနေသည့်အခါများတွင် ပျော်ရွှင်ကြည်နူး ပြုံးပန်းတွေ ဝေဆာပွင့်ဖူးနေတတ်ကြတဲ့ ကလေးများနှင့် ကျွန်မ × × × သည်စရိုက်နှစ်ခုက ကလေးများနှင့် ကျွန်မအကြားတွင် အပြန်အလှန် နားလည်ရှင်သန်နေခဲ့ပါသည်။

တကယ်တော့ × × × သည်ကျောင်းတော်ကြီးကို ကျွန်မရောက်ရှိခဲ့သည်မှာ သုံးနှစ်တာကာလသို့ပင် ဝင်ခဲ့ပါပြီ။



ရောက်စနှစ်က ဒုတိယတန်း၊ ပြီးခဲ့တဲ့နှစ်က တတိယတန်း၊ အခုတော့ စတုတ္ထတန်း × × × ကျွန်မကလေးတွေ တပည့်တွေနှင့် သုံးနှစ်တာကာလ ဆက်တိုက်ကြုံခွင့်၊ ဆုံခွင့်၊ ဆုံးမသွန်သင်ခွင့် ရခဲ့ပါပြီ။

ကျွန်မ၏ပညာရေးခရီးတွင် တပည့်များကို သွန်သင် ဆုံးမလမ်းပြခဲ့ရာတွင် “ကလေးတွေကို အလျော့ပေးလွန်းသူ” “ပျော့လွန်းသူ” ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံတွင်မူ “တင်းလွန်းသူ” “မာလွန်းသူ” ဟူ၍လည်းကောင်း လုပ်ဖော် ကိုင်ဖက်များက ဝေဖန်ကြသည်ကို ကျွန်မကြုံခဲ့ရပါသည်။ အကောင်းဆုံး ကြိုးစားနေစဉ်မှာပင် အဆိုးဆုံးဝေဖန်မှုနှင့် ဖြစ်ရပ်များကလည်း ကြုံတွေ့လာရတတ်ပြန်ပါသည်။

အိပ်ရာဝင် အိပ်ရာထ ရတနာသုံးပါးကို အမြဲသတိရဖို့ ဖေဖေနှင့်မေမေတို့က ငယ်စဉ်ကပင် မှာကြားထားခဲ့သည်ကို အမိအဖနှင့်ဝေးနေရလေလေ ပို၍သတိရလေမို့ အိပ်ရာဝင်ကာ နီးတွင် မေမေ့လက်ဆောင် တရားစာအုပ်ကလေးကို ဖွင့်လိုက် မိပါသည်။

**“ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြတယ် × × × စကားများသူကိုလည်း ကဲ့ရဲ့ကြတယ် × × × ချင့်ချိန်ပြောသူ ကိုလည်း ကဲ့ရဲ့ကြတယ် × × × ဤလောကမှာ အကဲ့ရဲ့မခံရသူ မရှိ × × × အကဲ့ရဲ့ချည်းခံရသူ၊ အချီးမွမ်းချည်းခံရသူဟာ ရှေးကလည်းမရှိခဲ့၊ အခုလည်းမရှိ၊ နောင်လည်း ရှိလိမ့်မည်**

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်"

မြတ်ဗုဒ္ဓ၏ ဩဝါဒမင်္ဂလာရေးစင်များကို ဖတ်ရှုရင်း စိတ်ကြည်လင်အေးမြမှုများ အထိုက်အလျောက်ရရှိခဲ့၍ ရတနာသုံးပါးနှင့် အမိအဖ၊ ဆရာသမားတို့အား ရှိခိုးဦးခိုက် ကန်တော့လိုက်ရင်း သည်တစ်နေ့ အိပ်ရာဝင်ခဲ့ပါသည်။

တကယ်တော့ ကလေးတွေရဲ့ "အရည်အသွေး" "အသိ" "အတတ်"တို့ကို အရွယ်အလိုက် အဆင့်အလိုက် တိုင်းတာစစ်ဆေး အကဲဖြတ်ပေးနိုင်သလို နည်းပညာနှင့် အလုပ်တာဝန်တို့က ကျွန်မတို့ဆရာများတွင် ရှိပြီးသားဖြစ်ပါသည်။

"ကဲ × × × တပည့်တို့ × × × တို့ရဲ့စာသင်ခန်း ဝန်းကျင်မှာ သန့်ရှင်းရေးလုပ်ကြရအောင်။ မိနစ်(၂၀)ခန့်ကြာမယ်။ ခွင့်ပြုမယ်။ ကိုယ့်အသိနဲ့ကိုယ် တာဝန်ကျေပွန်အောင် ကြိုးစားလုပ်ကြပါ"

အခြားသောစာသင်ခန်းများကိုပင် အနှောင့်အယှက်မဖြစ်စေဘဲ စည်းကမ်းတကျ သန့်ရှင်းရေးလုပ်ငန်းခွင် ဝင်သွားကြသည့် တပည့်လေးများ၊ အမှိုက်ကောက်၊ ပေါင်းသင်၊ မြက်နုတ်၊ အလုပ်ကိုယ်စီဖြင့် ခွဲဝေတာဝန်ယူကာ မခိုမကပ်၊ မရပ်မနား ကျွန်မနှင့်အတူ ကြိုးစားလုပ်ဆောင်နေကြသည့် ချစ်တပည့်ကလေးများ × × × သည်မြင်ကွင်းကို ကြည့်ရင်း အနာဂတ်ကို တာဝန်ယူရမည့် သူတို့လေးတွေအတွက် အထိုက်အလျောက် စိတ်ချလောက်ကောင်းပါရဲ့ ဟုတွေးရင်း ကြည်နူး



မဆုံး ဖြစ်ခဲ့ရပါသည်။

အချိန်တိုအတွင်း သတ်မှတ်ပေးထားသည့် သန့်ရှင်းရေးလုပ်ငန်း အတော်များများကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြ၍ ကျေနပ်အားရစရာ ကောင်းလှသည်ကား မှန်ပါသည်။ သို့ပေမယ့် × × × သို့ပေမယ့် × × × ကိုယ့်အတွေးနှင့်ကိုယ်၊ သတ်မှတ်ချိန်မကုန်သေးသည်ကို သတိပြုမိရင်း စာသင်ခန်းအတွင်းသို့ ခပ်သုတ်သုတ်ဝင်လာခဲ့မိပါသည်။ ပြီးတော့ နေရောင်ကြောင့် ပိတ်ထားသည့်မှန်ပြတင်းတွင် အတွင်းက ကာရံထားသည့် အစိမ်းရောင်ကန့်လန့်ကာလေးကို အသာအယာ မတင်ရင်း လုပ်အားရှင်တပည့်လေးများ၏မြင်ကွင်းကို အကဲခတ်ကြည့်မိပါသည်။

ခဏတာအတွင်းမှာပင် ပုံပြင်သောကတစ်ခုက ကျွန်မ၏ စိတ်အစဉ်တွင် တိုးဝင်လာခဲ့ပါပြီ။ တပည့်တစ်ချို့က ကျွန်မကို ဟိုသည်လှမ်းကြည့် ရှာဖွေနေသည့်ပြင် × × × ကျောင်းသူတစ်ချို့ကို မကြွ နောက်ကြ × × × ပြီးတော့ ဟိုသည် ပြေးလွှားဆော့ကစားကြနှင့် × × × မလုပ်မပ × × × ကျွန်မ လုံးဝမျှော်လင့်မထားသည့်မြင်ကွင်းများ × × × ပြတင်း ခန်းဆီးစကို အသာအယာပြန်ချရင်း × × × စာသင်ခန်းအား × × တစ်လှမ်းချင်း ပြန်လည်ထွက်လာခဲ့မိပါသည်။

"သမီး × × × အားလုံးပြန်ကုန်ကြပြီ သမီးတစ်ယောက်ထဲဝဲ ကျန်တော့တယ်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဆရာမ × × × သမီးကို ပေးထားတဲ့ တာဝန်နဲ့ သတ်မှတ်ထားတဲ့အချိန်ပြည့်ရင် သမီး နားပါ့မယ် ဆရာမ"

"ဪ"

ကျွန်မ စိတ်မကောင်းဖြစ်နေပေမယ့် သည့်တပည့် သမီးလေးရဲ့ လုပ်ဆောင်ချက်နှင့် တုံ့ပြန်ခံယူချက်ကို ကြားရ မြင်ရ၊ သိရှိရချိန်တွင် ကျေနပ်မှု၊ ကြည်နူးမှု မျက်ရည်စတို့က ကျွန်မ၏မျက်ဝန်းအိမ်တွင် ရွှန်းစိုရစ်ဝဲလာမဲ့ပါသည်။

မျှော်လင့်ခြင်းကြီးစွာဖြင့် ပြုစုပျိုးထောင်လျက်ရှိသည့် ကျွန်မ၏ပည့်ပန်းဥယျာဉ်တွင် သည်ပန်းတစ်ပင်ကဖြင့် တန်ဖိုး မဖြတ်နိုင်သည့် အလှဆုံး × × × အမွှေးဆုံး × × × ကျက်သရေ အရှိဆုံးမို့ ကြည်နူးမဆုံးဖြစ်ခဲ့ရသည်မှာ မှန်ပါသည်။

သို့ပေမယ့် ပန်းတစ်ပင်ဖြင့် ပန်းဥယျာဉ် ဖြစ်နိုင်ပါ မည်လား × × × **"ဥယျာဉ်မှူးတို့သည် မြေဩဇာရေပေး ပြုစုကျွေး၍ တယုတယ ပြုစုစိုက်ပျိုးထားသည့် မိမိပန်းဥယျာဉ်တွင် ပန်းအလှ မျိုးစုံတို့ ဖူးငုံပွင့်လင်း တင့်ဆန်းကျက်သရေ မွှေးကြိုင်သင်းပျံ့ ရနံ့ပြန့်ဝေ ရှိနေစေချင်ကြမည်သာ"** မဟုတ်ပါလား × × ×

ကျွန်မ၏ ပညာရေးသုံးနှစ်တာ ကာလခရီးတွင် ကလေးတွေအတွက် အစွမ်းကုန်ကြိုးစား၍ မျှော်လင့်ချက် ကြီးစွာထားခဲ့ပါသည်။ ကျွန်မ မျက်မှောက်တွင်ရော မျက်ကွယ် မှာပါ လိမ္မာရေးခြား အသိတရားရှိသည့် အနာဂတ်အတွက် ယုံကြည်ကိုးစား အားထားလောက်သော အဖူးအညွန့်ကလေး များကို ပြုစုပျိုးထောင်နိုင်ရန် မျှော်လင့်ခြင်းကြီးစွာဖြင့် ကြိုးပမ်း နေခြင်းဖြစ်ပါသည်။ အခုတော့ × × × ကျွန်မ တပည့်လေးများမှာ ကျွန်မ၏မျက်ကွယ်တွင် ကျွန်မမျှော်လင့်ချက်၏ အပြင်ဘက် ဆီသို့ ပြေးထွက်ခဲ့ကြပြီထင်ပါသည်။ ထင်သလောက် ရိုး မရောက်သေးသော ကျွန်မ၏ ပညာရေးကြိုးပမ်းမှုများအတွက် ရှုက်စိတ်၊ ဝမ်းနည်းစိတ်နှင့် အားငယ်စိတ်များက လွှမ်းခြုံလာခဲ့ ပြန်ပါသည်။

ကလေးများအား ပြုစုပျိုးထောင်ပေးခဲ့ရာတွင် ဖြစ်ရပ် တစ်ခုချင်းအပေါ် အခြေခံ၍ အကောင်းအဆိုး အမျိုးမျိုးသော ဝေဖန်မှုများကို ကြုံတွေ့ခဲ့ရပေမယ့် ပန်းတိုင်ကို မျက်ခြည်ပြတ် မခံခဲ့ × × × လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ပြီးတော့ တပည့်များအကြားတွင် အောင်မြင်သည့် ဆရာ ဆရာမတစ်ယောက်အဖြစ် ကျွန်မကို အသိအမှတ်ပြုခဲ့ကြပါသည်။ အမှန်တကယ် ကျွန်မ အောင်မြင်မှု ရခဲ့ပါရဲ့လား × × × အတိုင်းအတာတစ်ခုတော့ ဖြစ်နိုင်ကောင်း ပါ၏။

သို့ပေမယ့် × × × **အနာဂတ်အတွက် ပန်းပြောင်းဆက်ခံ အမှန်တာဝန်ယူကြရမည့် တတ်သိလိမ္မာ နိုင်ငံ့ရင်သွေးရတနာ ကလေးများ ပြုစုပျိုးထောင်နိုင်ခြင်းမရှိဘဲ ကျွန်မ၏ဆရာအဖြစ် ကုန်ဆုံးရမည်ကိုတော့ အကြောက်ဆုံး အစိုးရိမ်မိဆုံးဖြစ်ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com



"ဖြင်းပြသော အလိုဆန္ဒရှိသူ၊ လွန်ကဲသော လုံ့လဝီရိယရှိသူ၊ ထက်သန်သော စိတ်နှလုံးရှိသူနှင့် ထက်မြက်သော အသိပညာရှိသူတို့အား အဘယ်မည်သော အမှုကိစ္စဟူသမျှသည် မပြီးစီးပဲရှိနိုင်ပါအံ့နည်း။ မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း" × × × ဟူသော ဗုဒ္ဓ၏အဆုံးအမကို အခက်အခဲပြဿနာ တစ်ခုစစ်ရာ ကြုံတွေ့ရလေတိုင်း ကျွန်မ သတိရမြဲဖြစ်ပါသည်။

တကယ်တော့ ကျွန်မ၏ဆရာ့ဘဝ အခုမှ ခရီးအစသာ ရှိပါသေးသည်။ စိတ်ပျော့အားလျော့၍မဖြစ် လျှောက်လှမ်းရမည့်ခရီးက အစေးကြီးကျန်နေပါသေးသည်။

အာစရိယဂုဏ် သက္ကစွ္စ အပဝ်ဝန္ဒာမိ

ခ်စ်သမီး ဆရာမလေး မေစံပယ်ဖြူနုသို့ အမှတ်တရဖြင့်

(ပ) ဆရာနု

၂၀၀၃ ခုနှစ် စက်တင်ဘာလ

ပညာတန်ဆောင် အတွဲ(၅၂)၊ အမှတ်(၉)



# အပြန်လမ်း

ဘကြီးထွန်းနှင့်အမေသန့်တို့မှာ ကျွန်တော်တို့ အိမ်နှင့်ကပ်လျက် ခေါင်းရင်းဘက်ခြံတွင်နေထိုင်နေကြသည့် အိမ်နီးချင်းကောင်းများ ဖြစ်ကြပါသည်။

ဘကြီးထွန်းက အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ နှုတ်ခမ်းမွှေးပြောင်ခန့်ချော အပြောအဆိုကောင်းသူဖြစ်သည်။ အမေသန့်ကမူ အမည်နှင့်လိုက်အောင် အသန့်အပြန့်ကြိုက်ပြီး အိမ်မှုကိစ္စ နိုင်နင်းလှသည်။ ဘကြီးထွန်းနှင့်တော့မတူ × × × ပိန်ပိန်ပါးပါး၊ အရပ်ကပုပု၊ အသားကညိုညို × × ×

သားသမီးများဖြစ်ကြသည့် အကိုအောင်သိန်းနှင့် မမမခွေးမတို့မှာ အိမ်ထောင်ရက်သားကျခဲ့ကြ၍ အနေဝေးကွာ တစ်ခါတစ်ခါမှသာ မိဘများထံရောက်လာတတ်ကြသည်။

ဘကြီးထွန်းမှာ ဘယ်ခြေတစ်ခြမ်း လေဖျန်းခဲ့၍ အမှီအတွယ်မရှိဘဲ လမ်းကောင်းကောင်းမလျှောက်နိုင်ပေမယ့် အပ်ချုပ်စက်ကလေးတစ်လုံးဖြင့် အဝတ်အထည် ကောင်းကောင်း ချုပ်နိုင်နေ၍သာ အိမ်စရိတ်ကာမိနေခြင်းဖြစ်ပါသည်။ "ဆရာထွန်း" တံဆိပ်ပါသည့် ဘကြီးထွန်း၏လက်ရာ ရုပ်အင်္ကျီကို ကျွန်တော်တို့ရွာတွင် လူကြီးလူငယ်အားလုံး ကြိုက်နှစ်သက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ ××× သား တောကိုမလိုက်ချင်ဘူး"

"ဘယ်ဖြစ်မလဲသားရယ် ××× တို့မိသားစုအားလုံး လယ်လုပ်ဖို့ တောကိုပြောင်းကြရမှာဆိုတော့ ××× သားက တစ်ယောက်ထဲ ဘယ်နေခဲ့လို့ဖြစ်ပါမလဲ"

"သား ××× ကျောင်းတက်ချင်တယ်အမေ၊ သား ×× ဒီမှာပဲနေခဲ့ချင်တယ် ××× အဖေ့ကိုပြောပေးပါနော်"

"မဖြစ်နိုင်တာ မပူဆာပါနဲ့သားရယ် ××× သားက လူမမယ်ကလေးတစ်ယောက် ××× ဘယ်မှာနေပြီး သား ဘယ်လိုစားမလဲ ××× သားကိုဘယ်သူစောင့်ရှောက်မလဲ ×× အမေ့ကို စိတ်ထိခိုက်အောင် မလုပ်ပါနဲ့သားလေးရယ်"

သည်တုန်းက ××× အမေ ကျွန်တော့်ကို ဖျောင်းဖျရင်း မျက်ရည်တွေတွေကျခဲ့သည်ကို နှစ်တွေကြာညောင်းခဲ့ပေမယ့် ကျွန်တော်ကောင်းကောင်းကြီး အမှတ်ရဆဲ ××× မြင်ယောင်နေမိဆဲဖြစ်ပါသည်။

မိသားစု နေရေးစားရေး အဆင်မပြေ၍ တောကို ပြောင်းရန် အဖေနှင့်အမေတို့ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ မူလတန်းကျောင်းသားအရွယ် ငယ်လွန်းသေးသည့် ကျွန်တော်က အမိအဖနှင့်အကိုအမများကို ခွဲခွာ၍ ကျောင်းတက်ခွင့် တောင်းခဲ့လာသည့်အခါတွင် အမေကတော့ ခွဲခွာနိုင်ပါမည်လား ××× အမေ မည်မျှပူပင်သောက ဖြစ်လိမ့်မည်ကို မတွေးခဲ့ ××× တောသို့မလိုက်ရရန် အကြိမ်ကြိမ်အဖန်ဖန် ငြင်းဆန်



ပူဆာရင်း ကျွန်တော်ရှိုက်ကြီးတငင် ငိုကြွေးခဲ့သည် ××× အမေ့ကို ဒုက္ခပေးခဲ့သည်။

"ဟဲ့ ××× မလှတင် ××× ကလေးကိုရိုက်နေကြသလား ××× ဘာဖြစ်လို့လဲ"

"မရိုက်ရပါဘူး ××× ဘကြီးထွန်းရယ်"

အမေက ရင်နင့်စွာဆိုခဲ့သည်။ အဖြစ်အပျက်နှင့် အခြေအနေအားလုံးကို သိရသည့်အခါတွင် ဘကြီးထွန်းနှင့် အမေသန့်တို့ စိတ်မကောင်းခြင်းကြီးစွာဖြင့် တီးတိုးတိုင်ပင်ခဲ့ကြသည်။ သည်လိုဖြင့် အိမ်နီးချင်းကောင်း ဘကြီးထွန်းနှင့် အမေသန့်တို့အိမ်တွင် မွေးစားသားတစ်ယောက် ××× မြေးတစ်ယောက်လို ကျွန်တော်နေခွင့်ရခဲ့သည်။ လူမမယ်ဘဝ မူလတန်းပညာသင်ခွင့်ရခဲ့သည်မို့ ကျွန်တော် အပျော်ကြီး ပျော်ခဲ့ရသည်။ သည်လိုဖြင့် ရက်လညောင်း၍ အချိန်ရာသီတို့ ပြောင်းခဲ့ရပါပြီ ×××

အရုဏ်ဦးတွင် ဘကြီးထွန်းက ဘုရားဝတ်ပြု၍ အမေသန့်က ဆွမ်းချက်၊ ရေနွေးတည် ××× ကျွန်တော်က စာကျက်ရန် ပုံမှန်နိုးထခဲ့ပါသည်။

"မင်းတို့ မီးဖိုချောင်ထဲက တဒုန်းဒုန်းနဲ့ ဘာသံလဲကွ ××× ငါဖြင့် ညက တစ်ညလုံး တောင်းကောင်းမအိပ်ရဘူး"

"ခြောက် ××× စဉ့်အိုးထဲက ငါးရံ့ကြီး အိုးအဖုံးကို ခုန်တိုးတာဖြစ်မယ်ထင်တယ် ဘကြီးထွန်း ××× ပြော ×××

www.burmeseclassic.com

www.burmeseclassic.com



ဟော × × × အခုတော့ခင်ခုနှစ်ပြန်ပြီ × × ×”

အဖေနှင့်အမေတို့က ကျွန်တော်တို့စားဖို့ တောက လှကြံကောင်းဖြင့် ငါးရံ့ကြီးတစ်ကောင်ကို ပို့ခဲ့သည်။ ငါးရံ့ကြီးက ကြီးလွန်း၍ ကျွန်တော့်ပေါင်လုံးလောက် ဖြစ်နေသည်။ စားသောက်ဖွယ် ဟင်းအဖြစ်သို့ရောက်ရန် မည်သို့စီစဉ်ရပါမည်နည်း။ အော်ဝေလောဆယ်တော့ လတ်လတ်ဆတ်ဆတ်၊ ရှင်ရှင်လန်းလန်း အသက်ရှင်နေသေးမို့ စဉ့်အိုးထဲထည့်၍ ငါးရံ့ကြီးကို ကျွန်တော်မွေးထားလိုက်ပါသည်။ စဉ့်အိုးကိုမငယ်လှ ပေမယ့် သူ့ကိုယ်နှင့်မဆန့်သော တွေးတွေးကြီးနေရသည်ကပင် သနားစရာကောင်းနေသည်။

ရေဖြင့်ကျယ်တွင် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသည့်သူ့ဘဝ × × × အခုတော့ အကျဉ်းကျသလို ဖြစ်ခဲ့ရပါပြီ။ စဉ့်အိုးထဲသို့ ရေထပ်ဖြည့်ပေးပေမယ့် ကူးခတ်ရန် နေရာမရှိ × × × လွတ်လပ်သည့်သူ့ဘဝ ပြန်လည်ရနိုးဖြင့် ကြိုးစား၍ စဉ့်အိုးအဖုံး တစ်ညလုံး အဒုန်းဒုန်းခုန်တိုးနေခဲ့သည်။ သို့သော်လည်း လွတ်လမ်းမမြင် နာကျင်သည့်ဝေဒနာဖြင့် အမောသာ အဖတ်တင်ခဲ့ပြီထင်ပါသည်။

ငါးရံ့ဆန်ပြုတ် ကျွန်တော် အလွန်ကြိုက်သည်ကို အမေလည်းသိ၊ အဖေလည်းသိ၊ တစ်အိမ်လုံးလည်း သိကြပါသည်။ အခုအချိန်လောက်ဆိုလျှင် စဝ်ိုးလင်ကြီးဖြင့်တုပ်နှောင်ထားသည့် ငါးရံ့ကြီးသားဆန်ပြုတ်ကို မှတ်၍သောက်ရင်း မီးဖို



နားကမခွာ ကျွန်တော်အပျော်ကြီး ပျော်နေရာလိမ့်မည်ဟု အမေနှင့်မမကြီးတို့က တွေးကောင်းတွေးနေကြပေလိမ့်မည်၊

ခက်တော့ခက်ပါသည်။ ဘကြီးထွန်းနှင့်အမေသန့် တို့က အသက်အရွယ် ကြီးရင့်ခဲ့ကြပြီ။ ဈေးခြင်းကိုင်ရင်း အမေသန့်နှင့် အကြိမ်များစွာ ကျွန်တော်တို့ရွာဈေးသို့ လိုက်ခဲ့ဖူးပါသည်။ ပုဇွန်အရှင်၊ ငါးအရှင်ကို အမေသန့် ဘယ်တော့မှ မဝယ်သည်ကို ကျွန်တော်သိနေသည်။ မထင်မှတ်ပဲ ပါလာတတ်သည့် ငါး၊ ပုဇွန်အရှင်ကလေးများကို ရေခွက်ထဲထည့်၍ အိမ်နောက်ဖေး ချောင်းဖေးတွင် အမြဲလွှတ်ခဲ့ရသည်။

တစ်ခါကလည်း ရွာဈေးတွင် ဘကြီးထွန်းအလွန်ကြိုက်သည့် ငါးမြေမအကောင်ကြီးကြီးတွေ့လို့ အမေသန့်က ဝယ်ရန်ဟန်ပြင်ခဲ့သည်။ သည်တော့မှ ငါးသည်က ကြီးမေ့ဆိုသည့် အကောင်ကြီးများကို ဗန်းထဲသို့ရွေးထည့်ကာ အရှင်လတ်လတ် တစ်ကောင်ပြီးတစ်ကောင် အလေးဖြင့်ခေါင်းထု၍ သတ်ခဲ့ရာ တစ်ဖျပ်ဖျပ်ခုန်၊ တစ်ဆတ်ဆတ်တုန်ရင်း အသက်ပျောက်သွားကြသည့် မြင်ကွင်းကိုကြည့်၍ ငါးမဝယ်ဖြစ်တော့ဘဲ ပဲကြီးဟင်းတွင် ဆူးပုတ်ရွက်ခတ်ကာ သတ်သတ်လွတ်စားရင်း ထမင်းမြိန်ခဲ့ကြသည့်နေ့ကို ကျွန်တော်ကောင်းကောင်း သတိရနေဆဲဖြစ်ပါသည်။

တကယ်တော့ × × × သည်အိမ်မှာ အငယ်ဆုံးက ကျွန်တော်ဖြစ်ပါသည်။ သည်ငါးရံ့ကြီး ဟင်းအဖြစ်သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိရန် ဖန်တီးရမည့်သူမှာ ကျွန်တော်မှတစ်ပါး အခြားမည်သူ ဖြစ်နိုင်ပါမည်နည်း။ ငါးရက်မြောက် အသက်ရှင်နေနိုင်သေးသည့် သည်ငါးကြီးမှာ အစာအဖြစ် ထမင်းစေ့များ ကျွန်တော်ချကျွေးထား၍ ထင်ပါသည် × × × အားကောင်းမောင်းသန် × × × သူ့ဘဝ လွတ်မြောက်ရေးအတွက် ခုန်ချက်၊ တိုးချက်က ပို၍ပို၍ မြန်နေသည်။

ခြောက်ရက်မြောက်နေ့တွင် ကြံရာမရသဖြင့် သည်ငါးကြီးကို လှောင်ထားသည့်စဉ့်အိုးထဲမှဖမ်းယူကာ စက္ကူဗန်းတွင်ထည့်၍ စဉ့်အိုးဝတွင် စက္ကူဗန်းကိုတင်ပြီး နှီးအုပ်ဆောင်းဖြင့် အုပ်ထားလိုက်ပါသည်။ ခုန်ထွက်သွားမည်စိုး၍လည်း အုပ်ဆောင်းထက်မှာပင် တုံးတစ်ခုတင်ထားလိုက်ပါသေးသည်။

ရေသတ္တဝါ ရေမရှိတော့ အားပျော့နေပြီထင်ပါသည်။ ခဏအကြာမှာပင် မလှုပ်မရှား ငြိမ်ချက်သားကောင်းနေသည်။ သည်တော့လည်း ကျွန်တော့်အတွက် စိတ်မကောင်းစရာ ဖြစ်ခဲ့ရပြန်ပါသည်။

ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်သည်။ ခါတိုင်းဆိုလျှင် အိမ်နောက်ဖေး ချောင်းကမ်းစပ်တွင် ပေါက်နေသည့် သမန်းပင်ပေါ် တက်၍ ကျွန်တော်စာကျက်မြဲဖြစ်ပါသည်။ အခုတော့ စာကောင်းကောင်း ကျက်၍မရခဲ့။ သမန်းပင်ကိုင်းခွဆုံမှာ ကျွန်တော့်အတွက် ထိုင်နေကျ နေရာကောင်းလေးတစ်ခုဖြစ်ပြီး ရွှေဝါရောင် သမန်းပွင့်များက ပင်လုံးကျွတ်ဝေဆာ လှုချင်တိုင်း



လှုနေပြန်ပါသည်။

ပျော်ရာမှာမနေရ × × × တော်ရာမှာနေခဲ့ရသော ကလေးဘဝမှာ တစ်ခါတစ်ခါတော့ သွေ့ခြောက်လွန်းလှပါတယ်။ အမေ့ကိုတမ်းတ၍ လွမ်းမိလေတိုင်း သည်နေရာကလေးကို ကျွန်တော်အပြေးရောက်ခဲ့သည်။ ပြီးတော့ × × × ပွင့်ဖေဒါတစ်ပင်အလှကို ကမ်းစပ်ကအသာယူ ဖေးကူကာရေလယ်ပို့ရင်း × × × အမေ့ထံသို့ ရောက်ပါစေကြောင်း ဆုတောင်းစေလွှတ်ခဲ့ရသည့် နေ့ရက်များစွာ အမေသိနိုင်ပါမည်လား × × ×

နေမွန်းလွဲချိန်တွင် ချောင်းရေတက်၍ ကမ်းဘက်သို့ပင် ရေလျှံနေသည်။ အလို × × × ပန်းဖေဒါတစ်ပင် × × × တစ်သွင်သွင်ရေလယ်ကျောက မျောပါလာရင်း ရုတ်တရက်ကမ်းကပ်၍ ကျွန်တော့်အနားတွင် ရပ်လာခဲ့သည်။ အမေ စေပါး၍ သားထံများ လွှတ်လိုက်နေရော့သလားကွယ် × × × သည်အတွေးမျှင်ထဲက ဝေ့ဝဲလာသောမျက်ရည်စတို့ကို ချောင်းရေနှင့်ဆေးကျောရင်း ဝေးမြေမှမိဘနှစ်ပါးကို ရည်မှန်း၍ ရှိခိုးဦးခိုက်ကန်တော့လိုက်မိပါသည်။

ကိုယ်တိုင်မသတ်ရက်၍ မနက်ကတည်းက စက္ကူဗန်းထဲတွင် ကျွန်တော်ထည့်ထားခဲ့သည့် သည်ငါးရံ့ကြီး အမြီးလည်း မလှုပ် တုတ်ကြီးတစ်ချောင်းလို မာကျောနေပြီမို့ အသက်မရှိနိုင်တော့ပြီ × × × သည်တော့မှ သနားစိတ်ကပို အမှားလုပ်မိသည့် မိမိအပြစ်ကို နောင်တရရင်း စိတ်မကောင်းဖြစ်ရပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် အဖြစ်အပျက်တို့က လွန်ခဲ့လေပြီ × × × လောလော ဆယ် လုပ်ရမည့်အလုပ်အတွက်သာ စဉ်းစားရပေတော့မည်။

သည်ငါးကြီး၏ အမြီးပိုင်းတစ်ဝက် ဟင်းကောင်းကောင်း ချက်ပေးနိုင်ခဲ့လျှင် ဘကြီးထွန်းနှင့် အမေသန့်တို့ နှစ်သက်ကြပါလိမ့်မည်။ ခေါင်းပိုင်းတစ်ဝက် စပါးလင်ရွက်ဖြင့် တုပ်ကြိုးနှောင်လျက် ဟင်းခပ်မွှေးကြိုင်ထည့်၍ ငါးရံ့ဆန်ပြုတ် ပေါ်ဆနီးဆန်လေးထည့် × × × အမေ့လက်ရာမှီအောင် လုပ်ကြည့်လျှင် အလွန်ကောင်းလိမ့်မည်ဟု ကျွန်တော်တွေးထင် ခဲ့သည်။

ရေနှင့်ကင်းကွာ ရေသတ္တဝါတို့ကား အာအယ်မှာလျှင် ကြာကြာအသက်ရှင် နေနိုင်ပါအံ့နည်း။ အခုတော့ × × × အကြေးခွံတွေလည်းခြောက် × × × လေသလပ်၍ နေဟာပ်သည့် အရှိန်ဒဏ် အလူးအလဲခံရစ်နေ့ တစ်ဝနိုင်း အဆုံးသတ်ခဲ့ရခြင်း ဖြစ်ပါလိမ့်မည်။

"ဟဲ့ × × × အလို × × × ဘုရား ဘုရား × × × ဒယ်လိုများ ဖြစ်တာပါလိမ့်"

"အမေရေ × × × လုပ်ပါအုံး"

ညစာဟင်းလျာအတွက် စဉ်းတီတုံးပေါ် တင်ကာ အကြေးထိုးရန် စီစဉ်ခဲ့ပါသည်။ သို့ရာတွင် အကြေးများက ခြောက်နေ၍ ရေဖြင့်ပက်ဖျန်းလိုက်ရာတွင် ငါးကြီး၏ရေယက်နှင့် အမြီးဖျားမှာ အနည်းငယ်လှုပ်ရှားလာခဲ့သည်။ သည်လိုဖြင့်



ရေများများပက်ဖျန်းပေးခဲ့ရာ အမြီးဖျားက ဆတ်ကနဲ × × × ဆတ်ကနဲ လှုပ်ကာ အသက်ဝင်လာပြီထင်ပါသည်။

သည့်လိုဖြင့် ဟင်းကိုင်သည့်ဓါးမ ဘေးအသာချပြီး သူ့ကို အသာအယာချီမ၍ စဉ့်အိုးထဲသို့ထည့်ကာ စောင့်ကြည့် နေမိလိုက်ပါသည်။

ညနေ × × × မိုးသက်ပြင်း × × × နာရီဝက်ခန့်အတွင်း မှာပင် ဟိုသည်လှုပ်ရှား ကူးခတ်သွားနိုင်သည်ကို မြင်ရသည့် ခဏ × × × ကြည်နူးမဆုံးဖြစ်ခဲ့ရသည်က ကျွန်တော် × × ×

သူရောက်လာခဲ့သည့် ခုနှစ်ရက်မြောက်နေ့မှာ ကျွန်တော့်အတွက် မမေ့နိုင်စရာဖြစ်ခဲ့ရပါသည်။ ညကလည်း သူ့အကြောင်း ပြန်ပြောင်းတွေးတောရင်း ကောင်းကောင်း အိပ်မရနိုင်ခဲ့ × × × သူတကယ်ပဲ ကံကောင်းလှပါသည်။

အရုဏ်ဦးတွင် ဘုရားဝတ်ပြုပြီး၍ တီးလိုက်သည့် ဘကြီးထွန်း၏ခြေးစည်သံနှင့်အတူ ကျွန်တော်အိပ်ရာက နိုးထ ခဲ့ပါသည်။ အိမ်အပြင်ဘက်တွင်မူ လမင်းကြီးက ထိန်ထိန်သာ နေသည်။

အိမ်နောက်ဖေးက ချောင်းကလေးဆီသို့ ကျွန်တော် ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ ချောင်းရေကဖြင့် ပြည့်လျှံ နေဆဲဖြစ်ပါသည်။ သမန်းပင်အောက် ကျွန်တော်ရောက်လာ တော့ သမန်းပွင့်ရနံ့ သင်းပျံ့ပျံ့ကို ရှုရှိုက်လိုက်ရ၍ စိတ် ကြည်လင် လန်းဆန်းသွားခဲ့ပါသည်။ ငွေစန္ဒာလမင်းကြီးကို

www.burmeseclassic.com



မော့ကြည့်တိုင်တည်ရင်း ချောင်းရေမြင် ဖွေးဖွေးလေးကို ကျွန်တော်ငေးမောကြည့်နေမိပါသည်။

"မင်းအသက် တစ်ခါလွှတ် × × × ငါ့အသက် တွေ့တိုင်းလွှတ်"

"လွတ်ရာ ကျွတ်ရာ ဘေးကင်းရာသို့ သွားတော့နော်" တစ်လမ်းလုံး ကျွန်တော့်လက်ထဲတွင် သူငြိမ်ငြိမ်ကလေး လိုက်ပါလာခဲ့ပါသည်။ သူ့အတွက် ဆုတောင်း၍ ချောင်းကလေးထဲလွှတ်လိုက်ချိန်တွင် ချက်ချင်းမထွက်ခွာနိုင်ခဲ့ × × × မယုံကြည်နိုင်လောက်သည့် အတွေးတစ်ခု ဝင်နေရောသလား × × ×

"မင်း လိုရာကို × × × သွားနိုင်ပါပြီကွယ်"

သည်တော့မှ ရုတ်တရက်အမြီးခတ်၍ ဆတ်ခနဲ ကျွန်တော့်လက်မှ သူ ထွက်ခွာသွားခဲ့ပါပြီ × × ×

သည်တော့လည်း ကျွန်တော့်ရင်တွင် သိမ့်ကနဲ × × × အေးကနဲ ဝေဒနာတစ်ခုက အမှတ်မထင် တိုးဝင်လာခဲ့ပါသည်။

**သူ့အိမ်အပြန်လမ်း ဖြောင့်တန်းပါစေဟူ၍သာ × × ×**

**ဆရာနု**

(၂၀၀၄-၀၅) ခုနှစ်၊ စံပြမူကြိုမဂ္ဂဇင်း



# အဖြေ

လွန်ခဲ့သော ပညာသင်နှစ်ကဖြစ်ပါသည်။

ကျောင်းဖွင့်စတွင် ကောက်ခံခွင့်ပြုထားသည့် ရန်ပုံငွေနှုန်းထားထက် ငွေကြေးပိုမိုကောက်ခံလျက်ရှိကြသဖြင့် မိဘအုပ်ထိန်းသူများဘက်မှ မကျေမနပ် × × × လူကြီးများနားပေါက်အောင် အသိပေးတင်ပြလာချက်များ ရှိခဲ့သည်။ သည်တော့လည်း ပညာရေးတာဝန်ရှိသူများအနေဖြင့် စိတ်မချမ်းမမြေ့ ဖြစ်ခဲ့ကြရသည်။ ညွှန်ကြားချက်၊ နှိုးဆော်ချက်များ အကြိမ်ကြိမ်ထုတ်ပြန်၍ ကျောင်းဖွင့်စတွင် ကလေးများ လွယ်လင့်တကူကျောင်းတက်ခွင့်၊ ပညာသင်ခွင့်ရရှိရေး စီစဉ်ဆောင်ရွက် ပေးခဲ့သော်လည်း လိုက်နာရန် ပျက်ကွက်သူများ ရှိနေကြသဖြင့် တရားမဝင် ငွေကြေးအလှူငွေများ ကောက်ခံနေကြသည့် ကျောင်းများအခြေအနေကို သိရှိရန် အခြေခံပညာဦးစီးဌာန (ရုံးချုပ်)ကိုယ်စားပြု အဖွဲ့ငယ်များ နယ်မြေခွဲ၍ ကွင်းဆင်းစိစစ်ခဲ့ကြရပါသည်။

ကျောင်းဖွင့်စ ကျောင်းသားလက်ခံခြင်းကို ငွေကြေးရန်ပုံငွေကောက်ခံမှုအတွက် အချိန်သင့် အခွင့်ကောင်းတစ်ရပ်အနေဖြင့် အသုံးပြုခဲ့ကြသည့်အတွက် မလိုလားအပ်သောပညာရေးအနိဋ္ဌာရုံများပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပါ၏။ စိစစ်ရေး

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်တစ်ဦးက သူ၏ ကိုယ်တွေ့ဖြစ်ရပ်ကလေးတစ်ခုကို ပြန်လည်ပြောပြခဲ့ပါသည်။

"ဆရာကြီးကို တစ်ခုမေးချင်တယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"တစ်ခြားကလေးတွေကိုတော့ ကျောင်းလက်ခံထားပြီး ကျုပ်တို့ရဲ့ ပညာရေးဌာနအကြီးအကဲက လက်ခံလိုက်ပါလို့ ညွှန်ထားတဲ့ ဒီကလေးသုံးယောက်ကို ဘာဖြစ်လို့ လက်မခံသေးတာလဲ × × × ဒါဟာ လုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ"

ကြားရတဲ့သတင်းအတွက် စိတ်မချမ်းမမြေ့ ဖြစ်ခဲ့ရပါသည်။ ဦးရာလူစနစ်လည်းမဟုတ်၊ နယ်မြေ သတ်မှတ်ပိုင်းခြားပြီး လက်ခံမှုလည်းမပီပြင် × × ×

သြော် × × × ပညာရေးကို မြင့်မြင့်မားမား လက်ရှိတာဝန်ယူထားကြသည့် အကြီးအကဲများပင် ကလေးကျောင်းအပ်၍ မရခဲ့ × × × လွယ်လင့်တကူ ကျောင်းအပ်လက်မခံနိုင်လောက်သည့် အကြောင်းကောင်းတစ်ခုခုတော့ ရှိတန်ကောင်းပါ၏။ မည်သို့သောအကြောင်းအရာများ ဖြစ်ပါမည်နည်း။ ပုစ္ဆာတစ်ပုဒ်လို အဖြေထုတ်ရန် စဉ်းစားခဲ့ရပြန်ပါသည်။

တစ်ခုသော ဆည်းဆာညချမ်း × × ×

ရုံးလုပ်ငန်းများသိမ်း၍ အိမ်ပြန်ရန်အပြင် × × × အလုပ်စားပွဲမှ ဘယ်လီဖုန်းသံ လွင်လွင်ကလေးက မြည်လာသည်။

"ဟဲလို × × × အမိန့်ရှိပါခင်ဗျာ"



"ငါမါကွ တပည့်ရ မင်းကို ပြောစရာလေး တစ်ခုရှိလို့"

"ပြောပါ ဆရာကြီး ခင်ဗျာ"

"အေးကွာ × × × ပညာရေးအရာရှိတစ်ဦးအနေနဲ့ ငါအငြိမ်းစားယူခဲ့တာ မကြာသေးပါဘူး။ အခု ငါ့မြေးလေး ကျောင်းအပ်လို့မရဖြစ်နေတယ်ကွ × × × ကျောင်းအုပ်ကြီးကတော့ ငါ့လက်အောက်မှာ အမှုထမ်းခဲ့ဖူးသူလည်းဖြစ် × × × ရင်းနှီးသူလည်းဖြစ်ပါတယ်။ဒါပေမယ့် × × × ငါ့မြေးလေး ကျောင်းအပ်ဖို့ချိန်းတာ သုံးခါရှိပါပြီကွာ × × × အဖြေကတော့ "စောင့်ပါအုံး" တဲ့လေ နောက်တစ်ကြိမ်ထပ်ပြီး မကြိုးစားလိုတော့ပါဘူး တပည့်ရာ × × × စိတ်မကောင်းဖြစ်ရလွန်းလို့ မင်းကိုပြောမိတာ"

"သြော် × × × ဖြစ်ရလေ ဆရာကြီးရယ်"

လွယ်လင့်တကူ ကျောင်းအပ် လက်မခံနိုင်သည့် အကြောင်းကောင်းတစ်ခုခုတော့ ရှိတန်ကောင်းပါ၏။ မည်သို့သော အကြောင်းအရာများ ဖြစ်ပါမည်နည်း။ ပုစ္ဆာတစ်ပုဒ်လို အဖြေထုတ်နိုင်ရန် စဉ်းစားခဲ့ရပြန်ပါသည်။

တစ်နေ့တွင် ငယ်စဉ်က ပညာသင်ကြားပေးခဲ့ဖူးသော တပည့်ရင်းတစ်ဦး၊ အမှတ်မထင်ရောက်ရှိလာပြီး မိသားစုကို မိတ်ဆက်ပေးခဲ့ပါသည်။

"ဆရာ × × × ကျွန်တော့်ကို မှတ်မိသေးလား"

"ကောင်းကောင်းမှတ်မိပါတယ် တပည့်ရယ် × × ×

www.burmeseclassic.com

www.burmeseclassic.com



မင်းကို စာသင်ခန်းထဲမှာဆုံခဲ့တဲ့ အလယ်တန်းကျောင်းသား ကလေးအရွယ်ကိုပဲ မျက်စိထဲမှာစွဲနေတယ်။ ငယ်ရုပ်ကလဲ သိပ် မပြောင်းဘူးကွယ့်"

"ဒါက ကျွန်တော့်ဇနီးနဲ့ ××× ဒါက တစ်ဦးတည်းသော သမီးလေး"

"မိသားစုပါ ဆုံရတွေ့ရတာ ဝမ်းသာပါတယ်တပည့် ××× ငါ့မြေး သမီးလေးက ကျောင်းတက်နေရောပေါ့"

"သမီးက အသက်(၆)နှစ်ထဲရောက်နေပါပြီ ဆရာရယ် ××× ကျောင်းအပ်ဖို့ ကျောင်းအုပ်ကြီးနဲ့သွားတွေ့တော့ ××× သူမေးတဲ့မေးခွန်းတွေက အဖြေရခက်တာနဲ့ အခုထိ သမီးလေး ကို ကျောင်းအပ်ခွင့်မရခဲ့ပါဘူး"

"ဟေ့ ××× နေပါဦးကွ ××× ကျောင်းသားဘဝ တစ်လျှောက်လုံး မေးသမျှမေးခွန်းတွေကိုဖြေရင်းနဲ့ မင်း ဆုတွေ အကြိမ်ကြိမ် ဆွတ်ခူးရရှိခဲ့တယ်။ ပြီးတော့ ××× ဘွဲ့ရသည် အထိလည်း မေးခွန်းတွေဖြေရင်း အိမ်ထောင်သည်တစ်ယောက် တောင်ဖြစ်လာပြီပဲ ××× ကဲ ××× မင်းမဖြေနိုင်တဲ့မေးခွန်း တွေက ဆိုပါဦး ×××

"တကယ်တော့ ကျောင်းအုပ်ကြီးနဲ့ တွေ့ခွင့်ရဖို့ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။ တွေ့ခွင့်ရပြန်တော့လည်း ××× အချိန်ကတိုကိုလေး ××× ကျောင်းလက်ခံဖို့ကိစ္စ၊ မေးခွန်း များက ဆီးကြိုနေပါတယ်"



"ကွန်ပျူတာ လှူနိုင်မလား"

"လေအေးစက် လှူနိုင်မလား"

"မိတ္တူကူးစက် လှူနိုင်မလား"

"မြက်ရိတ်စက် လှူနိုင်မလား"

"ဘုရား ××× ဘုရား၊ တန်းစဉ် စာမေးပွဲကျရှုံးခဲ့ဖူးခြင်း မရှိ ထူးထူးချွန်ချွန် ကျောင်းသားဘဝကို ဖြတ်သန်းလွန်မြောက် ခဲ့သော ကျွန်တော့်တပည့် ××× ဒီတစ်ကြိမ်တော့၊ မေးခွန်း လေးခု အဖြေမပေးနိုင်သဖြင့် အောင်မှတ်မရ ××× ကျရှုံး ရပေတော့မည်။ သို့ပေမယ့် နောက်ဆုံး အခွင့်အရေးတစ်ရပ် အနေဖြင့် အရဲစွန့်ကာ သူက ကျောင်းအုပ်ကြီးအား တောင်းပန် ရှာပါသည်။

"ကျွန်တော်တို့ လက်လုပ်လက်စား နွမ်းပါးသူတွေပါ ခင်ဗျာ ××× စွမ်းအားရှိသမျှ လှူဒါန်းခွင့်ပြုရင်း ကျွန်တော့် သမီးလေးကို ကျောင်းအပ်လက်ခံဖို့ ပန်ကြားပါရစေ"

"လှူဒါန်းတယ်ဆိုတာလဲ တူသောအကျိုးကို ပေးတတ် ပါတယ် ××× များများလှူရင်တော့ များတဲ့အကျိုး ××× နည်းနည်းပဲလှူမယ်ဆိုရင်တော့ နည်းတဲ့အကျိုးရမှာပေါ့ ××× သေသေချာချာ စဉ်းစားပါ ××× ကဲ ကျုပ်မှာလည်း အလုပ် တွေက ရှိနေသေးလို့ ခွင့်ပြုပါအုံး"

ပြောပြောဆိုဆို ကျောင်းအုပ်ကြီးက ကျောခိုင်း ထွက်ခွာသွားခဲ့ပါပြီ။ အိမ်ရှင်က နှုတ်ဆက်ကျောခိုင်း ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်ကို ဖြည့်သည်မိဘတစ်ဦးအနေဖြင့် မည်သို့ခံစား ရမည်နည်း။

လွယ်လင့်တကူ ကျောင်းအပ်လက်မခံနိုင်သည့် အကြောင်းကောင်း တစ်ခုခုအတွက် အဖြေသိခဲ့ရပါပြီ။ အနာ သိသော်လည်း ဆေးမရှိ၍ ပူပင်သောကဖြစ်ခဲ့ × × × ကြုံခဲ့ ရရှာသော ကျွန်တော့်တပည့်လို မိသားစုမျိုး × × × မည်ရွေ့ မည်မျှ ရှိနိုင်ပါမည်နည်း။ ပညာရေးအတွက် အတွေးသံသရာ လည်ရင်း × × × စိတ်မချမ်းမမြေ့ဖြစ်ခဲ့ရပါသည်။

သြော် × × × ကျောင်းအပ်ဖို့ အခက်အခဲကြုံခဲ့ကြရသည့် ပညာရေးအကြီးအကဲတစ်ဦး × × × အငြိမ်းစားပညာရေးအရာရှိ တစ်ဦး × × × ပြီးတော့ မိဘပြည်သူထဲက မိသားစုတစ်စု × × × သူတို့ကဲ့သို့ တွေ့ကြုံခံစား အခက်အခဲများကို မည်သို့ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ပါမည်နည်း။

**ဆရာ ဆရာမတို့သည် မိမိတို့၏တပည့်များအား လိုအပ်သော ပညာသင်ကြားပေးမှုပြီးဆုံးပါက မေးခွန်းမေးကာ အဖြေရှာတတ်စေရန် သင်ကြားလေ့ကျင့်ပေးနေသူများ ဖြစ်ကြ ပါ၏။ တစ်နည်းအားဖြင့် မေးခွန်းပုစ္ဆာ ပြဿနာတို့ အဖြေ ရှာပေးကြသူ၊ ပြဿနာဖြေရှင်းပေးကြသူများ ဖြစ်ကြပါသည်။ ပြဿနာရှာသူများ မဟုတ်ကြ။ ဤသို့ဆိုပါလျှင် ကျွန်ုပ်တို့ ဆရာ ဆရာမများအနေဖြင့် မိမိတို့ကြောင့် ပညာရေးနယ်ပယ် တွင် ပြဿနာဆက်များ ပေါ်ပေါက်လာချင်းမရှိစေရန် မည်သို့**



**ဆောင်ရွက်ကြပါမည်နည်း။ မြင့်မြတ်သော ဆရာ့ဘ၀ကို အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်းခြင်းဖြင့် နိုင်ငံ့တာဝန်ကို မြင့်မြင့်မားမား တာဝန်ယူထားခဲ့ကြသူများကဖြင့် ကျွန်ုပ်တို့ ဆရာ ဆရာမများပင် ဖြစ်ကြပေသည်။**

အခြေခံပညာ တိုးတက်မြင့်မားမှုအတွက် အားသွန် ကြိုးပမ်းနေချိန်တွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားမှုအတွက် ငွေကြေးရန်ပုံငွေများ ကျောင်းတိုင်းတွင် မဖြစ်မနေ လိုအပ် ပေလိမ့်မည်။ နိုင်ငံတော်အနေဖြင့်လည်း ကျောင်းတိုင်းသို့ လိုအပ်မှု ရန်ပုံငွေ ချပေးနိုင်ရန်မှာလည်း လွယ်ကူသည့်ကိစ္စ မဟုတ် × × × သည်တော့လည်း အပြိုင်အဆိုင် တိုးတက်လိုစိတ် များ × × × ပြီးတော့ မိမိကျောင်း ကောင်းသည်ထက်ကောင်း အောင် တိုးတက်စေလိုသော မေတ္တာ၊ စေတနာများက ဌာန ဆိုင်ရာ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်ဟံကိုင်းကို ရရာ နည်းဖြင့် ကျော်လွှားကာ လက်တစ်လုံးကြား ဆောင်ရွက်ခဲ့ကြ လေပြီ။

**တကယ်တော့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားမှု အတွက်ထက် မိမိတို့တပည့်များ၊ အနာဂတ်ခေါင်းဆောင် ကလေးများအတွက် အနှစ်အသားပါသည့် စိတ်ပိုင်းဆိုင်ရာ တိုးတတ်ပြောင်းလဲမှုများကို ပိုမိုအလေးထား ဆောင်ရွက် ကြရမည့် ပင်မရည်မှန်းချက်ကို ဖြည့်ဆည်း အကောင်အထည် ဖော်ပေးကြရမည့် ကျွန်ုပ်တို့ ဆရာ ဆရာမများ၏ မဟာတာဝန်**

www.burmeseclassic.com

www.burmeseclassic.com

ကို မမေ့သင့်ကြပေ။ သို့ဆိုပါလျှင် မိမိတို့တာဝန်ယူထားကြရသည့် ကလေးများအတွက် ကျွန်ုပ်တို့ ချည်ရှိမည်မှု တာဝန်ကျေခဲ့ကြပါသနည်း။

စနစ်ဟောင်းတို့ကဖြင့် တစ်ခေတ်ပြောင်းခဲ့ပါပြီ။ ယခုတော့ဖြင့် "ကျောင်းအကျိုးတော်ဆောင်အဖွဲ့"များ ကျောင်းတိုင်းတွင် ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ အလှူငွေများ စုစည်းကောက်ခံကာ ကျောင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများအတွက် ထောက်ပံ့ကူညီ ဖန်တီးနိုင်ခွင့် စတဲ့အခွင့်အလမ်းများ လမ်းဖွင့်ပေးခဲ့ပြီဖြစ်၍ ရန်ပုံငွေလိုအပ်ချက်အရ ငွေကြေးကိစ္စ ရှေ့တန်းတင်ပြီး ကျောင်းဖွင့်စ ကျောင်းသားလက်ခံရာတွင် ပေါ်ပေါက်ခဲ့သည့် အတားအဆီး အနိဋ္ဌာရုံများကို တစ်နည်းတစ်ဖုံ အထိုက်အလျောက်အားဖြင့် ကျော်လွှားလွန်မြောက်နိုင်လိမ့်မည်ဟု မျှော်လင့်လျက် × × × ဆုတောင်းလျက်ဖြင့်သာ × × ×

**ချစ်သမီး ဆရာမလေး မေစံပယ်ဖြူနုသို့ အမှတ်တရဖြင့်**

**ဆရာနု**

၁၉၉၉ ခုနှစ်၊ မတ်လ

ပညာတန်ဆောင် အတွဲ(၄၈)၊ အမှတ်(၃)



# နေညိုချိန်

"အကိုတင့် × × × သက်ပြည့်အငြိမ်းစား ယူတော့မယ်တဲ့"

"ဟုတ်ပါ့ × × × ဟုတ်ပုံမလား × × × အကိုတင့်က အသက်ခြောက်ဆယ် မပြည့်လောက်သေးပါဘူးကွာ"

"မယုံမရှိနဲ့ သူငယ်ချင်းရေ × × × လာမယ့် စနေနေ့မှာ နှုတ်ဆက်ပွဲ × × ×"

"ဪ × × ×"

အကိုတင့်မှာ အထက်တန်းကျောင်းအုပ်ကြီးတစ်ဦးဖြစ်ပါသည်။ ရုပ်ရည်ခန့်ညားပြီး လေးစားလောက်သည့် အပြောအဆို၊ အတုယူလောက်သည့်အနေအထိုင်၊ ကိုယ်ကျင့်တရားရှိသူမို့ ကျွန်တော်တို့ ပညာရေးမိသားစုဝင်များ အားလုံးက အစ်ကိုကြီးတစ်ယောက်ပမာ လေးစားချစ်ခင်ကာ "အကိုတင့်" ဟုသာ မြတ်မြတ်နိုးနိုး ခေါ်ခဲ့ကြပါသည်။

အခက်အခဲပြဿနာ တစ်စုံတစ်ရာရှိခဲ့လျှင်လည်း အကိုတင့်နှင့်တိုင်ပင် အကိုတင့် ကြားဝင်ဆောင်ရွက်လျှင် နာခံကြမြဲမို့ ကျွန်တော်တို့မြို့နယ် ပညာရေးမိသားစုတွင် ပြဿနာကြီးကြီးမားမားဟူ၍မရှိခဲ့၊ မပေါ်ပေါက်ခဲ့ × × × တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ညီညွတ်ခြင်းတို့ဖြင့် ပညာရေးတိုးတက်အောင်မြင်မှုများရရှိကာ ပျော်ရွှင်ကြည်နူးမဆုံး ရှိခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ကျွန်တော်တို့ ချစ်ခင်လေးစား အားထားရပါသော အစ်ကိုကြီး အကိုတင့်တစ်ယောက် အငြိမ်းစားယူတော့မယ်ဆိုတော့ × × ×

သည်အဖြစ်အပျက်တို့ကဖြင့် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်ကဖြစ်ပါသည်။ အကိုတင့်မှာ ခေသူမဟုတ်၊ အချိန်ပိုင်း တိုင်းကောဝ်စီဝင်တစ်ဦးဖြစ်သည့်ပြင် ဥက္ကဋ္ဌနှင့်ပြည်သူ့ကောင်စီဥက္ကဋ္ဌ တို့ကပင် အထူးလေးစားအားထားခြင်းခံရသူလည်း ဖြစ်ပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့ ပညာရေးမိသားစုဝင်များ အားလုံးကလည်း အကိုတင့်ကို အားကိုးအားထားပြုကာ ဂုဏ်ယူမဆုံး ရှိခဲ့ကြသည်။

ဘုရင့်နောင်ခန်းမကြီးမှာ အကိုတင့်၏ ဂုဏ်ပြုနှုတ်ဆက်ပွဲသို့ ကြွရောက်လာသူများဖြင့် ပြည့်လျှံနေသည်။ သာယာလှသည့် ညနေချမ်းတွင် အကိုတင့်၏ ပညာရေးဘဝ နေဝင်ချိန် အမှတ်တရပွဲသို့ မြို့နယ်အဖွဲ့အစည်းအသီးသီးမှ အကြီးအကဲများ၊ မြို့မိမြို့ဖများ × × × ပြီးတော့ ပညာရေးမိသားစုဝင်များ စုံစုံညီညီ ဆုံစည်းရောက်ရှိလာကြသည်မို့ ဝမ်းသာဝမ်းနည်း ခံစားကြရပါသည်။

သည်တုန်းက ကျွန်တော့အသက်အရွယ် (၄၀)ခန့် အလယ်တန်းကျောင်းအုပ်ဘဝဖြင့် အကိုတင့်နှင့်အတူ ပညာရေးကို အလှဆင်ခဲ့သည့် မိသားစုဝင်တစ်ဦး × × × ကြည်နူးဖွယ်သည်မြင်ကွင်းမှသည် အတွေးရေယဉ်ကြော တဒင်္ဂ မျောခဲ့ရသည့် ကျွန်တော့်အဖြစ် × × ×



နှုတ်ဆက်သူတွေ ဝိုင်းဝိုင်းလည် သူတကယ်ပဲ ပျော်နေတယ် ထင်ပါရဲ့ × × × ခင်မင်နှစ်သက် လုပ်ဖော်ကိုင်ဖက်များကဖြင့် စိတ်လက်မကြည် ဝမ်းနည်းကြပေလိမ့်မည်။

ပညာရေးလုပ်သက်ရင့် အငြိမ်းစားယူရတော့မည့် သူတစ်ဦး၏ ရင်တွင်းခံစားချက်က မည်သို့ရှိပါမည်နည်း× × ×

တကယ်တော့ ရွက်ဟောင်းတွေကြွေလျှင် ရွက်သစ်တွေ ဝေစမြဲမို့ × × ×

အကိုတင့်ဘက်က ရောက်တတ်ရာရာ တွေး၍ အသိဝင် သတိယှဉ်ခဲ့မိပါသည်။ အနှစ်(၄၀)ကျော်ကြာမျှ အမှားအယွင်းမရှိ မွန်မြတ်သည့် ဆရာ့အလုပ်ဖြင့် ပညာရေးခရီးလမ်းကြောင်း ဖြတ်သန်းလွန်မြောက် ပန်းတိုင်သို့ရောက်ခဲ့သည့် အကိုတင့် × × × သူ့အတွက် ကျွန်တော်တို့ ဂုဏ်ယူမဆုံး ရှိခဲ့ကြသည်။ သည်နေ့ နောက်ဆုံးနေ့၊ နောက်ဆုံးပွဲ သူ့အကြောင်းတွေးတောရင်း သူပြောခဲ့သည့်စကားကို အမှတ်မထင် သတိရမိပါသည်။

**"စကားပြောရင် လိုရင်းတိုရှင်း Short to the Point ဖြစ်ပါစေကွာ၊ အချိန်ကုန်လူပန်း Long to the None မဖြစ်ပါစေနဲ့"**

အကိုတင့်အား ဂုဏ်ပြုနှုတ်ဆက်သည့် အခမ်းအနားတွင် ဦးစွာ ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသူမှာ မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ ဦးစောထွန်းပင်ဖြစ်ပါသည်။

"အကိုတင့်ရဲ့ ဂုဏ်သတင်းကဖြင့် ပညာရေးနယ်ပယ်

www.burmeseclassic.com

www.burmeseclassic.com



မှာရော ကျွန်တော်တို့နဲ့ မိဘတွေကြားမှာပါ မွေးပျံ့ သင်းထုံ ချီးကျူးလို့မကုန်အောင် ရှိခဲ့ပါတယ်။ တကယ်တော့ အကိုတင့် အသက်(၆၀)ပြည့်ပြီဆိုတာ ယုံရခက်လောက်အောင် နုပျိုတုန်း × × × သန်စွမ်းကျန်းမာ သွက်လက်ဖျတ်လတ်တုန်း × × × လန်းဆန်းတက်ကြွတုန်းမို့ အကိုတင့်ကို မေတ္တာရပ်ခံချင် တာ တစ်ခုရှိပါတယ်"

ဦးစော်ထွန်း မှာ ကျောင်းဆရာဘဝက ကူးပြောင်းလာသူမို့ ချစ်ခင်လေးစားမှုဖြင့် "အကိုတင့်" ဟုသာ အမြတ်တနိုးခေါ်ရင်း သူ့ရင်တွင်းဆန္ဒတစ်ခုကို တင်ပြနေပါ သည်။

"အသက်(၆၀)ပြည်လို့ ဌာနက အငြိမ်းစားယူခွင့် ပြုခဲ့ပေမယ့် ပညာရေးအကျိုး၊ အများအကျိုးကို ဆထက်ထမ်းပိုးတိုးပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးပါ အံ့လို့ အလေးအနက်တိုက်တွန်း မေတ္တာရပ်ခံလိုပါတယ်"

သည်လိုဖြင့် မြို့နယ်အတွင်းရေးမှူး၊ ပြီးတော့ မြို့မိမြို့ဖတစ်ဦး၊ မြို့နယ်ပညာရေးမှူးနှင့် အထက်တန်း ကျောင်းအုပ်ကြီးတစ်ဦးတို့ကလည်း အကိုတင့်၏ ကြိုးပမ်း ဆောင်ရွက် အောင်မြင်ခဲ့သည့် ကောင်းကွက်များကို ထုတ်ဖော် ချီးကျူးကြရင်း ဦးစောထွန်း၏အဆိုကို အလေးအနက် ထပ်ဆင့်ထောက်ခံကြကာ ဆထက်ထမ်းပိုးတိုး၍ အကျိုးပြု လုပ်ငန်းများ ဆက်လက်ဖော်ဆောင်သွားစေလိုပါကြောင်း အကြံ ကောင်းပေးခဲ့ကြသည်မှာ အားတက်ဖွယ်၊ ကြည်နူးဖွယ် ကောင်း



လှပါတော့သည်။

ဤသို့ဆိုပါလျှင် အကိုတင့်သည် သက်ပြည့် အငြိမ်းစား ယူခဲ့ပြီးသည့်တိုင် လူမှုကိစ္စအဝဝတို့ကို စွမ်းအား ရှိသမျှ ဆက်လက်သယ်ပိုး ကြိုးပမ်းရင်း သူ့ဘဝခရီး ဆက်ရ ပေဦးမည်။ သည့်အတွက် အကိုတင့်ကလည်း လက်ခံဂုဏ်ယူကာ ပျော်ရွှင်ကြည်နူးနေပုံရပါသည်။

တကယ်တော့ အကိုတင့်မှာ ပညာရေးဌာနတွင် လက်ရှိသူ့သက်တမ်း၏ သုံးပုံနှစ်ပုံကျော် ကာလကြာမျှ ထမ်းဆောင်ခဲ့ပြီး ပညာရေးဘဝခရီးတစ်လျှောက်တွင် ရင်ဆိုင် တွေ့ကြုံခဲ့ရသည့် အခက်အခဲပြဿနာများကို ကျော်လွှား လွန်မြောက်ရင်း နှလုံးသားမေတ္တာဖြင့် အသိပညာပေးလှူရင်း ခရီးဆုံးသို့တိုင် လျှောက်လှမ်းနိုင်ခဲ့ပါသည်။ ကျောင်းဆရာ တစ်ယောက်ဖြစ်ခဲ့ရသည့် သူ့ဘဝ × × × သူ့အလုပ်ကို မြတ်နိုး တန်ဖိုးထားသည့် ပညာရေးဘက်တော်သားတစ်ဦး × × × သာမန် ဆရာတစ်ယောက်တွင်သာ ရှိနိုင်သည့် အဆောင်အယောင် အခြေအနေမျိုးဖြင့်သာ ဖြတ်သန်း အဆုံးသတ်ရချေတော့မည်။

အစီအစဉ်အရ နောက်ဆုံး ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားရန် ကျွန်တော့်အားရွေးချယ် အလှည့်ပေးခဲ့ကြပါသည်။ မည်သို့စကားဆိုရပါမည်နည်း။ အကိုတင့်အတွက် ချီးကျူးစရာ အဖုံဖုံ စုံလည်းစုံလှပါပြီ။ ကျွန်တော်ချစ်သော အကိုတင့်အတွက် စကားလက်ဆောင်တော့ ကျွန်တော်ပေးချင်ပါသည်။ သည်လို ဖြင့် တွေးရင်းတောရင်း စင်မြင့်ပေါ်သို့ရောက်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အများက ချစ်ခင်လေးစားရပါသော၊ အကိုတင့် ကျွန်တော်ချစ်သော အကိုတင့်ခင်ဗျား × × × အကိုတင့်ဟာ အနှစ်(၄၀)ကျော်မျှ ပညာရေးဘဝကို အလှူဆင်ရင်း အများ ကောင်းကျိုးအတွက် အကောင်းဆုံးကြိုးပမ်း၊ အမှုထမ်းရင်းနဲ့ အသက်(၆၀)ပြည့်ခဲ့လို့ နိုင်ငံက × × × ပညာရေးဌာနက × × × အငြိမ်းစား ခွင့်ယူခွင့်ပြုခဲ့ပါပြီ။ အပူတတ် အလောင်တတ် တွေနဲ့ ပြည့်လျှမ်းနေတဲ့ လူ့ဘဝခရီးကြမ်းကို ပင်ပင်ပန်းပန်း ဖြတ်သန်းခဲ့ပြီးပါပြီ × × ×"

တကယ်တော့ အကိုတင့်နှင့် ကျွန်တော်မှာ အကျွမ်း တဝင်ခင်မင်ရင်းနှီးသူများဖြစ်ကြပြီး အကိုတင့်တွင် နှလုံးနှင့် သက်ဆိုင်သည့် ရောဂါဝေဒနာ စိတ်ပူစရာရှိနေသည်ကို ကျွန်တော်ကောင်းစွာသိပါသည်။ ဘုရားရိပ်၊ တရားရိပ်တွင် အသိဝင်၊ သတိယှဉ် ဆင်ခြင်နေနိုင်၍သာ အထိုက်အလျောက် ဟန်မပျက် ခရီးဆက်နေနိုင်ခြင်းသာဖြစ်ပါသည်။ ဤသို့ဆိုပါ လျှင် သူ့ဘဝ၊ သူ့အနာဂတ် ကျန်နေသေးသည့် ခရီးအတွက် သူမည်သို့ စဉ်းစားဆောင်ရွက်သင့်ပါသနည်း။ ကျွန်တော် စကား ဆက်ရပြန်ပါသည်။

"ဒီတော့ × × × အသက်(၆၀)ပြည့်လို့ နိုင်ငံတော်က နားပါတော့လို့ အငြိမ်းစားယူခွင့်ပြုပြီးဖြစ်တဲ့ အကိုတင့်ကို အောင်မြင်သူ၊ နိုးကြားတက်ကြွ အားထားရသူ တစ်ယောက် အဖြစ် မြင်နိုင်ပေမယ့် သူတကယ် အိုမင်းခဲ့ပါပြီ × × ×"

စကားပြောရင်း အကိုတင့်ကို အမှတ်မထင်



ကျွန်တော်လှမ်းမျှော်၍ ကြည့်လိုက်ပါသည်။ အကိုတင့်ကလည်း ကျွန်တော်ကို မပြုံးမရယ်ပြန်ကြည့်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် × × × သူမည်သို့ခံစား၍ ကျွန်တော့်အား နားလည်ပေးပါ သနည်း။

"တကယ်တော့ × × × အကိုတင့်ကို လောကီရေးရာ မှာ အောင်မြင်ပေါက်မြောက် ခရီးရောက်ခဲ့သလို လောကုတ္တရာ အလုပ် အားထုတ်ကျင့်ကြံရင်းနဲ့ ထူးချွန်ပြောင်မြောက် ဓမ္မခရီး ပေါက်သူအဖြစ် မြင်လို တွေ့လို ဖြစ်စေလိုပါကြောင်းဖြင့် × × ×"

ခက်တော့ခက်ပါသည်။ အသက်အရွယ်(၇၀)ခန့် ရှိနေသည့် အဘိုးအဘွားကို အသက်အရွယ် (၄၀)ခန့်သာရှိ သေးသူက မြင်တွေ့အားကျ၍ လူ့ဘဝတွင် နောက်ထပ် အနှစ် (၃၀)ခန့် မိမိနေရဦးမည်။ အချိန်များစွာ ကျန်သေးသည်ဟု ထင်မှတ်တတ်ကြပါသည်။ အခုတော့ အကိုတင့် အသက်(၆၀) ပြည့်ခဲ့ပြီမို့ သက်တန်း(၁၀)နှစ် ကျန်မကျန် မျှော်မှန်းရန် ခက်ခဲ လှပါသည်။

သည်လိုဖြင့် မိဘတို့ ချစ်စနိုးအမည်ပေးထားခဲ့သည့် တစ်ဦးတည်းသောသား မောင်သက်ရှည်ကလေးမှာ လသား အရွယ်ဖြင့်ပင် ကွယ်လွန်ခဲ့လေပြီ။ ဤသို့ဖြင့် လူ့အသက်ပေါင်း များစွာ ကုသကယ်တင်ပေးခဲ့သည့် ကျော်ကြားနေဖက်သူငယ်ချင်း သမားတော်ကြီးမှာ လူ့ဘဝကို စောစီးစွာ စွန့်ခွာသွားသည့် သတင်းကြောင့် ကြေကွဲမဆုံးဖြစ်ခဲ့ရသည်။

**သေခြင်းတရားသည် ဆန်းပြားလှပါသတည်း။ အဝေး**

www.burmeseclassic.com

www.burmeseclassic.com



မှလည်းကြားရ၏။ အနီးမှလည်းကြားရ၏။ တစ်ခါတစ်ရံ မိမိ မိသားစုနေထိုင်ရာ နေအိမ်ဝန်းကျင်သို့ အမှတ်မထင်ရောက်လာတတ်၏။ မမျှော်လင့်ဘဲ ရုတ်တရက် မိသားစုထဲဝင်လာတတ်ကြပြန်၏။ သည်လိုဖြင့် အဖေနှင့်အမေတို့ကို ရှေ့ဆင် နောက်ဆင့် ခေါ်ဆောင်သွားခဲ့စဉ်က ပူခဲ့ဆွေးခဲ့ ငိုကျွေးခဲ့ရသည့် အဖြစ်တွေ × × ×

ချစ်ခြင်းမေတ္တာဖြင့် အကိုတင့်အား လောကုတ္တရာအလုပ် အားထုတ်လမ်းပြောင်း -အချိန်မနှောင်း စေချင်ပါ။ ကျွန်တော့်စေတနာ မိချောင်းမင်းရေခင်းပြုဖြစ်နေမလား × × ×

သူ့အလှည့်ရောက်တော့ အားလုံးကို ကျေးဇူးတင်ပါကြောင်း ရွှန်းရွှန်းဝေအောင်ပြောရင်း ကျွန်တော့်အကြံပြုချက်ကို ရယ်မောစရာကလေးများဖြင့် အကိုတင့်က အဆုံးသတ်ခဲ့ပါသည်။

"တရားအလုပ်နဲ့ အားထုတ်ပျော်မွေ့ဖို့ တိုက်တွန်းအကြံပြုခဲ့တဲ့ ကျွန်တော့်ညီငယ်ကို ကျေးဇူးတင်မဆုံး ရှိပါတယ် × × × ဒါပေမယ့် ဘဝသံသရာ နှောင်အိမ်တွင်းက ခွဲထွက်ရမယ့်အရေး ချစ်ဇနီးကလေးနဲ့ တိုင်ပင်ပါရစေအုံးလို့"

စကားနှင့် အမူအရာ တစ်ထပ်တည်းကျအောင် ဟာသနှော၍ ပြောနိုင်စွမ်းရှိသည့် အကိုတင့်၏စကားကြားလိုက်ရချိန်တွင် ပရိတ်သတ်အားလုံး၏ "ဝါး"ကနဲ ရယ်မောသံများ ခန်းမကြီးနှင့်မတ်ဝန်းကျင်တွင် ပဲ့တင်ထပ်ခဲ့ပါသည်။

အချိန်တွေကြာညောင်း၍ နှစ်တွေလည်း ပြောင်းခဲ့



ပါပြီ။ အကိုတင့်ကို အကြံကောင်းဖြင့် နှုတ်ဆက်လက်ဆောင်ပေးခဲ့ရာက အခုတော့ သက်ပြည့်အငြိမ်းစားယူတော့မည့် မိမိအလှည့် × × × အတိုတ်ဆီကဖြစ်ရပ်များ အရိပ်လို ထင်လာခဲ့သည်။ မိမိလည်း တစ်စတစ်စ အိုမင်းခဲ့လေပြီ။

"မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ နာလည်းနာနိုင်ပြီး
သေလည်းသေနိုင်တယ်။"

"အိုရာက၊ နာရာမရောက်ခင်၊ ဝိပဿနာအလုပ်
အားထုတ်ကြ။"

"အပြေးမရပ်တဲ့ ခန္ဓာကိုယ်၊ သုဿန်မရောက်ခင်
မဂ္ဂင်အလုပ်မြန်မြန်လုပ်ပါ။"

"မနေ့ကထက် ယနေ့
သေဖို့တစ်ရက်နီးသွားပြီ။"

"အသေမဦးမီ၊ ဉာဏ်ဦးစီးပြီး၊ ဝိပဿနာတရားအလုပ်
ကြိုးစားအားထုတ်ကြပါ။"

မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမကို နားကြားနှလုံးသွင်းရင်း၊ တစ်ယောက်တည်းပြန်ရမည့် ခရီးအတွက် အချိန်မီပြင်ဆင်ရပေဦးမည် × × ×

**ပဉ္စဂ္ဂဏ် သက္ကစ္စ အဟံဝန္ဒာမိ**

ဆရာနု

www.burmeseclassic.com

www.burmeseclassic.com



# ခရေတာန်းမှအပြန်

ရုံးဖွင့်သည့်နေ့ရက်များတွင် ပုံမှန်ရုံးလုပ်ငန်းများ ဆောင်ရွက်ရင်း အစည်းအဝေးများ တက်ရောက်ရသည့်ကိစ္စ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာတတ်ကြသည့် ဧည့်သည်များ၊ ပညာရေးမိသားစုဝင် လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံကာ မိမိစွမ်းနိုင်သမျှ ကူညီစောင့်ရှောက်မှု အကြံပြုရသည့်ကိစ္စများဖြင့် အချိန်တွေက ကုန်လွယ်လွန်းလှပါသည်။ သည်လိုဖြင့် နေ့တစ်နေ့ ကုန်ဆုံးခဲ့ရမြန်ပါပြီ။

တစ်ခုသောစနေနေ့တွင် ဆောင်ရွက်ရန်ကျန်ရှိနေသည့် ရုံးလုပ်ငန်းအချို့ အပြီးသတ်ရန် ကျွန်တော်တစ်ဦးတည်း ရုံးခန်းတွင်ရှိနေခဲ့ပါသည်။ အေးအေးလူလူ၊ စူးစူးစိုက်စိုက် လုပ်ဆောင်ချိန်ရ၍လည်း အလုပ်တွင်၍ စိတ်လက်ကြည်လင်ပျော်ရွှင်နေမိပါသည်။

"ဆရာကြီး ××× သမီးတို့ကို ဝင်ခွင့်ပြုပါရှင့်"

စေ့ထားသောတံခါးချပ်ကို အသာအယာတွန်းရင်း အသံပြုကာ ဆရာမလေးနှစ်ဦး အမှတ်မထင် ဝင်တွေ့ခွင့်တောင်းလာခဲ့ပါသည်။

"ဟော ×× ဪ ×× အေးအေး ××× ဝင်လာကြပါကွယ်"



"သမီးတို့ကို မမှတ်မိဘူးလား ဆရာကြီး"

"ဟယ် ××× ဩ တပည့်တွေပဲ ××× လာလာ ×× ထိုင်ကြ ×× ထိုင်ကြ ×× နေကောင်းကြရဲ့နော် ××× အလုပ်တွေလဲ အဆင်ပြေကြတယ်မဟုတ်လား"

တပည့်ဆရာမလေးနှစ်ဦးမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြုံးစိစိနှင့်အဖြေညှိနေကြဟန်ရှိပါသည်။ ပြီးတော့မှ မျက်နှာညှိုးငယ်စွာဖြင့် နှစ်ဦးစလုံးက ကျွန်တော့်ကို ပြန်ကြားခဲ့ကြပါသည်။

"သမီးတို့အဆင်မပြေပါဘူး ဆရာကြီးရယ် ××× ကြံရာမရလို့ ဆရာကြီးဆီကို သမီးတို့လာခဲ့ကြတာပါ"

"ဟော ××× နေပါဦး ××× မင်းတို့ခရေတာန်းရွာကို ရောက်ကြတာ သုံးလလောက်ပဲ ရှိသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီးရှင့် ××× ဒါပေမယ့် ××× ဒီရွာ၊ ဒီကျောင်းမှာ သမီးတို့မပျော်ပါဘူး။ သမီးတို့ ××× ဒီရွာ၊ ဒီကျောင်းက အမြန်ပြောင်းချင်ပါတယ်"

"ဪ ×× သမီး ×× ဆရာမလေးတို့ရယ်"

အချိန်တိုအတွင်း ပြန်လည်ရွှေ့ပြောင်းခွင့် တောင်းခံဆန္ဒပြုလာကြသည့် တပည့် ဆရာမလေးနှစ်ဦးအတွက် ပြောရန်စကားစပင် ရှာရခက်သလိုဖြစ်ခဲ့ရပါသည်။ သူတို့ မည်သည့် အကြပ်အတည်း၊ အခက်အခဲများ ရင်ဆိုင်တွေ့ကြုံနေရပါသနည်း။ တကယ်တော့ နိုးကြားတက်ကြွအားထားရသည့် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com

တပည့် ဆရာမလေးနှစ်ဦး × × × အခုတော့ မျက်ရည်ဝေ့ဝေ့၊ တစ်ခုခုသော အခက်အခဲ အမှန်ပင်တွေ့နေကြရပြီထင်ပါသည်။

သည်ဆရာမလေးနှစ်ဦးမှာ မူလတန်းပြတာဝန်ဖြင့် ပြည်နယ်တိုင်းခြား နယ်စပ်ဒေသများတွင် အမှုထမ်းခဲ့ကြပြီး မိမိတို့ဇာတိမြို့နှင့် နီးစပ်ရာသို့ ပြန်လည်ပြောင်းရွှေ့ခွင့် လျှောက်ထားခဲ့ကြရာက ဤခရေတန်းရွာ မူလတန်းကျောင်း ကလေးတွင် တာဝန်ကျခဲ့ကြသည်။ ခရေတန်းရွာကလေး ကလည်း မြို့နှင့်ဝေးကွာလှသည်ဟု မဆိုနိုင်ပေမယ့် မြစ်တစ်ခုက ခြားနေသည်။ ရွာတွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြ သူများ အထိုက်အလျောက်ရှိပေမယ့် ရေလုပ်ငန်းဖြင့် အသက် မွေးသူကများနေသည်။

မြို့ဘက်နေအိမ်မှ ကူးတို့လှေဖြင့် မြစ်ကိုကူး၍ နေ့စဉ် ကျောင်းတက်နေရသည်ကို ဒုက္ခကြီးတစ်ခုအဖြစ် မှတ်ယူပြီး ရောက်ရှိနေသည့် အချိန်တိုကာလတိုအတွင်း အတွေ့အကြုံ အခက်အခဲများကိုသာ တစ်ယောက်တစ်လဲတင်ပြရင်း ဖြေရှင်း မရသည့် ပုစ္ဆာတစ်ပုဒ်လို မျက်ရည်စတို့ဝဲလို့ခို × × ×

"ရွာက ကလေးတွေ သိပ်ပြီးရိုင်းပါတယ်။ ဆရာကို ရိုသေရကောင်းမှန်းလည်းမသိကြဘူး။ သုံးတန်း လေးတန်း လောက် အရွယ်ကလေးကတောင် ဆရာကို နောက်နောက် ပြောင်ပြောင်၊ မချေမငံဆက်ဆံကြတော့ သိပ်ပြီးမုန်းဖို့ကောင်းပါ တယ်"



"နေပါဦးကွဲ့ × × × မင်းတို့ကျောင်းက သုံးတန်း လေးတန်းကလေးက အတော်အရွယ်ရောက်နေကြပြီလား"

"မိဘတစ်ချို့ဟာ ပျံကျရေလုပ်သားတွေမို့ ကလေး တွေကလည်း အတည်တကျကျောင်းနေခွင့်မရလို့ အတော်လေး အသက်အရွယ်ကြီးကြပါတယ်"

"ဩော် × × × အေး အေး"

မကျေနပ်ချက်များကို တစ်ခါတစ်ရံ ဒေါသသံလေး လွှမ်း၍ပင် တင်ပြနေကြပါသည်။ ကျွန်တော့်တပည့် ဆရာမလေး နှစ်ဦးပြောသမျှ ကောင်းကောင်းဂရုစိုက်၍ စိတ်ရှည်လက်ရှည် နားထောင်ခဲ့ပြီး မရှင်းလင်းသည်များကိုလည်း ကြားဖြတ်၍ မေးခဲ့ရပြန်ပါသည်။

"မင်းတို့ပြောသလို × × × ကလေးတွေဟာ တကယ်ပဲ ဆိုဆုံးမဖို့ ခက်နေတယ်ဆိုရင်တောင် မိဘအုပ်ထိန်းသူတွေနဲ့ တွေ့ဆုံတိုင်ပင်ညှိနှိုင်းရင်း အဖြေရှာကြမယ်ဆိုရင် × × × "

"အဲဒါကြောင့် ခက်နေတာပေါ့ ဆရာကြီးရယ် × × × ငါးရှာ ဖားရှာနဲ့ စရိုက်ကကြမ်းတမ်း ပညာတန်ဖိုးကိုလည်း အလေးမထားတတ် × × × ဒီတော့ သူတို့ကလေးတွေဟာ ပိုပြီး ယဉ်ကျေးမှုကိုနားမလည် ရိုင်းနေကြတယ်ထင်ပါရဲ့ ဆရာကြီး ရယ် × × × "

"ဒါဖြင့်ရင် × × × မင်းတို့က ခရေတန်းရွာကိုရောက်တာ သိပ်မကြာသေးဘူးဆိုတော့ မင်းတို့ထက်အရင်ရောက်နေကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ ဆရာမတွေနဲ့ ကလေးတွေရဲ့ အခြေအနေကကောကွဲ့"

"သူတို့တွေလည်း စိတ်ညစ်နေကြတာပါ။ ဒီရွာ ဒီကျောင်းက ပြောင်းရွှေ့ခွင့်ရမယ့်နေ့ကိုပဲ စောင့်နေကြတာပါ။ ဒါကြောင့် သမီးတို့ ပြောင်းရွှေ့ခွင့်အမြန်ရရေးကို × × ×"

"အဲလို × × × ဘုရား × × × ဘုရား"

တစ်ကယ်တော့ ဆရာ၊ ဆရာမတို့သည် ဤသို့ ဤနှယ် ကြုံတွေ့ရသည့်အခက်အခဲ၊ အကြပ်အတည်းများကို မည်သို့ဆောင်ရွက်သင့်ကြပါသနည်း။ ကျွန်တော့်၏ တပည့် ဆရာမလေးနှစ်ဦး ဦးတည်မျှော်မှန်း ရွေးချယ်သည့်လမ်းမှာ မည်သည့်အတိုင်းအတာအထိ မှန်ကန်ပါသနည်း။ သည်ရွာ သည်ကျောင်းထက် ကောင်းသည့်တစ်နေရာသို့ မျှော်လင့်နေကြဟန်တူပါသည်။ သို့ပေမယ့် ကလေးတို့၏အနာဂတ်ကို တာဝန်ယူထားကြရသည့် ဆရာ၊ ဆရာမများအနေဖြင့် **"အတတ်လည်းသင်၊ ပဲပြင်ဆုံးမ"** ကြရမည့် ကျင့်ဝတ်အရ ဆုံးစည်းကြုံတွေ့လာရမည့် တပည့် အကောင်းအဆိုး အမျိုးမျိုး တို့ကို မေတ္တာဖြန့်ဝေ အလှူဆင်ပေးနေကြရမည်သာ × × ×

"ဟဲ × × × ဒါနဲ့နေပါဦး × × × ဆရာမတို့ ကျောင်းအုပ်ကြီးကို ဖြစ်ကြောင်းကုန်စင် အခက်အခဲတွေကို တင်ပြရင်း ဖြေရှင်းနိုင်မယ့် နည်းလမ်းလေးများ မရှာကြဘူး လားကွယ်"

"ကျွန်မတို့ ကျောင်းအုပ်ကြီးက ပင်စင်နီးပါပြီ။



အကြောင်းစုံတင်ပြပေမယ့် ရှာနဲ့ပြေလည်အောင်ပဲ နေကြပါတဲ့"

ကျောင်းတက်မမှန်၊ နာခံမှုမရှိ စာသင်မရ အရွယ်က ကြီးလာ စရိုက်ကြမ်း၍ ရိုင်းစိုင်းကြပါသည် × × × စည်းကမ်း ဖောက်ကြပါသည် × × × စသည် စသည် မှတ်ချက်များဖြင့် သည်ရွာ၊ သည်ကျောင်းက ကလေးများဘဝကို မည်သို့စဉ်စား တန်ဖိုးထား ကြရပါမည်နည်း။ ခက်တော့ ခက်ပါသည်။

ကျွန်တော်သည် ရှုံးခန်းပြတင်းတံခါးမှ အဝေး တစ်နေရာဆီသို့ လှမ်းမျှော်ငေးကြည့်ရင်း ကူညီဖြေရှင်းပေးနိုင် မည့် နည်းလမ်းတစ်ခုခုကို စဉ်းစားနေမိပါသည်။

"အေး × × × တပည့်တို့ × × × ဆရာက မင်းတို့ကို ခန့်ပေးနိုင်၊ ပြောင်းပေးနိုင်သူမဟုတ်ပါဘူးကွယ်။ ဒါပေမယ့် တတ်နိုင်သမျှတော့ အကြံပေးကူညီပါ့မယ်။ ပြောင်းရွှေ့ခွင့် ရဖို့ကိစ္စကိုတော့ သိပ်ပြီးရှေ့တန်းမတင်ကြပါနဲ့ × × × အနည်းဆုံး တစ်နေရာတည်း လုပ်သက် နှစ်နှစ်မပြည့်သေးပဲ ဆရာမတို့ ခရေတန်းရွာက ပြောင်းရွှေ့ခွင့်ရကြဦးမှာ မဟုတ်ဘူးကွယ့်"

"ရှင် × × × ဒီလိုဆိုရင်တော့ × × ×"

"ကျောင်းတစ်ကျောင်း ဖွင့်လိုက်တယ်ဆိုကတည်းက ကျောင်းဟည်ရာဝန်းကျင်မှာရှိနေကြတဲ့ ကလေးတွေ လိမ္မာ ယဉ်ကျေး အသိပညာအလင်းရောင်ပေးနိုင်ဖို့ဆိုတာ တို့ဆရာ တွေရဲ့ အဓိကတာဝန်တစ်ရပ်ပဲကွယ့် × × × ထစ်ချိန်တည်းမှာပဲ ရွာသူရွာသားတွေရဲ့ အသိပညာနဲ့ အတွေးအမြင်တွေကိုပါ

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ပြောင်းလဲလာအောင် စွမ်းဆောင်ပေးနိုင်ကြဖို့အတွက် သူတို့နဲ့ တစ်သားတည်း နေသွားနိုင်တဲ့ စည်းရုံးရေးမှူးကောင်းတွေ၊ လူမှုရေးခေါင်းဆောင်တွေအဖြစ် ဦးစီးဦးဆောင် ပြုနိုင်ကြရပါမယ်"

"ကလေးတွေရော လူကြီးတွေပါ ယဉ်ကျေးမှုနည်းပြီး အပြောကြမ်း၊ အဆိုကြမ်း၊ အမူအရာကြမ်းတွေကို ပြုပြင်ပေးလို့ ရနိုင်ဖို့ဆိုတာကလည်း ဆရာကြီးရယ် ×××"

မေတ္တာခရီးလမ်းတွင် အတူလျှောက်ကြရမည့် ဆရာနှင့်တပည့် အခုတော့ လမ်းခွဲကြရတော့မလို ဖြစ်ခဲ့ရပါပြီ။ သို့ပေမယ့် ကုစားဖြေရှင်းနိုင်မည့် နည်းလမ်းကောင်း တစ်ခုခုတော့ ရှိတန်ကောင်းပါ၏။

**"အေးကွယ် ××× တစ်ခုတော့ပြောချင်ပါတယ်။ အသိအလိမ္မာရှိပြီးသား ကလေးကို ××× အဲဒါ ငါ့တပည့်၊ ဉာဏ်ရည်ထက်မြက်၊ ဘာသာစုံဂုဏ်ထူးထွက်မယ့် ကလေးကိုမှ ××× အဲဒါ ငါ့တပည့်ကွ ××× လို့ ဂုဏ်ယူဝင့်ကြွားနေကြမယ့်အစား အသိအလိမ္မာများစွာ သွန်သင်လမ်းပြ၊ အဆုံးအမပြုပေးဖို့ လိုနေသေးတဲ့ကလေးတွေ၊ ဉာဏ်ရည်နည်းပြီး ဆင်းရဲနွမ်းပါးနေကြတဲ့ ကလေးတွေရဲ့ဘဝကို ကုစားကယ်တင် ပေးနိုင်ဖို့ နည်းလမ်းတွေ သမီးတို့ မစဉ်းစားကြတော့ဘူးလား ××× သည်လို ကလေးတွေအတွက် အမှောင်ထုအတွင်းမှာ အလင်းရောင် ပေးနိုင်မယ့်သူ မရှိတော့ဘူးလားကွယ်"**



သည့်တော့လည်း ကျွန်တော့်တပည့် ဆရာမလေး နှစ်ဦးမှာ ငေးငိုင်သွားခဲ့ပါသည်။ တကယ်တော့ ဖွံ့ဖြိုးတိုးတက်မှု အားနည်းလွန်းသော ကျေးလက်တောရွာများတွင် ဤသို့ ဤနှယ် ကြုံတွေ့ရတတ်သည့် အခက်အခဲများကို လက်လျှော့ နောက်ဆုတ်သင့်ပါသလော ×××

သည်လိုဖြင့် စကားဆက်ရပြန်ပါသည်။

**" တကယ်တော့ ××× ပညာရေးစစ်မြေပြင်မှာ တို့ဆရာတွေဟာ ပညာရေးတိုက်စစ်မှူးတွေပါပဲကွယ်။ အသိပညာ အလင်းရောင်ပေးနိုင်ဖို့ အားနည်းမှု အမှောင်ထုကြီးကို ဖြိုခွင်းတိုက်ဖျက် ရှေ့တန်းထွက်ခဲ့ကြတယ်။ အခက်အခဲ၊ အကြပ်အတည်း ရန်သူတွေနဲ့ ရင်ဆိုင်တွေ့ကြုံရတဲ့အခါ တပ်ရှင် နောက်ဆုတ်ပြီး အညံ့ခံသင့်ပါသလား ××× ကလေးတွေရဲ့ အနာဂတ်ကို တာဝန်ယူထားရတဲ့ ဆရာတို့ရဲ့ဘဝဟာ မြင့်မြတ်ပြီး တာဝန်ကလည်း ကြီးမားနက်ရှိုင်းလှပါတယ်ကွယ်။ သည်တော့ ××× ပညာရေးစစ်မြေပြင်က အောင်ပွဲနဲ့အတူ ပြန်လာမယ့် သမီးတို့ကို ××× ဆရာမျှော်လင့် ကြိုဆိုနေချင်ပါတယ် တပည့်တို့"**

ကျွန်တော်၏ ပြောဆိုမှာကြားချက်ကို တပည့် ဆရာမလေးနှစ်ဦး မည်သို့ခံစားနားလည်ကြပါမည်နည်း။ သူတို့ နှစ်ဦး ခေါင်းကိုအသာအယာညိတ်ရင်း တစ်စုံတစ်ခုကိုတော့ စဉ်းစားနေကြသည်။ ပြီးတော့မှ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ အဖြေညှိရင်း မျက်နှာမှာပြုံးရိပ်သန်းလာကာ မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်စကား ဆိုခဲ့ကြသည်။

"သမီးတို့မှာ:ယွင်းစွာ တွေးခဲ့ ပြောခဲ့မိကြောင်း သိခဲ့ပါပြီ။ ကြုံတွေ့နေရတဲ့ အခက်အခဲများကို ကျော်လွှား လွန်မြောက်နိုင်မယ့် နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရင်း မြင့်မြတ်တဲ့ဆရာဘဝကို ဆက်ပက် ထိန်းသိမ်းသွားပါ့မယ်လို့ သမီးတို့ကတိပြုပါတယ် ဆရာကြီး"

လက်အုပ်ချီမိုး ရှိခိုးကန်တော့ရင်း နှုတ်ဆက်ထွက်ခွာ သွားခဲ့ကြသည့် တပည့်ဆရာမလေးနှစ်ဦး ပညာရေးစစ်မြေပြင်မှ အောင်ပွဲနှင့်အတူပြန်လာမည့် အပြန်ခရီးအတွက် ဝမ်းမြောက် ကြည်နူးစွာဖြင့် စောင့်မျှော်ကြိုဆိုရပေဦးတော့မည်။

ချစ်သမီး ဆရာမလေး မေစံပယ်ဖြူနုသို့ အမှတ်တရဖြင့်

ဆရာနု



# ခရီးဖော်

"သမီးလေး စံပယ်ဖြူ ××× သမီး ဖေဖေ့ကို စက်ဘီးနဲ့ ဘူတာရုံ လိုက်ပို့လိုက်ပါအုံးကွယ်"

"ပို့မယ် မေမေ ××× ဟင် ××× ရထားခိုန်တောင် နီးနေပြီနော်"

မပို့နဲ့တော့သမီးလေး ××× သမီးကျောင်းချိန်လည်း နီးနေပြီမဟုတ်လား ××× ဖေဖေ ဆိုက်ကားနဲ့ပဲ သွားလိုက် မယ်လေ"

"သမီးပို့နေကျပဲဟာ ××× စိတ်မပူပါနဲ့ ဖေဖေရယ်၊ သမီးကျောင်းချိန်လည်းမီပါတယ် ××× လာ သွားစို့ဖေဖေ"

သည်လိုဖြင့် ၁၀တန်းကျောင်းသူလေး ဖြစ်နေသည့် သမီးလေး မေစံပယ်ဖြူနု က သူကျောင်းတက်ရင် စီးနေကျ စက်ဘီးလေးထုတ်ပြီး ××× ရှေ့ကခြင်းထဲတွင် အဖေ့ အဝတ် အိတ်ကလေးကိုထည့်လိုက်သည်။ ပြီးတော့ ××× နောက်က ကယ်ရီယာပေါ်တွင် အဖေကိုတင် ××× ခပ်တွင်တွင် စက်ဘီး စီးရင်း ဘူတာရုံကိုပို့ခဲ့ပါသည်။

သည်တုန်းက ရထားစီး၍ ခရီးသွားရသည့် မြို့ငယ် ကလေးတစ်ခုတွင် ကျွန်တော်က ပညာရေးတာဝန်ကို ထမ်းဆောင်နေခဲ့သည်။ ကျွန်တော်တို့ ဇနီးမောင်နှံ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စလုံး ကျောင်းဆရာ ဆရာမများမှ စားဝတ်နေမှု အထိုက် အလျောက် ကြပ်တည်းနေသည်ကို လုပ်လီလုပ်လဲ့ ဖြေရှင်းနေခဲ့ ရသည်။

တစ်လတစ်ကြိမ်လောက်သာ မိသားစုရှိရာသို့ အခါ သင့်သလို ရောက်လာတတ်သည့် ကျွန်တော်အဖို့ × × × မိသားစု ဒုက္ခ သမီးတို့မေမေလောက် ခံစားရခြင်းမရှိပေမယ့် × × × ရသမျှနှင့် မျှတအောင်ထိန်းရင်း ကလေးတွေကြီးပြင်းအောင် ပြုစုပျိုးထောင်ပေးနေသည့် ဇနီးသည်အတွက် ဂုဏ်ယူချီးကျူး မဆုံး ဖြစ်ခဲ့ရသည်။

သားကြီးမောင်သန့်စင်နု

၁၀တန်းအောင်ပြီးစ × × × သားတို့မေမေက သူတို့ကျောင်းတွင် မုန့်ဈေးဆိုင်ခန်းလေးတစ်ခု ဖန်တီးရင်း၊ သားကြီးကို မုန့်ပဲသွားရည်စာ ရောင်းစေကာ အိမ်မှုကိစ္စ ကူညီ စေခဲ့သည်။ အမေ့စကားနားထောင်ပြီး သားကြီးက ဈေးရောင်း ကောင်းလို့ သူ့ကျောင်းကဆရာများပင် ချီးကျူးကြသည်။ သည်လိုဖြင့် အမေ့အတွက် မိသားစုအတွက် သားကြီးက အားကိုးတစ်ခုရခဲ့သည်။

သို့ပေမယ့် ကျွန်တော်တို့ဇနီးမောင်နှံအတွက် သားကြီး တက္ကသိုလ်တက်ရင် မည့်သို့ဖန်တီးရပါမည်နည်း။ သည်တုန်းက တက္ကသိုလ်တက်ရင် ကလေးတစ်ယောက်အတွက် အနည်းဆုံး ငွေသုံးထောင်လောက် လစဉ်ပို့ပေးရသည်။ ကျောင်းဝင်စတွင်



စာအုပ်ဖိုးကအစ ကုန်ကျရမည်ကလည်း အများကြီး × × × ခက်တော့ခက်ချေပြီ။ ငွေသုံးထောင် အသာထား လစဉ် သုံးရာပို့ရန်ပင် ခက်ခက်ခဲခဲ အနိုင်နိုင် × × ×

အမိအဖဖြစ်ပါလျက် သားသမီးအတွက် ဆက်လက် ပညာသင်ပေးရမည့်တာဝန် ပျက်ကွက်ရချေတော့မည်။ သည်လို ဖြင့် စဉ်းစားတွေးတောရင်း၊ အိပ်မရသော ညပေါင်းများစွာ သောကဝေဒနာ × × ×

ကံကြမ္မာတို့သည်ကား ဆန်းကျယ်လှပါဘိ၏။ သား အတွက် အခက်တွေ့ကြုံ ရတက်တွေ့စုံနေစဉ်မှာပင် နေအိမ်နှင့် စည်းရိုးသားခြားသည့် စက်မှုလက်မှုသိပ္ပံတွင် ဝင်ခွင့်ရခဲ့သည့် သားအတွက် တစ်ချက်တော့အေးခဲ့ရပြီ × × ×

သမီးမေစန္ဒာနု

စာစီစာကုံးပြိုင်ပွဲများစွာတွင် ဆုတံဆိပ်များစွာ ဆွတ်ခူး ရရှိခဲ့သည့် သမီး × × × ကျောင်းနှစ်ပတ်လည်ဆုပေးပွဲများတွင် လက်ခုပ်သံတွေကြားက ထူးချွန်ဆုပေါင်းများစွာ ပိုင်ဆိုင်ခဲ့သည့် သမီး × × × ကိုကြီးကျောင်းတက်သွားတော့ ဈေးရောင်းရသည့် အလှည့်တာဝန်ကျခဲ့ရပြီ။ သည်လိုဖြင့် အိမ်မှုကိစ္စအဝဝ အမေ့ကို ကူညီရင်း မုန့်ပဲသွားရည်စာရောင်းရင်း၊ ၁၀တန်း အောင်စာရင်း စောင့်ခဲ့သည်။

"ဟဲလို × × × ဟဲလို × × × ဖေကြီးလား"

"ဟုတ်ပါတယ် × × × ခပ်ကျယ်ကျယ်ပြောပါ × × ×

www.burmeseclassic.com

www.burmeseclassic.com



မကြားရလို့ပါ"

"သမီးမေစန္ဒာနု အောင်တယ် × × × ဂုဏ်ထူး သုံးဘာသာပါတယ်"

"ဟော × × × ဟုတ်လား ဝမ်းသာတယ်ကွာ × × × သမီးကို ဖေဖေဆုချမယ်လို့ ပြောလိုက်ပါအုံး"

သမီးအောင်ပွဲအတွက် အဝေးကဖုန်းသတင်းဖြင့် ဝမ်းသာရသည်က တခဏ × × × ထူးချွန်သည့် ချစ်သမီး တက္ကသိုလ်ခရီးဆက်ဖို့ အရေး တွေးတိုင်း စိတ်မော၊ ပြောရမှာ ခက်လှချေသည်။

ဆရာ ဆရာမတို့ကမွေးသည့်ကလေး × × × အနာဂတ် ပညာသင်ယူရေးကားမည်သို့ပါနည်း။ ဘယ်သူမပြု မိမိမှုပင် မဟုတ်ပါလား × × × နိုင်ငံ့ရင်သွေးကလေးတို့၏ ရှေ့ရေးအတွက် ဧမတ္တာမျှဝေ အသိအတတ်ပညာပေးနေသည့် အလုပ်နှင့် စေတနာတို့ကြောင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးပေးတန်ကောင်းပါ၏။ သည်လိုဖြင့် နေ့ရက်များစွာ ကုန်လွန်ခဲ့ရပြန်ပါသည်။

"ဆရာကြီး × × × ဒီသတင်းစာဖြတ်ပိုင်းလေး ဖတ်ကြည့်ပါအုံး"

"ဘာများထူးလို့လဲ ဆရာရဲ့"

တပ်မတော်သူနာပြုတက္ကသိုလ်က ဗိုလ်လောင်း ခေါ်တဲ့သတင်းလေ သမီးအတွက် လျှောက်ကြည့်ရင် တောင်း



မလားလို့ပါ"

တာဝန်ဖြင့် ခရီးထွက်ရင်း၊ ညောင်ကျိုးသို့အရောက် တွင် ဆရာဦးအောင်ကြည်က မှတ်မှတ်ရရ သတင်းစာဖြတ်ပိုင်း လေး ပေးခဲ့ပါသည်။ သည်လိုဖြင့် သမီးမေစန္ဒာနုက တပ်မတော် သူနာပြုတက္ကသိုလ်တွင် ဗိုလ်လောင်းအဖြစ် သူ့လစာ၊ သူ့ရိက္ခာ ဖြင့် မိဘမပူမပင်ရ တက္ကသိုလ်ကျောင်းသူကြီးဘဝ ရောက်ခဲ့ ရပြီမို့ ကျွန်တော်တို့ဇနီးမောင်နှံ ပျော်ရွှင်မဆုံး တပြုံးပြုံး ဖြစ်ခဲ့ရ သည်။ သည်လိုဖြင့် ကလေးတစ်ယောက် တက္ကသိုလ်ပညာ သင်ရန်ကိစ္စ လွတ်မြောက်ခဲ့ရပြန်ပါပြီ။

ကံကြမ္မာနှင့် ကုသိုလ်တရားတို့သည်ကား ယုံနိုင်ဖွယ် မရှိလောက်အောင်ပင် ထူးခြားဆန်းပြားလှပါဘိ၏။ တကယ် တော့ ရတနာသုံးပါးနှင့် အမိအဖ ဆရာသမားတို့အား ရိုသေ မြတ်နိုး အစဉ်ဆည်းကပ် ကိုးကွယ်နေခြင်း၏အကျိုး × × × ဆရာ့ ဘဝကို မြတ်နိုးကြည်ဖြူ ကလေးတွေအတွက် တပည့်တွေ အတွက် ပညာ‌ေ သျှုခဲ့ခြင်း၏ အကျိုးတို့ကို ကိုယ်တွေ့ကြုံမှ မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရသည်။

ချစ်သမီးလေးမေစံပယ်ဖြူနု

သူ့အလှည့်ကျလို့ ခဏဈေးရောင်းသူလေး ဖြစ်ခဲ့ရ ပြန်ပါပြီ။ အစ်မဖြစ်သူ တက္ကသိုလ်သွားတော့ အိမ်မှုကိစ္စများဖြင့် အမေ့ကိုကူ × × × သူကလည်း ခေသူတော့မဟုတ် × × × အစ်ကိုနဲ့အစ်မလို ပညာကိုကြိုးစားပြီး လိမ္မာရေးခြားရှိသူ

www.burmeseclassic.com

www.burmeseclassic.com



အချစ်ပိုခဲ့ရသည်။

လမ်းခရီးတလျှောက် မိသားစုအရေး ဟိုသည် တွေးတော ငေးမောရင်း သမီးလေးစက်ဘီးနောက်က လိုက်ပါလာခဲ့ရာ အခုတော့ ရထားဘူတာရုံသို့ ရောက်ခဲ့ပါပြီ။

"သမီးပြန်တော့လေ"

"သမီးကျောင်းမီပါတယ်ဖေဖေ စိတ်မပူပါနဲ့ ရထားကလဲ အခုထိမဝင်သေးဘူးနော် ဖေဖေ"

"အေး ××× လာမှာပါသမီးရယ် နည်းနည်း နောက်ကျနေတာဖြစ်မှာပေါ့ ××× ကဲ သမီးသွားတော့ ××× ကျန်းမာရေးကိုလည်း ဂရုစိုက်အုံးနော်သမီး"

ခေါင်းညိတ်ပြရင်း၊ စက်ဘီးစီး၍ ပြန်လည်ထွက်ခွာသွားသည့် သမီးလေး စံပယ်ဖြူ ××× အဖေဖြစ်သူ ဘူတာရုံအဆင်းတွင် ဆိုက်ကားခကုန်မည်ကိုလည်း သူစိုးရိမ်ခဲ့သည်။ ပြီးတော့ အိတ်တစ်လုံးနှင့်အဖေကို ရှေ့နောက်တင်စီးရင်း ရထားချိန်မီအောင် အပူတပြင်းစက်ဘီးနင်းခဲ့ရလို့ သမီးနဖူးပြင်မှာ ချွေးများပင်စို့နေသည်။

သည်တုန်းက သမီးလေး ခေါင်းတွေမူးနောက် အိမ်အရောက်မှာ မျက်စေ့တွေပြာလာလို့ သမီးတို့မေမေ စိတ်ပူစရာဖြစ်ခဲ့ရသေးကြောင်း နောင်မှသိခဲ့ရသည်။ ဩော် ××× အဖေချစ်တဲ့ သမီးငယ် ×××

ရောက်ချိန်တန်ပါလျက် ရောက်မလာနိုင်သည့် ရထား



ကိုစောင့်ရသည်မှာ ရင်မောစရာကောင်းလှပါသည်။ ခရီးသည်များကလည်း နေရာအပြည့်ရှိနေသည်။ ရထားအဝင်လမ်း လှမ်းမျှော်ကြည့်နေသူများ အဖြေမှန်ကိုဇကန်သိဖို့ ရုံပိုင်ကြီးဆီသို့ချဉ်းကပ် မပြတ်မေးနေသူများရှိသလို စိတ်အေးလက်အေး တွေ့တုန်းကြုံတုန်း ရောက်တတ်ရာရာ ဆွေးနွေးသံ့သံ့ စကားဝိုင်းဖွဲ့နေကြသူများလည်း ရှိနေကြသည်။

"မင်း ဘယ်သွားမလို့လဲ သူငယ်ချင်း"

"မင်းလိုပဲ ရထားစောင့်နေတာပါ ××× တို့နှစ်ယောက် မတွေ့တာကြာတော့ စကားပြောကြရအောင်ကွာ"

"ဩော် ××× ဒါနဲ့ မင်း(၇၀)ကျော်ပြီနော် ကျန်းကျန်းမာမာ ကြည်ကြည်လင်လင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ် သူငယ်ချင်းရယ် ××× ငါကတော့ မင်းမြင်တဲ့အတိုင်းပါပဲ ကျန်းမာရေးက မကောင်းတော့ပါဘူး။ အခုလည်း မသွားမဖြစ်တဲ့ ကိစ္စလေးကြောင့်သာ ×××"

"အေး ××× ငါလဲ ဒီနေ့ပဲ တရားစခန်းက ထွက်လာခဲ့တာ ရွာပြန်မလို့ သူငယ်ချင်း ××× ကျန်းမာရေးတော့ ဂရုစိုက်ပါကွာ ××× နေမကောင်းဘဲနဲ့ မင်းသွားရမည့်ကိစ္စက ×××"

"ဆန်စက်တစ်လုံးဝယ်ဖို့ ××× သွားကြည့်မလို့ပါကွာ"

"ဟော ××× ဒါနဲ့ နေပါအုံး ××× မင်းမှာ ဆန်စက်နှစ်လုံး ရှိတယ်မဟုတ်လား ××× သားသမီးလည်း မရှိဘဲနဲ့ နောက်တစ်လုံးထပ်ဝယ်အုံးမယ်ဆိုတော့ ××× မဟုတ်သေးဘူး

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း"

"စျေးသက်တောင့်သက်သာနဲ့ ရမှာမို့ပါကွာ"

"အေးလေ ××× အသက်ကြီးမှ အိမ်ထောင်ကျ မင်းအမျိုးသမီးကလည်း ခပ်ငယ်ငယ်ဆိုတော့ ×××"

ရထားစောင့်ရင်း ကျွန်တော်အနီးတွင် ထိုင်နေသည့် ငယ်သူငယ်ချင်း နှစ်ယောက် တစ်ယောက်အကြောင်း တစ်ယောက်သိကာ ××× မဆုံမိတာကြာခဲ့ပြီဖြစ်၍ စကားကောင်းနေကြသည်။ တစ်ယောက်က တရားအသိဖြင့် အမှားမရှိအောင်ဆင်ခြင် သူ့ဘဝနေမဝင်ခင် ကြိုတင်ပြင်ဆင်စရာတွေပြင်နေဟန်ရှိပေမယ့် ××× တစ်ယောက်သောသူမှာ လူချမ်းသာအမည်ခံကာ သူ့ဘဝခရီးလမ်း အပင်ပန်းကြီး ပင်ပန်းနေပြီဖြစ်သည်ကိုပင် သတိမမူမိ အပူလမ်းကိုလျှောက်လှမ်းရင်း သူ့ပန်းတိုင်ကို သူမသိ ××× သူ့ဘဝနေမဝင်ခင် သူပြင်ဆင်စရာရှိနေသည်များကိုပင် မေ့လျော့ကာ သိမ်မွေ့လှသည့် တဏှာလောဘစေရာ ကောက်ကောက်ပါအောင် လိုက်နေရှာရှာသလား ××× ကျွန်တော့်မှာ ဟိုသည်တွေးတော၍ ငေးမောနေမိပါသည်။

**လူ့ဘဝကိုအငိုနဲ့စရင်း အမိဝမ်းကတစ်ယောက်တည်းထွက်လာခဲ့တယ် ××× သူငယ်ချင်း ××× ပြီးတော့ တို့ရဲ့သက်တမ်းတစ်လျှောက် အကောင်းတွေနဲ့ကြုံပြီး အဆိုးတွေလည်း စုံခဲ့ပါပြီ ××× အိုမင်းခြင်းစရာနဲ့ တစ်ဝါတည်း နာခြင်း**



**ဗျာဓိကလည်း အထပ်ထပ်နှိပ်စက်တာ သေရခြင်း မရဏတံခါးဝကို အတင်းတွန်းပို့နေခဲ့လို့ နေဝင်ဆည်းဆာချိန်ကို တို့တွေရောက်နေကြပြီ ××× သူငယ်ချင်း ××× အငိုနဲ့ပဲ အဆုံးသတ်ရင်းနဲ့ လူ့ဘဝကို တစ်ယောက်ထဲပဲ စွန့်ခွာသွားကြရမှာလေ ××× ဒီတော့ ×××"**

တန်ဖိုးရှိလှသည့် သူ့စကားကြောင့် နားထောင်ရင်းကျွန်တော် သတိဝင် အသိယှဉ်ကာ ကြက်သီးမွေးညှင်းများပင်ထခဲ့ပါသည်။ ဩော် ××× တကယ်တော့ ဘဝကို တန်ဖိုးရှိရှိဖြတ်သန်းလွန်မြောက် ခရီးပေါက်ရန် လွန်စွာခက်ခဲ နက်ရှိုင်းလှပါတကား။

ဤသို့ဆိုပါလျှင် **မှန်းဆရန်ခက်ခဲလှသည့် မိမိ၏ဘဝခရီးအချိန် မည်မျှကျန်ပါသေးသနည်း။ ကျန်နေသည့် အချိန်တလေး ခရီးမနီးမဝေး ရှိကောင်းရှိပေလိမ့်မည်။ ကုန်ဆုံးခဲ့လေပြီးသောအချိန်တို့ကို တမ်းတ၍မရနိုင်တော့ ××× နေဝင်ကာနီးရှေ့ဆက်ရမည့်ခရီးအတွက်သာ မမေ့မလျော့သည့် သတိ အသိတရား နှလုံးသားဖြင့် ခရီးသွားရပေတော့မည်။**

**"တကယ်တော့ ××× သည်လမ်းကို အဖေ လျှောက်ခဲ့၏။ မွေးမိခင်လည်း လျှောက်ခဲ့၏။ အဘိုးအဘွားတို့သည်လည်း လျှောက်ခဲ့ကြ၏။ လူတိုင်းလျှောက်ရသည့်လမ်း၊ ပန်းဝင်လှို့မည်သို့ ကြိုတင်ပြင်ဆင်ရပါမည်နည်း။"**

နေဝင်ကျ၍ရောက်လာသည့် သည်ရထားပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်အားလုံး တက်ရောက်နေရာယူခဲ့ကြသည်။ ပြီးတော့ ဥသြဆွဲ၍ ရထားကြီးဘူတာရုံမှ ထွက်ခဲ့ပြန်ပါပြီ။

သည်ရထားကြီးကား လူ့ဘဝဇာတ်ခုံနှင့်တူလှပါဘိ၏။ အကြောင်းမျိုးစုံ ရည်ရွယ်ချက်အဖုံဖုံတို့ဖြင့် ခရီးသည်များ ရထားပေါ်သို့ရောက်လာခဲ့ကြ၏။ ပြီးတော့ × × × လိုရာခရီးသို့ ရောက်ကြလျှင် ခရီးဖော်ချင်း ခွဲကြခွာကြ နှုတ်ဆက်ကြရမည်သာ ဖြစ်၏။

သည်ရထားကြီးသည် ဘူတာစဉ်ရပ်၏။ ဘူတာရုံသို့ ရောက်လုနီးသည့်အခါတွင် အလံချိုး၍ ဥသြလည်းဆွဲခဲ့၏။ ပြီးတော့ အရှိန်လည်း တဖြေးဖြေးလျော့ခဲ့တော့သည်။

မိမိခရီးဆုံးသို့ရောက်တော့မည့်ခရီးသည်က အလံချိုး၊ ဥသြဆွဲ၊ ရထားအရှိန်လျော့သည်နှင့် မိမိယူဆောင်လာသည့် အထုပ်နှင့်ပစ္စည်းများ မေ့လျော့ကျန်ရစ်ခဲ့၍မဖြစ်၊ ရထား ဆိုက်သည်နှင့် မိမိနှင့်တစ်ပါတည်း ယူဆောင်သွားနိုင်ရန် သတိ ကြီးစွာဖြင့် ကြိုတင်ပြင်ဆင်ရတော့၏။ ဤသို့ဖြင့် ရထားစီး ခရီးသည်အတွက် မိမိခရီးဆုံးသို့ ရောက်လုနီးချိန်တွင် အလံ ချိုးခြင်း၊ ဥသြဆွဲခြင်းနှင့် ရထားအရှိန်လျော့လာခြင်းတို့က သင်္ကေတပြ၍ ပြင်ဆင်ချိန်ရလိုက်ကြရသည်သာ × × ×

"အိုဘယ့် × × × သံသရာခရီးသည်"

"သင့်ဘဝက နေလည်းညိုခဲ့လေပြီ။ ဘဝရထားကြီး လည်း ဆိုက်ရမည့်ဘူတာရုံသို့ တဖြေးဖြေးချဉ်းကပ်၊ အရှိန်လျော့



စက်ရပ်ပေတော့မည်။ သက်ရှယ်အိုမင်း ယိုယွင်းလာသည့်နှင့် ဆံပင်တို့သည် ဖွေးဖွေးဖြူခဲ့၏။ သွားကြွေ၍ ပါးရေတို့လည် တွန့်ခဲ့၏။ မျက်စေ့အမြင်မှုန်၍ စကားလည်းမပီ နားလည်း မကြည် တော့ × × × ခန္ဓာကိုယ် မယိုင်လဲအောင် အနိုင်နိုင်တွဲထူနေရ သည့်ဒုက္ခကား ကြီးမားလှပါဘိ၏။ အခုတော့ × × × သည်ခန္ဓာ ရခဲ့၍ အိုခြင်း၊ နာခြင်း၊ သေခြင်း ဘေးဒုက္ခတို့က အဖန်တလဲလဲ နှိပ်စက်လျက်ရှိနေချေပြီ။ ဘဝနိဂုံး အဆုံးသတ်မည့် သင်္ကေတ များပင် မဟုတ်ပါလော × × ×"

"ဤသို့ဖြင့် အလံချိုး ဥသြဆွဲ၍ မိမိဘဝရထားကြီး အရှိန်လျော့ စက်ရပ်တော့မည်။ မိမိခရီးဆုံးသို့ ဆိုက်ရောက် တော့မည်ကို သတိမူမိပါ၏လော × × × တကယ်တော့ ဘဝ ရထားကြီး ဘူတာရုံသို့ဆိုက်ရောက်တော့မည်ဆိုလျှင် မိမိနှင့် အတူ မမေ့မလျော့ တစ်ပါတည်းယူဆောင်သွားရမည့် ကိုယ်ပိုင် အထုပ်နှင့် ပစ္စည်းတို့ကား အဘယ်အရာများပါနည်း × × × အဘယ်မှာနည်း × × × အဘယ်သို့လျှင် ကြိုတင်ပြင်ဆင် ရပါမည်နည်း × × ×"

ရထားစီး၍ ခရီးသွားရသည်မှာ ပျော်စရာကောင်း ပေမယ့် သည်ခရီးတစ်ခေါက်တွင်မူ တွေးစရာ၊ ပူစရာ၊ တွေးပူ စရာတွေက များလှချေသည်။

ဖေဖေ၊ မေမေ × × × ပြီးတော့ ချစ်ဇနီးနှင့်သားသမီး များကို ခဏဆုံလိုက်၊ ခဏခွဲလိုက်နှင့် နှစ်တွေ၊ အချိန်တွေလည်း

www.burmeseclassic.com

www.burmeseclassic.com



မနည်းတော့ပြီ။ အနွေဝေးမှ အငွေ့ပို့ခဲ့သည့်မို့ မိသားစုအတွင်း အချင်းချင်း ချည်နှောင်ထားခဲ့သည့် သံယောဇဉ်အမျှင်ကြိုးက မမြင်ရပေမယ့် ခိုင်လွန်း၊ တင်းလွန်လှသည်မို့ ဖြတ်တောက်ရန် ခက်ခဲလှကြောင်း အခုမှကောင်းကောင်းသိခဲ့ရပါပြီ။ သည်လို ဖြင့်ပင် သံသရာကျော မျောခဲ့ကြရသည်။

"လူ့ဘဝကို အငိုနဲ့စရင်း အမိဝမ်းက တစ်ယောက်တည်း ထွက်လာခဲ့တယ် x x x သူငယ်ချင်း x x x ပြီးတော့ တို့ရဲ့ သက်တမ်းတစ်လျှောက် အကြောင်းတွေနဲ့ကြုံပြီး x x x အဆိုးတွေလည်းစုံခဲ့ပါပြီ။ အိုမင်းခြင်း ဇရာနဲ့ ထစ်ပါတည်း နာခြင်း ဗျာဓိလည်း အထပ်ထပ်နှိပ်စက်ကာ သေရခြင်း မရဏ တံခါးဝကို အတင်းတွန်းပို့နေခဲ့လို့ နေဝင်ဆည်းဆာချိန်ကို တို့ ရောက်နေကြပြီသူငယ်ချင်း x x အငိုနဲ့ပဲအဆုံးသတ်ရင်း လူ့ဘဝ ကို တစ်ယောက်ထဲပဲ စွန့်ခွာသွားကြရမှာ ဒီတော့ x x x."

ပြန်လည်ကြားယောင်မိသည့် ခရီးဖော် မိတ်ဆွေကောင်း၏ ကောင်းမြတ်သော တရားရေစင် မိမိနှလုံးအိမ်တွင် အစဉ်ရှင်သန်နေစေရန် ကြိုးပမ်းအလုပ် အားထုတ်ရပေဦးမည် x x x

ဓမ္မဂုဏံ သက္ကစ္စ အပါယံဝုဋ္ဌာမိ

ဆရာနု



# ဖြတ်လမ်း

ကျွန်တော်၏အလုပ်စားပွဲမှာ ညွှန်ကြားရေးမှူးချုပ်၏ ရုံးခန်းနှင့် မျက်နှာချင်းဆိုင်နေရာတွင်ရှိနေပါသည်၊ အရေးပေါ် ကိစ္စများရှိလာပါက ချက်ချင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် အသင့်ရှိနေရခြင်းဖြစ်ပါသည်။

ပုံမှန်အားဖြင့် နေ့စဉ် နံနက်(၈)နာရီခန့်တွင် ရုံး သို့ ရောက်လာတတ်ပြီး ရုံးဆင်းချိန်မှာ ညချမ်း(၇)နာရီခန့်လောက် မှ ပြန်လေ့ရှိပါသည်။ ကျွန်တော်တို့၏အကြီးအကဲမှာ ရုံးခန်း အတွင်း တွေ့ခွင့်ရရန် တန်းစီစောင့်ဆိုင်းနေကြသော ဧည့်သည် များကို အခွင့်သင့်သလို တစ်ယောက်ပြီးတစ်ယောက် စိတ်ရှည် လက်ရှည် တွေ့ခွင့်ပြုနေသည်မှာ နေ့စဉ်ပုံမှန်ကိစ္စလို ဖြစ်နေပါ သည်။

"ကိုထွန်းထွန်းရေ x x x တွေ့ခွင့်တောင်းတဲ့ ဧည့်သည်တွေကို ချင့်ချိန်ပြီး ကြိုတင်ခွင့်ပြုချက်ရမှ ဝင်ပါစေဗျာ။ ဒီနေ့ အရေးတကြီးကိစ္စတွေ ရှိနေတယ်နော်"

"ဟုတ်ကဲ့ပါ x x x ဆရာ"

"ကျွန်တော်က စိုးရိမ်စိတ်ဖြင့် မှာကြားနေသော်လည်း ကျွန်တော်တို့ အကြီးအကဲ၏ ရုံးခန်းရှေ့ တန်းလျားတိုင်ခုံတွင် တွေ့ခွင့်ရရန် စောင့်မျှော်နေသူ အများအပြားပင် ရှိနေသေး

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သတိပြုမိလိုက်ပါသည်။ သည်လိုဖြင့် နေ့စဉ်ပင် ပုံမှန် ရုံးလုပ်ငန်းများ ရုံးချိန်အတွင်း ကောင်းကောင်းဆောင်ရွက်ခွင့် မရနိုင်ဘဲ ဧည့်သည်များကိုသာ စိတ်ရှည်လက်ရှည် တွေ့ခွင့် ပြုရင်း တစ်ဦးချင်း အခက်အခဲ၊ တင်ပြချက်များကို အတတ် နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလေ့ရှိသဖြင့် အများက ချစ်ခင် လေးစားအားထားခဲ့ကြပါသည်။

သည်လိုဖြင့် ရုံးချိန်လွန်၍ ဧည့်သည်ပါးတော့မှ ဆောင်ရွက်ဖွယ် လုပ်ငန်းများကို ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ အလုပ်များ၍ ပင်ပန်းနွမ်းနယ် နေပေ မယ့် ပြုံးပြုံးရွှင်ရွှင် ပြုမူပြောဆိုဆက်ဆံတတ်သော မြတ်နိုးဖွယ် အရည်အချင်းကောင်းများရှိနေသူမို့ ကျွန်တော်တို့အားလုံးက လေးစားအတုယူခဲ့ကြရပါသည်။

သည့်တစ်နေ့ × × ×

ညချမ်း × × × အချိန်က (၇)နာရီခန့်ရှိပါပြီ။ ညနေ (၅)နာရီခန့်ကပင် ဖွဲကောင်းကောင်းဖြင့် အလှည့်ကျ တွေ့ခွင့် ရရန် စောင့်နေသည့် အမျိုးသမီးဧည့်သည်တစ်ဦး × × × အသားကဖြူဖြူ၊ အရပ်ကမြင့်မြင့်၊ ရုပ်ရည်သန့်သန့်၊ အသက် (၅၀)ခန့်အရွယ် × × × စောင့်ရသည့်အချိန်လည်း လွန်နေပြီမို့ ဧည့်သည်အတွက် အားနာစရာဖြစ်နေပါသည်။

"ဟို × × × ဒီက အစ်မကြီးကိစ္စက တော်တော် အရေးကြီးပါသလားခင်ဗျာ"



"ဟုတ်ကဲ့ပါ × × × ကျေးဇူးပြု၍ အကူအညီ ပေးစေ ချင်ပါတယ်"

"ကိုထွန်းထွန်းရေ × × × ဒီက ဧည့်သည် အစ်မကြီး ကို"

"မဖြစ်သေးဘူးဆရာ × × × အရေးကြီးဧည့်သည် တစ်ဦးနဲ့ ညွှန်ချုပ်တွေ့နေပါတယ်"

"ဒီလိုဆိုရင် အစ်မကြီးက မနက်ဖြန်မှလာတွေ့ရင် ကောင်းမယ်ထင်ပါတယ်"

"မဖြစ်ဘူးဆရာ × × × ကျွန်မ ဒီနေ့ တွေ့ခွင့်ရမှ ဖြစ်မယ်။ အချိန်နှောင်းနေပေမယ့် ကျွန်မစောင့်နေပါ့မယ်"

တကယ်တော့ နောက်ဆုံးလူအဖြစ် တွေ့ခွင့် တောင်းခံ စောင့်ဆိုင်းနေသူမှာ ရုံးဌာနတစ်ခုက တာဝန်ရှိပုဂ္ဂိုလ် တစ်ယောက်ဖြစ်ပါသည်။ သူတွေ့လိုသည့်ကိစ္စအတွက် တစ်စုံ တစ်ရာ ကျွန်တော် ကူညီဖြေရှင်းပေးနိုင်တန် ကောင်းပါရဲ့ ဟူသောမျှော်လင့်ချက်ဖြင့် ဧည့်သည်အား ကျွန်တော်၏ အလုပ် စားပွဲသို့ခေါ်ကာ ရေနွေးကြမ်းတစ်ခွက်ဖြင့်ဧည့်ခံရင်း မေးမြန်း ဆွေးနွေးခဲ့ကြပါသည်။

"ကျွန်မကလည်း တစ်နေ့တစ်နေ့ ရုံးအလုပ် အိမ် အလုပ်တွေနဲ့ မအားပါဘူးဆရာရယ် × × × ဒီနေ့ ရုံးဆင်းတာနဲ့ တစ်ခါတည်း ဒီကိုလာခဲ့တာပါ။ ကိစ္စကတော့ ကျွန်မအားလေး စာစီစာကုံးပြိုင်ပွဲဝင်ထားတဲ့ကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကလေးက ဘယ်အတန်းရောက်ပြီလဲခင်ဗျာ ××× ပြီးတော့ ××× ဘာမျိုး အခက်အခဲရှိလို့ပါလဲခင်ဗျာ"

"ကျွန်မသားက စတုတ္ထတန်းပါ ××× ကျွန်မမှာလည်း ဒီသားတစ်ယောက်ပဲရှိပါတယ်။ လွန်ခဲ့တဲ့(၃)ရက်က စာစီစာကုံး ပြိုင်ပွဲဝင်ထားခဲ့တာ ဒီနေ့တော့သိရမယ်ဆိုတာနဲ့ သား ဆုဝင်၊ မဝင် သိချင်လို့ပါ"

"ဟုတ်ကဲ့ပါ ××× သားသမီးပညာရေးအတွက် မိဘက အခုလိုဂရုစိုက်တာ အလွန်ကျေနပ်စရာကောင်းပါတယ်။ ပြိုင်ပွဲက မြို့နယ်အဆင့်ဆိုတော့ ကျွန်တော်တို့ဆီကို သတင်း မဝင်သေးပါဘူးခင်ဗျာ ××× မြို့နယ်ရုံးမှာ သွားစုံစမ်းကြည့်ရင် သင့်မယ်ထင်ပါတယ်"

သည်လိုဖြင့် ××× ဒေါ်သည်အမျိုးသမီးနှင့်ကျွန်တော် စကားလက်ဆုံကျမိပါသည်။ တကယ်တော့ ××× ဒေါ်သည် အမျိုးသမီးအရာရှိတွင် အစ်ကိုဖြစ်သူက မွေးဖွားခဲ့သည့်သား၊ မိမိတူအရင်းတစ်ယောက် ရှိခဲ့ပါသည်။ မိဘနှင့်အဘိုးအဘွား များမှာ ချမ်းသာပြည့်စုံ ကုံလုံကြွယ်ဝသူများဖြစ်ကြ၍ တစ်ဦး တည်းသောသားအား လိုလေသေးမရှိ ပြုစုယုယ အလိုလိုက်ခဲ့ ကြသည်။ ပန်းမွေ့ယာခင်းသည့် ဘဝလမ်းခရီးကို ဖြတ်သန်းရင်း သည်ကလေးက ကြီးပြင်းလာခဲ့သည်။

"ခက်တာက ဆရာရယ် ××× ကျွန်မရဲ့တူလေး ပညာသင်ယူခဲ့ရတဲ့ ဘဝခရီးတစ်လျှောက်မှာ လှဲ့လဝိရိယနဲ့



ကြိုးကြိုးစားစား အားထုတ်သင်ယူနိုင်ဖို့ လေ့ကျင့်လမ်းပြ သွန်သင်ပေးကြရမယ့်အစား ××× ယုယလွန်ကဲ၊ အလိုလိုက် လွဲပြီး ဆရာ ဆရာမတွေကို နည်းမျိုးစုံနဲ့ ချဉ်းကပ် ဝင်ထွက် အတန်းအဆင့်တွေကို အောင်မြင်ကျော်ဖြတ်ခဲ့တယ်လေ"

"ဖြစ်နိုင်ပါ့မလားဗျာ"

"ဟုတ်ကဲ့ပါ ××× ပုံပြင်ပမာ မယုံကြည်နိုင်စရာ တကယ့်ဖြစ်ရပ်ဟာ မပြီးဆုံးသေးပါဘူး။ အသက်မွေးဝမ်း ကျောင်း ပညာရပ်တစ်ခုနဲ့ ဘွဲ့ရသည်အထိ မှုမမှန်တဲ့ ဒီနည်းနဲ့ ချဉ်းကပ်ရင်း ဆွေမျိုးရင်းခြာတွေရှိနေတဲ့ နိုင်ငံခြားကို သူတို့ရဲ့ သားတစ်ယောက် ဘယ်လိုထွန်းပေါက်ခဲ့တယ် ××× အောင်မြင် ခဲ့တယ်ဆိုတာ သက်သေပြ ဂုဏ်ယူဝင့်ကြွားနိုင်ဖို့ စေလွှတ်ခဲ့ကြန် ပါတယ်"

"ဪ"

"သူ့အောင်မြင်ထားတဲ့ ဘွဲ့ဒီဂရီနဲ့သက်ဆိုင်ကဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းခွင်တစ်ခုကို အဆက်အသွယ် ကောင်းကောင်း ××× အဝင်အထွက် ကောင်းကောင်းနဲ့ ဝင်ခဲ့ ရခဲ့လို့ မိသားစုအားလုံး ပျော်မဆုံး ××× မော်မဆုံး"

"အေးဗျာ ××× ဝမ်းသာစရာပဲနော်"

"ဝမ်းမသာနဲ့အုံး ဆရာရေ ××× အခြေခံနိုင်နိုင်နဲ့ အရည်အချင်းရှိရှိ အသိပညာ၊ အတတ်ပညာနဲ့ လေ့ကျင့်သင်ယူ ခဲ့သူတွေအတွက်ကတော့ လုပ်ငန်းခွင် လက်တွေ့နယ်ပယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလာတဲ့အခက်အခဲတွေကို အောင်အောင်မြင်မြင် ဖြတ်သန်းကြိုးပမ်းနိုင်ကြမှာပေါ့။ တကယ်တော့ သနားစရာကောင်းလှတဲ့ ကျွန်မတူတော်မောင်လေးဟာ ××× မိဘ၊ ဘိုးဘွားများရဲ့ လွဲမှားတဲ့ အယူအဆအောက်မှာ လမ်းပျောက်ခဲ့ရတဲ့ **ဖြတ်လမ်းသမား** လေ"

"ဒါဖြင့် ××× သူ ××× လုပ်ငန်းခွင်မှာ ×××"

"ဟုတ်ကဲ့ ××× ကျွန်မတူလေးဟာ လုပ်ငန်းခွင်မှာ အခက်အခဲ၊ အကြပ်အတည်းမျိုးစုံကြုံတွေ့ရင်း အလုပ်က ထွက်လိုက်ရပြီး အခုတော့ စိတ်ရောဂါဝေဒနာရှင်လေးတစ်ဦး အဖြစ်နဲ့ ဆေးကုသမှုခံယူနေခဲ့ရပါပြီ"

"ဗျာ"

"ကျွန်မတို့အမျိုးထဲမှာ သည်လိုကလေးတစ်ယောက် ပေါ်ပေါက်ခဲ့လို့ ဝမ်းနည်းကြေကွဲမဆုံး၊ နောင်တရလို့မဆုံး ရှိနေကြပါတယ်"

"စိတ်မကောင်းစရာဘဲနော်"

"ကျွန်မရင်ကပေါက်ဖွားတဲ့ ကျွန်မသားလေးကို ဒီလို အဖြစ်မခံနိုင်ပါဘူး"

"ကျွန်မရဲ့အားလပ်ချိန်တိုင်းဟာ သားအတွက်ပါပဲ။ သားက ဉာဏ်ရည်လည်းကောင်းပါတယ်။ ကျောင်းကဆရာတွေနဲ့ အိမ်က ကျွန်မ ပြုစုပျိုးထောင်သလောက် ထွန်းထွန်းပေါက်ပေါက် အောင်မြင်နေတာတွေ့ရလို့ ကျွန်မ ကျေနပ်မဆုံးဖြစ်မိပါတယ်"



**"အေးဗျာ ××× တကယ်တော့ ကလေးတွေ ထူးချွန်ထက်မြက်ဖို့ အသိအလိမ္မာနဲ့ သူတို့ရဲ့အနာဂတ်အတွက် စိတ်ဒေး ရစေဖို့ကတော့ မိဘနဲ့ဆရာတို့ ဟန်ချက်ညီညီ ပူးပေါင်းပြ ပြုစုပျိုးထောင်နိုင်ရေးဟာ သိပ်ပြီးအရေးကြီးပါတယ်ဗျာ"**

**"ဟုတ်ပါတယ် ××× ကျွန်မ အခုလာပြီး လူကြီးနဲ့ တွေ့ခွင့်တောင်းရခြင်း အကြောင်းရင်းကတော့ ××× သား အတွက် ထိုက်တန်တဲ့အောင်မြင်မှု "ဆု"ရချင်လို့ဆိုတဲ့ အကြော မကောင်းပေမယ့် ××× ကျွန်မရဲ့တူလေးလို မထိုက်တန် မရသင့်ဝ အောင်ပွဲမျိုး နည်းမျိုးစုံနဲ့ ရယူသွားတတ်ကြတဲ့ သူတွေကြားမှ ကျွန်မသားကို "အရှုံးသမား" ဘဝနဲ့ ကလေးရဲ့စိတ်နှလုံးမှ ဒဏ်ရာမရစေချင်လို့ပါ။ အမှန်တရားအတိုင်း ရပ်တည်ပေးပါလို့"**

မိခင်တစ်ဦး၏တန်ဖိုးရှိလှသော အယူအဆ၊ အတွေ အမြင်များကြောင့် ကျေနပ်မဆုံးဖြစ်ခဲ့ရပါသည်။ ထိုနေ့ဂ ညေ့သည်အမေ အိမ်ပြန်နောက်ကျခဲ့၍ အမေဖနင့်သားတ ကတော့ အမျှော်ကြီးမျှော်နေကြရော့မည်။

**မာတာပိတုဂုဏ် ညက္ကာနုံ အပဟံဝန္ဒာမိ**

ဆရာနု

www.burmeseclassic.com

www.burmeseclassic.com



# အမေ့ကိုပြောပေးပါ

"ကျွန်တော် × × × စာမေးပွဲရှုံးတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး အကို"

"ဟေ"

"ကျွန်တော် × × × ဘာသာတိုင်းကို ကောင်းကောင်း ဖြေနိုင်ပါတယ်။ ဒါဟာ × × × မှားယွင်းမှုတစ်ခုပဲ ဖြစ်ရမယ်"

"အေး × × × ဒီလိုဆိုရင် မြို့ကိုလိုက်သွားပြီး ဆရာတွေနဲ့ တွေ့ကြည့်တင်ပြကြည့်ပါအုံးလား ညီလေးရယ်"

ညီအကိုအရင်းအချာ မဟုတ်ပေမယ့် ကျွန်တော်က ညီလေးအရင်းလို ချစ်ခင်ပြီး × × × မောင်ကြည်ဦးက ကျွန်တော့်ကို အကိုအရင်းတစ်ယောက်လို ခင်နေသည်။ ကျွန်တော်တို့ရွာက တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးတစ်ဘာသာဖြင့် ရှားရှားပါးပါး နှစ်ချင်းအောင်မြင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုတွင် နောက်ဆုံးနှစ်တက်ရောက်နေသူမို့ သူ့ကို တစ်ရွာလုံးက လေးစားအားထားကာ ဂုဏ်ယူမဆုံးရှိခဲ့ကြသည်။

ပြီးတော့ × × × မောင်ကြည်ဦးမှာ ကျွန်တော်တို့ရွာက တစ်ဦးတည်းသော တက္ကသိုလ်ကျောင်းသားကြီး × × × အောင်စာရင်းထွက်ပြီးနောက် လုပ်ငန်းခွင်ဝင်ရန် သူနှင့်သူ့မိသားစုက ကြိုတင်ပြင်ဆင် မျှော်လင့်နေချိန်တွင် အောင်ပွဲမရသောကနှင့် ကြုံတွေ့နေရသည့်ညီငယ်အတွက် ကျွန်တော်



အထူး စိတ်မချမ်းမြေ့ ဖြစ်ခဲ့ရပါသည်။

မောင်ကြည်ဦးမှာ မူလတန်းဆင့်ကျောင်းသားအရွယ်ကပင် ဖခင်ဆုံးရှာသည်။ မိခင်မုဆိုးမနှင့် ညီမလေးက ဈေးရောင်းရင်း အိမ်ထောင့်တာဝန်ယူခဲ့ကြရသည်။ အလယ်တန်း အထက်တန်းဆင့် လွန်မြောက်၍ ယခုတော့ တက္ကသိုလ်ကျောင်းသားကြီး မောင်ကြည်ဦးအတွက် ပညာသင်စရိတ်နှင့် မိသားစုစားဝတ်နေရေးအတွက် ပင်ပန်းခက်ခဲစွာ ရုန်းကန်လှုပ်ရှား ကြိုးစားနေရသည့်မိခင် × × ×

ငယ်စဉ်ကပင် တန်းစဉ် ပညာရည်ထူးချွန်ခဲ့သည့် မောင်ကြည်ဦး × × × ရှုံးပွဲမရှိ အောင်မြင်မှုသရဖူကို ဆောင်းခဲ့သော မောင်ကြည်ဦး × × × အခုတော့ နောက်ဆုံးအတန်း နောက်ဆုံးအဆင့်ရောက်မှ အရေးနိမ့်ခဲ့ရပါသည်ဆိုသော သတင်းမှာ မယုံနိုင်စရာ သတင်းတစ်ပုဒ်လို ဖြစ်နေပါသည်။

မောင်ကြည်ဦး တက္ကသိုလ်ရောက်ပြီး နှစ်စဉ်လိုပင် အဆင့်မြင့်မြင့်အောင်မြင်ခဲ့၍ ဆရာများကပင် ချီးကျူးဂုဏ်ယူလျက်ရှိကြောင်း တစ်ဆင့်စကားဖြင့် ကျွန်တော်တို့ရွာသားအားလုံးက ကျေနပ်မဆုံးရှိခဲ့ကြသည်။ အခုတော့ × × ×

သည်လိုနှင့် ရက်အတန်ကြာ ညီလေးမောင်ကြည်ဦးနှင့် ကျွန်တော်မဆုံမိခဲ့ကြပါ။ တစ်နေ့တွင် မောင်ကြည်ဦး ခေါင်းငိုက်စိုက်နှင့် ကျွန်တော့်ထံရောက်လာပြန်ပါသည်။

"လာ × × × ညီလေး × × × ထိုင်ကွာ × × × မင်း မြို့ကို သွားတယ်ဆို၊ ဘာထူးသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြည်ဦးမှာ တစ်စုံတစ်ရာ စကားမပြောနိုင်သေးဘဲ အဝေးသို့သာလှမ်းမျှော်ကြည့်ရင်း မျက်ရည်ဝေ့နေသည်။ ပြီးတော့မှ ××× လေးလေးတွဲ့တွဲ့ စကားဆိုရှာသည်။

"မထူးပါဘူး အစ်ကိုရယ် ××× စိတ်ပျက်စရာပါပဲ။ ကျွန်တော့်ကို ကျောင်းပြန်တက်ပါတဲ့လေ"

ဒေါသဖြစ်ခြင်း၊ စိတ်ပျက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတို့ပေါင်းဆုံ၍ မျက်ရည်ဝေ့ဝေ့ ××× သောကငွေ့တွေလွှမ်းနေသည့် ညီလေးမောင်ကြည်ဦးကိုကြည့်ရင်း ကျွန်တော် တဒင်္ဂ စိတ်မထိန်းနိုင်အောင် ဖြစ်ခဲ့ရပါသည်။

"တပည့်ကိုမချစ်တဲ့၊ မစာနာတဲ့ ဆရာဆိုတာ မရှိနိုင်ကောင်းပါဘူး ညီလေးရယ် ××× စာဖြေသူဘက်က မှန်တယ်၊ ကောင်းကောင်းဖြေဆိုနိုင်ပါတယ် ဆိုတိုင်းလဲ ×××"

"တော်ပါတော့ အကိုရယ် ××× ကျွန်တော့်ကို သံသယမရှိပါနဲ့။ အခုတော့ ××× ကျွန်တော်မှန်းလို့ရပါပြီ။ စာမေးပွဲနီးတော့ ××× ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းနဲ့ ဆရာနဲ့ ကိစ္စတစ်ခုကြောင့် အကြီးအကျယ် စကားများခဲ့ကြပါတယ်။ ဒီကိစ္စမှာ ကျွန်တော့်သူငယ်ချင်းက မှန်နေတော့ သူ့ဘက်ကရပ်တည်ခဲ့ရင်းနဲ့ ဆရာ့ရဲ့အမုန်းတွေများကို ကျွန်တော်ရလိုက်ပြီ ထင်ပါရဲ့အကို"

အဝေးတစ်နေရာဆီသို့ လှမ်းမျှော်ကြည့်ရင်း ××× ကြေကွဲဆို့နင့်စွာ စကားဆိုနေသည့် ညီငယ် မောင်ကြည်ဦးကို ကျွန်တော် မည်သို့ လမ်းပြနှစ်သိမ့်နိုင်ပါမည်နည်း။



အမှန်တကယ်ပင် ဖြစ်ခဲ့သလော ×××

သူ၏ရှုံးနိမ့်မှုသည် ××× သည်ဖြစ်ရပ်နှင့်သူထင်သည့်အတိုင်း ဆက်စပ်နေပါသလော ×××

ကျွန်တော်တို့ ညီအကိုနှစ်ဦး စကားမဆိုနိုင်ဘဲ အငေးကိုယ်စီဖြင့် အချိန်အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်ခဲ့ပြီးနောက် ××× စီးဆင်းလာသည့် မျက်ရည်ကိုသုတ်ရင်း ××× လေးနက်ပြတ်သားသောအသံဖြင့် မောင်ကြည်ဦးက သူ့ဆုံးဖြတ်ချက်ကို ပြောချလိုက်ပါသည်။

"ကျွန်တော် ××× ကျောင်းပြန်မတက်နိုင်ဘူး"

"စာမေးပွဲပြန်မဖြေနိုင်ဘူး"

"ကျွန်တော် ××× စာမေးပွဲကို ကောင်းကောင်း ဖြေနိုင်တယ်"

"ကျွန်တော် ××× အောင်ကိုအောင်ရမယ်"

"ကျွန်တော် အောင်ပါတယ်ဆိုတဲ့ သတင်းကို စောင့်နေတော့မယ်"

ပြောပြောဆိုဆို ထိုင်ရာမှထ၍ ချက်ချင်းထွက်ခွာသွားသည့် ညီလေးမောင်ကြည်ဦး၏ နောက်ကျောပြင်ကို ငေး ကြည့်ရင်း ရင်တွင်းကဝေဒနာ အဖြေမရှာနိုင် ××× အကူအညီ မပေးခဲ့နိုင်သည့် မိမိကိုယ်ကိုသာ အပြစ်တင်မိရင်း ဝမ်းနည်းမဆုံး ဖြစ်ခဲ့ရပါသည်။

သည်လိုဖြင့် ××× ကျွန်တော်လည်း မိမိရပ်ရွာကို နှစ်အတန်ကြာခွဲခွာ၍ တာဝန်ကျရာဒေသအသီးသီးတွင် နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသော်လည်း မောင်ကြည်ဦး၏သတင်းကို အလျှင်းသင့်သလို နားစွင့်နေခဲ့ပါသည်။

မောင်ကြည်ဦးမှာ ကျောင်းလည်း ဆက်မတက်ဖြစ်တော့ × × × တိုက်ကြက်ဖတစ်ကောင်ကို ရင်ဝယ်ပိုက်ပြီး ရွာစဉ် ကြက်တိုက်ပွဲမှန်သမျှ သူကပါမြဲဖြစ်သည်။ အသားက ဖြူဖြူ အရပ်ကမြင့်မြင့်-ယောကျ်ားပီသသည့် လူပုံချော × × × ခန့်ညားသည့်ရုပ်ရည်ပိုင်ရှင် တက္ကသိုလ်ကျောင်းသားကြီး× × × အခုတော့ × × × ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဝတ်ထားသည့် အဝတ်က ညစ်ပေပေအနွမ်း × × × နှုတ်ခမ်းမွေးအရှည်ချ၍ မြင်ရသူတိုင်းက သူ့အတွက် စိတ်မကောင်းဖြစ်နေကြသည်။ တစ်ခါတစ်ရံတွင်မူ × × × သူတော်စင်အဝတ်အစားနှင့် ဘုရား သွား၊ ကျောင်းတက် ကုသိုလ်ဆက်နေသည်ကိုလည်း တွေ့ရတတ်သည်ဟု ဆိုပါသည်။

သားအတွက် မေတ္တာ၊ မျှော်လင့်ခြင်းကြီးစွာဖြင့် ရှာဖွေကျွေးမွေး၊ ပညာသင်ပေးခဲ့သည့် မိခင်ကြီးမှာ ဆောက်တည်ရာမရ × × × မည်မျှကြေကွဲ ဝမ်းနည်းနေမည်ကိုပင် မတွေးဝံ့ဝံ့ × × × ပြီးတော့ × × × တက္ကသိုလ်ကျောင်းသား အကိုကြီးအတွက် ပညာသင့်စရိတ်ရရှိရေး ဈေးရောင်းမပျက်၊ ကျောင်းမတက်နိုင်ခဲ့သည့် ညီမလေး × × × သူတို့မိသားစုဘဝ × × × တစ်နွယ်ငင် တစ်စင်လုံးပါခဲ့ရချေပြီ။

မောင်ကြည်ဦး၏ဘဝ ရေတိမ်တွင်နစ်ခဲ့ရပါပြီ × × ×

ဤသို့ဖြစ်ခဲ့ရသည့် အကြောင်းရင်းနှင့်ဖြစ်ရပ်မှန်ကို



ကာယကံရှင်များသာ သိနိုင်ကြပါလိမ့်မည်။

မယုံရခက်ခက် × × × ယုံရခက်ခက် × × ×

အခုတော့ ကျွန်တော်ချစ်သော ညီလေးမောင်ကြည်ဦး တစ်ယောက် ကွယ်လွန်ခဲ့ပါပြီ။

သူ၏နောက်ဆုံးချိန်တွင် အရိုးပေါ်အရေတင်၊ ရုပ်သွင်မပီ၊ မကြည်မလင် အားအင်ချိနဲ့ လေသံသဲ့သဲ့ဖြင့် သူ့မိခင်ကို အားယူ၍ပြောသွားရှာပါသည်။

"သား × × × စာမေးပွဲအောင်ပါတယ်ဆိုတဲ့ သတင်းကိုပဲ စောင့်နေမယ် အမေ" တဲ့

ပုံပြင်ပမာဖြစ်ခဲ့ရသည့် ညီလေး မောင်ကြည်ဦး၏ ဖြစ်ရပ်က ကာလကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် ကြေကွဲဖွယ်၊ လွမ်းဆွတ်ဖွယ်၊ သင်ခန်းစာယူဖွယ် ဇာတ်လမ်းတစ်ပုဒ်အဖြစ် ကျွန်တော်တို့ရွာနှင့်ဝန်းကျင်တွင် တစ်ခါက လွှမ်းခြုံပျံ့နှံ့ခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သည်လိုဖြင့် ရွာသို့ ကျွန်တော် မရောက်ခဲ့သည်မှာလည်း ကြာခဲ့ပါပြီ။

ကံကြမ္မာ အလှည့်အပြောင်းနှင့် အဖြစ်အပျက်တို့သည်ကား ဆန်းကျယ်လှပါဘိ၏။ ကျွန်တော်၏ပညာရေးဘဝ သက်ရင့်ပိုင်းတွင်မှ ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရခဲ့ရာ အမှတ်မထင် ကျွန်တော်တွေ့ချင်သည့် တက္ကသိုလ်က ဆရာတစ်ဦးနှင့် မိတ်ဆွေဖြစ်ခွင့်၊ ဆုံစည်းခင်မင်ခွင့်ရခဲ့သည်။

"မောင်ကြည်ဦးအကြောင်းကြားရတော့ ရင်နင့်ကြေကွဲ

www.burmeseclassic.com

www.burmeseclassic.com



စရာပါပဲဗျာ × × × တကယ်တော့ သူ စာမေးပွဲကျရှုံးခဲ့တာ အမှန်ပါ။ "မြင်းကောင်းခွာလိပ်" လို့ပဲ ပြောရမလား × × × **ဆရာဆိုတာ × × × တပည့်ကို ဆူချင်ဆူမယ် × × × ဆဲချင်ဆဲမယ် × × × ရိုက်ချင်ရိုက်မယ် × × × ဒါပေမယ့် ဘယ်တော့မှ မရက်စက်ပါဘူးဗျာ** × × × သူ စာမေးပွဲရှုံးလို့ ကျေနပ်မှုမရှိဘူး ဆိုရင် သူဖြေဆိုခဲ့တဲ့အဖြေလွှာ သူ့ကိုပြပြီး ပြုပြင်ပေးချင်လွန်းလို့ ကျွန်တော်နဲ့လာတွေ့ဖို့ အကြိမ်ကြိမ်မှာခဲ့ပါသေးတယ်။

"ဗျာ × × × အဲဒီတုန်းက သူမြို့ကို တက်လာသေးတယ်လေ × × × ဆရာ့ကို လာမတွေ့ဘူးလားဗျာ"

"သူနဲ့ကျွန်တော် တစ်ခါမှဆုံခွင့်မရခဲ့ပါဘူးဗျာ × × × ကျွန်တော်နဲ့ စကားများခဲ့ဖူးပါတယ်ဆိုတဲ့ သူ့သူငယ်ချင်းကသာ တစ်ခါလာတွေ့ပါတယ်။ အရက်တွေသောက်ပြီး မောက်မာတဲ့လေသံ × × × မချေမငံတဲ့အပြောနဲ့ × × × ကိုကြည်ဦး ပေးလိုက်တဲ့စာဆိုပြီး လာပို့ခဲ့ပါတယ်"

"ဒါနဲ့ × × × ဆရာရယ်၊ သူ့သူငယ်ချင်းဆိုတာ × × ×"

"တကယ်တော့ × × × မောင်ကြည်ဦးဟာ လူပေါင်းမှားခဲ့ပါတယ် × × × သူငယ်ချင်းဖြစ်သူက သူဌေးသား × × × ပေါ်ကြော့ × × × ဖဲရိုက် × × × လောင်းကစားနဲ့ အပျော်အပါးလိုက်လွန်းလို့ စာမေးပွဲလည်းကျ၊ တက္ကသိုလ်က ထုတ်ပယ်ခံရတဲ့ဘဝအထိ ရောက်ခဲ့ပါတယ်"

"ဗျာ"

"မောင်ကြည်ဦးရဲ့ အထိုက်အလျောက် စာတော်ခဲ့တဲ့



အစဉ်အလာကိုငဲ့ညာပြီး နောက်ဆက်တွဲဖြေဆိုခွင့်ပြုရင်း သူ့ကို စောင့်ရှောက်သွားဖို့ ကျွန်တော်တို့ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပေမယ့် × × ×"

"အင်း × × × သူလည်း ဆရာတို့ရဲ့စေတနာကို မသိရှာလို့ ဖြစ်မှာပါဆရာရယ်"

"ဒါလဲဖြစ်နိုင်ပါတယ် × × × ဒါပေမယ့် × × × သူ ကျွန်တော့်ဆီရေးတဲ့စာမှာ ကျွန်တော့်အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုနဲ့ × × × သူဖြစ်ချင်တာတွေကိုချည်း အတင်းအဓမ္မ မချေမငံ တောင်းဆိုမှုတွေနဲ့ × × ×"

ဆို့နင့်ကြေကွဲစွာ စကားမဆက်နိုင်သည့် ဆရာ့ဖြစ်အင်ကို မောင်ကြည်ဦး မြင်စမ်းစေချင်ပါသည်။ အတိတ်ဆီက ဖြစ်ရပ်များ အရိပ်လို ပြန်လည်မြင်ယောင်မိရင်း × × × မောင်ကြည်ဦးအတွက် ကျွန်တော်လည်း ယူကျုံးမရဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့နှစ်ဦးသား စကားစရှာမရ၍ သည်ဝန်းကျင်ကလေး အတန်ကြာ ငြိမ်သက်တိတ်ဆိတ်နေခဲ့ပါသည်။ ပြီးတော့မှ × × × မိတ်ဆွေဆရာက အလေးတစား အကူအညီ တစ်ခုတောင်းခဲ့ပါသည်။

"ရွာပြန်ရောက်ရင် မောင်ကြည်ဦးရဲ့အမေကို ဖြစ်ပုံမှန်လေး တဆင့်ပြောပေးပါဆရာရယ် × × ×"

ဤသို့လျှင် ဆရာနှင့်တပည့်တို့အကြား အဆင်မှား၊ အမြင်မှား ကြေကွဲဖွယ်ရာဇာတ်လမ်းများ မည်မျှမည်မျှ ရှိနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါသေးသနည်း ××× မိဘနှင့်ဆရာတို့ပူးပေါင်းကာ ကလေး ပညာကောင်းအောင် ဖော်ဆောင်ရမည့် နည်းလမ်းနှင့် လုပ်ဆောင်မှုများကား ပညာရေးနယ်ပယ်တွင် မည်သို့ရှင်သန် နေပါသနည်း ××× ကျွန်တော့်အတွက် စဉ်းစားစရာတစ်ခု ဖြစ်ခဲ့ရပါသည်။

တကယ်တော့ ××× အနာဂတ်ကို တာဝန်ယူကြရမည့် ယနေ့ ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များအတွက် ပြုစု ပျိုးထောင်ပေးကြရမည့် ကျွန်ုပ်တို့ဆရာများ၏ လုပ်ငန်းတာဝန် နှင့်အခန်းကဏ္ဍတို့သည်ကား ကြီးမားနက်ရှိုင်းလှပါဘိ၏။

အာစရိယာဂုဏံ သက္ကစ္စံ အဟံ ဝန္ဒာမိ

ဆရာနု



# ရော

နွေတစ်ညမို့ ညဉ်းကပင် အိုက်စပ်စပ်ရှိပေမယ့် တစ်ခါတစ်ရံ လေနုအေးက အပြေးကလေး ဝင်လာတတ်ပါ သည်။

အိမ်ခေါင်းရင်းဆီက ခရေပင်အို သူ့ဘဝက မှနည်းညည်း ××× သို့ပေမယ့် ခရေပွင့်လှလှတို့ကို ရင်နှင်က ကြဲချရင်း သူ့ဝန်းကျင်အနှံ့ မွှေးရနံ့တွေကဖြင့် သင်း တပျံ့ပျံ့ ××× သည်လိုဖြင့် ရှိသမျှအင်အားနှင့် ရသမျှအချိန် ကလေးများမှာပင် လောကကိုအလှဆင်ရင်း ပြုံးပျော်ပျော် သူခရီးဆက်နေသည်မှာ အားကျအတုယူစရာ ကောင်းလှ ပါဘိ၏။

သည်ခရေပင်ကြီး၏ အကိုင်းအခက်အရွက်ဖိုက် ဖြတ်သန်းရင်း ငွေစန္ဒာလမင်းကြီး၏ ပြောက်တိပြောက်ကြား ငွေဇာခြည်မျှင်တန်းကလေးများကလည်း အိပ်ခန်းဆီသို့ပင် ကျနေပြန်သည်။

တရားတိပ်ခွေမှ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်ကိုနာရင်း ××× ကြားရင်း ××× ဆင်ခြင်ရင်း ××× သည်လို သာယာကြည်နူးဖွယ် တစ်ခုသောညချမ်းကို ဖြတ်သန်း ရင်း ××× နေ့တစ်နေ့ ကုန်ဆုံးလွန်မြောက်ခဲ့ရပြန်ပါပြီ။

သံစုံသီကြွေး ကျေးငှက်ကလေးများ၏ ဆိုကေး

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ အရဏ်ဦးတွင် ကြည်လင်စွာနိုးထခဲ့၍ ဘုရားဝတ်ပြုကာ နေ့တစ်နေ့အတွက် ခရီးဆက်ရပေဦးမည်။

အရုဏ်ဦးတွင် လမ်းလျှောက်ထွက်ခဲ့ရသည်မှာ ပေါ့ပါးလန်းဆန်းနေသည်။ ယာဉ်အသွားအလာ နည်းချိန်မို့ ဖြောင့်တန်းညီညာသော ဦးဝိစာရလမ်းမကြီးမှာ လမ်းလျှောက်သူတို့ အကြိုက်တွေ့စရာ ဖြစ်နေမည်ထင်ပါသည်။

မြတ်ဘုရားရွှေတိဂုံ၏ အနောက်ဘက်စောင်းတန်းသို့ရောက်ရှိချိန်တွင် နံနက် ၅ နာရီခန့်သာ ရှိပေဦးမည်။

အမိအဖ × × × သားသမီးနှင့်ဇနီးခင်ပွန်းတို့သည် မမြင်ရသည့် သံယောဇဉ်ကြိုး အထပ်ထပ်၊ အချင်းချင်း ချည်နှောင်ရစ်ပတ်ကြလျက် အပြန်အလှန် တွယ်တာမြတ်နိုးစိုးရိမ်ပူပန်ခဲ့ကြ၏။ ဤသို့ဖြင့် အပူဇာတ်သိမ်း၍ အငြိမ်းဓာတ်၊ အအေးဓာတ်ရရန်အလို့ငှာ မြတ်ဘုရားထံမှောက်သို့ အရောက်လာခဲ့ကြ၏။ ပြီးတော့ ကုသိုလ်မှုပြုကြ၏။ အမျှဝေ ဆုတောင်းခဲ့ကြ၏။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ရည်သန်ကြိုးကုတ် တရားအားထုတ်ဆင်ခြင်၊ အသိဝင်၊ သတိယှဉ်ခဲ့ကြ၏။

အစုံအစုံသော သည်မြင်ကွင်းတို့က ရင်ပြင်တစ်လျှောက်တွင် အတူယှူဖွယ်၊ ကြည်နူးဖွယ်အတည့် ဖြစ်ရပါဘိ၏။

အဖေနှင့်အမေတို့သည် သားတို့ သမီးတို့အား အတတ်ပညာ၊ အသိပညာ သင်ပေးခဲ့ကြ၏။ ပြီးတော့ သူတို့ ဖြတ်သန်းခဲ့ကြသည့် ဘဝခရီးကြမ်းမှ သင်ခန်းစာယူစရာများကို



လက်ဆင့်ကမ်းရင်း × × × လူဘုံအလယ်တွင် မျက်နှာငယ်၍ ကျန်ရစ်ကြမည်ကို အစိုးရိမ်ကြီးစိုးရိမ်ခဲ့ကြ၏။

"မင်းတော့ × × × ငါမရှိရင် မဖြစ်ပါဘူးကွာ" ဟု ငြ အဖေက သားကို ကရုဏာဒေါသောဖြင့် ငြိုငြင်၍ဆို၏။ အမေကလည်း "ညည်းတော့လေ ငါမရှိမှသိမယ် ညည်း ကောင်းကောင်းမှတ်ထား" ဟူ၍လည်း အမေက သမီးကို ကရုဏာဒေါသောဖြင့် ငြိုငြင်၍ အဆုံးအမပြုခဲ့၏။ သည်လိုနှင့် ကျေးဇူးရှင် အဖေနှင့်အမေတို့ မရှိကြတော့ × × × ပြီးတော့ သားက အဖေဖြစ်လာပြန်ပြီး သမီးကလည်း အမေလို မိခင် တစ်ဦးဖြစ်လာရပြန်ပါသည်။

သည်တော့မှ အဖေနှင့်အမေတို့၏ မေတ္တာစကား အဆုံးအမများကို ပြန်လည်ကြားယောင်ရင်း တမ်းတလွမ်းဆွေ ရပေမယ့် အချိန်ကနှောင်းခဲ့ပါပြီ။

တကယ်တော့ × × × သားနဲ့သမီးတို့က တဖြေးဖြေး အရွယ်ရောက်လာခဲ့ကြပါပြီ။ ကိုယ့်လမ်းကိုယ်ဖောက်၍ ကိုယ့် ဘဝခရီးအတွက် လျှောက်မည့်လမ်းကို ရွေးကြရပေလိမ့်မည်။ သည်လိုဖြင့်ပင် လူ့ဘဝလမ်းစဉ် လူ့ဘဝခရီးတွင် မိဘရင်ခွင်က သားနှင့်သမီးတို့ တဖြေးဖြေးခွဲကြ × × × ခွာကြ × × × ပြီးတော့ × × × တဖြေးဖြေးနှင့် ဝေးသည်ထက် ဝေးကြရမည်သာ × × ×

"ဟယ် × × × ဆရာကြီးထွန်း × × × မဆုံကြတာကြာပြီပေါ့ × × × ခဏထိုင်ပါအုံးလား"

စနေထောင့်တွင် ဘုရားဝတ်ပြုပြီး၍ အမှတ်မထင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးထွန်းနှင့် ကျွန်တော်ဆုံမိကြသည်။ ဆရာကြီးထွန်းမှာ အငြိမ်းစား ပညာရေးအရာရှိကြီးတစ်ဦးဖြစ်ပြီး ဘာသာရေး အလွန်ကိုင်းရှိုင်းသူတစ်ဦးလည်း ဖြစ်ပါသည်။ လုပ်ငန်းခွင် ရှိစဉ်ကပင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ကားနှင့်တစ်ဖုံ၊ ခြေလျင်တစ်မျိုး ဘုရားဝတ်ပြုမပျက် ဝတ်တက်နေသူ × × × စိတ်ကြည်၍ ရုပ်ကြည်သူမို့ ကျွန်တော်လေးစားရသည့် မိတ်ကောင်းဆွေကောင်း၊ လုပ်ဖော်ကိုင်ဖက်ဟောင်း တစ်ဦး ဖြစ်ပါသည်။

"အေးဗျာ × × × ခင်ဗျားကတော့ အရင်အတိုင်း ပဲနော်"

"ဘယ်ကအရင်အတိုင်း ဟုတ်ရမလဲ ဆရာကြီးထွန်း ရယ် × × × အသက်နဲ့ခန္ဓာက ဘယ်ညာလို့ရပါ့မလဲ × × × တစ်စ တစ်စ ပျက်လာပြီပေါ့ဗျာ"

"အင်း × × × အင်း × × × ခင်ဗျားပြောတာ ဟုတ်ပါ တယ်ဗျာ။ အခုဆို × × × ကျွန်တော့်မှာ ဝလွှန်းတော့ × × × ထိုင်မရ ထမရ × × × ပြီးတော့ ဒူးကလည်းနာသေးတယ်ဗျာ။ စိတ်ပျက် စရာပါပဲ"

"အေးဗျာ × × × အသက်ကြီးလာရင် မကောင်းကြ တော့ဘူးနော်"

"ဒါနဲ့ × × × ဆရာကြီးထွန်း × × × ဆရာမကြီးကော မမြင်ပါလား"

"အမျိုးသမီးတွေ အသက်ကြီးလာရင် အမျိုးသား



တွေထက် ရောဂါဘယပိုများတယ်ဆိုတာ ဟုတ်မလား မသိ ဘူးနော် × × × အရင်လိုလမ်းလျှောက်ဖို့ ချော့ချော့မော့မော့ ခေါ်တာတောင် မလိုက်ချင်ဘူးဗျာ။ အခုတော့ × × × ကျွန်တော် တစ်ယောက်ထဲပါပဲ × × × နေပါအုံး × × × ခင်ဗျားလည်း တစ်ယောက်ထဲပဲလား"

"ဘယ်ဟုတ်ပါ့မလဲ ဆရာကြီးထွန်းရယ် × × × ကျွန်တော်ကတော့ နေ့တိုင်း ဘုရားပေါ်ကို မိသားစုအားလုံး အပါခေါ်ရတာပါပဲ × × × ရင်ပြင်တော်ကြီးကကျယ်တော့ ကိုယ့်မွေးနေ့မွေးနံမှာ နှစ်သက်သလိုဝတ်ပြုကြ × × × ဆုတောင်း ကြပေါ့ဗျာ"

"အေး × × × ကောင်းပါ့ဗျာ။ ဒါနဲ့ × × × ခင်ဗျား မျက်စိခွဲသေးဆို မျက်မှန်တပ်မထားဘူးလား"

"ဘယ်ဘက်မျက်လုံးက ခွဲစိတ်ပြီး မျက်ကြည်ကပ်မှန် ထည့်ထားရတော့ အတုကတစ်လုံး အစစ်ကတစ်လုံးပေါ့ဗျာ။ စာကြည့်ရင်တော့ မျက်မှန်တပ်ရပါတယ် × × × အစစ်တစ်လုံး ကလည်း တိမ်ရှိပြန်တယ်ဆိုတော့ မကြာခင် အတုတွေချည်း ဖြစ်တော့မယ်ထင်ပါရဲ့ဗျာ"

တကယ်တော့ သည်ခန္ဓာရလျှင် သည်ဒုက္ခဘေးဟိုက လွတ်မြောက်ရန် လမ်းမရှိသည်ကို မိုးကုတ်ဆရာတော်ဘုရားကြီးက အကြိမ်ကြိမ်လမ်းပြ တရားအဆုံးအမပြုခဲ့သည်ကို နာကြားရဖူး ပါ၏။

**မြင်နေရသော မျက်စိတို့သည်၊ ဘာသျှမမြင်နိုင်တော့**

www.burmeseclassic.com

www.burmeseclassic.com



**သည့် ခရီးဆုံးသို့လည်းကောင်း ××× ကြားနေရသော နားတို့သည် ဘာမျှမကြားနိုင်တော့သည့် ခရီးဆုံးသို့လည်းကောင်း ××× ခံတွင်းအရသာခံ၍ စားနိုင်သောလျှာတို့သည် မည်သည့်အရသာကိုမျှ ခွဲခြားခံစားနိုင်စွမ်းမရှိတော့သည့် ခရီးဆုံးသို့လည်းကောင်း ××× ဤသို့ ××× ဤသို့ဖြင့် ××× မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော အာရုံ ဖိုဝါးတို့သည် သူ့သဘော သူဆောင်ကြလျက် ချုပ်သုဉ်းပျက်စီးခြင်း တည်းဟူသော ခရီးဆုံးသို့လည်းကောင်း ××× ရောက်ကြရမည်သာတည်း ×××**

သည်အာရုံတို့ ချုပ်ဆုံးလွန်မြောက် မကွယ်ပျောက်မီ ကုသိုလ်အတွက် ××× မမွှအတွက် မည်သို့အသုံးချရပါမည်နည်း ××× သည်အာရုံတွေလှည့်စား၍ သံသရာကြောမြောခဲ့ရသည့် ကာလကား မည်မျှရှည်ကြာခဲ့ပါသနည်း ××× ဒုက္ခတွေ မည်သို့ကြုံခဲ့ ××× မည်သို့ဖြစ်ခဲ့၍ ××× မည်သို့ပျက်ခဲ့ပါသနည်း ××× တွေးဝံ့စရာမရှိသည့် ဒုက္ခဆင်းရဲမျိုးစုံ သံသရာဘုံ ×××

အိမ်အပြန်လမ်းတွင် တရားအသိနှင့်ယှဉ်သည့် အတွေးမျှင်တို့ဖြင့် ရစ်ပတ်လွှမ်းခြုံနေခဲ့သည်။ သိရုံ မြင်ရုံ ပြောနိုင်ရုံမျှဖြင့် ခရီးမတွင်သေး ကျင့်ကြံကြိုးကုတ် အားထုတ်ရဦးမည့်အလုပ်က အဝေးကြီးရှိနေဦးမည်ဆိုပါလျှင် ×××

"ဖေကြီး ××× ကော်ဖီသောက်လိုက်အုံးလေ ××× ဧအးကုန်အုံးမယ်"

"ဪ ××× အေး ××× အေး ××× ကဲ ×××



မေကြီးနဲ့ သားဘို့သမီးတို့ ထိုင်ကြအုံး"

"ဖေဖေ ××× ဒီနေ့ ဘုရားပေါ်မှာ ဆရာကြီးထွန်းနဲ့ ဆုံခဲ့တယ်ကွဲ့"

သည်လိုဖြင့် ဆရာကြီးထွန်းနှင့် ဆုံစည်းရင်း ဆွေးနွေးမေးမြန်းခဲ့သည်များကို လိုရင်းအမှတ်တရ ပြန်ပြောနေပါသည်။ တကယ်တော့ ××× ဆရာကြီးထွန်းကို ကျွန်တော်တို့ မိသားစုအားလုံးက ချစ်ခင်လေးစားကာ ဆွေမျိုးရင်းချာ မှ အလေးထားကြပါသည်။

"ဖေဖေက ××× ဘာ ဆရာကြီးထွန်းကို ညာခဲ့တယ်ပေါ့"

"ဘယ်လို ××× ဘယ်လို ××× သမီးလေး"

"ဟုတ်တယ်လေ ××× ဖေဖေက အစောကြီး အိပ်ရာထပြီး လမ်းလျှောက်ရင်း ဘုရားကုန်းတော်ပေါ် တက်တယ် ××× ဘာဘာ ဆရာကြီးထွန်းကိုပြောတော့ ××× မိသားစုအားလုံးကို အပါခေါ်ခဲ့တယ်ဆို ×××"

"အေးကွယ် ××× သမီးလေးက ခုလိုမေးတော့ ဖေဖေ ရှင်းပြရတော့မှာပေါ့။ ဆရာကြီးထွန်းကို ဖေဖေ လိမ်ညာပြောခဲ့ရင် ××× ကုသိုလ်ပြုရင်း အကုသိုလ် ဖြစ်သွားတော့မှာပေါ့ … ဒီလိုပါ ××× အိမ်မှာပဲဖြစ်ဖြစ်၊ ကုန်းတော်ပေါ်မှာပဲဖြစ်ဖြစ် ဘုရားဝတ်ပြုတိုင်း သမီးတို့အားလုံးကို တစ်ဦးချင်း ဖေဖေ့ အာရုံမှာ တိမ်းညွတ်ဆွဲငင် အာရုံထင်စေခြင်းဖြင့် အတူ … သီလယူမြဲ ရေစက်ချ အမျှဝေ ဆုတောင်းမြဲမို့ ××× ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



မညာခဲ့ပါဘူး။ တို့မိသားစုအားလုံး ကုန်းတော်ပေါ် အမှန် ရောက်ခဲ့ကြတယ် သမီး"

"ဒီလိုဆိုရင် × × × ဖေဖေ × × ×"

သံသယမရှိပါနဲ့ သမီး × × × မေကြီးနဲ့သားတို့၊ သမီးတို့ ဒီအချိန်၊ ဒီအရွယ်ရောက်အောင် ဖေဖေဟာ ကုသိုလ် အိမ်ကြီးဆောက်ပြီး ကုသိုလ်ခြံဝင်းထဲမှာ အန္တရာယ်ကင်းတံခါး တွေ တပ်ဆင်ကာရံပေးရင်းနဲ့ စောင့်ရှောက်ခဲ့တယ် × × × မေတ္တာလွှမ်းခြုံ လုံစေခဲ့တယ် × × × အခုတော့ × × × ဖေဖေက အိုမင်းလာပြီကွဲ့။ ဒီတော့ × × × မေကြီးနဲ့ သားတို့သမီးတို့ ကိုယ့်ကုသိုလ်အိမ် ကိုယ်ဆောက်လို့ × × × ဘေးအန္တရာယ် မကျရောက်ရလေအောင် ကိုယ့်ခြံဝင်းကိုယ်ကာ၊ ကိုယ့်ဖာသာ ပြင်ကြရမှာပါလို့ × × ×"

ချစ်ဇနီးနှင့် သားကြီး၊ သမီးတို့သို့ အမှတ်တရဖြင့်
မာတာပိတုဂုဏံ သက္ကစ္စံ အပဇ္ဇောမိ

ဆရာနု



## အမေ့သား

"ဟဲ့ × × × ဟဲ့ × × × သမီး × × × အဖုံးကို မြဲမြဲကိုင်ပ် ကွယ် × × × သမီးဖေဖေနိုးသွားအုံးမယ်"

"ဟုတ်ကဲ့ပါ × × × မေမေ"

အမှတ်မထင် လက်ကလွတ်ကျသွားခဲ့သော ဒန်အိုးဖုံး အသံက ကျယ်လောင်၍ တိတ်ဆိတ်သောညချမ်းကို လွှမ်းခြုံ သွားခဲ့ပါသည်။

ကျောင်းလုပ်ငန်းများဖြင့် တစ်နေကုန် လှုပ်လှုပ် ရှားရှား ကြိုးစားခန့်ခွဲရင်း ယနေ့ည မောမောပန်းပန်းဖြင့် ကျွန်တော်အိပ်ရာဝင်ခဲ့ပါသည်။ အခုတော့ အမှတ်မထင် အိပ်ရာကနိုးခဲ့ပြီး အမေနှင့်သမီးတို့ပြောကြသည့် စကားသံကို ကြားလိုက်ရပါသည်။

သည်လိုဖြင့် ခြင်ထောင်စကို အသာမရင်း ချစ်ဇနီးနှင့် သားသမီးများ အိပ်ချိန်တန်ပေမယ့် မအိပ်နိုင်ကြသေးသည့် မြင်ကွင်းကို မြင်တွေ့ရသည့်အခါတွင် ရင်တွင်းကဝေဒနာ × × × ပြီးတော့ အတွေးမျှင်တန်းကလေးများ တစ်ခုပြီးတစ်ခု တိုးဝင် လာခဲ့ပါသည်။

သည်ညတွင်မှ လျှပ်စစ်မီးကပျက်နေသည်။ သို့ပေမယ့် ဓန်အိမ်မီးရောင်ကလေးဖြင့် မိသားစုစားဝတ်နေရေး အဆင် ပြေရန် ရုန်းကန်လှုပ်ရှား ကြိုးစားနေရှာသည့် ဇနီးသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သားတို့သမီးတို့ ××× မည်သည့်အချိန်တွင်မှ လုပ်ငန်းသိမ်းလျက် အိပ်စက်ကြရပါမည်နည်း။ ယခုပင် သန်းခေါင်ကျော်၍ ညဉ့်လည်းနက်လှပါပြီ။ အိပ်ရာတွင် အသာအယာပြန်လှဲရင်း နဖူးပေါ်လက်တင် ××× မိသားစုအတွက် ပူပင် သောကတွေက တစ်မျှင်မျှင် ×××

သည်တုန်းက ××× အထက်တန်းကျောင်းအုပ်ဘဝ ချစ်ဇနီးက အထက်တန်းပြဆရာမ၊ သားကြီးမှာ ဒသမတန်း ရောက်နေပြီ။ သမီးလတ်နှင့်သမီးငယ်တို့ကလည်း နဝမတန်းနှင့် အဋ္ဌမတန်း ××× နှစ်စဉ် ထူးထူးချွန်ချွန် ပညာ့အောင်ပန်း ဆွတ်လှမ်းနိုင်ခဲ့သည့် ကလေးများအတွက် အားတက်ဂုဏ်ယူ မဆုံး ဖြစ်ခဲ့ရပါသည်။

ကလေးတွေပညာသင်စရိတ်၊ မိသားစုစားဝတ်နေရေး၊ လူမှုရေးကိစ္စအဝဝ မျက်နှာမငယ်ရလေအောင် ရသမျှလခ ဝင်ငွေဖြင့်ပင် ရပ်တည်နိုင်ရန် အနိုင်နိုင်ကြိုးစားနေရသည့်အချိန် ××× ဇနီးသည် ဆရာမ ပင်ပန်းနွမ်းလျနေပြီဖြစ်ပေမယ့် အပြုံး မပျက် ခရီးဆက်ခဲ့သည်။ သို့ပေမယ့် တစ်ခါတစ်ခါတော့လည်း ×××

"ဖေကြီး ××× ကလေးတွေလည်း အထက်တန်း ကျောင်းသား၊ ကျောင်းသူကြီးတွေ ဖြစ်လာကြပြီ ××× ကျွန်မတို့ နှစ်ဦးရဲ့ လစာဝင်ငွေနဲ့ ဘယ်လိုပဲခြိုးခြံချွေတာ စနစ်တကျသုံးခဲ့ ပေမယ့် မလောက်မင ကျွန်မအခက်အခဲကြုံနေရတာ ကြာပြီ နော် ×××"



သည်လိုဖြင့် လစာဝင်ငွေ မလောက်မင ကြုံတွေ့လာ ရသည့်အခါတွင် ပူပင်သောက ချစ်ဇနီးအိမ်ရှင်မ၏ အသိပေး တင်ပြချက် မည်မျှမှန်ကန်သည်ကို သိသော်လည်း ပညာရေး အောင်ပွဲများနှင့်သာ အချိန်ကုန်နေတတ်သည့် ကျွန်တော် ××× တကယ်တော့ မိသားစုခေါင်းဆောင် ဖခင်တစ်ဦး၏ တာဝန် အထိုက်အလျောက် ပျက်ကွက်ခဲ့ပါသည်။ သည်လိုဖြင့် အချိန်ပို ညချမ်းတွင် ကပ်စေးနှဲမုန့်လုပ်ရင်း မိသားစုဘဝ ရပ်တည်ရေး ကျောင်းဈေးတစ်ဖက်ဖြင့် အသက်မွေးခဲ့ရ၍ သားတို့သမီးတို့ရဲ့ မေကြီး ကိုယ်စိတ်နွမ်း၍ ပင်ပန်းလှပါပြီ။

ကလေးတွေဘဝ လူ့အောက်မကျရလေအောင် မိခင်စိတ်အပြည့်အဝဖြင့် ရုန်းကန်လှုပ်ရှား ကြိုးစားနေသည့် သားတို့သမီးတို့ရဲ့ မေမေ ××× တစ်ခါတစ်ခါတော့လည်း စိတ်လက်မကြည်လင် အမှတ်မထင် ပြောလာတတ်ပါသည်။

"ဖေကြီးဟာ ကျောင်းလုပ်ငန်းတွေလောက်သာ မိသားစုအပေါ် ဂရုစိုက်မယ်ဆိုရင် ဒီလောက်ဒုက္ခမရောက်နိုင် ပါဘူး။ တစ်လ ××× တစ်လ ××× မလောက်မငနဲ့ စီစဉ်နေရတဲ့ ကျွန်မကို ဖေကြီး နည်းနည်းလေးမှ မငဲ့ဘူး ××× နည်းနည်းမှ မသနားဘူး"

"အေး ××× ပြောတော့မေကြီးရေ ××× မင်းကြိုက် သလိုသာပြောပါတော့ ×× တကယ်တော့ တို့ဟာ ကျောင်းဆရာ မိသားစု၊ ရသမျှလစာ ဝင်ငွေလေးနဲ့ပဲ မျှတစွာနေသွားနိုင်ဖို့က တို့ရဲ့ဘဝခရီးစဉ် ××× လစာဝင်ငွေအပြင် အခြားဝင်ငွေတစ်ခုခု

www.burmeseclassic.com



အပိုရအောင် စွမ်းဆောင်နိုင်မှု မပြုနိုင်ခဲ့တဲ့အတွက် အပြစ်တင်စရာတွေ ဖြစ်နေမယ်ဆိုရင်လည်း × × ×”

ကျွန်တော့်စကားမဆုံးမီမှာပင် × × × သည်တစ်ကြိမ်တွင်လည်း ချစ်ဇနီး မဖြေနုမှာ တစ်စုံတစ်ခုသော အဖြေရှာမတွေ့ × × × မျက်ရည်ဝေ့ဝေ့ဖြင့် ကျွန်တော့်ရှေ့မှောက်က ထွက်ခွာသွားရပြန်ပါပြီ။ သက်ပြင်းရှည်တစ်ချက်ချရင်း × × × ဒေးမောကျန်ရစ်ခဲ့သည်က ကျွန်တော် × × × သည်လိုဖြင့် အချိန်တွေပြောင်း၍ သားတို့သမီးတို့သည်လည်း တစ်စတစ်စ အရွယ်ရောက်လာခဲ့ကြပါပြီ။ အမေဖြစ်သူ တာဝန်ကျေသလောက် အဖေတစ်ယောက် × × × အိမ်ထောင်ဦးစီး တစ်ယောက် × × × ခင်ပွန်းသည်တစ်ယောက်အနေဖြင့် တာဝန်ကျေပွန်ခဲ့ပါရဲ့လား။ သည်မေးခွန်းက ကျွန်တော့်ကိုယ် ကျွန်တော် ခြောက်လှန့်လျက်ရှိနေခဲ့ပါသည်။

တစ်ခုသော ညနေချမ်းတွင် ကျောင်းဆင်းချိန်ရောက်မှ မိုးက သဲသဲမဲမဲရွာလွန်းလှပါသည်။ သည်လိုဖြင့် မိုးကမစဲ တစ်ညနေလုံး သဲချင်တိုင်းသဲနေသည်။ ညနေစောင်းတွင် နှီးခမောက်ကလေး ဆောင်းကာ မိုးထဲလေထဲ စက်ဘီးဖြင့် အိမ်ပြန်လာသည့်သားကြီး × × × တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပါပကော × × × မြန်မြန်အဝတ်အစားလဲရန်ပြောရင်း အိမ်ထဲသို့ဝင်လာသည့် သားကြီးကို သူ့မေမေက မေးနေသည် × × ×

“အဆင်ပြေခဲ့ရဲ့လား × × × သား”

သားက ရုတ်တရက် မြန်မဖြေ × × × သားမျက်နှာ



မကြည်မလင်မို့ အဝတ်ရေစိုလဲဖို့ကိုသာ ဦးစားပေးကူညီရင်း အမေက ချော့မော့ကာမေးခဲ့ရပြန်ပါသည်။

“အဆင်မပြေပါဘူးအမေရယ် × × × သားကိုနောက်မလှည့်စါနဲ့တော့ × × × သား × × × မသွားချင်တော့ဘူး”

“ဪ × × × သားကြီးရယ်၊ ဘာဖြစ်လို့လဲ × × × မေမေ့ကိုပြောအုံးမှပေါ့”

“သား × × × မုန့်သွင်းဖို့ နမူနာပေးတဲ့ဆိုင်ကအတိုကြီးဟာ သဘောလည်းကောင်းပါတယ်။ သားပြတဲ့ နမူနာမုန့်ကိုကြည့်ပြီး မင်းမုန့်ကသိပ်မဆိုးဘူး။ စမ်းကြည့်သေးတာပေါ့ကွာ × × × တဲ့”

“ဟဲ့ × × × သား × × × ဒါဆိုရင် × × × ”

“ဒါပေမယ့် × × × သူ့ဆိုင်ကပြန်အထွက်မှာ သားကိုသေသေချာချာစိုက်ကြည့်ပြီး × × × ဟာ × × မင်း × × မင်း × × တို့ဆရာကြီးရဲ့သားလားတဲ့ × × × ကျွန်တော်လည်းပြန်မဖြေဘဲဆိုင်က ခပ်သုတ်သုတ်ထွက်လာခဲ့တယ် အမေ”

အဖေက အထက်တန်းကျောင်းအုပ်ကြီး၊ အမေက အထက်တန်းပြဆရာမ၊ သားကမုန့်ပဲသွားရည်ဓာပို့ရင်း မိသားစဘဝရပ်တည်ရေးအတွက် ကြိုးပမ်းနေသူ × × × လူငယ်အထက်တန်းကျောင်းသားတစ်ဦးအနေဖြင့် အားငယ်သွားဟန်ရှိပါသည်။ ပြီးတော့ × × × အဖေနှင့်အမေအတွက်သည်ဂုဏ်ငယ်မည်ကို စိုးရိမ်ဟန်ရှိသည့် သားကြီး × × × နည်းမှန်လမ်းမှန် အားပေးရမည်းမည်။

www.burmeseclassic.com

www.burmeseclassic.com



"အားမငယ်ပါနဲ့ သားကြီးရယ် ××× သားနဲ့တွေ့တဲ့ အကိုကြီးက ဖေဖေ့ငယ်တပည့်တစ်ဦးပါ။ မင်းကို ဖေဖေ့သားမှန်း သိလေ ××× ပိုပြီး ဂရုစိုက်လေပေါ့။ ဒါဟာ ဖေဖေတို့မိသားစု ဘဝရပ်တည်ရေးအတွက် ရိုးရိုးသားသားနဲ့ သားကိုယ်တိုင် ပါဝင် ရမယ့် ကဏ္ဍတစ်ခုပါကွယ် ××× သားရဲ့ အခုလိုကြိုးပမ်းချက် ဟာလည်း ဖေဖေနဲ့မေမေတို့အတွက် ဂုဏ်မပျက်ပါဘူး။ ဂုဏ် တက်ပါတယ်။ သားလုပ်တဲ့အလုပ်ကို အောင်မြင်မှုရအောင်သာ ဆက်ပြီးကြိုးစားရမယ်နော် ××× သား"

သည်လိုဖြင့် ကျောင်းဈေးတစ်ဖက် ပညာသင်မပျက် မိသားစုဘဝရပ်တည်ရေးအတွက် ကလေးတွေနှင့်အတူ နေ့ည မအား ကြိုးစားနေရှာသည့် မေကြီး ××× ကိုယ်စိတ်ပန်း၍ နွမ်းရောမည်။

"ဟဲလို ××× ဟဲလို ××× ညီလေးလား"

"ဟုတ်ကဲ့ပါအကို ××× ကျွန်တော်ပါ ××× အကို အခု ဘယ်ကဆက်တာလဲ ဟင်"

"အေး ××× အစည်းအဝေးရှိလို့ ××× အကို အခု ပုသိမ်ကိုရောက်နေတယ် ××× မြောင်းမြကိုလည်း ဝင်ခဲ့ သေးတယ် ××× အဖေ့ကျန်းမာရေး သိပ်မကောင်းဘူးကွ ××× ခြေခံ့တွေလည်း အမ်းနေတယ် ××× မင်းအလုပ်တွေများနေ ပေမယ့် အဖေ့ဆီကို ဆက်ဆက်သွားပါအုံးကွာ ××× အဖေက မင်းကိုချည်း မေးနေတယ်"

"ကျွန်တော်သွားနိုင်ဖို့ ကြိုးစားပါ့မယ် ××× အကို"



"အေး ××× အေး၊ နောက်ကျရင် မင်း ×× နောင်တ ရနေရဦးမယ်နော်"

အမှတ်မထင် အကို့စကားက ကျွန်တော့်နှလုံးသားကို တုန်လှုပ်ချောက်ခြားစေခဲ့ပါသည်။ တကယ်တော့ အခက်အခဲ ကြားက ရပ်ဝေးနေ အဖေ့ထံသွားနိုင်ဖို့ အကြိမ်ကြိမ်ကြိုးစား ခဲ့ပါသည်။ လူကြီးမိဘဆို၍ အဝေးရောက်ကျွန်တော့်၏အဖေနှင့် အတူနေ ဇနီးဖြစ်သူ၏ ဖခင်တို့သာ အသက်ထင်ရှားရှိပါတော့ သည်။ အတူနေဖခင်ဖြစ်သူမှာလည်း အမှတ်မထင် ရေချိုးခန်း တွင် ချော်လဲခဲ့၍ ပေါင်အရိုးကျိုးကာ ဆေးရုံတွင် လချီ၍ ဆေး ကုသခဲ့ရပြန်သည်။ သည်လိုဖြင့် အဝေးရောက်ဖခင်ထံ မရောက် နိုင်ပြန်ပဲရှိခဲ့ရသည်။

အဖေ့ထံသွားဖို့ အဝေးမှအကိုက သတိပေး အကြောင်းကြားခဲ့သည်မှာ သုံးကြိမ်ရှိခဲ့ပါပြီ။ အဖေ့ကိစ္စ ××× အမေ့ကိစ္စ ××× ပြီးတော့ သက်ရှယ်အိုမင်း ကျန်းမာခြင်းမရှိ၊ စိုးရိမ်ရသည့်ကိစ္စ ××× မည်သို့သောအကြောင်းပြချက်နှင့်မျှ နှောင့်နှေးရန်မသင့်သည်ကို ကျွန်တော်သိပါသည်။ သို့ပေမယ့် အဖေ့ထံသို့ အသွားအပြန် ××× ပြီးတော့ ××× အဖေ့အတွက် အာဟာရနှင့်ဆေးဖိုးဝါးခ၊ စွမ်းနိုင်သမျှကန်တော့ဖို့ မိသားစု တိုင်ပင်ကာ ဇနီးသည်နှင့်အတူ ခရီးထွက်ရန် မဖြစ်မနေ ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။

၁၉၉၃ ခု၊ နိုဝင်ဘာလ(၃၀)ရက်နေ့

လစာထုတ်ပြီး၍ နောက်တစ်နေ့ မနက်စောစော

www.burmeseclassic.com

www.burmeseclassic.com



ရထားဖြင့် ပုသိမ်မြို့မှတစ်ဆင့် × × × ပြီးတော့ သင်္ဘောစီးကာ မြောင်းမြသို့ထွက်ခွာရန် အသင့်ပြင်ဆင်ပြီးဖြစ်ပါသည်။

အချိန်က ထိုနေ့ည(၈)နာရီခန့်ဖြစ်ပါသည်။

"ဖေဖေ × × × ဖုန်းလာတယ် × × × ဘကြီးအသံလား မသိဘူး"

"ဟဲလို × × × အကိုလား"

"အေး × × × အကိုပါ ညီလေးရေ × × × အဖေ ခုလေးဟာင်ပဲ ဆုံးတယ်"

"ဗျာ"

လက်က ဖုန်းလွတ်မကျအောင် အနိုင်နိုင်ထိန်းရင်း ကျွန်တော် ဝမ်းနည်းကြေကွဲမဆုံး × × × အခုတော့ခံစားရပါပြီ။ အကိုပြောခဲ့သည့်အတိုင်း ကျွန်တော့်တစ်သက်တွင် နောင်တရစရာ ဖြစ်ခဲ့ရပါပြီ။ အဖေနှင့်တွေ့နိုင်မည့်ခရီးစဉ် အသစပြင်ဆင်ပြီးချိန်တွင်မှ အဖေက စွန့်ခွာသွားခဲ့ပါပြီ။ နေ့ × × × ည × × × တစ်နေ့ အချိန်ရွှေ့ခဲ့သည့် ကျွန်တော့်အမှားအတွက် ဖြေဖျောက်နိုင်မည့်နည်းလမ်း မရှိနိုင်တော့ပါပြီ။

တကယ်တော့ × × × အဖေနှင့်အမေတို့သည် ကျွန်တော့်ကိုအချစ်ဆုံး × × × အဖေနှင့်အမေတို့ကိုလည်း ကျွန်တော်ချစ်မြတ်နိုးခဲ့ပါသည်။ တာဝန်စုံဖြင့် တောနယ်ကျေးလက် ပညာရေးခရီးဆက်နေရသည့်သား × × × ကျွန်တော် မြို့ကျောင်းတစ်ခုခုရောက်ခဲ့သော် × × × ကျေးဇူးရှင် အမိအဖများနှင့် ရင်ခွင်ပိုက် အတူနေလိုက်မည်ဟု မျှော်လင့်ဆုတောင်း



ခဲ့သည်မှာ ကြာခဲ့ပါပြီ။ အခုတော့ × × × မြို့ကျောင်းရောက်ဆုတောင်းမပြည့်ဝသည့် မိမိဘဝအတွက် ကြေကွဲဝမ်းနည်းမဆုံးဖြစ်ခဲ့ရပါသည်။

သည်လိုဖြင့် × × × တစ်နှစ်အတွင်း အမေကအရင် အဖေကနောက် တစ်ယောက်ပြီးတစ်ယောက် ခွဲခွာသွားခဲ့ကြပါပြီ။ အခုတော့ × × × မိဘမဲ့သားတစ်ယောက် × × × လွမ်းဆွေးကြေကွဲ မျက်ရည်ဝဲခဲ့ရပါပြီ။

"မင်းအဖေက သိပ်ပြီးသတိကောင်းတာ × × × ဆုံးကာနီးမှာတောင် လေသံသဲ့သဲ့နဲ့ × × × ငါ့သားလေး ရောက်လာပြီလားတဲ့ × × × သားက အလုပ်သိပ်များတာ × × × လူလေး လာတော့လာမှာပါကွယ် × × × တဲ့"

အခုတော့ အလာလည်းမကောင်း၊ အခါလည်း နှောင်းခဲ့ရသည့် ကျွန်တော့်ဖြစ်ရပ်အတွက် တစ်သက်မမေ့နိုင်သည့် သင်ခန်းစာရခဲ့ပေမယ့် အကျိုးမရှိတော့ပြီ။ အခုတော့ အဖေလည်းမရှိ၊ အမေလည်းမရှိ × × × မှောင်အတိ ကျခဲ့ပါပြီ။

နေဝင်ပြီးစ ဆည်းဆာအလှဖြင့် ဝန်းကျင်တစ်ခုလုံး သာယာကြည်နူးဖွယ် ဖြစ်ပါသည်။ ဇာတိမြေ မရမ်းကုန်းရွာကလေးက မြောင်းမြမြစ်ကမ်းဘေးတွင် စည်ကားနေဆဲ ဖြစ်ပါသည်။ မြစ်ရေတက်ချိန်၊ ရေပြည့်ချိန်မို့ အမှတ်မထင် တိုက်ခတ်လာသည့် လေနုအေးကြောင့် ဖန်သားပြင်လို ညီညာပြန့်ပြူးသည့် မြစ်ရေပြင်တွင် ငွေဇာခြည် လှိုင်းကြက်ခွပ်ကလေးများက လှချင်တိုင်းလှနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှောင်ရိပ်ပျိုးစတွင် လက်လှော်လှေကလေးတစ်စင်း ကမ်းစပ်မှထွက်ခွာလာခဲ့ပါသည်။ လှေဦးတွင် အဖေ့ အရိုးပြာအိုးကိုပိုက်ရင်း လိုက်ပါလာခဲ့သည့်သား × × × သည်တစ်ကြိမ်က ဒုတိယ × × × အရင်ကသည်လိုပင် အမေ့ အရိုးပြာအိုးလေးရင်ဝယ်ပိုက်ရင်း မြစ်လယ်အရောက်တွင် အမေ့ အရိုးပြာတို့ကို ကြဲချရင်း × × × အခုတော့ အဖေ့ အရိုးပြာအိုးကို သည်နေရာ သည်ရေပြင်မှာပဲ ကြဲချရင်း × × × လွမ်းမောဖွယ် ညချမ်းလေး တစ်ခုဖြစ်ခဲ့ရပါသည်။

အသက်ထင်ရှား ရှိနေကြသေးသည့် မိခင်ဖခင် ကျေးဇူးရှင်တို့အား လေးစားမြတ်နိုး၊ ရိုကျိုးတွယ်တာ၊ ကြင်နာမဆိုင်း သားတိုင်း သမီးတိုင်း ပြုစုစောင့်ရှောက်နိုင်ကြပါစေ ဟုသာ × × ×

(၃၀-၁၁-၉၃) နေ့တွင် ကွယ်လွန်ခဲ့သော
ကျေးဇူးရှင် ဖခင်ကြီးအား အမှတ်တရဖြင့်

ဆရာနု

www.burmeseclassic.com